၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် ၊ ကြာသပတေး၊ (မေ ၂၄ ၊ ၂၀၁၂)

## ကချင်စစ်ဘေးဒုက္ခသည်စခန်းများတွင် ပညာရေးအထောက်အပံ့များ အရေးပေါ်လိုအပ်

**အေးမြကျော်**

**မြစ်ကြီးနား၊ မေ- ၁၁**

ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သော မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) အကြား တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးဒုက္ခသည်များသည် မကြာမီကျောင်းဖွင့်ကာလ ရောက်ရှိတော့မည်ဖြစ်သည့်အတွက် ယင်းတို့၏ သားသမီးများပညာရေးအတွက် စိုးရိမ်ပူပန်နေကြကြောင်း ကချင်ပြည်နယ်တွင်း အကူအညီပေးရေးလုပ်ငန်းများ လုပ်ကိုင်နေသူများကပြောကြားသည်။ စာ(၁၂)သို့



တရုတ်-မြန်မာနယ်စပ်အနီး ရှင်ဂျိုင်စစ်ဒုက္ခသည်စခန်းရှိ စာသင်ခန်းကိုတွေ့ရစဉ် ဓာတ်ပုံ-အေးမြကျော်

## အီးယူက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ တစ်နှစ်ဆိုင်းငံ့

**အားမာန်၊ကျော်မျိုး** **ရန်ကုန်၊ မေ-၂၃**

ဥရောပသမဂ္ဂအဖွဲ့(အီးယူ)က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများကို လက်နက်ရောင်းချမှုပိတ်ပင်ခြင်းမှလွဲ၍ တစ်နှစ်ဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း ဥရောပသမဂ္ဂက ယနေ့တရားဝင် သတင်းထုတ်ပြန် သည်။

အီးယူ၏ နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ ကက်သရင်း အက်ရှ်တန်က အီးယူသည်မြန်မာ၏တိုးတက်မှုများကိုထောက်ခံသောအားဖြင့် တိုးတက်မှုများ နောက်ပြန်မလှည့်စေရန် ယခုကဲ့သို့ ဆုံး ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ယနေ့ပြောကြားသည်။

ယခုဆုံးဖြတ်ချက်ကို လူဇင်ဘတ်နိုင်ငံ၌ ပြုလုပ်သော အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု အီးယူပြောခွင့်ရအမျိုးသမီး မာဂျာကိုစီဂျန်စစ်ကပြောသည်။ အီးယူ၏ မြန်မာအပေါ် ပိတ်ဆို့ခဲ့မှုများတွင် ကုမ္ပဏီပေါင်း၈၀၀ကျော်၊ လူပေါင်း၅၀၀ဦးနီးပါးနှင့်အချို့သော ဖွံ့ဖြိုးရေးအကူအညီများ ဖြတ်တောက်မှုတို့ ပါဝင်ခဲ့သည်။

**အချပ်ပို(D)သို့**

## ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တော်ကကြိုဆိုနေကြောင်း သမ္မတဦးသိန်းစိန် ပြောကြား

**အားမာန်**

**ရန်ကုန်၊ မေ-၂၃**

လွှတ်တော်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုနေကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ ဂျပန်နိုင်ငံတွင် သတင်းထောက်များ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ် ပြောကြားသွားသည်။

ဂျပန်နိုင်ငံသို့ ငါးရက်တာ ခရီးအလည်အပတ်ရောက်ရှိနေသောနိုင်ငံတော်သမ္မတဦးသိန်းစိန်အား တိုကျိုမြို့တွင် သတင်းထောက်များက ဒေါ်အောင်ဆန်းစုကြည်လွှတ်တော်သို့ မည်သည့်အချိန်တွင် တက်နိုင်မည်လဲဟု မေးမြန်းရာ

စာ(၁၂)သို့

ဘဏ္ဍာရေးကြွေးမြီ

## မြန်မာနိုင်ငံ၏ ကြွေးမြီ ၆၀ ရာခိုင်နှုန်းကို ဂျပန်အစိုးရ ပယ်ဖျက်ပေး

**ရန်ကုန်၊ မေ -**

ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ ယန်းငွေများ ပြန်လည်ချေးမည်ဖြစ်ပြီး မြန်မာနိုင်ငံက တင်ရှိနေသော ယန်းငွေ ၅၀၀ ဘီလီယံ ကြွေးမြီနှင့်အတိုးနှုန်းများထဲမှ ၆၀ ရာခိုင်နှုန်းဖြစ်သော ယန်းငွေဘီလျံ၃၀၃ ဒသမ၅(ကန်ဒေါ်လာ၃ ဒသမ၇ဘီလီယံ)ကို ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ယိုရှီဟီကိုနိုဒါက ပြောကြားသည်။

မဲခေါင်ဒေသနိုင်ငံငါးနိုင်ငံမှခေါင်းဆောင်များနှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပပြီးနောက် ဂျပန်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်တို့၏ အစည်းအဝေးအပြီးတွင် ယခုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

တပ်မတော်အစိုးရက ယမန်နှစ်အတွင်း အရပ်သားအများစုပါဝင် သောအစိုးရဆီသို့ အာဏာလွှဲပြောင်းပေးအပ်ခဲ့ပြီးနောက်မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုအများအပြား ပြုလုပ်ခြင်းဖြင့် ကမ္ဘာကြီးကို အံ့အားသင့်စေခဲ့သည်။ စာ(၁၂)သို့

**တရားစီရင်ရေးမဏ္ဍိုင်ခိုင်မာပြောင့်မတ်ရေး လွှတ်တော်တွင်ဆွေးနွေးမည်**

သီဟ၊သန်းထူး

**သတင်းအပြည့်အစုံ-စာ(၃)တွင်ရှု**

## လယ်ယာမြေများအပေါ် လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းမှ စွန့်ပစ်မြေများစုပုံခြင်းကို တောင်သူများ ကန့်ကွက်

**ရန်နိုင်ကျော်** **မုံရွာ၊ မေ - ၂၂**

လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေရှိ ဆည်တည်းကျေးရွာမှ စိုက်ပျိုးမြေများပေါ်တွင် ကြေးနီစီမံကိန်းစွန့်ပစ်မြေများ စွန့်ပစ်မှုကိုဒေသခံတောင်သူများက ကန့်ကွက်ခဲ့ကြကြောင်းသိရသည်။ **အချပ်ပို(D)သို့**



စွန့်ပစ်မြေများစုပုံရာမှ တောင်ကုန်းသဖွယ်ဖြစ်လာသော ကုန်းမို့မို့များနောက်ခံနှင့်တွေ့ရသော တစ်ပိုင်တစ်နိုင် ကြေးနီချက်လုပ်ငန်းများ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)




CNC
JEANS
summer style
Shirt & Jeans
men's wear
Environment Friendly
www.cncmenwear.com


CHINA NATIONAL ACROBATIC TROUPE
Performance Tour in Yangon, Nay Pyi Taw, Mandalay.
ကမ္ဘာကျော် တရုတ်ပြည်ကျွမ်းဘားအနုပညာအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှု
မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းရန်ပုံငွေတင်ဆက်ပွဲ
FOTON 福田汽车
နေ့ရက် ။ ။၂၀၁၂ခုနှစ် ဧပြီလ ၂၉ နှင့် ၃၀ ရက်နေ့
အချိန် ။ ။၁၈း၃၀
နေရာ ။ ။အမျိုးသားဇာတ်ရုံ
ဝင်ကြေး ။ ။၇၀၀၀ကျပ်၊ ၅၀၀၀ကျပ်၊ ၄၀၀၀ကျပ်
လက်မှတ်ဝယ်ယူရန် ။ ။အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဖုန်း ၀၁ - ၃၈၂၄၈၉

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တရားစီရင်ရေးမဏ္ဍိုင်ခိုင်မာဖြောင့်မတ်ရေး လွှတ်တော်တွင် ဆွေးနွေးမည်

**သီဟ၊ သန်းထူး**

**နေပြည်တော်၊ မေ ြီ - ၂၃**

တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်နိုင်ရန်ပြည်သူအားလုံးက ဝိုင်းဝန်းကူညီထောက်မနိုင်ရေးအတွက် အဆိုကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ (မေ ြီ ၂၃ရက်)ပြန်လည်ကျင်းပသောပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အခမ်းအနားမှသတင်းရရှိသည်။

ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောတူဆုံးဖြတ်ခဲ့သော ယင်းအဆိုကို ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေပြုရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက အဆို တင်သွင်းခဲ့ခြင်းဖြစ်ပြီး အမရပူရ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းထွန်းက ထောက်ခံဆွေးနွေးခဲ့သည်။

တရားစီရင်ရေးမဏ္ဍိုင်၌ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိသင့်သည်မှန်သော်လည်း တရားစီရင်သည့်ပုဂ္ဂိုလ်များ အရည်အချင်းမပြည့်ဝလျှင်၊ အဂတိလိုက်စားလျှင် တရားဝင် အဂတိလိုက်စားခွင့်လိုင်စင်ပေးလိုက်သကဲ့သို့ ဖြစ်မည်ကို သတိထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားသူများအား ပြစ်ဒဏ်ပေးခြင်းနှင့်ဖြောင့်မတ်မှန်ကန်သူများအား ဆုချီးမြှင့်ခြင်းကဲ့သို့ ဆုပေး ဒဏ်ပေးစနစ်ပြုလုပ်သင့်ကြောင်း၊ သို့မှသာ တရားရေးမဏ္ဍိုင်ခိုင်မာမည်ဖြစ်ကြောင်း သူရဦးအောင်ကိုက ဆွေးနွေးပြောကြားခဲ့သည်။

ထို့အပြင် တရားစီရင်ရေးမဏ္ဍိုင်၏ တရားခြင်း၊ မတရားခြင်းကို ပြည်သူလူထုက သိမြင်ခံစားရသည့်အတွက် ပြည်သူများအနေဖြင့် အမှန်တရားဘက်မှ သက်သေပါဝင်ဖို့လိုကြောင်း၊ မီဒီယာများကလည်း တရားစီရင်ရေးကဏ္ဍ၏ အဂတိများကို အမှန်အတိုင်း ဖော်ထုတ်ရေးသားရန်လိုအပ်ကြောင်းလည်း ၎င်းကပင် ဆက်လက်၍ပြောကြားခဲ့သည်။

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီသို့ ယခုနှစ်အတွင်း ရောက်ရှိလာသော တိုင်ကြားစာပေါင်း ၇၀၀ ခန့်ကိုလည်း လေ့လာစိစစ်လျက်ရှိပြီး ခိုင်လုံသောအမှုတွဲများကို ပြန်လည်ပေးပို့လွှဲပြောင်းကာ ပြင်ဆင်သွားစေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကော်မတီနှင့် မီဒီယာများ၏ ထောက်ပြဝေဖန်မှုကြောင့် တရားရုံးအချို့စတင်ပြုပြင်ပြောင်းလဲလာပြီဖြစ်ကြောင်းလည်း ယင်း၏ ဆွေးနွေးပြောကြားချက်အရသိရှိရသည်။

# အစိုးရက ဗန်းမော်မြို့နယ်လူထုရှေ့မှောက်တွင် ငြိမ်းချမ်းရေးဆွေးနွေးရန် KIO ကို ကမ်းလှမ်း



တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးသူများ နေထိုင်ရာ ဒုက္ခသည်စခန်းတစ်ခု။ ဓာတ်ပုံ-အေးမြကျော်

**သီဟ၊ သန်းထူး**

**နေပြည်တော်၊ မေ ြီ - ၂၃**

ငြိမ်းချမ်းရေးဆွေးနွေးနေဆဲဖြစ်သော KIO/KIA အဖွဲ့နှင့် မြစ်ကြီးနား (သို့မဟုတ်) ဗန်းမော်မြို့နယ်တွင် လူထုရှေ့မှောက်၌ ထင်သာ၊ မြင်သာဖြစ်စေရန်အတွက် ဆွေးနွေးရန် KIO/KIA အဖွဲ့ကိုအဆိုပြုထားကြောင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင်ဦးအောင်သောင်းက ပြောသည်။

လူထုရှေ့မှောက်၌ ဆွေးနွေးမည်ဆိုသည်မှာ မျိုးနွယ်စုခေါင်းဆောင်များ၊ မြို့မိ၊ မြို့ဖများ၊ အငြိမ်းစားများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပါတီခေါင်းဆောင်များပါဝင်မည်ဖြစ်သည်ဟု ဦးအောင်သောင်းကပြောသည်။ "ဆွေးနွေးဖို့အတွက် အစစအရာရာ တာဝန်ယူပါတယ်။ ဆွေးနွေးမယ့်ရက်ကတော့ သူတို့ဘက်က ပြန်ကြားတာကို ပဲစောင့်နေပါတယ်"ဟု ဦးအောင်သောင်းကပြောသည်။ လက်ရှိငြိမ်းချမ်းရေးရယူလျက်ရှိသည့် အခြားသောလက်နက်ကိုင်အဖွဲ့များနှင့်လည်း တတိယအကြိမ်၊ စတုတ္ထအကြိမ်ဆွေးနွေးမှုများ မကြာမီ ပြုလုပ်သွားမည်ဟုဆိုသည်။

အစိုးရသစ်လက်ထက်တွင် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိရာ၌ အခြားအဖွဲ့များမှာ အပစ်အခတ်ရပ်စဲရေးကို ဦးစွာဆွေးနွေးကာ နောက်ပိုင်းမှ နိုင်ငံရေး ဆွေးနွေးခြင်းဖြစ်ပြီး KIO/KIA အဖွဲ့နှင့်မူ နိုင်ငံရေးအား ဦးစွာ ဆွေးနွေးနေရကြောင်း ဦးအောင်သောင်းက ပြောသည်။

ယခုကမ်းလှမ်းထားသည့် တွေ့ဆုံမှုဖြစ်မြောက်ပါက အစိုးရနှင့် ကေအိုင်အိုတို့ စတုတ္ထအကြိမ်မြောက်တွေ့ဆုံဆွေးနွေးမှုဖြစ်လာမည်ဖြစ်ပြီး ပြီးခဲ့သောဆွေးနွေးမှုသုံးကြိမ်စလုံးကို တရုတ်နိုင်ငံ ရွှေလီမြို့တွင်တွေ့ဆုံခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# CRIME မှုခင်းသတင်း CORNER

## သကြ်န်တွင်း နေရာမှားက၍ အမျိုးသားတစ်ဦး အသတ်ခံရ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဧပြီ- ၂၁**

သကြ်န်တွင်းကာလ အရက်သေစာများ သောက်စားမူးယစ်ပြီး လူငယ်များအကြား ဝင်ကသော လူကြီးပိုင်းတစ်ဦးအား လူငယ်များက ဓားဖြင့်ခုတ်/ တုတ်ဖြင့်ရိုက်၍ လူသတ်မှုအထိ ဖြစ်ပွားခဲ့ရသော ဖြစ်စဉ်တစ်ခု နေပြည်တော် ပျဉ်းမနား၌ ဧပြီလ ၁၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ နေပြည်တော် ပျဉ်းမနား၊ ဇီးဖြူပင်ရွာနေ ဦးကျော်ဇော(၄၈နှစ်)သည် ၁၆ရက် ညပိုင်း ၉း၃၀အချိန်ခန့်က ရွာထဲရှိဒေါ်ခင်ဝင်းအိမ်ရှေ့ရှိရေကစားမဏ္ဍပ်တွင် လူငယ်အများအပြား သောက်စားမူးယစ်နေပြီး ကခုန်နေသဖြင့် ဦးကျော်ဇောလည်း ဝင်ကရာတွင် တစ်ရွာတည်းနေ မျိုးမင်းသန့်(၃၂နှစ်)ညီများဖြစ်ကြသော ညဏ်မျိုး(၂၈နှစ်)၊ ဇော်မင်းအောင်(၂၆နှစ်)တို့ ဓားများကိုင်ဆောင်၍လည်းကောင်း၊ ဇော်မင်းအောင်(၃၀နှစ်)က တုတ်ကိုင်၍လည်းကောင်း ဦးကျော်ဇောအား ဝိုင်းဝန်းခုတ်ခြင်း၊ ရိုက်နှက်ခြင်းတို့ပြုလုပ်ခဲ့သည်ဟုဆို၏။

ထိုအခါ ဦးကျော်ဇောက ဒဏ်ရာများစွာဖြင့် ထွက်ပြေးလာပြီး ရွာထဲရှိ ဦးအေးလွင် အိမ်အရောက်ရှေ့တွင် လဲကျသေဆုံးခဲ့ကြောင်း ဖြစ်စဉ်အား တရားလိုဖြစ်သူ (ယင်း၏သား)ရန်နောင်စိုးမှ မြင်တွေ့ရကြောင်း ပြောဆိုကာ အမှုလာရောက်ဖွင့်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူတို့အား နေပြည်တော် ပျဉ်းမနားရဲစခန်း (ပ) ၂၅၀/ ၂၀၁၂၊ ဥပဒေပုဒ်မ ၃၀၂ အရ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း ရဲမှတ်တမ်းများအရသိရသည်။

သေဆုံးသူဦးကျော်ဇော၏ ယာလက်ပြင်အောက်တွင်ပြတ်ရှဒဏ်ရာတစ်ချက်ရရှိထားကြောင်းနှင့် အလောင်းအား ဆေးရုံသို့ မှုခင်းဆေးစာဖြင့် ပေးပို့စစ်ဆေးခဲ့ကြောင်းလည်း သိရသည်။

## သကြ်န်ရေပက်သည်ကို တားမြစ်၍ အိမ်ထဲအထိဝင်ရိုက်နှက်ရာမှ လူသတ်မှုဖြစ်

**ကျော်ဇေယျ**

**နေပြည်တော်၊ ဧပြီ- ၂၁**

သကြ်န်တွင်း အိမ်တွင်းနေသူအား လမ်းမပေါ်မှ ရေလှမ်းပက်သဖြင့် တားမြစ်ရာတွင် အိမ်တွင်းထဲသို့ ဝင်ရောက်ပြီး ရိုက်နှက်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိသွားသော ဖြစ်စဉ်တစ်ခုသည် နေပြည်တော်ပျဉ်းမနား၌ ဧပြီလ ၁၃ ရက် သကြ်န်အကျနေ့ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ. . နေပြည်တော် ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်စု အိုးဘိုရပ်ကွက်နေ ကိုဝင်းထိုက်သည် ဧပြီလ ၁၃ ရက် သကြ်န်အကျနေ့ညနေ ၄း၃၀ အချိန်ခန့်က ဖခင်ဖြစ်သူဦးဝင်းညွန့်၊ အဒေါ်ဖြစ်သူ ဒေါ်ချိုမာနှင့်အတူ တစ်ရပ်ကွက်တည်းရှိ ဒေါ်မမ၏ နေအိမ်အတွင်း ရှိနေစဉ် တစ်ရပ်တည်းနေ မျိုးချစ်ဦး(၃၅နှစ်)က လမ်းပေါ်မှနေ၍ ရေလှမ်းပက်သဖြင့်ဦးဝင်းညွန့်က “နောက်တစ်ခါလာမပက်နဲ့”ဟု ပြောလိုက်ရာ မျိုးချစ်ဦးက “ပြန်လာခဲ့မယ်”ဟု ပြောပြီး ထွက်သွားသည်ဟုဆို၏။

ခဏအကြာတွင် မျိုးချစ်ဦးနှင့်ယင်း၏ညီ(၂၉နှစ်)ခန့်အမည်မသိတစ်ဦးတို့က ခြံထဲအထိဝင်ရောက်လာပြီး ယင်းတို့နှစ်ဦးအား ဆဲဆိုကြိမ်းမောင်းကာ လက်ထဲ အသင့်ပါလာကြသော တုတ်များဖြင့် ဝိုင်းရိုက်ရာ ကိုဝင်းထိုက်မှာ ယာချိုစောင်း ပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး ဦးဝင်းညွန့်မှာလည်း ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ် တစ်ချက်၊ နဖူးဝဲဘက်ထိပ်ပေါက်ပြဲ ဒဏ်ရာတစ်ချက်တို့ရရှိခဲ့သဖြင့် နေပြည်တော်ပျဉ်းမနားရဲစခန်းသို့ ရပ်ရွာတာဝန်ရှိသူများ၊ မျက်မြင်သက်သေများတို့ဖြင့် သွားရောက် တိုင်ကြားခဲ့သည်။ မျိုးချစ်ဦးတို့ညီအစ်ကိုအားနေပြည်တော်ပျဉ်းမနားရဲစခန်း(ပ) ၂၃၄/ ၂၀၁၂၊ ဥပဒေပုဒ်မ ၂၉၄ (ဆဲဆိုကြိမ်းဝါးမှု) ၄၄၇ (ကျူးကျော်ဝင်ရောက်မှု) ၂၃၅(နာကျင်စေမှု)အရ အမှုဖွင့် ဆောင်ရွက်ပေးခဲ့ပြီး ဦးဝင်းထိုက်တို့သားအဖနှစ်ဦးအား ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံစေခဲ့သည်။

ယင်းတို့နှစ်ဦးအနက် ဦးဝင်းညွန့်မှာ ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးသွားကြောင်း ဆေးရုံတာဝန်ရှိသူများ သတင်းပေးပို့လာ၍ သတင်းကို အတည်ပြုပြီး မူလဖွင့်ထားရာ ပြစ်မှုပုဒ်မမှ ဥပဒေပုဒ်မ ၂၉၄ (ဆဲဆိုကြိမ်းဝါးမှု)၊ ၄၄၇ (ကျူးကျော်ဝင်ရောက်မှု)၊ ၃၀၂(လူသတ်မှု)သို့ ပြောင်းလဲအမှုဖွင့်ထားကြောင်း သိရသည်။

# အိမ်ထောင်ဦးစီးလယ်သမား ၅၀ ရာခိုင်နှုန်းကျော် စာရေး၊ စာဖတ်နိုင်ရုံအဆင့်သာရှိ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊**

**ဧပြီ - ၂၁**



**လယ်ယာလုပ်ငန်းခွင်ထဲမှ လယ်သမားတစ်ဦး**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လယ်သမားမိသားစုများ၏ အိမ်ထောင်ဦးစီးများတွင် ၅၀ ဒသမ ၉ ရာခိုင်နှုန်းကျော်မှာ စာရေးနိုင်၊ ဖတ်နိုင်အဆင့်တွင်သာရှိကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ကောက်ယူထားသည့် သုတေသနစာတမ်းတစ်ခုကဆိုသည်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ဆန်စပါး အဓိကစိုက်ပျိုးသောဒေသများဖြစ်သည့် ဧရာဝတီ၊ ပဲခူး(အရှေ့၊ အနောက်)၊ စစ်ကိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ မြို့နယ် ၄၆ ခုမှ တောင်သူလယ်သမား ၃,၄၇၉ ဦးထံမှ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ယင်းတို့ထဲတွင်စာရေးတတ်၊ ဖတ်တတ်သူဦးရေမှာ ၁,၇၆၈ ဦးရှိသည်။ မူလတန်းနှင့် အလယ်တန်းဦးရေမှာ ၁,၄၄၉ ဦးရှိပြီး ၄၀ ရာခိုင်နှုန်း၊ ပညာမတတ်သူ ဦးရေမှာ ၃၇ ဦးနှင့် ၁ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

“လယ်သမားတွေ တိုးတက်မှုနည်းတာ ပညာတတ်မှုနည်းလို့ပဲ။ ငွေကြေးအထောက်အပံ့ရရင်တောင် အလောင်းအစား၊ ဆိုင်ကယ်ဝယ်စီးတာနဲ့လယ်ထဲရောက်တဲ့ပမာဏတစ်ဝက်လောက်ပဲ”ဟု စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းကဆိုသည်။

ထိုကဲ့သို့ ပညာအခြေခံမရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာများဖြန့်ဝေရာ၌လည်း အခက်အခဲများရှိသည်။ ပညာရေးအခြေခံ အားနည်းမှုကြောင့် လက်ရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် ရာသီဥတုဖောက်ပြန်မှုများ၊ ပိုးမွှားအန္တရာယ်များကို ခုခံထိန်းချုပ်ရာတွင် ဆုံးရှုံးမှုများနှင့်ကြုံတွေ့နေရသည်ဟု စစ်တမ်းကဆိုသည်။

စာ(၁၂)သို့

# မီးငြိမ်းရန် မောင်းနှင်လာသည့် မီးသတ်ယာဉ်နှင့် တိုက်မိ၍ လူတစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**အိဖြူလွင်**

**ရန်ကုန်၊**

**ဧပြီ- ၂၀**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် မီးလောင်၍ ငြိမ်းသတ်ရန် သွားရောက်သည့် မီးသတ်ယာဉ်နှင့် ရေပက်ခံထွက်လာသော ဆိုင်ကယ်တစ်စီး တိုက်မိ၍ သကြ်န်အတက်နေ့(ဧပြီ၁၆ရက်)ကကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သတင်းရရှိသည်။

ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ပြည်မြို့ရွာဘဲနယ်မြေ၊ အောင်သုခရပ်ကွက်ရှိကြက်ခြံတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုကို စုစုပေါင်းမီးသတ်ယာဉ် ၆ စီးဖြင့် မီးငြိမ်းသတ်ရန်သွားရောက်ခဲ့ပြီး ခေတ္တရာမြို့သစ်အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သည် ရေကစားမဏ္ဍပ်ရှေ့မှ ဖြတ်ဝင်လာသော ဆိုင်ကယ်ကို တိုက်မိခဲ့ခြင်းဖြစ်သည်ဟုသတင်းရရှိသည်။

ယာဉ်တိုက်မိမှုကြောင့်ဆိုင်ကယ်မောင်းသူ ဦးဇင်မင်းအသက်(၃၂နှစ်)နှင့် အသက်(၃၅ နှစ်)ရှိ ဒေါ်လှလှဌေးတို့မှာ ဒဏ်ရာရရှိခဲ့ပြီးပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ်ကုသခံနေရသည်။ ဆိုင်ကယ်နောက်၌ ပါလာသည့် သမီးဖြစ်သူ အသက် ၇ နှစ်အရွယ် မအေးဇာဇာထွန်းမှာ သေဆုံးသွားခဲ့သည်။

အဆိုပါမီးလောင်မှုနှင့်ယာဉ်တိုက်မှုတို့ကို ပြည်မြို့အမှတ်(၂) ရဲစခန်းမှ (ပ)၁၅၀/ ၂၀၁၂ ဖြင့် ဆက်လက်ဆောင်ရွက်နေကြောင်း မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။



# မေပြီ ၁ရက်မှစတင်၍ လမ်း၊ တံတားကြေးများ ယခင်ထက် သုံးဆသက်သာလာ

မြတ်စုမွန်

ရန်ကုန်၊ မေ – ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် လမ်းတံတားအသုံးပြုကောက်ခံမှု ပုံစံပြောင်းလဲလိုက်ခြင်းကြောင့် မေပြီ ၁ ရက်မှစတင်၍ မူလက ပေးဆောင်နေရသော လမ်း၊ တံတားကြေးထက် သုံးဆအထိ သက်သာသွားကြောင်း ဘုရင့်နောင်ကုန်စည်နှင့် ယာဉ်ရပ်နားစခန်းမှ ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

"မေပြီ ၁ ရက်ကစပြီး လမ်းကြေး၊ တံတားကြေးတွေ လျှော့လာတယ်။ ဥပမာ-သံလွင်တံတားမှာ အရင်က ဖြတ်သန်းခလေးသောင်းပေးခဲ့ရတာက အခု တစ်သောင်းပဲ ပေးရတော့တယ်။ လျှော့သွားတဲ့အတွက် ကုန်တင်ယာဉ်ပိုင်ရှင်တွေမှာ အမြတ်ပိုရလာတာပေါ့"ဟု ရောဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်များသို့ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် အဆိုပါလုပ်ငန်းရှင်ကပြောသည်။

လမ်းနှင့် တံတားအသုံးပြုခ ပိုမိုကောက်ခံမှုများ မဖြစ်ပေါ်စေရန် ယခင်နှစ်များကကဲ့သို့ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲခြင်းမျိုး မဟုတ်ဘဲ သတ်မှတ်ကြမ်းခင်းဈေးအတိုင်းသာ လျှောက်ထားသူများအား မဲနှိုက်၍ ဦးစားပေးစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားသည်။

ထို့အပြင် လမ်း၊ တံတားအသုံးပြုခကို သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံသည့်ဂိတ်များကို စစ်ဆေးတွေ့ရှိပါက သုံးရက်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် ပြန်လည်ရုပ်သိမ်းကာ ဦးစားပေးအလိုက် လုပ်ကိုင်ခွင့်ရရှိသူများအား လွှဲပြောင်းလုပ်ကိုင်စေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက နိုင်ငံပိုင်သတင်းစာများတွင် တရားဝင်ကြေညာချက် ထုတ်ပြန်ထားသည်။

သို့သော် ကုန်တင်ခလျှော့ပေါ့လိုက်ခြင်းကြောင့် ကုန်တင်ယာဉ်ပိုင်ရှင်များအတွက် အမြတ်ပိုများလာသော်လည်း စားသုံးသူပြည်သူများအား တိုက်ရိုက်အကျိုးသက်ရောက်မှု မရှိသေးကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"လမ်းကြေး၊ တံတားကြေး လျှော့တာနဲ့ ကုန်ဈေးနှုန်းကျတာ၊ တက်တာက တိုက်ရိုက်မဆိုင်ဘူး။ ကုန်သည်တွေက ဈေးတက်ချင်ရင်လမ်း၊တံတားကြေးတက်လို့ ကုန်ပို့ခတက်လို့ဆိုပြီး အကြောင်းပြတယ်။ တကယ်တော့ ပို့မယ့်ကုန်များပြီး ကားရှားရင် ကုန်ပို့ခတက်တယ်။

စာ(၁၂)သို့



တရုတ်နိုင်ငံသို့ တင်ပို့ကုန်စည်များသယ်ဆောင်လာသော ကုန်တင်ကားကြီးများ

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# တောင်သူမိသားစုများ ကျန်းမာရေးအသုံးစရိတ် ဝန်ပိနေ

ဝတ်ရည်အောင်

ရန်ကုန်၊ မေ – ၁၉

တောင်သူမိသားစုများ၏ ၃၉ ရာခိုင်နှုန်းသည် ကျန်းမာရေးအသုံးစရိတ်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေရကြောင်းမြန်မာနိုင်ငံဆန်စပါးအသင်းမှပြုလုပ်သည့်သုတေသနစာတမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထိုစာတမ်းတွင် လယ်သမားမိသားစု၏ ၅၂ ရာခိုင်နှုန်းသည် အစိုးရဆေးရုံ၊ ဆေးခန်းနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမမီပြီး အခြား ၃၈ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကဆေးခန်းများတွင် သွားရောက်ကုသနေကာ ကျန်ရှိသော ၁၀ ရာခိုင်နှုန်းခန့် တောင်သူများမှာမူ ခေတ်မီဆေးကုသနည်းစနစ်များနှင့်အလှမ်းဝေးလျက်ရှိပြီး ကျန်းမာရေးအတွက် တိုင်းရင်းဆေးနှင့်သာ ဖြေရှင်းနေရကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် အသုံးပြုသည့် ကျန်းမာရေးအသုံးစရိတ်သည် ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းအောက် လျော့နည်းနေသည့်အတွက် ကျန်းမာရေးအတွက် ကုန်ကျစရိတ်အားပြည်သူများ၏အိတ်ထဲမှ အဓိကသုံးစွဲနေရပြီး ထိုသို့သုံးစွဲရာတွင် စုစုပေါင်း အသုံးစရိတ်အားလုံး၏ ၁၀ ရာခိုင်နှုန်းကျော် သုံးစွဲပါက ကျန်းမာရေးနှင့်ပတ်သက်သည့် ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟုကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

တောင်သူလယ်သမား၃၄၀၀ ကျော်ကိုမေးမြန်းစစ်တမ်းကောက်ခဲ့သောသုတေသနတွင် ကျန်ရှိသောတောင်သူ ၆၁ရာခိုင်နှုန်းမှာ ကျန်းမာရေးကုန်ကျစရိတ်အား လွယ်ကူချောမွေ့စွာ ဖြေရှင်းနိုင်ကြောင်း ဖော်ပြထားသည်။

၂၀၀၈-၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျန်းမာရေးအသုံးစရိတ်အဖြစ် အသုံးပြုခဲ့သည့်ငွေကြေးသည် လူဦးရေ၅ဒသမ ၃၇၇ သန်းအတွက် တစ်ဦးလျှင် တစ်နှစ်နှစ်ဒေါ်လာသာ အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း မီဒီယာအချို့တွင် ဖော်ပြခဲ့သည်။

အစိုးရသစ်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးအသုံးစရိတ် မြင့်တက်ခဲ့ပြီး ယခု ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျန်းမာရေးအသုံးစရိတ်အား ယခင်နှစ်ထက်ပိုမိုသုံးစွဲမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

## အမည်သစ်ဖြင့် ပြန်ဖွဲ့မည့် CRPPက ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်မည်

မြတ်စုမွန်

ရန်ကုန်၊ မေ - ၁၇

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPP)အား လာမည့်တစ်ပတ်အတွင်း အမည်နှင့် ရပ်တည်ချက်အသစ်များ ပြောင်းလဲဖွဲ့စည်းပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီ၏အတွင်းရေးမှူး ဦးအေးသာအောင်ကပြောသည်။**

“ပြည်တွင်းစစ်ရပ်စဲရေး၊ငြိမ်းချမ်းရေးတွေ လက်မှတ်ထိုးတာတွေရှိပေမယ့် ရှမ်းနဲ့ကချင်ဒေသတွေမှာ တိုက်ပွဲတွေဖြစ်နေတာရှိတယ်။ ဒါတွေကိုCRPPကပြောင်းလဲလာမယ့်အဖွဲ့က အာရုံစိုက်ဆောင်ရွက်သွားမှာပါ”ဟု ဦးအေးသာအောင်ကပြောသည်။

CRPP ကို အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီပါတီ၊ ဇိုမီးအမျိုးသားကွန်ကရက်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးသိန်းဖေတို့ ပါဝင်ကာ ၁၉၉၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

CRPP ဖွဲ့စည်းခဲ့သည့် မူလရည်ရွယ်ချက်မှာ လွှတ်တော်ပေါ်ပေါက်ရေး ဆောင်ရွက်ရန်နှင့် လွှတ်တော် မပေါ်ပေါက်မီကာလတွင် လွှတ်တော်ကဲ့သို့ဆောင်ရွက်သွားမည် ဟူ၍ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

၁၉၉၀ရွေးကောက်ပွဲအနိုင်ရအမတ်များဖြင့် ဖွဲ့စည်းခဲ့သည့် CRPP အား အသွင်ပြောင်းလဲဖွဲ့စည်းရေးအစည်းအဝေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ရုံး၌ နေ့ဆွေးနွေးခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ခေါင်းဆောင်များ၊ ဦးခွန်ထွန်းဦး၊ ဦးနိုင်ငွေသိမ်း၊ ဦးစိုးဝင်းစသည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးသိန်းဖေတို့ တက်ရောက်ခဲ့ကြောင်း အတွင်းရေးမှူး ဦးအေးသာအောင်ကပြောသည်။

၎င်းက “ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင် နောက်ဆုံးအစည်းအဝေးမှာ အမည်နဲ့ ရပ်တည်ချက်ပြောင်းမယ်လို့ဆွေးနွေးခဲ့တာတွေရဲ့ နောက်ဆက်တွဲ အစည်းအဝေးကို ဒီနေ့လုပ်ပါတယ်။ လွှတ်တော်ထဲ မဝင်ခင်မှာ အပြီးသတ် ပြောင်းလဲနိုင်အောင် လုပ်သွားမယ်”ဟု 7Day News သို့ပြောသည်။

ယနေ့ တွေ့ဆုံခဲ့သည့် အစည်းအဝေးတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေး တိုးတက်လာစေရန်၊ ပြည်တွင်းစစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်စေရန်၊စစ်မှန်သောပြည်ထောင်စုပေါ်ပေါက်လာစေရန်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပါလီမန်အတွင်းမှနေ၍ ပြန်လည်ပြင်ဆင်ရန် စသည့်အချက်များကို ရခိုင်တိုင်းရင်းသားခေါင်းဆောင်အနေဖြင့် အကြမ်းဖျင်း တင်ပြဆွေးနွေးခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

“အနှစ် ၂၀ ကျော်လုံး ဒုက္ခခံလာခဲ့တာဖြစ်လို့ ဆက်ရပ်တည်သွားဖို့ပဲရှိတယ်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ဆွေးနွေးတဲ့ သဘောထားနဲ့ကျွန်တော်တို့သဘောထားကတော့ မကွဲလွဲပါဘူး”ဟု ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးကပြောသည်။

## ရှေးဟောင်းပျူမြို့သုံးမြို့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရန် ဆောင်ရွက်နေ

အောင်သူရ

ရန်ကုန်၊ မေ - ၂၀

ရှေးဟောင်း ပျူမြို့တော်သုံးမြို့ဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းမြို့များအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးဆွေးနွေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။



ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို မေပြီလ ၄ ရက်မှ ၆ရက်နေ့အထိ ရန်ကုန်မြို့ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံ (UNESCO) ရုံးခွဲမှ ပညာရှင်များ၊ အီတလီသံအမတ်၊ ဂျာမန်၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံတို့မှ ပညာရှင်များအပါအဝင် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပျူမြို့ဟောင်းများ၏ ကမ္ဘာလုံးဆိုင်ရာ ထူးခြားထင်ရှားသော တန်ဖိုးများနှင့်ပတ်သက်သည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

“ဒီမြို့သုံးမြို့က အရှေ့တောင်အာရှမှာ ပထမဆုံး ပေါ်ထွန်းခဲ့တဲ့မြို့ပြနိုင်ငံတွေဖြစ်တယ်ဆိုတာကို သက်သေဖြစ်တဲ့ မြို့ရိုးမြို့တာတွေ နန်းတော်ရာတွေတူးဖော်တွေ့ရှိထားတာတွေရှိတယ်။ သက်တမ်းအားဖြင့် ၂၀၀၀လောက်ရှိနေပြီ”ဟု အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သောယဉ်ကျေးမှုဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

ဘန်ကောက်ရုံးခွဲမှပညာရှင်များသည် ပုဂံနှင့် သရေခေတ္တရာမြို့များသို့ ၂၀၁၁ ခုနှစ် မေလဆန်းက လာရောက်လေ့လာခဲ့ကြသည်။ အဆိုပါမြို့သုံးမြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းပြီးပါက ပုဂံမြို့ကိုပါ ဆက်လက်လျှောက်ထားမည်ဟု ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



## ထားဝယ်ဒေသခံအချို့ မြေယာရွှေ့ပြောင်းရမှုများ ဖြေရှင်းပေးရန် ကေအင်န်ယူသို့တင်ပြ

အိဖြူမွန်

ရန်ကုန်၊ မေ - ၂၀

ထားဝယ်ဒေသခံ ကရင်တိုင်းရင်းသားများက ကရင်အမျိုးသားအစည်းအရုံး(KNU)ထားဝယ်မြို့သို့လာရောက်စဉ်ဒေသအတွင်းဖြစ်ပေါ်နေသော စီးပွားရေးစီမံကိန်းဇုန်ကြီးများကြောင့် မြေယာရွှေ့ပြောင်းရမှုများကို ဖြေရှင်းပေးရန် တောင်းဆိုမှုပြုလုပ်ခဲ့ကြောင်း ကရင်တိုင်းရင်းသားများနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူတစ်ဦးကပြောသည်။

အမျိုးသားအစည်းအရုံးမှဗိုလ်မှူးပဒိုးကွယ်ထူးဝင်း ခေါင်းဆောင်သောအဖွဲ့သည်ထားဝယ်မြို့တွင်ကေအင်န်ယူဆက်ဆံရေး ရုံးဖွင့်လှစ်ရန် ယခုလ ၁၀ရက်က ထားဝယ်မြို့သို့ရောက်ရှိခဲ့သည်။ ရောက်ရှိစဉ် သုံးရက်အတွင်း ထားဝယ်ဒေသခံ ကရင်တိုင်းရင်းသား ၂၀၀ကျော်နှင့်ယခုလ ၁၁ရက်တွင်ကရင်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ နေ့တစ်ဝက်ကြာ တွေ့ဆုံခဲ့သည်။

နေ့တစ်ဝက်အကြာ တွေ့ဆုံမှုတွင် ဒေသခံ ကရင်တိုင်းရင်းသားများက ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းမှ ကားလမ်းဖောက်လုပ်မည့်နေရာများတွင် မြေယာရွှေ့ပြောင်းရမည့်ပြဿနာများ၊ ဆည်စီမံကိန်းများနှင့် သတ္တုစီမံကိန်းများကြောင့် ပြောင်းရွှေ့ရမည့်ပြဿနာများကိုဖြေရှင်း ပေးရန်တောင်းဆိုခဲ့ကြသည်။

ဒေသခံ ကရင်တိုင်းရင်းသားများ၏ တောင်းဆိုမှုများကို ကရင် အမျိုးသားအစည်းအရုံးမှ ပဒိုးကွယ်ထူးဝင်းက ရေးမှတ်ခဲ့ပြီး ယခု လတ်တလောတွင် အပစ်အခတ် ရပ်စဲရေးကို ဦးတည်ဆွေးနွေးနေကြသောကြောင့် မဆောင်ရွက်နိုင်သေးသော်လည်း ထပ်မံဆွေးနွေးမှုများတွင်ဒေသခံတို့၏ လိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးသွားမည်ဟု ဖြေကြားခဲ့ကြောင်း ယင်းတွေ့ဆုံမှုသို့ တက်ရောက်ခဲ့သူကပြောသည်။

ထားဝယ်မြို့တွင်ကေအင်န်ယူဆက်ဆံရေးရုံး ဖွင့်လှစ်ရန် အတွက် ဗိုလ်မှူး ပဒိုးကွယ်ထူးဝင်းက ခေါင်းဆောင်သောအဖွဲ့သည် သုံးရက်အကြာ လာရောက်သည့်အတွင်း မေတ္တာမြို့နယ်ခွဲတွင်ရှိသော ကရင်ရွာများနှင့် တွေ့ဆုံပြီးနောက် နယ်စပ်လမ်းမှ ချင်းမိုင်မြို့သို့ ပြန်သွားခဲ့ကြောင်း သတင်းရရှိသည်။

## မူဆယ်ရှိ ယာဉ်ငယ်စစ်ဆေးရေးဂိတ်တွင် ဗုံးကွဲ၍ အစိုးရဝန်ထမ်းတစ်ဦး ကွယ်လွန်

အောင်သူရ

ရန်ကုန်၊ မေ - ၂၀

တရုတ်-မြန်မာနယ်စပ်ရှိ အဓိကနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သော မူဆယ် ၁၀၅ မိုင် မိုင်ယူရွာ ယာဉ်ငယ်စစ်ဆေးရေးဂိတ်တွင် မေပြီ လ ၂၀ ရက် နံနက်၅ နာရီ မိနစ် ၂၀ က ဗုံးပေါက်ကွဲမှုကြောင့် တာဝန်ကျ အစိုးရဝန်ထမ်းတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ဗုံးပေါက်ကွဲချိန်သည် လူသွားလာမှု နည်းသောအချိန်ဖြစ်ပြီး ဗုံးပေါက်ချိန်တွင် အနီး၌လူ ၁၀ ဦးခန့်ပါသော ကားနှစ်စီးရှိသော်လည်း ထိုကားနှစ်စီးမှာ မှန်များကွဲသွားရုံကလွဲ၍ ကားပေါ်ရှိလူများ ထိခိုက်ခြင်းမရှိခဲ့ကြောင်း မူဆယ်ဒေသခံများကပြောသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဦးစီးမှူး ဦးကြည်ထွန်းမှာ ဦးခေါင်းတွင် ဒဏ်ရာရရှိပြီး ကွယ်လွန်ခဲ့သည်။ ၎င်းသည် အသက် ၄၂ နှစ်သာရှိပြီး ရွှေဘိုဇာတိဖြစ်ကာ မူဆယ်ဒေသတွင်တာဝန်ကျသည်မှာ ရှစ်လသာရှိသေးကြောင်း ကရုဏာလူမှုကူညီရေးအဖွဲ့မှ ဦးသောင်းထွန်းကပြောသည်။‘

“ဗုံးပေါက်တဲ့အချိန်က အရောင်းအဝယ်တွေ အေးနေတဲ့အချိန်ဆိုတော့ ဘာမှမဖြစ်ပါ-ဘူး။ အခုတော့ ပုံမှန်အတိုင်းပါပဲ။ ဖရဲသီးကားတွေတော့ အသွားများနေတယ်”ဟုမူဆယ်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခု ပေါက်ကွဲသောဗုံးမှာ ချိန်ကိုက်ဗုံးဖြစ်နိုင်ပြီး ပေါက်ကွဲမှုကြောင့် အနီးအနားရှိနေအိမ်များ လှုပ်ခါသွားခဲ့သည်။ ပြီးခဲ့သည့် ခြောက်လခန့် မူဆယ်ခရိုင် မုန်းကိုးဒေသတွင် ဗုံးပေါက်ကွဲခဲ့သဖြင့် လဝကအရာရှိနှစ်ဦး သေဆုံးခဲ့သည်။

**မွန်မြတ်ဆေးခန်း** ဗိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**

- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၅၁၉၆၅၁၈

# စစ်တမ်းတစ်ခုအရ တောင်သူလယ်သမား ၄၆ ရာခိုင်နှုန်း ဆင်းရဲနွမ်းပါးနေ

**အောင်သူရ**

**ရန်ကုန်၊ မေ – ၂၂**

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ဦးစီး၍ ဆန်စပါး အဓိကစိုက်ပျိုးသော ၄၆ မြို့နယ် ကျေးရွာ ၉၂ရွာမှ တောင်သူ ၃၄၇၉ ဦးကို ကျပန်းစနစ်ဖြင့် မေးမြန်းစစ်တမ်းကောက်ယူရာတွင် ၄၆ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးနေခြင်းအခြေအနေ၌ခံစားနေရကြောင်း တွေ့ရှိရသည်ဟုသတင်းရရှိသည်။

ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် ရခိုင်ပြည်နယ်မှ မြို့နယ် ၄၆ မြို့နယ်အား ရွေးချယ်ပြီး ထိုမြို့နယ်များမှ တစ်မြို့နယ်လျှင် ကျေးရွာနှစ်ရွာအား မဲစနစ်ဖြင့် ရွေးချယ်ပြီး ထိုကျေးရွာများမှတစ်ရွာလျှင်တောင်သူ ၄၀ဦးအား ထပ်မံ မဲနှိုက်ရွေးချယ်ကာမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ၂၀၁၂နှစ်ဆန်းပိုင်းတွင် စစ်တမ်းကောက်ယူခဲ့သည်။

“လူတစ်ဦးရဲ့ အစားအစာ (Food)၊ ပညာရေးနဲ့ ကျန်းမာရေး တစ်လအသုံးစရိတ်ကသုံးသောင်းကျပ်အောက် ရောက်နေရင် ဆင်းရဲမွဲတေမှုကို ခံစားနေရတယ်လို့ ၂၀၁၀ (IHLC)ရဲ့ အစီရင်ခံစာကိုအခြေခံပြီးပြောတာပါ”ဟု သုတေသနလုပ်ငန်းတွင် ပါဝင်ခဲ့သူ ဒေါ်ဖြူစင်အောင်ကပြောသည်။

ကောက်ယူသောစစ်တမ်းအရ တောင်သူမိသားစုတစ်စု၏ ပျမ်းမျှ တစ်လအသုံးစရိတ်မှာ ကျပ်တစ်သိန်းတစ်သောင်းကျော်ရှိပြီး ဆန်နှင့် အခြားအစားအစာ အသုံးစရိတ်မှာ ကျပ်ရှစ်သောင်း (၅၄ ရာခိုင်နှုန်းခန့်) ရှိကာ ပညာရေးအတွက်မှာ ဒုတိယအများဆုံးဖြစ်ပြီး ၂၀ ရာခိုင်နှုန်းခန့် ရှိသည်။

အဆိုပါစစ်တမ်း၏ တွေ့ရှိချက်အရ တောင်သူအများစုမှာ အိမ်ထောင်စုတစ်စုလျှင် မိသားစုဝင်ငါးဦးမှ ရှစ်ဦးကြား နေထိုင်ကြသည်ကိုတွေ့ရှိရကြောင်းလည်း ဖော်ပြထားသည်။

သို့သော် အစိုးရက တရားဝင်ထုတ်ပြန်သောစာရင်းအရမြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှုမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၆ ရာခိုင်နှုန်းသာရှိသည်။

“အဲဒီစာရင်းက ကျေးလက်နဲ့မြို့ပြနှစ်ခုစလုံးကို အခြေခံပြီး တွက်ထားတာ။ ၂၆ ရာခိုင်နှုန်းဆိုတာ ကျွန်တော်တို့က ကျေးလက်ပဲကောက်ထားတာ။ နောက်ပြီး UN အဖွဲ့တွေ ကောက်ထားတာက ၂၀၁၀ ခုနှစ်က၊ ကျွန်တော်တို့ က ၂၀၁၂ နှစ်ဆန်းပိုင်းမတူဘူး”ဟု မြန်မာနိုင်ငံဆန်စပါး သုတေသနတာဝန်ခံ ဒေါက်တာစိုးထွန်းက ပြောသည်။



တောင်သူများမှာလည်း ၂၀၁၁ပဲရိတ်သိမ်းချိန်မှစ၍ ၂၀၁၂ မိုးစပါးရာသီထိ စိုက်ပျိုးသောသီးနှံများ ရာသီဥတုဒဏ်ခံခဲ့ရပြီး ယခုနှစ် မိုးစပါးပေါ်ချိန် စပါးနှင့် ပဲဈေးများစွာနိမ့်ကျနေပြီး တောင်သူများ အရှုံးပေါ်နေကြသည်။

အများစုမှာ အစိုးရဘဏ်ကြွေးပင် ပြန်ဆပ်နိုင်ခြင်းမရှိဘဲ ယခုနှစ်သင်္ကြန်ပြီးနောက်ပိုင်းတွင် လယ်ယာမြေကိုစွန့်ခွာ၍ ထိုင်းနိုင်ငံသို့ သွားရောက်သူဦးရေပြန်လည်မြင့်တက်လာကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းသည် ကျေးလက်နေတောင်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး အခြေအနေနှင့် အကျိုးတူ ပူးပေါင်းလယ်ယာလုပ်ငန်းဆောင်ရွက်မှုရလဒ်အား လေ့လာသိရှိရန် ယခု စစ်တမ်းအား ၂၀၁၁ ဒီဇင်ဘာလကုန်ပိုင်းမှ ၂၀၁၂ ဇန်နဝါရီလ ဆန်းပိုင်းအထိ ကောက်ခံခဲ့သည်။

## သင်္ကြန်ကာလ ယာဉ်တိုက်မှုကြောင့် ၃၆ ဦး သေဆုံး

**အေးမြတ်သူ**

**ရန်ကုန်၊ မေ – ၂၃**

မြန်မာတစ်နိုင်ငံလုံးတွင် ယခု ၂၀၁၂ သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုပေါင်း ၁၂၃ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၆ ဦးရှိခဲ့ကြောင်း နေပြည်တော် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

အဆိုပါယာဉ်တိုက်မှုတွင် ဒဏ်ရာရရှိသူဦးရေစုစုပေါင်း ၃၉၅ဦးအနက်ကျား ၂၈၀ဦးဖြစ်ပြီးသေဆုံးဦးရေကျား၃၀ဦးနှင့်မခြောက်ဦး စုစုပေါင်းဦးရေ၃၆ဦး ဖြစ်ပွားခဲ့ကြောင်း နေပြည်တော်ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

သို့သော် နိုင်ငံပိုင်သတင်းစာများတွင် ယာဉ်တိုက်မှုအပါအဝင် အမှုအခင်းမျိုးစုံကြောင့် ၈ဦးသာ သေဆုံးပြီး ၁၆၆ဦး ဒဏ်ရာရရှိသည်ဟုဖော်ပြခဲ့သည်။

ရန်ကုန်မြို့၌ ယခုနှစ်သင်္ကြန် ကာလအတွင်း ယာဉ်တိုက်မှုပေါင်း ၃၀ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၁၀၆ ဦးနှင့် သေဆုံးသူဦးရေလေးဦးရှိခဲ့ကြောင်း ရန်ကုန်မြို့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

အဆိုပါယာဉ်တိုက်မှုတွင်ရေကစားယာဉ်ယာဉ်တိုက်မှုခုနစ်မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၅၀ဦးရှိခဲ့ကာ ရိုးရိုးယာဉ်တိုက်မှု ၂၃မှုတို့၌ ဒဏ်ရာရရှိသူ ၅၆ဦးနှင့် သေဆုံးသူလေးဦးရှိခဲ့ကြောင်းသိရသည်။

**အချပ်ပို(C)သို့**

**အချပ်ပို(C)သို့**

7 ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL **ရုံးခန်းလိပ်စာပြောင်းရွှေ့ခြင်း**

7Day News ဂျာနယ် ရုံးခန်းအား မေလ၂၇ရက်မှစတင်၍ အခန်းအမှတ်(G-12)၊ မြေညီထပ်၊ တိုက်(B)၊ **Diamond Centre** ၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း–၅၂၃ ၉၁၁~၁၈** Hot Line–၀၉ ၇၃၀ ၃၂၀၀၆၊ ၀၉ ၇၃၂ ၂၄၅၄၁



7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012



## ၂၀၁၂ ဧပြီ ၂၅မှမေ ၁ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွေမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် သာယာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ ဒါပေမဲ့ မိုးတိမ်တောင်များဖြစ်ပေါ်စဉ် လေပြင်းတိုက်ခတ်မှုကြောင့် ခေတ္တခဏမျှ လှိုင်းအသင့်အတင့် ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရ ပြီးခဲ့တဲ့ ဧပြီလ(၁၃)ရက်မှ (၁၉)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအနောက်အလယ်ပိုင်းတို့မှာ မိုးရေချိန် ၂-၄ လက်မ၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအလယ်ပိုင်း နဲ့ မြောက်ပိုင်း၊ ကချင်ပြည်နယ်အထက်ပိုင်း၊ တနင်္သာရီတိုင်းတို့မှာ မိုးရေချိန် ၀. ၈-၂ လက်မ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရခိုင်ပြည်နယ်အလယ်ပိုင်း၊ ကချင်ပြည်နယ်အောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မွန်ပြည်နယ်တောင်ပိုင်းတို့မှာ မိုးရေချိန် ၀. ၂-၀. ၈ လက်မ နဲ့ ကျန်ဒေသများအားလုံးတို့မှာ မိုးရေချိန် ၀. ၂ လက်မအောက် လျော့နည်းခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

အများအားဖြင့် မိုးဆက်လက်လျော့နည်းနေဦးမှာဖြစ်ပါတယ်။ ခန့်မှန်းကာလအတွင်း မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်အနေနဲ့ကတော့ ကချင်ပြည်နယ်မြောက်ပိုင်းမှာ(၅)ရက်ခန့်၊ တနင်္သာရီတိုင်းဒေသကြီးမှာ(၃)ရက်ခန့်၊ မန္တလေးတိုင်းမှာ(၂)ရက်ခန့်နဲ့ ကျန်ဒေသတွေမှာ(၁)ရက်ခန့် မိုးအနည်းငယ်ထစ်ချုန်းရွာသွန်းနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းတို့တွင် (၅-၆)ရက်ခန့်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်တို့တွင် (၃-၄)ရက်ခန့်၊ ကျန်ဒေသများတွင် (၁-၂)ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်မှုကြောင့် ထစ်ချုန်းမယ့်အခြေအနေများကိုဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း အပြင်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန်လိုအပ်ပါမည်

**နေ့အပူချိန်များအခြေအနေ**

မြန်မာနိုင်ငံအလယ်ပိုင်း၊ မြေလတ်ပိုင်း၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများမှာ အပူချိန်များ မြင့်တက်နေရာမှ လာမည့် ရက်သတ္တပတ်အတွင်း တိမ်များဖြစ်ပေါ်လာနိုင်တဲ့အတွက် လက်ရှိအပူချိန်မြင့်တက်နေမှုကို လျော့ပါးလာစေနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ အများအားဖြင့် ဖြစ်မြဲခန့်သာ ရှိနိုင်ပါတယ်။

နေ့အပူချိန်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို (၄)ပိုင်းခွဲခြားပြောနိုင်ပါတယ်။ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းတွေမှာ 40-43 deg C ၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကချင်ပြည်နယ်အနောက်ပိုင်း၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ် ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ 37-39 deg C ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်တွေမှာ 27-28 C ၊ ကချင်ပြည်နယ်မြောက်ပိုင်းစွန်း ဒေသတွေမှာ 22-23 deg C ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝှမ်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် ချင်းတွင်းမြစ် နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက်ကြုံတွေ့နေဖွယ်ရာရှိနေပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင် နဲ့ ဘင်္ဂလားပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တ တစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့ မရှိသေးဘူးလို့ ခန့်မှန်းရပါတယ်။

**အရေးကြီးသောအခြေအနေ**

ဧပြီလ(၂၄-၃၀)အတွင်း မိုးတိမ်တောင်များရဲ့အန္တရာယ်ကိုသတိထားဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် အနည်းဆုံး(၂-၃)ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွေမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်ခြင်း စတာတွေကိုကြုံတွေ့နိုင်ပြီး၊ တစ်ခါတစ်ရံ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကိုလည်း ကြုံတွေ့နိုင်ပါတယ်။ လာမည့်ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသများမှာ နေအပူရှိန် ဒဏ် UV Indexများ မြင့်တက်နေမှု-ကြောင့် အပူရှိန်ဒဏ်ကို သတိထားရန် လိုအပ်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# အီးယူနိုင်ငံများမှ လုပ်ငန်းရှင်များ ပြည်တွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် စုံစမ်းနေ

**ပြည်သိမ်း**

**ရန်ကုန်၊ ဧပြီ - ၁၉**

အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများက ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်လေ့လာမှုများရှိနေကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။

ဈေးဝယ်စင်တာနှင့် ပလာဇာများဖွင့်ရန်၊ အဆင့်မြင့် လူများစုပေါင်းနေထိုင်သည့်အဆောက်အအုံများဖြစ်သည့် ကွန်ဒိုတိုက်ခန်းများ တည်ဆောက်ရန် အဆိုပါနိုင်ငံများမှ လုပ်ငန်းရှင်များက စိတ်ဝင်စားနေကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"အီးယူက အရမ်းကိုစိတ်ဝင်စားနေတယ်။ ဆန်ရှင်လျှော့တာနဲ့ဝင်ဖို့ ကြိုပြီးပြင်ဆင်နေကြတယ်" ဟု ဒေါက်တာမောင်မောင်လေးက ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသော အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲကြားမှ ၎င်း၏ အတွေ့အကြုံကိုပြန်လည်ပြောကြားသည်။

ဧပြီလကုန်ပိုင်းတွင် အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လာရောက် လေ့လာဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် အီးယူအနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှု ထပ်မံလျှော့ပေးသွားမည်ဟု ဥရောပပါလီမန်တွင်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ ဧပြီလ ၂၃ရက်တွင် ဂျာမနီနိုင်ငံ လူဇင်ဘတ်မြို့၌ ကျင်းပမည့် အီးယူနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အသေးစိတ်လျှော့ချပေးမည့် အစီအစဉ်ကို ဆွေးနွေးဖွယ်ရှိကြောင်း အဆိုပါမီဒီယာများတွင်ဖော်ပြထားသည်။

ဥရောပနိုင်ငံများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများအနက် ဗြိတိန်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်သည်။ ၂၀၁၁ ခုနှစ် ဘဏ္ဍာနှစ်ကုန်စာရင်းများအရ ကန်ဒေါ်လာ ၂၆၅၉ ဒသမ ၅၄ သန်းဖြစ်သည်။

# ဂျပန်လေကြောင်းလိုင်း ANA မြန်မာနိုင်ငံသို့ ပြန်လည်ပြေးဆွဲရန် စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၁၉**

၁၂နှစ်ကြာ ပြေးဆွဲခြင်း ရပ်နားထားသော ဂျပန်နိုင်ငံ၏အကြီးဆုံး လေကြောင်းလိုင်း All Nippon Airway (ANA) သည် မြန်မာနိုင်ငံသို့ပြန်လည်ပြေးဆွဲရန် စီစဉ်နေကြောင်း နိုင်ငံတကာသတင်းများအရသိရသည်။

"ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေပါပြီ။ ဖြစ်နိုင်သမျှ မြန်မြန်လေးပျံနိုင်အောင်"ဟု ANA လေကြောင်းလိုင်း ဥက္ကဋ္ဌ Shinichiro Ito က ဧပြီလဒုတိယပတ်တွင် ပြုလုပ်သောပုံမှန် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ ခရီးစဉ်အဖြစ် ဂျပန် နိုင်ငံ တိုကျိုမြို့ နာရီတာလေဆိပ်မှ ရန်ကုန်မြို့သို့ ပျံသန်းရန် စီစဉ်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်တွင် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သူ ၂၁,၂၆၄ ဦးရှိခဲ့ပြီး ဂျပန်နိုင်ငံသား ခရီးသွားများသည် ဗုဒ္ဓဘာသာအမွေအနှစ်များ တည်ရှိရာဒေသများသို့ လည်ပတ်ခြင်းကို နှစ်သက်ကြသည်။

ထို့အပြင် လာမည့်ခရီးသွား ရာသီတွင် Qatar လေကြောင်းလိုင်းနှင့် Condo လေကြောင်းလိုင်းတို့ကလည်း မြန်မာနိုင်ငံသို့ ပျံသန်းရန် စီစဉ်နေကြပြီး Condo လေကြောင်းလိုင်းမှာ နိုဝင်ဘာလတွင် စတင်ပျံသန်းမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ၂၀၁၀ ပြည့်နှစ်မှစ၍ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမြင့်တက်လာခဲ့ကာ ပြီးခဲ့သည့် ၂၀၁၁ တွင် သုံးသိန်းကျော် ဝင်ရောက်ခဲ့ပြီး ဟိုတယ်အခန်းများ မလုံလောက်ခြင်းများကြုံတွေ့ခဲ့ရသည်။

# သကြၤန်မတိုင်မီနှင့် သကြၤန်ကာလအပြီး ငွေလဲနှုန်း ကွာဟမှုနည်း

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၁၉**

သကြၤန်မတိုင်မီနှင့် သကြၤန်ကာလနောက်ပိုင်း အမေရိကန်ဒေါ်လာ၊ ထိုင်းဘတ်ငွေတို့အား မြန်မာကျပ်ငွေဖြင့်လဲလှယ်သော ဈေးနှုန်းမှာ ယခင်နှစ်များကဲ့သို့ ဈေးနှုန်းကွာခြားမှု များစွာမဖြစ်တော့ကြောင်းသတင်းရရှိသည်။

ယခုနှစ်သကြၤန်မတိုင်မီက မြန်မာငွေကျပ်တစ်ရာလျှင် ထိုင်းဘတ် ၃ ဒသမ ၇၈ ဘတ်ရှိခဲ့ပြီး သကြၤန်ကာလပြီးနောက်ဈေးမှာလည်း ကျပ်တစ်ရာလျှင် ၃ ဒသမ ၇၅ ဘတ်ဈေးရှိကြောင်း မြဝတီဒေသခံကုန်သည်တစ်ဦးကပြောသည်။

"သကြၤန်နီးရင်ပြန်လာတဲ့ လုပ်သားတွေများတော့ ရောင်းတဲ့လူများတဲ့အတွက် အရင်ကဆိုဈေးနှိမ်ထားပြီး သကြၤန်ပြီးရင် ပြန်တက်ရော။ ဒီနှစ်က အစိုးရကဒေါ်လာကို တရားဝင်ဈေးသတ်မှတ်ပေးတာနဲ့ ငွေလဲကောင်တာတွေပေါ်လာတာဆိုတော့ ထင်သလောက်ကစားလို့မရတော့ဘူး" မြဝတီဒေသခံကုန်သည်က ပြောသည်။

ထို့အတူ ဒေါ်လာဈေးမှာလည်း သကြၤန်မတိုင်မီက ပြင်ပဈေးတွင်တစ်ဒေါ်လာလျှင် ၈၁၀ ကျပ်ဈေးရှိခဲ့ပြီး သကြၤန်ပြီး နောက်ပိုင်းတွင် ၈၀၇ ကျပ်ဈေးရှိခဲ့သည်။

"အရင်တုန်းကတော့ လူလေး၊ငါးယောက်ကသကြၤန်ဆို ဈေးကစားလိုက်တာ။ အခုသူတို့ကစားရင် ငွေလဲကောင်တာမှာ ဝယ်လို့ရတယ်။ အဲဒီမှာက ရောင်းလို့သာ မလွယ်တာ ဝယ်ရင်လွယ်တယ်" ဟု ကျောက်တံတားမြို့နယ် အခြေစိုက် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကဆိုသည်။

သိမ်ဖြူလမ်းရှိငွေလဲကောင်တာဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေးမှာ ၈၁၀ ကျပ်ရှိပြီး ဝယ်ဈေးမှာ ၈၂၈ ကျပ် ဈေးရှိခဲ့သည်။

"ဒီနောက်ပိုင်းတော့ငွေဈေးကသိပ်အတက်အကျ အများကြီးမဖြစ်တော့ဘူးလို့ သုံးသပ်လို့ရတယ်။ ဗဟိုဘဏ်ကလည်း ဈေးနှုန်း သတ်မှတ်ပေးထားတာရှိတယ်။ ဒါဖြစ်သင့်တာကြာပြီ" ဟု ကမ္ဘောဇဘဏ်မှတာဝန်ရှိသူတစ်ဦးကပြောသည်။ နိုင်ငံတော်အစိုးရသည်ဧပြီလတစ်ရက်နေ့မှစ၍ အမေရိကန်ဒေါ်လာအားနှုန်းရှင်(၈၁၈ ကျပ်) ဖြင့် စတင်ဈေးသတ်မှတ်ခဲ့ပြီး ငွေလဲကောင်တာများကိုလည်း ၂၀၁၁ ခုနှစ်အောက်တိုဘာ ၁ ရက်က စတင်ဖွင့်လှစ်ပေးခဲ့သည်။



Life
7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012



အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာတွင် သံဃာတော်များကို ဆွမ်းလောင်းလှူနေသော အမျိုးသမီးကြီးတစ်ဦး

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဆွမ်းဖြူဖြူလေးများ၏ ကြော့ကွဲပီတိ

ချမ်းငြိမ်း

(၁)

နွေခေါင်ခေါင် မနက်ကိုးနာရီနေက ခြစ်ခြစ်တောက်ပူပြင်းလှ၏။ ကြည့်မြင်တိုင် ဗားကရာကုန်းအတက်၌ ဘာအရိပ်တစ်ခုမျှမရှိခြင်းကြောင့် အပူဒဏ်ကို ပို၍ပြင်းထန်စွာခံစားရသည်။ ပိုဆိုးသည်က ဦးခေါင်းပြောင်ပြောင်နှင့် လက်ကန်တော့ထိုးရုံထားသော သင်္ကန်း၏ တုပ်နှောင်မှု၊ ခြေဗလာနှင့် သပိတ်လွယ်၍ လျှောက်လှမ်းရသောအနေအထားက ပူရသည့်အထဲကိုယ်ခန္ဓာကိုတင်းကျပ်သလို ကြုံတွေ့ရသဖြင့် ချွေးစေးတို့သည် နဖူးမှ တပြိုက်ပြိုက်ကျစေသည်အထိ တစ်ကိုယ်လုံး စေးထန်းနေတော့သည်။ ရှေ့မှ ကြွချီနေသော အမြဲဝတ် ဦးပဉ္ဇင်းကမူ နေ့စဉ် ကြုံနေကျဖြစ်၍ ဘာမှမှုပုံမပေါ် ခပ်သွက်သွက်လျှောက်လှမ်းနေလေသည်။ သကြၤန်တွင်း ဒုလ္လဘရဟန်းအဖြစ် ခံယူထားသူ မိမိမှာသာ ဟောဟဲလိုက်နေ၏။

ကြည့်မြင်တိုင် ကမ်းနားဘက်ရောက်သောအခါ ရှေ့က ဦးပဉ္ဇင်းက ရပ်စောင့်နေပြီး အတန်ငယ်ကွာဝေးသော ဝန်ထမ်းရပ်ကွက်လေးဆီ ခပ်သွက်သွက်လှမ်းရပြန်သည်။ ဖိနပ်မပါ ခြေဗလာဖြင့် လျှောက်လှမ်းရ၍ အတွေ့အကြုံနည်းသူအဖို့ ခြေဖဝါးတွေကျိန်းစပ်လွန်းပြီး တစ်ခါတစ်ခါ စူးမိသော ခဲချွန်ချွန်လေးများက ဆစ်ခနဲ ဆစ်ခနဲ နာကျင်သွားစေသည်။

ဒုလ္လဘရဟန်းဘဝ ဆွမ်းခံထွက်ခဲ့ခြင်း. . .။


ဆယ့်ငါးမိနစ်ခန့် လျှောက်လှမ်းမိသောအခါ လမ်းကြိုလမ်းကြားများကိုဖြတ်သန်းရင်း ခရော်ခရွတ်တည်ရှိသော ဝန်ထမ်းရပ်ကွက်လေးဆီ ရောက်ခဲ့သည်။ လမ်းတစ်လျှောက် ဟိုမှသည်မှ ထွက်လောင်းသောဆွမ်းကို ခံယူရင်း ဝန်ထမ်းရပ်ကွက်၊ ဝန်ထမ်းတန်းလျားထဲ တိုးဝင်သွားသည့်အခါ ပင့်ဖိတ်ထားသည့်အိမ်များ ဆီကြွရပြန်သည်။ သည်မှာတင်ပဲ လောင်းလှူသော ဆွမ်းဖြူဖြူလေးများအပေါ် စာနာမှုကြီးစွာဖြစ်ရပါသည်။

မိမိတို့ ကြွချီသောဝန်ထမ်းရပ်ကွက်လေးသည်ပြည့်စုံကြွယ်ဝသည့်ပုံမပေါ်၊ သည့်ထက် ဆိုရလျှင် နွမ်းပါးသော၊ လုပ်ခလစာနည်းပါးသော အစိုးရဝန်ထမ်းရပ်ကွက်လေးပီပီ အိမ်တစ်အိမ်ထဲဝင်လိုက်ရုံဖြင့် သိသာလှပါ၏။ ဆယ်ပေ၊ ပေနှစ်ဆယ် အစိတ်မျှရှိပုံရသော လိုင်းခန်းအိမ်ခန်းကျဉ်းလေးထဲ မိသားစုတွေ ပြွတ်သိပ်ကာ နေရပုံပေါ်သည်။ အသုံးအဆောင်ပစ္စည်းများကို ကြည့်လျှင်လည်း တစ်အိမ်၊ နှစ်အိမ်ကလွဲလျှင် ဘာမှ တောက်တောက်ပပမရှိ။ အချို့အိမ်တွေမှာ သစ်သီးဗန်းများ၊ ပန်းခြင်းလေးများ မြင်ရ၍လည်း စားဝတ်နေရေးအရ မလောက်ငသဖြင့် တစ်ပိုင်တစ်နိုင်ဈေးရောင်းကြပုံပေါ်သည်။ အချို့အိမ်ခန်းလေးတွေမှာဖြင့် ခနော်ခနဲ့ကြမ်းခင်းများကြားမြေသားများ ပင်ပေါ်လွင်နေပေသည်။ သို့သော် ထိုထို အိမ်လေးများထဲ၌ သဒ္ဓါတရားထက်သန်သော၊ နေ့စဉ်မပျက်နှစ်ရှည်လများကြာအောင် ဆွမ်းလောင်းလှူနေသောဒကာ၊ ဒကာမများစွာရှိပါ၏။

စာ(၁၁)သို့




## သီးစုံနံရိုးပေါင်းခေါက်ဆွဲပြုတ်



ဒီတစ်ပတ်တော့ ကိုရီးယား ခေါက်ဆွဲပြုတ်ချက်ပေးပါဦးဆိုတဲ့ ပရိသတ်ကြီးအတွက် ခေါက်ဆွဲပြုတ်တစ်မျိုးကို စီစဉ်ချက်ပြုတ်ထားတာပါ။ ကိုရီးယားခေါက်ဆွဲပြုတ်မဟုတ်ပေမယ့် အရသာရှိတဲ့ နံရိုးသီးစုံခေါက်ဆွဲပြုတ်ကို အရသာရှိရှိ ချက်ပြုတ်သုံးဆောင်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ခေါက်ဆွဲပြုတ်အတွက် လိုအပ်တာတွေက ဝက်နံရိုး ၂၅ကျပ်သား၊ ကော်မှုန့်အနည်းငယ်၊ ပဲပြား၊ ဂျုံခေါက်ဆွဲနဲ့ သီးရွက်စုံတို့ပဲဖြစ်ပါတယ်။

ပထမဆုံး အနေတော်တုံးထားတဲ့ဝက်နံရိုးလေးတွေကိုအရသာနယ်ပြီးပြုတ်ပါမယ်။ နံရိုး ပြုတ်နူးလောက်ပြီဆိုမှ အသင့်လှီးထားတဲ့ ပဲပြားတုံးလေးတွေထည့်၊ ကော်မှုန့်ကို အပျစ်အကျဲ လိုသလောက်ဖျော်ပြီးထည့် (အရသာအတွက် သကြားအနည်းငယ်နဲ့ ဆားကိုပါတစ်ပါတည်း ဖျော်ထည့်လိုက်ပါ)၊ ပြီးရင် လှီးဖြတ်ထားတဲ့ အသီးရွက်စုံကိုထည့်၊ နောက်ဆုံးကျမှပြုတ်ပြီးသား ခေါက်ဆွဲကိုထည့်လိုက်ပြီး ချလိုက်ရုံပါပဲ။ အနံ့အတွက် တရုတ်နံနံအုပ်နိုင်သလို ငရုတ်ကောင်းလေး ဖြူးပြီးမှ စားလိုသူတွေအတွက်လည်း ကြိုက်သလို စီမံနိုင်ပါတယ်။

ဗိုက်ဖီရဲ့ နံနက်စာအသီးအရွက်ပုံမှန်စားဖွယ်တွေထဲက မိသားစုစုံတဲ့ နံနက်စာတွေမှာ ချက်ပြုတ်စားလေ့ရှိတဲ့ သီးစုံ ခေါက်ဆွဲပြုတ်လေးပါ။ ဝက်သားမစားတဲ့သူတွေကတော့ ကြက်သားနဲ့လည်း တွဲဖက်ချက်ပြုတ် စားသောက်နိုင်ပါတယ်။ ခေါက်ဆွဲပြုတ် တောင်းဆိုသူတွေ ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဈေးဝယ်ထွက်မယ်

# ကြွေထည်ပန်းအိုးလှလှလေးတွေရှိတဲ့နေရာ

မေပယ်လ်

နေအိမ်၊ ရုံးခန်းတွေမှာ မျက်စိပသာဒဖြစ်အောင်အလှဆင်လိုသူတွေအကြိုက်တွေ့နိုင်မယ့်နေရာလေးတစ်ခုကို ဒီတစ်ပတ်ဈေးဝယ်ထွက်ဖို့လမ်းညွှန်ပေးချင်ပါတယ်။

ပုပု၊လုံးလုံး၊ရှည်ရှည်စသဖြင့် ဒီဇိုင်းမျိုးစုံနဲ့ လှပဆွဲဆောင်မှုရှိတဲ့ ကြွေပန်းအိုးလှလှတွေရှိတဲ့နေရာဖြစ်ပါတယ်။ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ မှာယူတင်သွင်းတာဖြစ်ပြီး ကြွေပန်းအိုးဒီဇိုင်းအမျိုး ၂၀ နီးပါးကိုရွေးချယ်ဝယ်ယူနိုင်မှာပါ။

ရိုးရှင်းတဲ့ဒီဇိုင်းရှိတဲ့ကြွေပန်းအိုးလေးတွေဆိုရင်ဈေးနှုန်းကကျပ် ၄၀၀၀ လောက်ရှိပြီး ဒီဇိုင်းလည်းဆန်း၊ လက်ရာလည်းမြောက်တဲ့ ပန်းအိုးလေးတွေကတော့ ကျပ် ၂၅၀၀၀ ကနေ ကျပ်တစ်သိန်းအထိရောင်းဈေးရှိတယ်လို့ ဆိုပါတယ်။

ကြွေပန်းအိုးတွေအပြင်မြင်ရင် ဝယ်ချင်စရာ ကြွေထည်အလှဆင်အရုပ်လေးတွေလည်းရှိပါသေးတယ်။ ဆင်ရုပ်၊ မြင်းရုပ်၊ ငါးရုပ်၊ သမင်ရုပ်၊ နဂါးရုပ်စသဖြင့် ဒီဇိုင်း ၁၀မျိုး လောက်ရှိပါတယ်။ ဈေးနှုန်းတွေကလည်း ကျပ် ၂၀,၀၀၀ ကနေ ကျပ်တစ်သိန်းခန့်အထိ ပစ္စည်းဒီဇိုင်းအလိုက်ရောင်းချပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)













ကြွေပန်းအိုး၊ ကြွေရုပ်၊ မီးဖိုချောင်သုံးကြွေထည်ပစ္စည်းလေးတွေကို ပန်းဆိုးတန်းလမ်း၊ Pansodan Office Tower မှာမကြာသေးမီက ဖွင့်လှစ်ထားတဲ့ ဖူဂျီ ရှော့ပင်းစင်တာမှာ ဈေးဝယ်ထွက်ကြည့်ဖို့လမ်းညွှန်လိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012




# ပူလောင်တဲ့ ကကွက်တွေနဲ့ ရန်ကုန်သင်္ကြန်



**နေလင်းအောင်၊ ဥက္ကာကိုကို**

မြင်ကွင်း(၁)

ဒီဂျေသီချင်းမြူးမြူးနှင့်အတူ စင်မြင့်ပေါ်မှ ကကွက်ဆန်းများကြောင့် စင်အောက်မှ ပရိသတ်အချို့ ပါးစပ်ဟောင်းလောင်းဖြစ်နေသည်။

ပေါင်အရင်းထိတိုတက်သောစကပ်တို၊ စွပ်ကျယ်နှင့်ကြိုးတစ်လုံးဝတ်ထား၍ ရွဲရွဲစိုနေသည့် မိန်းကလေးငယ်များနှင့် အမျိုးသားငယ်များ၏ စုံတွဲကကွက်အချို့က ဆန်းကြယ်သည်။ ခန္ဓာကိုယ်ချင်းပူးကပ်၍ ခါးအောက်ပိုင်းလှုပ်ခတ်မှုများ၊ ရှေ့သို့ ကိုင်းညွတ်သွားသည့် မိန်းကလေးငယ်များ၏ ခါးကို နောက်မှ အမျိုးသားငယ်က

တစ်ဖက်သို့






7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012



**တစ်ဖက်မှ အဆက်...**

ဆွဲယူလှုပ်ခတ်ကပြမှုတို့ကိုကြည့်ရှုသူအများ လိုက်ဖိုစေနိုင်သော Sexy Dance ကကွက်များဖြစ်၏။

အဆိုပါကကွက်များကို အနီးတစ်ဝိုက်ရှိ ကင်မရာကြီးငယ်များကလည်း အမိအရ ရိုက်ယူနေကြသည်။ သီချင်းများ တစ်ပုဒ်ပြီးတစ်ပုဒ် ပြောင်းသွားသည်။ ကကွက်များက ခပ်ဆင်ဆင်များပင်၊ အမျိုးသမီးများ၏ ပေါင်တိုစကတ်အောက်ခံဘောင်းဘီကျပ်ကျပ်များနှင့်ပေါင်တံများမြောက်လျက်၊ ခန္ဓာကိုယ်ကွေးညွှတ်လျက်၊ ခြေနှစ်ချောင်းအပူးအဟအကွက်များ၊ အမျိုးသားက ချီမြှောက်လှုပ်ခတ်ကပြနေသည့် ရမ္မက်နှိုးဆွစေသော Sexy Dance ကကွက်များ ကပြနေသောနေရာက နိုက်ကလပ်၊ ဒေးကလပ်များတွင်မဟုတ်ပါ။ လူပေါင်းထောင်ချီသွားလာ အပန်းဖြေကြသည့် ဥယျာဉ်ကြီးတစ်ခုအတွင်းရှိမြန်မာ့နှစ်သစ်ကူးသင်္ကြန်ဖျော်ဖြေရေး သီးသန့်မဏ္ဍပ်တစ်ခု၌ပင်ဖြစ်သည်။ ယင်းအကသည် ၂၀၁၂ ရန်ကုန်သင်္ကြန်မဏ္ဍပ်အများစုတွင်လည်း ခေတ်အစားဆုံးဖြစ်နေခဲ့သည်။

မြင်ကွင်း(၂)

သင်္ကြန်အကြတ်နေ့ ညနေခင်းက ကန်တော်ကြီးပတ်လမ်းတစ်လျှောက်သည် ဘီယာ၊ အရက်ပုလင်းခွံများက နေရာအနှံ့ပြန့်ကျဲနေသည်။ အနီးအနားတွင် ကလေးငယ်များ ကောက်ယူလာသည့်ပုလင်းခွံ၊ ဘီယာဘူးခွံများကို ဒိုင်ခံဝယ်ယူသူ၏ဘေးတွင် ဆာလာအိတ်နှင့် ထုပ်ပိုးထားသည့် အိတ်ကြီးများက မနည်းမနော။ ၁၅၊ ၁၆ အရွယ် လူငယ်များ(ယောကျ်ားလေး၊ မိန်းကလေး)၏ လက်ထဲတွင် တံဆိပ်မျိုးစုံနှင့် ဘီယာဘူးမျိုးစုံကို တွေ့တွေ့နေရသည်။

ဖြတ်သွားမိသည့် မဏ္ဍပ်ကြီးတိုင်း ဘောင်းဘီရှည်၊ ဂါဝန်ဝတ်ဆင်ထားသည့် အမျိုးသမီးများက လက်ချိုးရေလို့ရသည်။ အများစုက ရင်ပြတ်၊ လက်ပြတ်၊ ချက်ပေါ်၊ ဗိုက်သားပေါ် လွှင်စေ ရန် ဝတ်ဆင်ထားပြီး အတိုအကပ်၊ ခပ်ပြတ်ပြတ်ဘောင်းဘီများနှင့်အချို့အမျိုးသမီးများကဆိုလျှင် ထိုထက်ပိုဆိုးရွားသည်။ ရင်သားလှစ်ဟ ထွက်ပြသည့် အဝတ်အစားများနှင့် မဏ္ဍပ်တိုင်းတွင် ရီဝေနေသည့်မျက်ဝန်းများနှင့် စိတ်နှင့်ကိုယ်မကပ်နိုင်သည့် အမျိုးသမီးငယ်များ၊ တွဲဖက်နမ်းရှုံ့နေကြသည့် စုံတွဲများကို မကြာခဏမြင်ရသည်။ အချို့သောစုံတွဲများက ၎င်းတို့ကို ဂရုပြုမိ၍ ဩဘာပေးကြသည့် ရေပက်ခံကားများကို တွေ့လျှင် ပို၍ပို၍ ကဲပြကြတော့သည်။

ကန်တော်ကြီးပတ်လမ်းသို့ရောက်သူအများစုက သတိထားမိသည့် မိန်းကလေးအုပ်စုတစ်စုလည်းရှိသည်။ သူတို့က အများနည်းတူ ရေပက်မဏ္ဍပ်တွင် ဆော့ကစားခြင်းထက် ကခုန်ခြင်းကို ခင်တွယ်ပုံရသည်။ လာရောက်သည့် မဏ္ဍပ်ရေပက်ခံကားများ၊ ခြေလျင်လျှောက်သူများကို မြင်ဖူးရန်ခက်ခဲသည့် Sexy Danceများကို မျိုးစုံ တင်ဆက်သွားကြခြင်းဖြစ်သည်။ အချို့သောအပြုအမူကကွက်တွေက ဖော်ပြ၍ပင် မကောင်း။ သူတို့အုပ်စုက ရီဝေဝေအခြေအနေထက်ကျော်လွန်၍ အပင်လိမ်သောအဆင့်ရောက်နေပုံရသည်။

၂၀၁၂ သင်္ကြန်နှစ်ကူးကား ပြီးဆုံးသွားခဲ့သော်လည်း သင်္ကြန်တွင်း မြင်တွေ့လှုပ်ရှားခဲ့သည်များကမပြီး။ **စာ(၁၂)သို့**



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ကြားနာရုံပင်... အပူစင်၍...

ရှင်တော်ဘုရား၏ တရားတော်များသည် ကြားနာရခြင်းတည်းဟူသော အစ၏ကောင်းခြင်း၊ ကျင့်ကြံအားထုတ်ခြင်းတည်းဟူသော အလယ်၏ကောင်းခြင်း၊ ကျင့်ကြံပြီးသောအခါ တရားထူးကိုရ၍ ဒုက္ခခပ်သိမ်းအေးငြိမ်းရာ နိဗ္ဗာန်ကိုမြင်ရခြင်းတည်းဟူသော အဆုံး၏ကောင်းခြင်း များနှင့် ပြည့်စုံရကား မကျင့်နိုင်သေးစေကာမူ ကြားနာရုံမျှဖြင့် ဟုန်းခနဲထနေသော ကိလေသာမီးပူကြီးများကို ငြိမ်းစေနိုင်ပါသည်။ ကိလေသာမီး (၁၀)ပါးဖြစ်သော လောဘ (လိုချင်မှုမီး)၊ ဒေါသ(စိတ်ဆိုးမှုမီး)၊ မောဟ(မသိမလိမ္မာမှုမီး)၊ မာန(မာနကြီးမှုမီး)၊ ဒိဋ္ဌိ(အယူမှားမှုမီး)၊ ဝိစိကိစ္ဆာ(ဘုရား၊ တရား၊ သံဃာ၊ ကံ ကံ၏အကျိုးများ၌ ယုံမှားမှုမီး)၊ ထိန(အိပ်ချင်အားကြီး ထုံမှိုင်းမှုမီး)၊ ဥဒ္ဓစ္စ(ပျံ့လွင့်မှုမတည်ကြည်မှုမီး)၊ အဟိရိက (အကုသိုလ်ဒုစရိုက်မှ မရှက်မှုမီး)၊ အနောတ္တပ္ပ(ဒုစရိုက်မှကြောက်မှုမီး)တို့သည် ပုထုဇဉ်များ၏ သန္တာန်၌ လောင်မှန်းမသိ လောင်ကျွမ်းလျက်ရှိရာ တစ်ခါတစ်ခါ သိသိသာသာ အပြင်းအထန်လောင်ကျွမ်းကာမှ 'ဩော်. . တယ်ပူတဲ့မီးပါတကား'ဟု အထင်အရှားသိကြရလေသည်။

ဤလူ့ပြည်တွင် တစ်စုံတစ်ခုပျက်စီးခြင်းကြောင့် သောက၊ ပရိဒေဝ စသောဒေါသမီးများ လောင်လျက် စိတ်ကတောက်ကတက်ဖြစ်ကာ မစားနိုင်၊ မသောက်နိုင် တမှိုင်မှိုင်နေပြီးလျှင် အစဆုံး၍ ဘဝတုံးကြသူတွေ အများပင်ရှိသည်။ ဤကိလေသာမီးပူကို တရားတော်အား ကြား နာရုံမျှဖြင့် အေးငြိမ်းအောင် ငြိမ်းနိုင်သည်။ ဤကား မြတ်ဗုဒ္ဓတရားတော်၏ 'ကြားနာမှု'ဟူသော အစ၏ကောင်းခြင်းဖြစ်၏။ ဘုရားရှင်၏ တရား တော်သည်ကား ယခုဘဝတွေ့ကြုံကြရိုး ဒုက္ခမျိုးကိုလည်း ငြိမ်းစေနိုင်၊ သံသရာ၌ တွေ့ရမည့် ဒုက္ခမီးကိုလည်း မှချငြိမ်းအေးစေနိုင်သည်။



ရည်ညွှန်း-'ရတနာ့ဂုဏ်ရည်' မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ

## စာ-၉၊ ဆွမ်းဆန်ဖြူဖြူလေးများ၏ ကြေကွဲပီတိ မှ

တစ်အိမ်တွင်ကြုံတွေ့ရပုံမှာ အသက်ကိုးဆယ်နားကပ်နေသော အဘွားအိုတစ်ဦးသည် ဆွမ်းဖြူဖြူလေးများကိုအငွေ့တလူလူထနေအောင်တုန်တုန်ရီရီဖြင့် ခူးခပ်လာပြီး ရိုကျိုးစွာ လောင်းလှူကာ ကြမ်းခင်း၌ ပျစ်ဝပ်ကျိုးနွံစွာ ဦးအကြိမ်ကြိမ်ချ၍ ပါးစပ်ကလည်းတလှုပ်လှုပ်တတွတ်တွတ်ရွတ်ဆိုခြင်းဖြင့် ကြုံတွေ့ရသည့်အခါ အနေကျပ်သည်အထိ ခံစားရလေသည်။ အခြားအိမ်တစ်အိမ်၌လည်း ခင်ပွန်းသည် မရှိ၍လားမသိ အမျိုးသမီးငယ်တစ်ဦးသည် လေး၊ငါး နှစ်အရွယ် သားယောကျ်ားလေးတစ်ဦးအား ထိန်းကျောင်းရင်းလသားအရွယ်ကလေးငယ် တစ်ဦးအား ပုခက်လွှဲရင်း နေ့စဉ်လိုလိုပင် ဆွမ်းဝတ်မပျက်ရလေအောင် လောင်းလှူသော ဒကာမမျိုးကိုလည်း ကြုံတွေ့ရပါ၏။ အထူးသဖြင့် သင်္ကြန်ရက်တွင်းဖြစ်၍ ထိုဝန်ထမ်းအိမ်တန်းလေးများကြား အမြဲလိုလို ရှုံ့ဗွက်တို့ဖြင့် ညစ်ထေးဗွက် ထနေသော ရပ်ကွက်လမ်းလေးတွေထဲရှိအိမ်စုစုလေးများမှ ဒကာ၊ ဒကာမများ ထွက်လောင်းသည့် မြန်မာမုန့်များ၊ ပြီးတော့ တစ်ရာတန် နှစ်ရာတန် ငွေစက္ကူများက ကြည်နူးမှုနှင့်အတူ ကြေကွဲမှုကိုပါ တစ်ပါတည်း ဆောင်ကြဉ်းလာကြသည်။ ဆင်းပင်ဆင်းရဲသော်ငြားမိမိတတ်နိုင်သလောက် လောင်းလှူသော ထိုငွေစက္ကူတစ်ရာတန်၊ နှစ်ရာတန်လေးများသည် သပိတ်ထက်ဝယ်တင်ထားသော ဆွမ်းခွက်များအောက် ကပ်ဖိပါလာမြဲဖြစ်ပါ၏။ ငွေစက္ကူကိုင်တွယ်သဖြင့် အာပတ်သင့်မည်သိသော်လည်း ဘာ မျှမတတ်နိုင်ပါ။ ဆွမ်းခံကြွပြီး ကျောင်းတိုက်သို့ ပြန်ရောက်သောအခါ လောင်းလှူလိုက်သည့် ဆွမ်းနှင့်ဆွမ်းဟင်းများကို ဆွမ်းစားဆောင်ရှိ ဒန်အိုးကြီးထဲ ကူးပြောင်းထည့်ပြီး သီတင်းသုံးရာနေရာ ရောက်တော့ ထိုတစ်ရာတန် နှစ်ရာတန်လေးများအား ဖျာအောက် ထိုးသွင်းထည့်ထားခဲ့ပါ၏။

(၂)

ဆွမ်းခံခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင်က . . .

ဝတ္ထ တေ ဥဿာဟော ကရဏီယော "အသင်ရဟန်းသစ်သည် ထိုဆွမ်းခံ၍စားခြင်း၌ အားတက်သရောရှိမှုကို ပြုရမည်"ဟု မိန့်တော်မူခဲ့ပါ၏။ အကြင်သူတစ်ဦးသည် လူ့လောက လူ့ဘဝ၌ မည်မျှပင် ဥစ္စာစည်းစိမ်ရှိခဲ့ပါစေ၊ ရာထူးဂုဏ်ရှိန်ကြီးခဲ့ပါစေ၊ ပညာအရာရင့်သန်ခဲ့ပါစေ ရဟန်းသံဃာအဖြစ် ခံယူပြီးပါက နေ့စဉ်ရပ်ထဲရွာထဲ လှည့်လည်ဆွမ်းခံပြီး ဘုန်းပေးသုံးဆောင်မှသာ ဘုရားရှင်ပညတ်ထားခဲ့သော ဝိနည်းသိက္ခာပုဒ်တို့နှင့်ကိုက်ညီပါမည်။ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ပင်လျှင် နန်းစည်းစိမ်ကို စွန့်ပစ်၍ တောထွက်ခဲ့သည့်အချိန်ကစကာ နေ့စဉ် ဆွမ်းခံ စားလေ့ရှိခဲ့သည်။ ထို့ကြောင့် ဘုရားရှင်က ရဟန်းသံဃာများအား ဆွမ်းခံ၍ စားရန်သာ ဩဝါဒပေးခဲ့သည်။ ထိုသို့ ရပ်ထဲရွာထဲလှည့်လည်၍ ရလာသောဆွမ်းကိုလည်း ဘုရားရှင်က **ပိဏ္ဍိယာ လောပ ဘောဇန** ဟု သတ်မှတ်ခဲ့သည်။ အဓိပ္ပာယ်မှာ ခြေသလုံးကြွက်သား၏အစွမ်းဖြင့် လှည့်လည်၍ အိမ်တိုင်းအိမ်တိုင်းမှ တစ်လုပ်စာ တစ်လုပ်စာ ရလာသောစားဖွယ် ဟူ၍ဖြစ်သည်။ တစ်အိမ်လျှင် တစ်လုပ်စာမျှရလာသော ဆွမ်းသည် မည်သည့်ဆွမ်းဒကာ ဒါယိကာမတို့မျှတာဝန်မလေးသည့်အပြင် ကိုယ်တိုင်လည်း အညောင်းပြေအညာပြေ လမ်းလျှောက်ပြီးသားဖြစ်၍ လည်းကောင်း၊ ဆွမ်းလောင်းလှူသူတို့က တစ်လုပ်စာမျှ လောင်းလိုက်ရသည့်အတွက် ကျေးဇူးတင်ခြင်းကို ပြန်လည်မမျှော်လင့်ခြင်းကြောင့် သဒ္ဓါတရားသန့်ရှင်းမှုရှိ၍လည်းကောင်း၊ ဆွမ်းခံသူသံဃာသည် ဆွမ်းရပ်ရာ အိမ်တိုင်းအိမ်တိုင်း၌ မေတ္တာပို့၍ ဆွမ်းခံခြင်းဖြင့် လည်းကောင်း ဆွမ်းခံစားခြင်းကိုဗုဒ္ဓဘုရားရှင်က နှစ်သက်တော်မူ ၍ ယင်းသို့ ပညတ်ခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် ဘုရားရှင်က အမြဲတစေ ဆွမ်းမခံသင့်သော နေရာဌာနများကိုလည်း သတ်မှတ်ပေးခဲ့ပါသည်။ အပျိုကြီးတစ်ဦးတည်းရှိသောအိမ်၊ တစ်ခုလပ်မိန်းမရှိသောအိမ်၊ မိန်းမလျာရှိသောအိမ်၊ အရက်သေစာရောင်းချသောအိမ်နှင့်ပြည့်တန်ဆာအိမ်တို့သည် တစ်ခါတစ်ရံ ဆွမ်းခံသင့်သော်လည်း အမြဲတစေ ဆွမ်းခံသင့်သောနေရာဌာနများမဟုတ်ဟု ပညတ်တော်မူခဲ့ပါသေးသည်။ ထိုနည်းတူ ရပ်ထဲရွာထဲ ဆွမ်းခံခြင်းနှင့် ဆွမ်းဘုန်းပေးရာ၌ လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းချက်ပေါင်းများစွာကိုလည်းဝိနည်းတော်၌ ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။

လောင်းလှူလိုက်သောဆွမ်းနှင့်ပတ်သက်၍လည်း ရှင်းလင်းစရာရှိပါသေးသည်။ ဗုဒ္ဓဘာသာဝင်တိုင်း ဆွမ်းလှူသူတိုင်းလိုလို ဆွမ်းအကျိုးငါးပါးဆိုသည်ကို ကြားသိဖူးပါလိမ့်မည်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတည်းဟူသော ဆွမ်းအကျိုးငါးပါးကို ဦးစွာရရှိသူမှာ အဘယ်သူနည်း။ လူအတော်များများသည် မိမိတို့ လောင်းလှူလိုက်သောဆွမ်းကြောင့် ထိုဆွမ်းအကျိုးငါးပါးကို မိမိတို့ ရရှိကြသည်ဟု ထင်မှတ်ကြပါသည်။ မဟုတ်ပါ။ ထိုဆွမ်းအကျိုးငါးပါးကို ကနဦး ရရှိသည်မှာ ဆွမ်းလောင်းလှူသူမဟုတ်ဘဲ ဆွမ်းကို လက်ခံရရှိသည့် ရဟန်းသံဃာသာလျှင်ဖြစ်သည်။လောင်းလှူ၍ရရှိသော ဆွမ်းကြောင့် လက်ငင်းအကျိုးခံစားရသည်မှာ ရဟန်းသံဃာများသာဖြစ်ပါ၏။ ထိုဆွမ်းကြောင့် ရဟန်း၌ အာဟာရဖြစ်စေရမည်။ အာဟာရဖြစ်ခြင်းကြောင့် ကြည်လင်လန်းဆန်းမှုရရှိပြီး အဆင်းလှခြင်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှညီခြင်းကြောင့်(သုခ)ချမ်းသာခြင်း၊ ထိုသို့ချမ်းသာခြင်းရှိမှုကြောင့် ဗလနှစ်တန်ရရှိခြင်း၊ ဗလနှစ်တန်ရရှိခြင်းကြောင့် ဗုဒ္ဓမြတ်စွာ၏ သာသနာကို ဖြည့်ကျင့်တော်မူနိုင်၍ ဉာဏ်ပညာကြီးခြင်းတို့ကို ရဟန်းသံဃာ၌ ဒိဋ္ဌကြုံတွေ့ရလေသည်။ ထိုကဲ့သို့ ရဟန်းသံဃာ၌ ဆွမ်းအကျိုးငါးပါးခံစားစေရပြီးမှ လောင်းလှူသူ၌ ဤကဲ့သို့ စေတနာထားခြင်းကြောင့် တူသောအကျိုးပေးမှု တန်ပြန်ရရှိခြင်းသာဖြစ်ပါ၏။ ထိုသို့သိမ်မွေ့နက်နဲမှုသည် ဆွမ်းလောင်းသူနှင့် ခံယူသူ သံဃာကြား အလွန်ပါးလွှာသော ကြိုးမျှင်လေးတစ်မျှင်အဖြစ်သာတည်ရှိနေ၍ အလေးအနက်ထားအပ်သော အနေအထားတစ်ရပ်လည်းဖြစ်ပါ၏။ ထို့ကြောင့် ဆွမ်းလောင်းလှူသူသည်ဆွမ်းလောင်းလှူစဉ် ခံယူသူ သံဃာအပေါ် ထိုဆွမ်းအကျိုးငါးပါးသက်ရောက်မှုရှိနေစေရေးမှာ လွန်စွာအရေးကြီးပါ၏။

(၃)

သင်္ကြန်တွင်း စမ်းချောင်း ဗားကရာဥယျာဉ်တိုက်တွင်းရှိ ကျောင်းတိုက်တစ်ခု၌ ဒုလ္လဘရဟန်းဘဝခံယူစဉ် နေ့စဉ်ပင် ကြည့်မြင်တိုင် ဝန်ထမ်းအိမ်ရာလေးများဆီ ဆွမ်းခံထွက်ခဲ့ရပေသည်။ တစ်ပတ် ခုနစ်ရက်တာ ကာလလေးအတွင်းမှာပင် နေ့စဉ်ရာသီပူပြင်းမှုအောက် ချွေးပြိုက်ပြိုက်ကျအောင်၊ ရုံထားသည့်သင်္ကန်း မပြေလျော့အောင်၊ ပိုက်ထားသည့်သပိတ် လွတ်မကျအောင်၊ ခဲစူးမည့်အရေး ရှောင်မပြေးသာအောင် လျှောက်လှမ်းခဲ့ရသော် တစ်နှစ်တာပတ်လုံး၊ တစ်ဘဝတာပတ်လုံး ဆွမ်းခံထွက်ရသော သံဃာတော်များ၏ဘဝအပေါ် ကိုယ်ချင်းစာမိလေသည်။ ထို့အတူ တစ်နှစ်တာပတ်လုံး အမြဲလိုလို ဆွမ်းဝတ်မပျက်ရလေအောင် ဖြည့်ဆည်းကြရှာသော ဆင်းရဲနွမ်းပါးသည့်မိသားစုများ၏ သဒ္ဓါတရားကိုလည်း ကြည်နူးကြေကွဲရပါ၏။ ကိစ္စများမြောင်လှသော စားဝတ်နေရေးတွေကြားထဲ ဆွမ်းခံချိန် ဆွမ်းအဆင်သင့်ရှိလေအောင် အမြဲလိုလို ဖန်တီးကြိုးစားကြရှာသော နွမ်းပါးသည့်မိသားစုဝင်များ၏ ကြည်ညိုသဒ္ဓါပွားမှုသည် မိမိအား ဝမ်းနည်းဝမ်းသာဖြစ်ရပါ၏။ ထို့ပြင် ဆွမ်းနှင့် အတူ လောင်းလှူလိုက်သော တစ်ရာတန် နှစ်ရာတန် ငွေစက္ကူ အနွမ်းလေးများကိုလည်း မိမိဘဝတွင် ဘယ်သောအခါမှ မေ့လိမ့်မည်မဟုတ်၊ အထူးသဖြင့် စိန်ရွှေရတနာအရောင် ပြိုးပြိုးပြက်ပြက် လင်းလက်နေသော အလှူကြီးအတန်းကြီးများ၊ စားကောင်းသောက်ဖွယ် ဖွယ်ဖွယ်ရာရာဖြင့် တည်ခင်းထားသော ထမင်းစားပွဲဝိုင်းကြီးများနှင့် ကြုံရလေတိုင်း ထိုဝန်ထမ်းရပ်ကွက်လေးမှ လောင်းလှူလိုက်သော ဆွမ်းဖြူဖြူလေးများကိုသာ မကြာမကြာ သတိရနေမိမည်မှာလည်း မလွဲပါပေ။ ။

7 DAY NEWS JOURNAL

Vol.11, No.7 • APRIL 26 , 2012

## မျက်နှာဖုံး-ကချင်စစ်ဘေးဒုက္ခသည်စခန်းများတွင် ပညာရေးအထောက်အပံ့များ အရေးပေါ်လိုအပ် မှ

“မကြာခင်ကျောင်းတွေဖွင့်တော့မယ်။ ကျောင်းအပ်ဖို့ပိုက်ဆံမတတ်နိုင်ကြလို့သူတို့တော်တော်စိတ်ပူနေကြပြီ”ဟု ကချင်စစ်ဘေးဒုက္ခသည်များကိုအကူအညီပေးနေသည့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်က တာဝန်ရှိသူတစ်ဦး ကပြောသည်။

မြစ်ကြီးနား၊ဝိုင်းမော်မြို့များတွင်ရှိသော စခန်းများမှ ကျောင်းသားများမှာ စခန်းနှင့်နီးသော အခြေခံပညာမူလတန်း၊အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် တက်ရောက်နိုင်သော်လည်း မြို့နှင့်မနီးသောနေရာများတွင် ရှိသောစခန်းများတွင်မူ ပညာရေးအဆက်မပြတ်အောင် စေတနာ့ဝန်ထမ်းများက သင်ကြားပေးခြင်းများသာရှိကြောင်း ကချင်စစ်ဘေးဒုက္ခသည်စခန်းများထံမှသိရသည်။

“ကျောင်းဖွင့်ပြီဆိုတာနဲ့ ဘာကြေးညာကြေးတွေ ပေးရတော့ မိဘတွေကိုယ်တိုင်က စစ်ပြေးနေရတော့ ပိုက်ဆံမရှိဘူးလေ။ မပေးနိုင်တော့တချို့ကျောင်းသားတွေဆို ဆက်မတက်နိုင်လို့ ကျောင်းထွက်တာတွေရှိတယ်”ဟု ကချင်စစ်ဘေးဒုက္ခသည်များကိုကူညီနေသူတစ်ဦးကပြောသည်။

ကချင်ပြည်နယ်အတွင်းဖြစ်ပွားနေသော လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများထဲတွင် ဒုက္ခသည်စခန်းများ၌နေထိုင်နေရသူများတွင် အမျိုးသမီးနှင့် ကလေးငယ်များမှာ အများစုဖြစ်ပြီး ထိုအထဲတွင်ကျောင်းနေအရွယ် ကလေးငယ်များစွာပါဝင်ကာ တစ်နှစ်နီးပါးကြာမြင့်ပြီဖြစ်သောကြောင့် ပညာရေးတွင် နှောင့်နှေးမှုများရှိကြောင်း အကူအညီပေးနေသော အဖွဲ့အစည်းများက ပြောကြားသည်။

“ဘယ်လိုဖြစ်နေလဲဆိုတော့ ကချင်ကလေးတွေက မြန်မာလိုသင်တဲ့ကျောင်းတွေမှာ စာသိပ်မလိုက်နိုင်ဘူး”ဟု ဒုက္ခသည်ခြောက်ရာကျော်ကို စောင့်ရှောက်ထားသောဂျန်မိုင်ကောင်း(မြစ်ကြီးနား)စခန်းမှ ဦးအောင်မြတ်က ပြောကြားသည်။

နွေရာသီကျောင်းပိတ်ကာလတွင် စစ်ဘေးဒုက္ခသည်စခန်းများတွင်သက်ဆိုင်ရာဘာသာရေးအဖွဲ့များ၊ ဘုရားကျောင်းများတွင် စာသင်ကြားပို့ချခြင်းများရှိသော်လည်း ဇွန်လဆန်းတွင် ဖွင့်လှစ်တော့မည့် ကျောင်းများတွင် အပ်နှံကာပညာဆက်လက်သင်ယူနိုင်ရေးအတွက်မူ စခန်းအများစုတွင်အခက်တွေ့နေဆဲဖြစ်ကြောင်း အကူအညီပေးနေသူများကပြောကြားသည်။

ကချင်ပြည်နယ်အတွင်းတွင် ၂၀၁၁ခုနှစ် ဇွန်လ ၉ ရက်ကတည်းက မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်(ကေအိုင်အေ)တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ ယခုအချိန်အထိ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားနေသဖြင့် ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးမှာ လတ်တလော မဖြစ်နိုင်သေးဘဲ ရှိသည်။

## စာ-၅၊ ဧပြီ ၁ရက်မှစတင်၍ လမ်း၊ တံတားကြေးများ ယခင်ထက် သုံးဆသက်သာလာ မှ

ကုန်နည်းပြီး ကားပေါ်ရင်တော့ ကုန်ပို့ခကျတယ်”ဟု ၎င်းကဆက်ပြောသည်။

၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် လမ်းအသုံးပြုခများကို တရားဝင် သတ်မှတ်နှုန်းထားအတိုင်းသာကောက်ရန်နှင့်ကုန်တင်ယာဉ်ပိုင်ရှင်များကလည်း သတ်မှတ်ထားသော ကုန်တန်ချိန်အတိုင်းသာ တင်ဆောင်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက မေတ္တာရပ်ခံထားသည်။

လမ်းအသုံးပြုခ ကောက်ခံရာတွင် လေလံနှင့် BOT လမ်းဂိတ်များကောက်ခံရမည့်နှုန်းထားအတိုင်း တိကျစွာ ကောက်ခံနိုင်ရေးအတွက် ခရီးအကွာအဝေးအလိုက် ကျသင့်နှုန်းထား တွက်ချက်မှုဇယားကိုအများပြည်သူနှင့်ယာဉ်မောင်းများ၊ယာဉ်ပိုင်ရှင်များသိရှိနိုင်စေရန်လည်း ယနေ့ထုတ်သတင်းစာများတွင် ထုတ်ပြန်ထားသည်။

ထို့ပြင်ယခုနှစ်အသစ်သတ်မှတ်လိုက်သော လမ်း၊ တံတားအသုံးပြုခကောက်ခံခြင်း စနစ်သစ်နှင့်ပတ်သက်၍ မရှင်းလင်းပါက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လာရောက်ဆက်သွယ်မေးမြန်းခြင်း(သို့မဟုတ်) လာရောက်ရှင်းလင်းပေးရန် ဖိတ်ခေါ်ခြင်းများပြုလုပ်နိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရသည်။

## စာ-၁၁၊ ပူလောင်တဲ့ ကကွက်တွေနဲ့ ရန်ကုန်သင်္ကြန် မှ

သင်္ကြန်အပြီး နောက်တစ်ရက်တွင် ငါးရက်တာပတ်လုံး ဖြစ်ပေါ်ခဲ့သည့် ထူးခြားမြင်ကွင်းများကို လက်စွမ်းပြရိုက်ယူထားသည့်ဓာတ်ပုံများက သင်္ကြန်ကာလကျော်လွန်သည့်တိုင် အင်တာနက်ပေါ်၌နေရာအများစုရနေသည်။

ထူးခြားသည်က ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးတိုင်းတွင် ကျင်းပပြုလုပ်သည့် ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကာလအတွင်း ယင်းပုံရိပ်များက ပိုမိုပွဲဆူစေခဲ့သည်။ မဏ္ဍပ်ပေါ် အဝတ်အစားလျှော့ပေးနေပုံများ၊ ချစ်တင်းနှောနေပုံများ၊ ဘီယာကိုယ်စီနှင့်အမျိုး သမီးများ၊ နာမည်ကြီးမင်းသမီးတစ်ဦးနှင့် မော်ဒယ်တစ်ဦး၏ ဘရာစီယာနှင့် ရင်သားလှစ်ပြပုံရိပ်များပေါ်တွင် အင်တာနက်အသုံးပြုသူများ၏ ဝေဖန်ကဲ့ရဲ့သံများက ညံစီသွားခဲ့သည်။

ထိုသို့ ပျော်မြူးလွတ်လပ်လာခြင်းသည် ယဉ်ကျေးမှုနှင့် ရိုးရာကို ယုတ်လျော့ခြင်းဟုတ်၊ မဟုတ် ငြင်းခုန်ခြင်းများကလည်း လူမှုကွန်ရက်များတွင်တွေ့ ရသည်။

“သရုပ်ပျက် ဝတ်စားဆင်ယင်တယ်ဆိုတာ သင်္ကြန်မို့လို့ ထူးပြီးဝတ်တာမဟုတ်ပါဘူး။ ဝတ်နေကြတာပဲလေ။ သင်္ကြန်မှာ အများစုဝတ်လာကြတာ များလာလို့ သရုပ်ပျက်ဆိုတဲ့ပုံစံမျိုး လူတိုင်းဝတ်နေသယောင်ကိုဖြစ်လာတာပါ။ သင်္ကြန်မှာ လုံလုံခြုံခြုံ ဝတ်ထားတဲ့လူတွေလည်း အများကြီးပါပဲ”ဟု လူငယ်တစ်ဦးက မှတ်ချက်ပေးသည်။

အခြားသောလူငယ်တစ်ဦးက “ကျွန်တော့်အမြင်ကတော့ မိန်းကလေးတွေ ဝတ်ခွင့်ရှိတယ်။ ကခုန်ခွင့်ရှိတယ်။ ဒါက သူတို့လွတ်လပ်ခွင့်လေ။ နေရာမှားပြီးတော့ဝတ်ဆင်တယ်၊ ကခုန်တယ်လို့ပဲမြင်တယ်။ ရှိုးပွဲတွေမှာဆိုရင် ဒီ့ထက်ပိုဆိုးတာတောင်ရှိသေးတာပဲ။ ရှိုးပွဲဆိုတာက သတင်းသမားတိုင်း မရောက်နိုင်ဘူး။ ဒါကြောင့် ကင်မရာမြင်ကွင်းတွေမှာ မပါလို့ လူတွေ မသိနိုင်၊ မမြင်နိုင်ကြတာပါ။ သင်္ကြန်မှာက သတင်းသမားတွေများကုန်လို့ လူတွေ အာရုံစိုက်မိကြတာပါ”ဟုဆိုသည်။

အမျိုးသမီးတစ်ဦးကမူ “အရမ်းဆိုးတာတွေကလည်း အရင်ကတည်းက ရှိတာပဲလေ။ အဓိကကြည့်ရတာ လှတာတွေ တွေ့ရတယ်။ အဲဒီ့အပေါ်မှာပြဿနာမဖြစ်ရင်တော့ဝတ်တဲ့သူရောကြည့်တဲ့သူရော အဆင်ပြေတာပေါ့။ နှစ်တိုင်း ဒီအတိုင်းပါပဲ။ အစကတည်းက ခွင့်ပြုထားပြီးတော့မှ အခု ဂျာနယ်တွေခေတ်၊ အွန်လိုင်းခေတ် ဖြစ်တော့မှ ဆိုးတယ်လို့ ထည့်ရေးကြတာလို့ပဲထင်တယ်”ဟု သူ၏အမြင်ကိုပြောသည်။

အများစု၏ အဆိုအရ ရုပ်ပျက်ဆင်းပျက် အပျော်လွန်ကြသည့် အမျိုးသမီးများသည် ပုံမှန် မဟုတ်သည့် အသိုင်းအဝိုင်းများနှင့် လူအများ ပျော်ပါးရာ အနှိပ်ခန်း၊ ကေတီဗီအစရှိသည်တို့က အမျိုးသမီးများဖြစ်သည်ဟု ပြောဆိုကြသူများလည်းရှိသည်။ အချို့ မဏ္ဍပ်များတွင်မူ အဖော်လိုသူအမျိုးသားများက တွဲဖက်ပျော်မြူးရန်အတွက် ယင်းသို့သော အမျိုးသမီးများကို ခေါ်ယူထားကြသည်ဟုဆိုကြသည်။

သာမန် အရပ်သူများကိုယ်တိုင် ခေတ်အခြေအနေအရပြောင်းလဲလာသည့်ရေစီးကြောင်း ပေါ်တွင် လိုက်ပါပြောင်းလဲရာမှ ယခုကဲ့သို့ ပေါ်ပေါ်ထင်ထင်ဖြစ်လာကြသည်ဟုပြောသူများလည်း ရှိသည်။

ထိုသို့ ဝတ်စားဆင်ယင်မှုများမှာ လေး၊ ငါးနှစ်ရှိပြီဖြစ်သော်လည်း သေချာသည်မှာ ရိုးရာနှစ်ကူးသင်္ကြန်ကာလ မိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပို၍ရဲတင်း၊ ဖော်ရွေလာသည်။ ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး အစိုးရက ယဉ်ကျေးမှုနှင့် မလျော်ညီသောအပြုအမူနှင့် ဝတ်စားဆင်ယင်မှုများကို ရှောင်ရှားရန် ကြေညာချက်အသီးသီးထုတ်သော်လည်း ထိုကြေညာချက်များက တိုးမပေါက်ခဲ့ပေ။ လက်တွေ့တွင် သင်္ကြန်ပွဲတော်မှာ အရက်နှင့် ဘီယာများ ရောင်းကောင်းသော၊ သန္ဓေတားဆေးနှင့် ကွန်ဒုံးများ ရောင်းကောင်းသော၊မိန်းကလေးအချို့ဝတ်ချင်သလိုဝတ်သောကာလ ဖြစ်မှန်းမသိ ဖြစ်လာနေပြီဖြစ်သည်။

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တော်က ကြိုဆိုနေကြောင်း သမ္မတဦးသိန်းစိန် ပြောကြားမှ

“ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲ ဝင်မလာတာ သူ့ရဲ့သဘောဆန္ဒပဲဖြစ်ပါတယ်။ လွှတ်တော်ကြီးကတော့ သူ့ကိုကြိုဆိုနေပါတယ်”ဟု သမ္မတဦးသိန်းစိန်က ဂျပန်စကားပြန်မှတစ်ဆင့် ဖြေကြားခဲ့သည်။

သို့သော် နိုင်ငံတကာ မီဒီယာများတွင် သမ္မတဦးသိန်းစိန် က လွှတ်တော်အမတ်များ၏ ကတိသစ္စာပြုချက်၌ ပါဝင်သောစာသားကို ပြောင်းလဲပြင်ဆင်ရန် အစီအစဉ်မရှိကြောင်း ပြောကြားသည်ဟူ၍ ဖော်ပြကြသည်။ အမှန်တွင် သမ္မတက ထိုသို့မဖြေကြားခဲ့ဘဲ အထက်ပါပြောစကားမှာ အကုန်ဖြစ်ပြီး သတင်းဌာနများက မှားယွင်းဖော်ပြခြင်းသာဖြစ်ကြောင်း ဂျပန်ခရီးစဉ်ကို လိုက်ပါသွားသော သမ္မတရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များမှာ ဧပြီ ၂၃ ရက်တွင်ပြန်လည်စတင်သော တတိယ ပုံမှန်လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ခြင်းမရှိပေ။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆိုရာတွင် ပါဝင်သောစာသားဖြစ်သည့်“အခြေခံဥပဒေကိုထိန်းသိမ်းကာကွယ် စောင့်ရှောက်ပါမည်”ဆိုသည့် စာသားအစား “အခြေခံဥပဒေကို လေးစားလိုက်နာပါမည်”ဟု ပြင်ဆင်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုထားသည်။ ထိုအချက်နှင့်ပတ်သက်၍ အခြေခံဥပဒေခုံရုံးက ဧပြီ ၁၉ ရက်တွင် ဒီချုပ်မှ ကိုယ်စားလှယ်တစ်ဦးကို ခေါ်ယူ၍ အဆိုပါအ ချက်မှာ ပြင်ဆင်ပေးရန် မလိုကြောင်း ပြောကြားခဲ့သည်။

ကျမ်းသစ္စာကျိန်ဆိုသည့် စကားလုံးပြင်ဆင်မပေးသည့်အတွက် ဧပြီ ၂၃ ရက်တွင် စတင်သော တတိယအကြိမ်ပုံမှန်အစည်းအဝေးများသို့ တက်ရောက်ခြင်းမရှိခဲ့ပေ။ ထိုသို့လွှတ်တော်မတက်ခြင်းနှင့်ပတ်သက်၍ နိုင်ငံ ရေးစိတ်ပါဝင်စားသူများနှင့် အွန်လိုင်းစာမျက်နှာများတွင် စိတ်ဝင်တစား ငြင်းခုန်လျက်ရှိသည်။

ဧပြီ ၂၂ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်က သူမအပါအဝင် ဒီချုပ်လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်မတက်ဘူးဟူ၍ ပြောခြင်းမဟုတ်ဘဲ လွှတ်တော်သို့သွားနိုင်မည့်အချိန်ကို စောင့်နေခြင်းဖြစ်ကြောင်း သတင်း ထောက်များ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များမှာ ပါတီရုံးချုပ်တွင် ဧပြီ ၁၈ ရက်မှ ၂၂ရက်အထိ အခြေခံဥပဒေ၊ ဘတ်ဂျက်နှင့်အလုပ်သမား၊လယ်သမားအရေး စသည့်တို့နှင့် ပတ်သက်၍ ရက်တိုသင်တန်းနှင့်ဆွေးနွေးပွဲတစ်ခုကိုကျင်းပခဲ့ပြီး လွှတ်တော်တက်ရောက်ရန် ကြိုတင်ပြင်ဆင်နေကြသည်။

## စာ-၄၊ အိမ်ထောင်ဦးစီးလယ်သမား ၅၀ ရာခိုင်နှုန်းကျော် စာရေး၊ စာဖတ်နိုင်ရုံအဆင့်သာရှိ မှ

“ဒီနှစ်ဆို ငမြှောင်တောင်ကျတာ၊ ပြည်တွင်းက ပိုးသတ်ဆေးနဲ့ မရဘူး။ ထိုင်းက ဆေးတွေဝယ်သုံးမှ အဆင်ပြေတယ်။ ဒီဆေးက ဘယ်လောက်ထိ ပြင်းလဲဆိုရင် ဖျန်းတဲ့လူပါ မူးမေ့ပြီး ပစ်လဲတာ တွေရှိတယ်”ဟု ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းမှ ပဲစိုက်ပျိုးသည့် လယ်သမားတစ်ဦးကဆိုသည်။

ထို့အပြင် လယ်သမားများ အခြေခံပညာရေးအားနည်းမှုကြောင့် ကန်ထရိုက်လယ်ယာစနစ်များကို အကောင်အထည် ဖော်ရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်အတွက် စည်းရုံးရာတွင် အခက်အခဲများရှိကြောင်း ကဥ္စနကျွန်းသာအထူးပြုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ အဆိုပါစစ်တမ်းတွင် ကျန်ရှိနေသော လယ်သမားမိသားစုအိမ်ထောင်ဦးစီးများ၌ ၄၀ရာခိုင်နှုန်းကျော်မှာ မူလတန်းနှင့် အလယ်တန်းအထိ ပညာသင်ကြားခဲ့ကြောင်းတွေ့ရသည်။ ဘွဲ့ရသည်အထိ ပညာပြီးစီးအောင် သင်ကြားခဲ့သူမှာ ၄ရာခိုင်နှုန်းသာရှိသည်။

စစ်တမ်းကောက်ယူရာတွင် တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာမြို့နယ်များရှိ ကျေးရွာအုပ်စုများ၊ ကျေးရွာများမှ ကန်ထရိုက် လယ်ယာလုပ်ကိုင်သူ တောင်သူ ၁,၂၈၆ ဦးနှင့် ကိုယ်ပိုင်သီးသန့်စိုက်ပျိုးလုပ်ကိုင်သူ တောင်သူ ၂,၁၈၆ ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။

## မျက်နှာဖုံး -မြန်မာနိုင်ငံ၏ ကြွေးမြီ ၆၀ ရာခိုင်နှုန်းကို ဂျပန်အစိုးရ ပယ်ဖျက်ပေး မှ

ယင်းပြုပြင်ပြောင်းလဲမှုများ တွင် နိုင်ငံရေးအကျဉ်းသား အလုံးအရင်းနှင့်လွှတ်ပေးခြင်း၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်အား မကြာခင်ကပြုလုပ်ခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခြင်းများပါဝင်သည်။

မြန်မာအစိုးရက စာနယ်ဇင်းလွတ်လပ်ခွင့်များလည်း ပိုမိုပေးအပ်ခဲ့သည်။ နယ်ပယ်အများအပြားတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်၊ မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကို အားပေးထောက်ခံရန်နှင့် ဒီမိုကရေစီစနစ်ဆီသို့ကူးပြောင်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကြိုးပမ်းမှုများကို အားပေးထောက်ခံ၍ ယင်းကြိုးပမ်းမှုများ၏တိုးတက်မှုများကို ဆက်လက်စောင့်ကြည့်လေ့လာရင်း ဂျပန်နိုင်ငံက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါက ထုတ်ပြန်ချက်တစ်ရပ်တွင်ဖော်ပြသည်။ ယင်းထုတ်ပြန်ချက်မှာပင် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ တောင်ဘက် ၂၅ ကီလိုမီတာအကွာရှိသီလဝါဆိပ်ကမ်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဖြစ်နိုင်ခြေလေ့လာမှုတစ်ရပ်ကို ယခုနှစ်ကုန်ပိုင်းတွင် အပြီးလုပ်ဆောင်သွားရန်လည်း ဂျပန်က သဘောတူညီထားသည်။

မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်ကလည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် အသိပညာ၊ အတတ်ပညာများ လိုအပ်ပါကြောင်း ဂျပန်စီးပွားရေးခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဇန်နဝါရီ၃၁ရက် အမျိုးသားလွှတ်တော်တွင် မြန်မာနိုင်ငံက ပြည်ပနိုင်ငံများသို့ ပေးဆပ်ရမည့် အကြွေး ဒေါ်လာ ၁၁ဘီလျံကျော်ရှိကြောင်းပြောသည်။ ထိုအထဲတွင် ဂျပန်သို့ ဒေါ်လာ ၆ဘီလျံ(၆၃၈၈ ဒသမ၃၂သန်း)ကျော် ပေးဆပ်ရမည်ဟု ပြောကြားခဲ့သည်။

Health
7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

## ပြည်သူ့ဆေးရုံကြီးများတွင် လက်ထောက်ဆရာဝန် ၁,၈၀၀ ကျော် လစ်လပ်နေဟုဆို

သတင်း-စာ(၁၄)သို့

# အမှတ်တမဲ့မှရနိုင်သောရောဂါများ

ဝတ်ရည်အောင်

**လူတို့၏ ခန္ဓာကိုယ်အတွင်း ရောဂါပိုးများ ဝင်ရောက်မှုနှင့် ထိခိုက်ဒဏ်ရာတို့မှ ကာကွယ်နိုင်ရန်အတွက် အရေပြားက ဖုံးအုပ် ကာကွယ်ပေးထားသည်။ ထိုအရေပြားသည် အချို့သောနေရာများတွင် ပုံမှန်ထက် ပါးလွှာပြီး ထိုနေရာများတွင် အမှတ်တမဲ့ဖြင့် ပြုလုပ်သော အကျင့်ပါနေသည့်လုပ်ရပ် များကြောင့် အရေပြားပေါက်ပြကာ ရောဂါပိုးများ ထိတွေ့ခံစားရသည်များလည်းရှိသည်။**

လူအချို့မှာ နှာခေါင်းအတွင်းကို အမြဲလိုလို လက်ဖြင့်နှိုက်နေခြင်း၊ နားအတွင်းသို့ အရာတစ်ခုခုဖြင့် အမြဲထည့်သွင်းလှည့်နေခြင်းများသည် အချိန်ကြာမြင့်လာသည့်အခါ နှာခေါင်းအတွင်းရှိ သွေးကြောများ ပေါက်ပြဲသွားစေခြင်း၊ နားအတွင်း ဒဏ်ရာရပြီး ပြည်တည်ခြင်း စသည့်နောက်ဆက်တွဲအန္တရာယ်ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။

နားအတွင်း အရေပြား၊ နှာခေါင်းအတွင်းပိုင်း၊ ပါးစပ်အတွင်းသာမက မျိုးပွားအင်္ဂါများရှိ အရေပြားသည် အခြားသောနေရာများရှိ အရေပြားများထက် ပိုမိုပါးလွှာနုနယ်သည့်အတွက် ပေါက်ပြဲလွယ်ပြီး ရောဂါကူးစက်နိုင်မှု အခြေအနေနီးစပ်ပါသည်။

နားအတွင်း ကြက်တောင်မွေးဖြင့်လည်းကောင်း၊ နားဖာကလော် အသုံးပြု၍လည်းကောင်း နားကလော်လေ့ရှိကြပြီး ထိုကဲ့သို့ နားကလော်ကြသည့်အခါ နားထဲတွင်ရှိသည့် အမြှေးပါးများ ပေါက်ထွက်သွားနိုင်ကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာထွန်းသိန်းက ပြောသည်။

ထိုပေါက်ထွက်သွားသည့် အမြှေးပါးမှတစ်ဆင့် ရောဂါပိုးများ ဝင်ရောက်ပြီး ပြည်တည်ရာမှ နားပြည်ယိုခြင်းအဆင့်အထိဖြစ်ပွားစေခြင်းဖြစ်သည်။ နားပြည်ယိုသည့်အခါ နားကိုက်ခြင်း၊ နားထဲမှ ပြည်ရည်များ ကျဆင်းလာခြင်း၊ ဖျားခြင်း၊ ခေါင်းကိုက်ခြင်းဝေဒနာများ ခံစားရနိုင်ကြောင်း ဒေါက်တာထွန်းသိန်းကပြောသည်။

"အဲလိုဖြစ်လာတဲ့အခါ ကုသမှုမရှိရင် ပြည်စားပြီး နားစည်ပေါက်သွားရာကနေ နားမကြားတော့တဲ့ အထိဖြစ်တယ်။ ဒီထက် ပိုအခြေအနေ ဆိုးလာတဲ့အခါ ပိုးက ဦးနှောက်ထဲအထိ ရောက်သွားပြီး အသက်သေဆုံးနိုင်တယ်။ အမှတ်တမဲ့ပြုတဲ့ အပြုအမူကနေ နာမကျန်းဖြစ်ပြီး ဆိုးရွားလာရင် အသက်သေတဲ့အထိဖြစ်နိုင်တယ်"ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

ထိုကဲ့သို့ အကြိမ်ရေများစွာ နားကလော်ကြသူများတွင် ဖြစ်ပွားကြသကဲ့သို့ မြစ်များ၊ ချောင်းများ၌ ရေကူးလေ့ရှိသူများ၊ သင်္ကြန်တွင်း ရေကစားရင်း နားအတွင်းသို့ပြင်းထန်သည့်ရေအားဖြင့် အထိုးခံရသူများတွင်လည်း နားပြည်ယိုခြင်း ဖြစ်ပွားလေ့ရှိကြောင်းသိရသည်။

"ကျွန်မက နားကလော်တာကို အကျင့်တစ်ခုလို အမြဲဖြစ်နေတာ။ တစ်ခါတလေဆို နားက အထိတောင် မခံနိုင်ဘူးနာတယ်။ အဲအချိန်ဆို နားထဲကို အုန်းဆီလေးထည့်တာမျိုးတွေလုပ်ရတယ်"ဟု အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးကပြောသည်။

စာ(၁၄)သို့



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုများ၍ အပူရှိန်ကိုသတိပြုရန်လို

ဝတ်ရည်အောင်၊ အောင်သူရ

ရန်ကုန်၊ မေ - ၂၁

နေ့အပူချိန်များ သိသိသာသာမြင့်တက်ပြီး နေရောင်ခြည်ထဲတွင် ခရမ်းလွန်ရောင်ခြည်များ ပါဝင်နှုန်းများပြားနေသည့်အတွက် နေပူထဲ အကာအကွယ်မဲ့ သွားလာခြင်းနှင့် နေရောင်ခြည်ထဲ ကြာရှည်စွာ နေထိုင်ခြင်းမှ ရှောင်ရှားရန် မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က အကြံပြုပြောကြားသည်။

သင်္ကြန်ကာလအတွင်းမိုးရွာသွန်းမှု လျော့နည်းခဲ့သည့်အတွက် ကောင်းကင်တွင် အကာအကွယ်မဲ့ပြီး နေ့အပူချိန်များ မြင့်တက်လာကာ အပူရှိန်ဒဏ် ခံစားလာရခြင်းဖြစ်သည်။ သင်္ကြန်တွင်းက နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည် ပါဝင်နှုန်း ၃-၄အထိ ရှိနေရာမှ ယခုလ ၁၉ ရက်မှ နှစ်ဆခွဲခန့်အထိ မြင့်တက်လာခြင်း ဖြစ်သည်။

အပူချိန် ၄၀ စင်တီဂရိတ်ခန့်တွင် ခရမ်းလွန်ရောင်ခြည်(UV Index)ပါဝင်နှုန်း ၈ ခန့်ရှိပြီး လက်ရှိအချိန်တွင် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသအချို့မှလွဲ၍ ခရမ်းလွန်ရောင်ခြည်မှာ ၈-၁၀ အဆင့်အထိ ရှိနေခြင်းဖြစ်သည်။ အများဆုံးတန်ဖိုးမှာ ၁၁နှင့်အထက်ဖြစ်သည်။

အပူချိန်မြင့်မားခြင်းကြောင့် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် သွေးတိုးကဲ့သို့ ရောဂါအခံရှိသူများ ဂရုစိုက်နေထိုင်သင့်ပြီး မဖြစ်မနေ နေပူထဲသွားလာရသည့်အခါများတွင် အပူဒဏ်အား ခံနိုင်ရည်ရှိစေရန် ထီး၊ ဦးထုပ်များ ဆောင်းသင့်ကြောင်း ကျန်းမာရေးဆိုင်ရာ ပညာရှင်များက အကြံပြုပြောကြားသည်။

အနက်ရောင်နှင့် အရောင်တောက်တောက် အဝတ်အစားများသည် အပူစုပ်ယူနိုင်သည့်အတွက် ရှောင်ကြဉ်သင့်ပြီး ချည်ထည်ပွပွ အရောင်ဖျော့ဖျော့အဝတ်အစားများက အပူဒဏ်ပြင်းသည့် အချိန်တွင် သင့်လျော်ကြောင်းသိရသည်။ အပူဒဏ်ပြင်းထန်သည့်အခါ အပူဒဏ်ကြောင့် သတိလစ်ခြင်း၊ မူးဝေခြင်း၊ ဖျားနာခြင်းများအပြင် ပြင်းထန်ပါက အသက်အန္တရာယ်အထိ ဖြစ်ပွားနိုင်သည့်အတွက် ဂရုပြု၍ နေထိုင်သင့်ကြောင်း ဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။

ခရမ်းလွန်ရောင်ခြည်မှာ အရေပြားအပေါ် ကြာမြင့်စွာသက်ရောက်ပါက ချက်ချင်း အရေပြားလောင်ခြင်းမျိုး ခံစားရသည့်အပြင် ရေရှည်တွင် အရေပြားကင်ဆာဖြစ်စေသည်အထိ အန္တရာယ်များပြားသည့် ရောင်ခြည်လည်း ဖြစ်သည်။

နေ့အပူချိန်မှာ ထူးကဲစွာ မြင့်တက်လာသည့်အတွက် ရန်ကုန်၊ မန္တလေးအဝေးပြေးလမ်းပိုင်းအား အသုံးပြု၍ နေ့စဉ် သွားလာနေသည့် ကုန်တင်ယာဉ်နှင့်ခရီးသည်တင်ယာဉ်များသည် ညပိုင်းအချိန်တွင်သာ ပြေးဆွဲလျက်ရှိကြောင်း မေ ၂၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ နေ့အပူချိန်ကြောင့် ကုန်တင်ယာဉ်များ အင်ဂျင်အပူလွန်ကဲခြင်း၊ ကားတာယာများ မကြာခဏပွင့်ထွက်ခြင်းတို့ဖြစ်ပွားလေ့ရှိပြီး ညပိုင်းတွင်သာ အဓိကထား မောင်းနှင်ရကြောင်း ကုန်တင်ယာဉ်မောင်းတစ်ဦးကပြောသည်။

ရန်ကုန်မြို့တော်တွင် လာမည့် စနေ၊ တနင်္ဂနွေ(မေ ၂၂၊ ၂၃ ရက်)နေ့တို့၌ ထစ်ချုန်းမိုးများ ရွာနိုင်သည်ဟု ခန့်မှန်းထားပြီး ရွာခဲ့လျှင် အပူဒဏ်လျော့နည်းသွားနိုင်မည်ဟုထုတ်ပြန်ထားသည်။ ထို့အပြင် အနောက်မြောက်ဘက်မှရွေ့လျားလာသောတိမ်တိုက်များ မြန်မာနိုင်ငံသို့ ရောက်ရှိလာပါက ကချင်ပြည်နယ်၊ စစ်ကိုင်းနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးရွာခြင်း၊ လေပြင်းတိုက်ခြင်းများ ကြုံတွေ့နိုင်ကြောင်း ဦးထွန်းလွင်က ခန့်မှန်းထားသည်။

လက်ရှိအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် မြင့်မားနေပြီး ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မုံရွာနှင့် မြင်းခြံမြို့များတွင် ၄၅ ဒီဂရီစင်တီဂရိတ်ရှိနေကြောင်း မေ ၂၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။



7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# တစ်နှစ်ကျော်ကြာဖွင့်ခွင့် စောင့်ခဲ့ရသည့် မျက်စိခွဲစိတ်ခန်း ဇွန်လအတွင်း ဖွင့်လှစ်နိုင်ဖွယ်ရှိ

**အေးသူစံ**

**ရန်ကုန်၊ မေ ၂၁**

နာရေးကူညီမှုအသင်းမှဖွင့်လှစ်ထားသော သုခကုသိုလ်ဖြစ်ဆေးခန်းတွင် တစ်နှစ်ကျော်ကြာစောင့်ဆိုင်းနေရသော မျက်စိခွဲစိတ်ကုသခန်းကို ယခုနှစ် ဇွန်လဆန်းတွင် ဖွင့်လှစ်ရန် နီးစပ်နေပြီဖြစ်ကြောင်း နာရေးကူညီမှုအသင်းဥက္ကဋ္ဌဦးကျော်သူကပြောသည်။

“သကြ်န်မတိုင်ခင်တစ်ပတ်လောက်က တိုင်းကျန်းမာရေး ဦးစီးဌာနက မျက်စိခွဲစိတ်ခန်းကိုလာစစ်ဆေးသွားတယ်။ လိုအပ်တဲ့အခန်းပြင်ဆင်မှုတွေ ထပ်လုပ်ဖို့ညွှန်ကြားသွားတယ်။ သူတို့ညွှန်ကြားတဲ့အတိုင်း ပြင်ဆင်ပြီးတော့ ဒီလကုန်လောက် ပြန်တင်ရမယ်။ ဇွန်လလောက်တော့ဖွင့်ခွင့်ရမယ်လို့ မှန်းထားပါတယ်။ အခု ခွဲစိတ်ခန်းကိုနည်းနည်းချဲ့ပေးရမယ်။ ထုံဆေးတစ်ခန်း၊ ခွဲစိတ်ခန်းတစ်ခန်းထပ်လုပ်ပေးရမယ်”ဟု ၎င်းကပြောသည်။

အဆိုပါမျက်စိခွဲစိတ်ခန်းအတွက် စက်ကိရိယာများ၊ ကျန်းမာရေးပစ္စည်းများမှာ လွန်ခဲ့သည့် တစ်နှစ်ကျော်ကတည်းကပြင်ဆင်ထည့်သွင်းထားပြီးဖြစ်သော်လည်း ဖွင့်လှစ်ရန်ခွင့်ပြုချက်မရရှိသေးသောကြောင့်သုခကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသသည့် မျက်စိဝေဒနာရှင်များကို သက်ဆိုင်ရာ ဆေးရုံများသို့ ပြန်လည်လွှဲပြောင်းကုသပေးနေရကြောင်း သိရသည်။

“ခွဲရမယ့်လူနာဆိုရင်ဒီကနေ ဆေးရုံကိုစရိတ်စိုက်ပြီးပို့ပေးနေရတယ်။ အစိုးရဆေးရုံဆိုတော့ မြန်မြန်ခွဲဖို့လိုအပ်ပေမယ့်လည်း စောင့်ရတာလေးတွေရှိတယ်။ ဒီမှာခွဲစိတ်ခန်းပါတစ်ပါတည်းဖွင့်နိုင်ရင်လူနာတွေအတွက် ပိုအဆင်ပြေသွားနိုင်တယ်။ ခုဆို မျက်စိခွဲတာအပြင်လေဆာနဲ့ကုသတဲ့စက်ကိုလှူမယ့်အလှူရှင်တောင် အဆင်သင့်ရှိတယ်။ ခွဲခန်းဖွင့် ဖြစ်ဖို့ပဲလိုတော့တာ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သုခကုသိုလ်ဖြစ်ဆေးခန်းတွင် မျက်စိခွဲစိတ်ခန်း ဖွင့်လှစ်ခွင့်ရခဲ့ပါက ပြည်တွင်း၌ ဆေးခန်းအဆင့်တွင် ပထမဆုံးခွဲစိတ်ခန်းဖွင့်ခွင့်ရသည့်ဆေးခန်းဖြစ်လာမည်ဖြစ်သည်။

# ပြည်သူ့ဆေးရုံကြီးများတွင် လက်ထောက်ဆရာဝန် ၁,၈၀၀ ကျော် လစ်လပ်နေဟုဆို

## သို့သော် လက်ထောက်ဆရာဝန်သင်တန်း တက်ရောက်ရန် စောင့်ဆိုင်းနေသူ များစွာရှိနေ . . .

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ - ၂၁**

ခုတင် ၂၀၀ နှင့်အထက် ပြည်သူ့ဆေးရုံကြီးများတွင်လက်ထောက်ဆရာဝန် ၁,၈၄၁ ဦး လစ်လပ်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မေ ၄ ရက်တွင်ပြောသည်။

မေ ၂ ရက်က ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဆောက်လုပ်ပြီးစီးသွားသည့်ခြောက်ထပ်ဆေးရုံဖွင့်ပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

သို့သော် လက်ထောက်ဆရာဝန်သင်တန်း တက်ရောက်နိုင်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပြီး ထိုသင်တန်းတက်ရောက်နိုင်ရန် စောင့်ဆိုင်းနေသူ ဆ/မလက်မှတ်ရရှိထားသည့် ဆရာဝန်အများအပြားရှိကြောင်းသတင်းရရှိသည်။

သုံးနှစ်ကျော် သင်တန်းခေါ်ယူခြင်းမရှိရာမှ ၂၀၁၁ ခုနှစ်အတွင်း လက်ထောက်ဆရာဝန်သင်တန်းတက်ရောက်ရန် ၂၀၀၂ခုနှစ်က ဆေးတက္ကသိုလ်ကျောင်းသားများအား ခေါ်ယူခဲ့ရာ လူ ၁၀၀၀ ကျော် ဝင်ရောက်ဖြေဆိုပြီး ၅၀၀ခန့် ရွေးချယ်ခံခဲ့ရကြောင်း ဆေးတက္ကသိုလ်မှ ဘွဲ့ရရှိထားသည့် အမျိုးသမီးငယ်တစ်ဦးကပြောသည်။

“ဒီတစ်ခါခေါ်တာလည်း လူနည်းတယ်။ မကြာခင်တော့ နောက်တစ်သုတ် ခေါ်မယ်လို့ သတင်းကြားနေတယ်။ နောက်တစ်သုတ်ကတော့ ၂၀၀၂ က ကျန်တဲ့သူတွေရယ် ၂၀၀၃ က သူတွေရယ် လျှောက်လို့ရတယ်လို့ကြားတယ်။ နောက်ဆုံး ဘွဲ့ယူထားတဲ့ ကျွန်မတို့ ၂၀၀၅ ခုနှစ်က သူတွေကတော့ ဝေးသေးတာပေါ့”ဟု ၎င်းကပြောသည်။

အထူးကုဆရာဝန်ကြီးဖြစ်ရန်နှင့် အဆင့်မြင့်ဘာသာရပ်များ ဆက်လက်သင်ယူနိုင်ရန် လက်ထောက်ဆရာဝန်သင်တန်းသည် မဖြစ်မနေ တက်ရမည့်သင်တန်းတစ်ခုဖြစ်သည်။လက်ရှိတွင် ၂၀၀၂ က ဘွဲ့ရထားသူများသာ ဝင်ရောက်ဖြေဆိုနိုင်ပြီး နောက်ဆုံးဘွဲ့ရထားသူများမှာ ၂၀၀၅ ဆေးတက္ကသိုလ်ဝင်ရောက်ခွင့်ရထားသူများဖြစ်ကြသည်။

“အဲဒီသင်တန်း မတက်ရင် ဘာမှ ဆက်လုပ်လို့မရဘူး။ ဆ/မရထားတဲ့မြို့ကြီးတွေက သူတွေကတော့ နိုင်ငံခြားထွက်သွားတာများတယ်။ တချို့က ဆေးကုမ္ပဏီတွေမှာ ဝင်လုပ်ကြတယ်။ နယ်ကသူတွေကတော့ ဆေးခန်းလေးဖွင့်ပြီး ဂျီပီအဖြစ်နဲ့ပဲပြီးသွားကြတယ်”ဟု အဆိုပါအမျိုးသမီးက ဆက်လက်ပြောသည်။

“ဘွဲ့နှင်းသဘင်မှာတော့ အဆင့်မြင့်ပညာတွေ ဆက်လက်သင်နိုင်အောင် နောက်ပိုင်းဖြစ်လာအောင် လုပ်ပေးမယ်လို့ပြောပေမယ့် ခုထိတော့ ဘာမှမထူးခြားသေးဘူး”ဟု မကြာသေးမီက ဘွဲ့ယူခဲ့သည့်ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးကပြောသည်။

လက်ရှိတာဝန်ထမ်းဆောင်နေသည့် လက်ထောက်ဆရာဝန်များသည်လည်း ဆေးရုံများတွင် တာဝန်ကျပြီး ၂နှစ်အကြာတွင်တိုက်နယ်ဆေးရုံသို့ ပြောင်းရွှေ့တာဝန်ချထားလေ့ရှိသော်လည်း သုံးနှစ်ကျော်အထိ နောက်ထပ် လက်ထောက် ဆရာဝန် အသစ်များ မခေါ်သည့်အခါ နောက်ဆုံးဝင်ထားသည့်လက်ထောက်ဆရာဝန်များမှာ တိုက်နယ်ဆေးရုံများသို့ မပြောင်းရွှေ့ရဘဲ တာဝန်ထမ်းဆောင်နေရကြောင်းသိရသည်။

“အသစ်လည်း မရောက်လာတော့ လိုအပ်တဲ့ကျေးရွာတွေလည်း မသွားနိုင်ဘူး။ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ လက်ထောက်ဆရာဝန်တွေကလည်း တိုက်နယ်ဆေးရုံရောက်သွားရင် အတွေ့အကြုံရှိနေတော့ တချို့ခွဲစိတ်ကုသမှုတွေ ဦးဆောင်ပြီး ခွဲနိုင်တဲ့ အခွင့်အရေးတွေရတော့ လူတိုင်း နှစ်ပြည့်ရင် ပြောင်းချင်ကြတယ်လေ”ဟု အဆိုပါအမျိုးသမီးကပြောသည်။

လက်ထောက်ဆရာဝန် သင်တန်းအတွက် နေပြည်တော်တွင် သွားရောက်ဖြေဆိုရပြီး မေးမြန်းသည့်ပုံစံအားနားလည်နိုင်ရန် ကြိုတင်သင်တန်းများ တက်ရောက်ရခြင်းကလည်း အခက်အခဲတစ်ခုဖြစ်နေကြောင်း ထိုအမျိုးသမီးကပြောသည်။

“ဆေးပညာနဲ့ ဆိုင်တာတွေမေးတာမဟုတ်ဘဲ ကိုယ်နေတဲ့မြို့က အရှည်ဆုံးတံတားအမည်ဆိုတာမျိုးတွေ လမ်းဘယ်လောက်ဖောက်ပြီးပြီလဲဆိုတာမျိုးတွေမေးတာဆိုတော့ သင်တန်းပြန်တက်ရတာနဲ့ ငွေကုန်ကြေးကျများတယ်။ တချို့ဆို ပိုက်ဆံကုန်တယ်။ နှစ်ခါဝင်ဖြေမယ်။ မပါရင်တော့ လုံးဝမဖြေတော့ဘူးဆိုပြီးတောင်ပြောတယ်”ဟု ဆေးတက္ကသိုလ်ဘွဲ့ရ အမျိုးသမီးငယ်တစ်ဦးကပြောသည်။

ကိုယ်ပိုင်ဆေးခန်းများ ဖွင့်လှစ်နိုင်ရန် ဘွဲ့ရရှိပြီး လအနည်းငယ်အတွင်း ဆ/မထုတ်ပေးပြီး အဆင့်မြင့်ဘာသာရပ်များ ဆက်လက်သင်ကြားနိုင်ရန် သင်တန်းများခေါ်ယူမှုနည်းပါးခြင်းမှာလက်ထောက်ဆရာဝန်နည်းပါးခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်။

ကျန်းမာရေးဦးစီးဌာနအောက်တွင် ဆေးရုံပေါင်း ၉၁၅ ရုံရှိပြီး အထူးကုဆရာဝန် ၁၈၅၃ ဦး၊ လက်ထောက်ဆရာဝန် ၂၈၉၆ ဦးနှင့် အုပ်ချုပ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ရောဂါနှိမ်နင်းရေးဌာနများတွင် ၆၃၃ ဦးဖြင့် စုစုပေါင်း ၅၃၈၀ဦး လက်ရှိ တာဝန်ထမ်းဆောင်နေကြောင်းသိရသည်။မြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။


## လေလံပစ္စည်းရောင်းချရေးကြော်ငြာ(Sale #2/FY 12)

## အမေရိကန်သံရုံး ရန်ကုန်

အမေရိကန်သံရုံးမှ လေလံပစ္စည်းများကို အမှတ်(၁၄၀) တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်တွင် မေလ (၄) ရက်၂၀၁၂ (သောကြာနေ့ ) နံနက် ၉ း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ ရောင်းချမည် ဖြစ်သည်။ စပေါ်ငွေ ၅၀,၀၀၀ ကျပ်ကိုပေးသွင်းရမည်ဖြစ်ပါသည်။ ပစ္စည်းများကို အတွဲလိုက်ရောင်းချမည်ဖြစ်ပြီး ဈေးအမြင့်ဆုံးပေးသူအား ရောင်းချမည်ဖြစ်ပါသည်။ (လေလံဈေးကို FEC ဖြင့်သာ လက်ခံပါမည်)၊ လေလံအောင်သူများကို မေလ (၄)ရက်၂၀၁၂ (၄း၀၀ နာရီ) တွင် ရောင်းချမည့် နေရာ နှင့် (http://burma.usembassy.gov/gsosales.html.)တွင် ကြော်ငြာပေးပါမည်။

မေလ (၇) ရက်၂၀၁၂ နံနက် ၉း၀၀ နာရီ မှ ၁၂း၀၀နာရီ အထိ ငွေသွင်းပြီး ပစ္စည်းများကို ထုတ်ပေးမည်ဖြစ်ပါသည်။ နံနက် ၉း၀၀ နာရီ မှ ၁၂း၀၀နာရီ အထိသာ ငွေသွင်းလက်ခံမည်ဖြစ်ပြီး ပစ္စည်းများကို ၄း၃၀ မတိုင်မီအပြီး ထုတ်ရမည်ဖြစ်ပါသည်။

လေလံမအောင်သူများကို စပေါ်ငွေပြန်ထုတ်ပေးမည့်နေ့မှာ မေလ (၈) ရက်၂၀၁၂ နံနက် ၉း၀၀ နာရီ မှ ၁၂း၀၀နာရီအထိ ဖြစ်ပါသည်။ (အမေရိကန်သံရုံးဂိတ်, ၁၁၀ တက္ကသိုလ်ရိပ်သာလမ်း) (၁၂း၀၀ နာရီ ကျော်လွန်ပါက စပေါ်ငွေဆုံးရှုံးပါမည်)

ရောင်းချမည့် ပစ္စည်းများမှာ Computer နှင့် ဆက်စပ်ပစ္စည်းများ ဖြစ်ပါသည်။

Contact : မြသန္တာဝင်း ၅၃၆၅၀၉ ext ၄၅၄၃, မြင့်သန်း ၅၃၆၅၀၉ ext ၄၁၁၅

## လေလံပစ္စည်းရောင်းချရေးကြော်ငြာ(Sale #3/FY 12)

## အမေရိကန်သံရုံး ရန်ကုန်

အမေရိကန်သံရုံးမှ လေလံပစ္စည်းများကို အမှတ်(၁၄၀) တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်တွင် ဧပြီလ (၂၈) ရက်၂၀၁၂ ( စနေနေ့ ) နံနက် ၉ း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ ရောင်းချမည် ဖြစ်သည်။ စပေါ်ငွေ ၁၀၀,၀၀၀ ကျပ်ကိုပေးသွင်းရမည်ဖြစ်ပါသည်။ ပစ္စည်းများကို အတွဲလိုက်ရောင်းချမည်ဖြစ်ပြီး ဈေးအမြင့်ဆုံးပေးသူအား ရောင်းချမည်ဖြစ်ပါသည်။ (လေလံဈေးကို FEC ဖြင့်သာ လက်ခံပါမည်)၊ လေလံအောင်သူများကို ဧပြီလ (၃၀) ရက်၂၀၁၂ (၁း၀၀ နာရီ) တွင် ရောင်းချမည့် နေရာ နှင့် (http://burma.usembassy.gov/gsosales.html.)တွင် ကြော်ငြာပေးပါမည်။ မေလ (၂) ရက်၂၀၁၂ နံနက် ၉း၀၀ နာရီ မှ ၁၂း၀၀နာရီ အထိ ငွေသွင်းပြီး ပစ္စည်းများကို ထုတ်ပေးမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့်အချိန်တွင်သာ ငွေသွင်းလက်ခံမည်ဖြစ်ပြီး ပစ္စည်းများကို မေလ (၂) ရက် ၂၀၁၂ (၄း၃၀) မတိုင်မီအပြီး ထုတ်ရမည်ဖြစ်ပါသည်။

လေလံမအောင်သူများကို စပေါ်ငွေပြန်ထုတ်ပေးမည့်နေ့မှာ မေလ (၈) ရက်၂၀၁၂ နံနက် ၉း၀၀ နာရီ မှ ၁၂း၀၀နာရီအထိ ဖြစ်ပါသည်။ (အမေရိကန်သံရုံးဂိတ်, ၁၁၀ တက္ကသိုလ်ရိပ်သာလမ်း) (မေလ (၈) ရက်၂၀၁၂ ၁၂း၀၀ နာရီ ကျော်လွန်ပါက စပေါ်ငွေဆုံးရှုံးပါမည်)

ရောင်းချမည့် ပစ္စည်းများမှာ Household furniture နှင့် ဆက်စပ်ပစ္စည်းများ ဖြစ်ပါသည်။

Contact : မြသန္တာဝင်း ၅၃၆၅၀၉ ext ၄၅၄၃, မြင့်သန်း ၅၃၆၅၀၉ ext ၄၁၁၅


စာ -၁၃၊ အမှတ်တမဲ့မှရနိုင်သောရောဂါများ မှ

လူအနည်းငယ်တွင် နားပြည်ယိုခြင်းသည်မွေးရာပါရောဂါအဖြစ်ပါဝင်လာသော်လည်း ထိုရောဂါသည် ထိရောက်သော ကုသမှုရယူခြင်းဖြင့်အချိန်တိုအတွင်းပျောက်ကင်းအောင်ကုသနိုင်ကြောင်းသိရသည်။ထိုကဲ့သို့အကျင့်ဖြစ်ပြီး အမြဲမပြတ်လုပ်ရာမှ ဖြစ်ပွားလေ့ရှိသည့်နောက်ထပ်ဝေဒနာတစ်ခုမှာ နှာခေါင်းအတွင်း နှိုက်နေရာမှ သွေးကြော ပေါက်ထွက်ခြင်းဖြစ်သည်။ နှာခေါင်းအတွင်းရှိ အရေပြားသည် ပါးလွှာပြီး ထိုအထဲသို့ လက်သည်းဖြင့် ထိုးသည့်အခါ လက်သည်းအစွန်းများနှင့် ခြစ်မိရာမှသွေးကြောများပေါက်ပြဲစေခြင်းဖြစ်သည်။ အချို့သောသူများတွင် သွေးအနည်းငယ် ကျဆင်းသော်လည်း အချို့သူများတွင်မူ နှာခေါင်းသွေးများ အလွန်အမင်းကျဆင်းသည်အထိလည်းဖြစ်ပွားကြသည်။

“အဲလို အကျင့် ဖြစ်နေတာကြာပြီဆိုပေမယ့် တစ်ခါတော့ လက်နဲ့နှိုက်ရင်း သွေးတွေကျလာတာ။ သွေးက အရမ်းများပြီး အကျႌတွေထိတောင်စိုတာ။ ဂွမ်းတွေ ထိုးထည့်ပြီး ဆေးခန်း ချက်ချင်းသွားတော့မှ ဆရာဝန်က နှာခေါင်းက သွေးကြောပေါက်တာလို့ ပြောတယ်။ သွေးတွေ အရမ်းအများကြီးကျတော့ တော်တော်ကိုလန့်သွားတာ”ဟု စင်ကာပူနိုင်ငံတွင် အလုပ်လုပ်နေသည့် ကိုအောင်အောင်ကပြောသည်။

နှာခေါင်းအတွင်း သွေးကြောပေါက်ပြီး သွေးများ ကျဆင်းလာသည့် အခါ ရှေးဦးသူနာပြုစုသည့်နည်းလမ်းမှာ နှာခေါင်းအားထိပ်မှဖိထားပြီး ခေါင်းမော့ထား၍ အသက်အား ပါးစပ်ဖြင့် ရှူသည့်အခါ အချိန်အနည်းငယ်အတွင်း သွေးတိတ်သွားစေနိုင်ကြောင်း သိရသည်။

ထိုကဲ့သို့ နှာခေါင်းအတွင်း နားအတွင်းမှ အညစ်အကြေးဖတ်များ အမြဲတမ်း ထုတ်ယူနေသည့်သူများသည် အကျင့်ဖြစ်နေသည့် အလေ့တစ်ခု ဖြစ်ပြီး တကယ်တမ်းတွင် ထိုအရာများသည် ခန္ဓာကိုယ်အား အန္တရာယ်ဖြစ်စေသည်မဟုတ်ဘဲ ခန္ဓာကိုယ်အတွင်းသို့ ရောဂါပိုးများ မဝင်ရောက်စေရန် တစ်နည်းအားဖြင့် ကာကွယ်ထားသည့်အရာများသာဖြစ်သည်။

“အဲဒါတွေက မခွာလို့လည်း ပြဿနာမရှိဘူး။ ခွာမှသာ နောက်ဆက်တွဲပြဿနာတွေ ဖြစ်နိုင်သေးတယ်”ဟု ဒေါက်တာထွန်းသိန်းက ပြောသည်။ နားထဲ၊ နှာခေါင်းထဲတွင် အမြေးပါးများအပြင် ထိုအရာများသည် အန္တရာယ်ကာကွယ်သည့်အရာများဖြစ်ပြီး ပြင်ပမှ ဝင်ရောက်လာသည့် ပိုးမွှားများအား အတွင်းသို့ မဝင်ရောက်နိုင်ဘဲ အထဲတွင် ရှိသည့် အဖတ်များမှ ဖမ်းဆုပ်ထားသကဲ့သို့ဖြစ်နေသည်။ ထိုအဖတ်များ ခြောက်ပြီး ကွာကျသွားသည့်အချိန်တွင် ပိုးမွှားများပါ တစ်ပါတည်း ပါသွားမည်ဖြစ်ကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

နှာခေါင်းနှင့် နားအတွင်း အမြဲမပြတ်ကလိခြင်းကြောင့်ရောဂါများ ဖြစ်ပွားသည့်အခါ ဆေးကုသမှုများဖြင့်ပြန်လည်သက်သာကောင်းမွန်စေနိုင်သော်လည်း အလေ့အကျင့်ကို မဖျောက်နိုင်ပါက ပြန်လည်ဖြစ်ပွားစေနိုင်မည်ဖြစ်သည်။

ခန္ဓာကိုယ်အတွက် အန္တရာယ် မဖြစ်စေသည့်အပြင် အန္တရာယ်ဖြစ်စေသည့် ပိုးမွှားများမှ ကာကွယ်နိုင်ရန် သဘာဝမှ ဖြစ်လာခြင်းဖြစ်ပြီး ထိုကဲ့သို့ သတိမမူမိသည့်အလေ့အကျင့်မှ ရောဂါပိုးများ ဝင်ရောက်ခြင်းနှင့် ပြင်းထန်လာပါက အသက်ဆုံးရှုံးမှုများ မဖြစ်စေရန် ဂရုပြုသင့်ကြောင်း ကျွမ်းကျင်ဆရာဝန်များက ပြောကြားသည်။

Regional
7Day NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်ကြောပိတ်ဆို့အောင် ပြုလုပ်သော ယာဉ်များကို အရေးယူ



ဓာတ်ပုံ-စိုင်းသာအောင်

*မန္တလေးသင်္ကြန်တွင် ပျော်ရွှင်စွာ ရေကစားနေကြသူများ*

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၂၁**

မန္တလေးမြို့တော် မဟာသင်္ကြန် အကျနေ့လူအစည်ကားဆုံးအချိန်တွင် ယာဉ်မောင်းနှင့်ယာဉ်ပေါ် လိုက်ပါသူတစ်ဦးမှမရှိဘဲ ယာဉ်များစည်းကမ်းမဲ့ ရပ်ထားသည့်ကား ၃ စီးကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ၁/၂၀၁၂နှင့် စီမံခန့်ခွဲရေး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့မှ တာဝန်ရှိရဲအရာရှိတစ်ဦးက"နန်းမြို့ ကျုံးပတ်လည်မှာ ၂၆ လမ်း၊ ၆၆×၈၀ ဟာ မဏ္ဍပ်အများဆုံး၊ ရေပက်ခံထွက်သူတွေအများဆုံးပါပဲ။ ယာဉ်ကြောပိတ်ဆို့မှု မရှိရေးအတွက် ကျွန်တော်တို့ယာဉ်ထိန်းတပ်ဖွဲ့က တာဝန်ရှိသူတွေ ကြိုးကြပ်ဆောင်ရွက်နေတဲ့အထဲက လိုက်နာမှုမရှိလို့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်စဉ်တစ်ခု ဧပြီလ ၁၃ ရက်မွန်းလွဲ ၃ နာရီခန့်က ၂၆ လမ်း၊ ၇၀×၇၁ လမ်းကြား ဆည်မြောင်း ဦးစီးဌာန ရေကစားမဏ္ဍပ်အနီးမှာဖြစ်ပွားခဲ့ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုကိုဖြစ်ပေါ်စေခဲ့တာကတော့ ယာဉ် ၃ စီးပါ။ ဂျစ်တစ်စီး၊ လိုက်ထရပ်နှစ်စီးပါ။ ဒီယာဉ် ၃ စီးဟာ လမ်းပေါ်မှာ ပိတ်ရပ်ထားပြီး ယာဉ်မောင်းသူရော၊ ယာဉ်ပေါ်လိုက်ပါသူများကို ရှာဖွေမေးမြန်းစုံစမ်းလို့မရပါဘူး။ ကားတွေပေါ်မှာဖောက်ခွဲရေးပစ္စည်းတွေပါသလားထင်ပြီး ရှာဖွေတာလည်းဘာမှမတွေ့ပါဘူး။ ဒါနဲ့ သက်ဆိုင်ရာအထက်အဖွဲ့အစည်းတွေကိုသတင်းပို့ပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်စေတဲ့ ဂျစ်တစ်စီး၊ လိုက်ထရပ်နှစ်စီးကို ကရိန်းကားနဲ့ မယူဖယ်ရှားပြီး ယာဉ်ကြောပိတ်ဆို့မှုကို ရှင်းလင်းခဲ့ရပါတယ်"ဟု ပြောသည်။

"ယခင်နှစ်တွေက နန်းမြို့ ကျုံးပတ်လည်မှာတစ်လမ်းမောင်းစနစ်မလုပ်ခဲ့ဘူး။ နန်းမြို့တစ်ပတ်ပတ်ဖို့ဆိုရင် ယာဉ်ကြောပိတ်ဆို့လို့တစ်နေကုန်သွားတယ်။ အဆိုးဆုံးနေရာက ၂၆×၆၆ လမ်းဆုံ ဆီဒိုးနားဟိုတယ်ထောင့်မှာ ယာဉ်တွေ ပြည့်ကျပ်နေတယ်။ ယခုနှစ်တစ်လမ်းမောင်း (ညာမောင်း) စနစ်ကျင့်သုံးလိုက်လို့ ယာဉ်ကြောပိတ်ဆို့မှုမရှိတော့ဘူး"ဟု မန္တလေးမြို့ခံတစ်ဦးကပြောသည်။

မန္တလေးမြို့မဟာသင်္ကြန်ပွဲတော် အကြိုနေ့နေ့လယ် ၁၂ နာရီမှ စတင်ပြီး သင်္ကြန်အတက်ည ၁၂ နာရီအထိ ယာဉ်ကြောပိတ်ဆို့ကြန့်ကြာမှု မရှိစေဘဲ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်နန်းမြို့ ကျုံးပတ်လည်လမ်းများအား တစ်လမ်းမောင်း(ညာမောင်း)စနစ်အသုံးပြုခဲ့ရာ အဆင်ပြေခဲ့ပြီး ယခင်နှစ်များကလို တစ်နေကုန်ယာဉ်ကြောပိတ်ဆို့ပြီး ကျုံးပတ်လည်တွင် စောင့်ဆိုင်းရခြင်းမျိုးမရှိတော့ကြောင်းသိရသည်။

မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ တာဝန်ရှိသူတစ်ဦးက "ယာဉ်မောင်းသူနဲ့ ယာဉ်ပေါ်မှာ လိုက်ပါသူတစ်ဦးမှ မရှိဘဲ ဒီလိုယာဉ်တွေကို သင်္ကြန်အကျနေ့လူစည်ကားဆုံးအချိန်မှာ ကားတွေကို စည်းမဲ့ကမ်းမဲ့ရပ်ထားခဲ့တာ မကောင်းပါဘူး။ လုံခြုံရေး ရှုထောင့်ကကြည့်ရင်လည်း ကားပေါ်မှာ ချိန်ကိုက်ဗုံးတွေထောင်ထားသလားဆိုပြီး စဉ်းစားရပါတယ်။ စစ်ဆေးကြည့်တော့ကားတွေဒီလိုစည်းမဲ့ကမ်းမဲ့ရပ်ထားတာဟာ ယာဉ်ကြောပိတ်ဆို့မှုကိုဖြစ်စေပြီး မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ယာဉ်မောင်းသုံးဦးက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၁/၂၀၁၂ နဲ့ စီမံခန့်ခွဲရေးဥပဒေအရပါ အရေးယူသွားမှာဖြစ်ပါတယ်" ဟု 7Day News သို့ပြောသည်။

# လေးမြို့မြစ် ဂဝံကျောက်များ စင်ကာပူဈေးကွက်ဝင်

**စိုင်းဒရား**

**မင်းပြား၊ မေ- ၁၉**

ချင်းပြည်နယ် မင်းတပ်ခရိုင်မတူပီမြို့နယ်မှ မြစ်ဖျားခံစီးဆင်းလာသောရခိုင်ပြည်နယ်၏ ဒုတိယအရှည်ဆုံးဖြစ်သည့် လေးမြို့မြစ်ဖျား၌ ထွက်ရှိသည့် ဂဝံကျောက်များကို ယခုအခါ ပြည်နယ်တွင်းသာမက စင်ကာပူနိုင်ငံဈေးကွက်သို့ပါ တင်ပို့နေကြောင်း သိရသည်။

"ဒီကထွက်တဲ့ကျောက်တွေက တခြားကကျောက်တွေနဲ့ မတူဘူး။ ပိုပြီးမာကျောလို့ လူကြိုက်များတယ်။ စင်ကာပူကို တော့ ဒီနှစ်က စပြီး ပို့တာပါ။ နှစ်ခေါက်ရှိပြီ။ သူတို့က ကျောက်အသေးတွေကို မယူဘူး။ အလုံးကြီးတွေကိုမှ ရွေးယူတာ"ဟု လေးမြို့ မြစ်ဖျားက ကျောက်ထုတ်လုပ်ရေးလုပ်နေသူလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

၎င်းကျောက်များကိုလှေသမ္ဗာန်ကြီးများဖြင့်မြစ်ဖျားမှသယ်ယူပြီး မင်းပြားမြို့နယ် နာရာကျေးရွာနှင့် မြောက်ဦးမြို့နယ် မြောင်းဘွေရွာအနီးတွင်စုပုံကာ မော်တော်ဘုတ်များဖြင့်စစ်တွေဆိပ်ကမ်းရှိသင်္ဘောကြီးပေါ် သို့ ပို့ဆောင်ကြသည်။

# မန္တလေးမြို့ရှိ ပလက်ဖောင်း လမ်းဆုံနှင့် လမ်းထောင့်များတွင် ဈေးရောင်းခွင့်မပြုဟုဆို

**ညီညီဇော်**

**မန္တလေး၊ မေ - ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း လမ်းပလက်ဖောင်းများ၊ လမ်းဆုံနှင့်လမ်းထောင့်များတွင် ဈေးဆိုင်များရောင်းချခွင့်မပြုတော့ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနက မန္တလေးစည်ပင်နယ်နိမိတ်အတွင်းရှိအများပြည်သူသုံး လမ်းပလက်ဖောင်းဝဲယာများပေါ်တွင် ဈေးဆိုင်များတည်ခင်းရောင်းချခြင်း၊ လမ်းဆုံလမ်းထောင့်များတွင် ဈေးဆိုင်များ တည်ခင်းရောင်းချခြင်း၊ လမ်းဘေးဝဲယာတို့တွင် လောင်စာဆီ၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီများ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်းတို့ကို လုံးဝမပြုလုပ်ကြရန်နှင့် ဘီးတပ်လှည်းများဖြင့်သာ ရွှေ့လျားသွားလာရောင်းချနိုင်ကြကြောင်းကို သက်ဆိုင်ရာမြို့နယ်အသီးသီး၏ စည်ပင်သာယာရေးဌာနဝန်ထမ်းများက မေ ၉ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်း သက်ဆိုင်ရာ ဈေးဆိုင်များအား သတိပေးကြေညာစာများကို ပေးဝေခဲ့သည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူများ လမ်းဘေးဝဲယာ ပလက်ဖောင်းများပေါ်၌ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ခြင်း၊ မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီးများ၊ လမ်းကြောကျယ်ပြန့်စွာဖြင့် သတ်မှတ်နှုန်းအတိုင်း မောင်းနှင်နိုင်ကြပြီး ယာဉ်တိုက်မှု၊ လမ်းကြောပိတ်ဆို့မှုများ လျော့နည်းလာမည်ဖြစ်ပြီး ဈေးဆိုင်များမှာလည်း သတ်မှတ်သည့်နေရာမှလွဲ၍ အခြားသင့်လျော်သည့်နေရာများတွင် အန္တရာယ်ကင်းစွာ ရောင်းဝယ်ကြရမည်ဟုသိရသည်။

*စာ(၁၈) သို့*



7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# မီးဖိုပေါ့ဆမီးမှုတစ်ဆင့် မုံရွာမြို့လယ်ရှိ အိမ်ငါးလုံး မီးလောင်ဆုံးရှုံး


ဓာတ်ပုံ - မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ ဧပြီ-၁၈**

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ သိမ်တော်လမ်းအတွင်းလူနေအိမ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့်မီးလောင်မှု ဖြစ်ပွားခဲ့ရာ နေအိမ် ငါးလုံး မီးလောင်ဆုံးရှုံးခဲ့မှု ဧပြီ ၁၇ ရက် ည ၉ နာရီခန့်တွင် ဖြစ်ပွားခဲ့သည်။

"မီးလောင်မှုက ည ၉ နာရီလောက်မှာ စတင်ဖြစ်ပွားတာပါ။ ငှားထားတဲ့အိမ်က မီးဖိုမီးကြွင်းမီးကျန် ကတစ်ဆင့် ပေါ့ဆမှုကြောင့် မီးလောင်ခဲ့တာပါ။ နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ကာလတန်ဖိုး ကျပ်ဆယ်သိန်းနှစ်သောင်းဆုံးရှုံးခဲ့ပါတယ်။ မြင်းပျံမုန့်တိုက်အပါအဝင် နေအိမ်ငါးလုံးဆုံးရှုံးခဲ့တယ်။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ညတိုင်း မီးကင်းစောင့်သူတွေ၊ မီးသတိရှိရေးနှိုးဆော်သူတွေနဲ့ တင်းတင်းကျပ်ကျပ်ဆောင်ရွက်နေတဲ့ကြားက ပေါ့ဆမှုကြောင့် မီးလောင်ခဲ့တယ်။ မီးလောင်နေစဉ်ကာလအတွင်းမီးသတ်ယာဉ် ၁၁ စီး၊ ရေသယ်ယာဉ် ၄ စီးနဲ့ အချိန်မီငြိမ်းသတ်တဲ့အတွက် ည ၉ နာရီ ၅၀ မိနစ်မှာ မီးညွန့်ကျိုးပြီး ည ၁၁ နာရီမှာ မီးငြိမ်းသတ်နိုင်ခဲ့ပါတယ်" ဟု မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မီးလောင်နေတဲ့အချိန်မှာ မီးသတ်တွေအားလုံးက မီးအမြန်ဆုံး ငြိမ်းသတ်နိုင်ရေးအတွက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်တွေရော၊ စေတနာ့ဝန်ထမ်းအရန်မီးသတ်တပ်ဖွဲ့ဝင်တွေရော၊ ဆရာတော်၊ သံဃာတော်တွေနဲ့ ဒေသခံတွေအားလုံး မီးကိုငြိမ်းသတ်ပေးကြပါတယ်။ မီးငြိမ်းနေတဲ့အနီးပတ်ဝန်းကျင်မှာ ဝိုင်းအုံကြည့်ရှုနေတဲ့ လူထုကြီးကြောင့်မီးငြိမ်းသတ်ရေးမှာ အခက်အခဲ ကြုံတွေ့ခဲ့ရပါတယ်။ မြို့လယ်မီးလောင်မှုမှာ မီးငြိမ်းသတ်နေတဲ့နေရာမှာမီးလောင်နေတဲ့နေအိမ်တွေကိုခဲနဲ့ပစ်ပေါက်ရာက မီးသတ်တစ်ဦးက ပြင်းထန်ဒဏ်ရာနဲ့ သတိမေ့သွားတယ်။ အချိန်တိုအတွင်းသတိပြန်ရပေမယ့် စကားမပြောနိုင်ဖြစ်သွားလို့အမြန်ဆုံး မုံရွာဆေးရုံကြီးကို ပို့ဆောင်ပေးခဲ့ရတယ်" ဟု မီးငြိမ်းသတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ သို့သော် ထိုသို့မီးလောင်နေသောအိမ်ကို ခဲဖြင့်ဒေသခံအချို့က ပစ်ပေါက်ခြင်းမှာ အတွင်း၌ လိုက်မလောင်စေရန်ဖြစ်ကြောင်း ကိုယ်တိုင်မြင်တွေ့ခဲ့ရသူများက ပြောသည်။"သင်္ကြန်ရက်ပိုင်းမှာ မုံရွာမှာမီးလောင်မှုကြီးကြီးမားမားဖြစ်ပွားတတ်တဲ့အတွက် မီးသတိရှိကြတယ်။ အညာနွေပူတဲ့အချိန်လေပြင်းတဲ့ကာလမှာတော့မီးအသုံးပြုတာတွေ ဂရုစိုက်ကြတာ များတယ်။ အောင်မင်္ဂလာရပ်ကွက် မီးလောင်မှုအေးသာယာရပ်ကွက်အမှတ်(၁)လမ်းမီးလောင်မှုတွေက သင်္ကြန်ပွဲတော်ရက်ပိုင်းတွေမှာဖြစ်ခဲ့တာပါ။ ၁၉၅၇ ခုနှစ်မေလ ၉ ရက်မှာ မုံရွာမြို့၊ ညောင်တပင်ဆိပ်ကမ်းမှာ ဝါးထောင်(ဝါးအရောင်းဆိုင်)ကမီးဖိုမီးကတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့တဲ့အတွက် မုံရွာမြို့ပေါ်ရပ်ကွက်နေအိမ်အားလုံးနီးပါး မီးဘေးသင့်ခဲ့ဖူးတယ်။ အညာနွေအပူမှာ ပိတောက်နဲ့ အပြိုင်သင်္ကြန်အပျော်တွေကြုံပြီး နှစ်သစ်ဦးမှာ ပေါ့ဆမီးကြောင့် မီးလောင်တဲ့အဖြစ်က သိပ်ဆိုးရွားတယ်ဗျာ"ဟု မုံရွာမြို့ ဒေသခံအသက် ၈၀ အရွယ် အဘိုးတစ်ဦးက ပြောသည်။

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ သိမ်တော်ကြီးလမ်း၊ အိမ်ရှင်ဦးခင်မောင်ဌေး၏နေအိမ်အားငှားရမ်းနေထိုင်သူ ဦးထွန်းနိုင်ဝင်း လက်ထက်တွင် မီးဖိုမီးပေါ့ဆမှုမှတစ်ဆင့် အိမ်ငါးလုံးမီးလောင်ခဲ့ခြင်းဖြစ်ပြီး ကာလတန်ဖိုးကျပ်ဆယ်သိန်းနှစ်သောင်း ဆုံးရှုံးခဲ့သည်။ အဆိုပါမီးလောင်မှုနှင့် ပတ်သက်ပြီး မုံရွာမြို့နယ်၊ အမှတ်(၁)ရဲတပ်ဖွဲ့စခန်း(ပ)အမှတ် ၂၁၃/၂၀၁၂ ဥပဒေပုဒ်မ ၂၈၅ဖြင့်အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ရေနံလက်ယက်တွင်းတူးဖော်ရေး ကုမ္ပဏီမှ ကျပ်သိန်း ၁၉၀ ခိုးယူခံရ

**စောရန်နိုင်**

**မကွေး၊ ဧပြီ- ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် ရေနံလက်ယက်တွင်းတူးဖော်ရေး ကုမ္ပဏီမှ ကျပ်သိန်း ၁၉၀ ခိုးယူခံရမှု ဧပြီလ ၄ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါနေ့နေ့လယ် ၁ နာရီ ၃၀ မိနစ်အချိန်က ထိုမြို့နယ် ညောင်ဝိုင်းရွာ၊ အနောက်ဘက် (၆)မိုင် ခန့်အကွာ ကားလမ်းဘေး ရေနံလက်ယက်တွင်းတူးဖော်ရေး ကုမ္ပဏီမန်နေဂျာဦးကျော်လေးနိုင်သည် ကုမ္ပဏီရုံးခန်းအတွင်းရှိ သံသေတ္တာထဲတွင် ကျပ်၅,၀၀၀ တန်ငွေစက္ကူကျပ်သိန်း ၁၅၀ နှင့် ၁၀၀၀ ကျပ်တန်ငွေစက္ကူကျပ်သိန်း ၄၀ စုစုပေါင်း ကျပ်သိန်း ၁၉၀ ကို သော့ခတ်သိမ်းဆည်းခဲ့ပြီး ထိုသော့အား အနီးတွင်ရှိသော ပလတ်စတစ်ဘူးထဲ၌ သိမ်းဆည်းထား၍ ည ၁၁ နာရီအချိန်ခန့်တွင် ကုမ္ပဏီနောက်ဘက်ရှိ မီးဖိုခန်း၌ အိပ်ပျော်သွားခဲ့သည်ဆိုသည်။

နာရီဝက်ခန့်အကြာအိပ်ရာမှ ပြန်နိုးလာစဉ် ကုမ္ပဏီ ရုံးခန်းအတွင်းရှိ သံသေတ္တာထဲထည့်ထားသည့် ငွေကျပ်သိန်း ၁၉၀ မှာလည်း ပျောက်ဆုံးနေကြောင်း သိရှိရသည်။ ထိုငွေများအား ခိုးယူသွားသူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းခဲ့ရာ မင်းလှမြို့နယ်၊ ရဲစခန်း မှ (ပ)၄၁/၁၂၊ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ထားရှိပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းလျက်ရှိကြောင်း သိရသည်။



# အပူချိန်မြင့်မားမှုကြောင့် မုံရွာတွင် လူသွားလူလာ ခြောက်ကပ်

**မျိုးမင်းဦး**

**မုံရွာ၊ ဧပြီ - ၂၀**

မုံရွာမြို့တွင် သင်္ကြန်ပွဲတော် ကာလအပြီး အပူချိန်သိသိသာ သာမြင့်တက်လာ၍ နေ့ပြင်းချိန်များတွင်အပူဒဏ် ရှောင်တိမ်းနားခိုသူများကြောင့် မုံရွာမြို့ပေါ် လူစည်ကားရာနေရာများဖြစ်သည့် ဈေးများ၊ ရုံးများတွင် ယခင်ရက်များနှင့်မတူ သွားလာသူနည်းပါးလျက်ရှိကြောင်း မုံရွာဒေသခံများ၏ ပြောကြားချက်များအရသိရှိရသည်။

"သင်္ကြန်အပြီးမှာ အပူချိန်ကလည်း သိသိသာသာပူတယ်။ ရုံးပိတ်ရက်တွေလည်း ရှိတော့ လူသွားလူလာကျဲနေတယ်။ မုံရွာဈေးကြီးထဲမှာ နံနက်ပိုင်းလောက်ပဲ ဈေးဝယ်သူရှိပြီး နေ့ပိုင်းနေပူရှိန်မြင့်တက်တော့ ဈေးဝယ်သူမရှိသလောက်နည်းတယ်။ တချို့ဈေးဆိုင်တွေဆို သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်းမှာ ဆိုင်တွေပြန်မဖွင့်သေးဘူး။ နေ့ပိုင်း ဈေးဝယ်သူရော ဈေးရောင်းသူရော အပြင်သိပ်မထွက်ကြဘူး။ အေးတဲ့နေရာလေးမှာသာ ခိုနေရတယ်" ဟု ချင်းတွင်းရတနာဈေးမှ ဈေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"အပူရှိန်က တော်တော်ပူတယ်။ အိမ်ထဲမှာနေတာတောင်မှ ထိုင်ခုံတွေ၊ ခုတင်တွေကြမ်းခင်းတွေအားလုံးက ပူနေတယ်။ အေးတဲ့နေရာလေး ရှေးနေရတယ်။ တချို့ဆိုသစ်ပင်ကြီးတွေအောက်မှာ သွားနေတဲ့သူတွေလည်းရှိတယ်။ အခုရက်ပိုင်းမှာပန်ကာဖွင့်လည်း ပန်ကာလေတွေက ပူနေတယ်။ သစ်ပင်ပန်းပင်တွေစိုက်ပျိုးရေးလုပ်ငန်းတွေမှာ အသုံးပြုတဲ့ အစိမ်းရောင်ပိုက်ကွက်အစတွေ အသုံးပြုသူ ပိုများလာတယ်။ နေပူဒဏ် ကာကွယ်ဖို့ အိမ်တွေကလည်း နည်းမျိုးစုံ သုံးကြတယ်။ တချို့အိမ်တွေက ခေါင်မိုးပေါ်မှာ ရေဖျန်းတာတွေ၊ စောင်တွေရေစွတ်ပြီး ဘေးပတ်ပတ်လည်ကာတာတွေလုပ်ပြီး နေသူတွေလည်းရှိတယ်။ အပူချိန်က ၄၄ ဒီဂရီစင်တီဂရိတ်ကျော်တဲ့အတွက် အသက်အရွယ်ကြီးသူတွေ ကျန်းမာရေးမကောင်းသူတွေသာမက ကျန်းမာသန်စွမ်းသူတွေပါအသွားအလာအနေအထိုင် ဂရုစိုက်ဖို့တော့လိုမယ်"ဟု မုံရွာမြို့ဒေသခံ ဆရာဝန်တစ်ဦးကပြောသည်။

အပူချိန် သိသိသာသာ မြင့်တက်လာချိန်တွင် အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်များကို နိုင်ငံပိုင် သတင်းစာများ၊ ရေဒီယိုများနှင့်ဂျာနယ်များတွင် နှိုးဆော်လျက်ရှိပြီး အပူချိန်မြင့်တက်ချိန်၌ လိုက်နာဆောင်ရွက်ရမည့်အချက်များ လိုက်နာရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

# မန္တလေးရမ်အတု ထုတ်လုပ်သူများကို အရေးယူ

**ညီညီဇော်**

**မန္တလေး၊ ဧပြီ - ၂၁**

မန္တလေးမြို့မှ ထုတ်လုပ်ဖြန့်ဖြူးနေသော မန္တလေးရမ်အား အတုအပပြုလုပ်နေသူများကို ဖမ်းဆီးမိခဲ့ကြောင်း သတင်းရရှိသည်။

ဧပြီလ ၉ ရက်က မန္တလေးမဟာအောင်မြေမြို့နယ် မဟာမြိုင် ၁ ရပ်ကွက် လမ်း(၄၀)၊ ၆၄×၆၅ လမ်းကြားရှိ နေအိမ်တစ်အိမ်သို့ အမှတ် ၉ ရဲစခန်းမှ စခန်းမှူးဦးစီးသော အဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ ဝင်ရောက်ရှာဖွေရာ လူလတ်ပိုင်းအရွယ် အမျိုးသားသုံးဦးက မန္တလေးရမ်အတု ပြုလုပ်နေကြောင်း တွေ့ရှိရသည်။ သက်သေခံပစ္စည်းများဖြစ်သော အရက်တုပြုလုပ်ရာတွင် အသုံးပြုသည့် အိုပီ/ဘီအီးအရက်ဆီ ငါးပီပါ ၂၅၀ ဂါလန်ခန့်၊ အခွန်တံဆိပ် အတု ၁၅,၀၀၀ ခု၊ မန္တလေးရမ်တံဆိပ်အတု ၄,၀၀၀ ခု၊ ပုလင်းခွံ ၁၂ လုံးပါ ၃၇ ဖာ၊ ယာဉ်အမှတ် ၆က/. . လိုက်ထရပ်(အဖြူရောင်)ပါ ယာဉ်နှစ်စီးတို့ကို ဖမ်းဆီးမိခဲ့သည်။

မန္တလေးရမ် အတုအပပြုလုပ်သူများကို (ပ) ၁၉၃/ ၂၀၁၂၊ ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၆၈/ ၄၈၆ အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# စစ်တွေ-ဘူးသီးတောင် သင်္ဘောလက်မှတ်ခများ ဈေးမြောက်နေ

**မောင်ကံ**

**ဘူးသီးတောင်၊ ဧပြီ- ၂၁**

စစ်တွေ-ဘူးသီးတောင် သင်္ဘောလိုင်းကို ပုဂ္ဂလိကမှ အစိုးရထံပြန်အပ်လိုက်ပြီဖြစ်သော်လည်း သင်္ဘောလက်မှတ်ခများမှာ ယခင် ပြည်တွင်းရေကြောင်းမှ ပြေးဆွဲခဲ့သည့် အချိန်ကထက်ဈေးသုံးဆခန့် မြင့်တက်နေကြောင်း ခရီးသွားများက ပြောကြားသည်။

"ပုဂ္ဂလိကကို မငှားခင်တုန်းက ရိုးရိုးတန်းလက်မှတ်တစ်စောင်ကို ၅၀၀ ကျပ်ပါ။ အထက်တန်း အခန်းဆိုလို့ရှိရင် တစ်ခန်းကို ၁,၂၀၀ ကျပ်ပါ။ အစိုးရက ပုဂ္ဂလိကကို လွှဲလိုက်တဲ့အချိန်က ရိုးရိုးတန်းလက်မှတ်တစ်စောင်ကို ၂,၅၀၀ ကျပ်နဲ့ အထက်တန်းအခန်းတစ်ခန်းကို ၅,၀၀၀ ကျပ်ဖြစ်သွားပါတယ်။ အခုပုဂ္ဂလိကက အစိုးရကို ပြန်အပ်လိုက်တဲ့အချိန်မှာ ရိုးရိုးတန်းလက်မှတ်တစ်စောင်ကို ၁,၈၀၀ ကျပ်၊ အထက်တန်းအခန်းတစ်ခန်းကို ၄,၀၀၀ ကျပ်ဈေးရှိပါတယ်။ ပုဂ္ဂလိကဈေးနဲ့ ဘယ်လောက်မှ မကွာဖြစ်နေပါတယ်"ဟု ဘူးသီးတောင်ဒေသခံတစ်ဦးကပြောသည်။

သင်္ဘောလက်မှတ်ခများ ဈေးမြောက်နေသည့်အတွက် သင်္ဘောကိုအမှီပြု၍ ဟင်းသီးဟင်းရွက်များ လိုက်ပါရောင်းချနေသူများမှာ အလုပ်လက်မဲ့ဖြစ်လာကြောင်း သိရသည်။ "သင်္ဘောလက်မှတ်တွေဈေးတက်ကတည်းက တစ်ရွာကတစ်ရွာကို ကူးသန်းသွားလာနေတဲ့ ခရီးသွားတွေအားလုံး ပျောက်သွားပါတယ်။ အခုလက်မှတ်ခလည်းတစ်စောင်ကို ၁,၈၀၀ ကျပ်ဆိုတော့ဘာမှ ထူးမခြားပါဘူး။ အမှန်ဆိုရင် တစ်ထောင်လောက်ပဲကျသင့်ပါတယ်"ဟု ဘုန်းတော်ကြီးတစ်ပါးက မိန့်ကြားသည်။

# မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် သံချပ်နှစ်ဖွဲ့သာ ထွက်နိုင်ခဲ့




*လူရွှင်တော်နှုတ်ခမ်းမွေး ပါပါလေး၏ သံချပ်အဖွဲ့ကြော်ငြာ*

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ- ၂၀**

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်များတွင် နှစ်ပေါင်း ၂၀ ကျော်ကင်းကွာနေသော သင်္ကြန်သံချပ်အဖွဲ့များကိုပွင့်လင်းလာသော အစိုးရ၏ မူဝါဒများအရ သင်္ကြန်သံချပ်များထိုးခွင့်ပြုသော်လည်း အဖွဲ့ ၂ ဖွဲ့သာ ထွက်နိုင်ခဲ့ကြောင်း မြို့ခံများထံမှသိရသည်။

လူရွှင်တော်ပါပါလေးက "မန္တလေးမြို့မဟာသင်္ကြန်ပွဲတော်မှာ ယခင်က သင်္ကြန်သံချပ်အဖွဲ့ အနည်းဆုံး ၂၀ မှ အများဆုံး ၃၀ အထိရှိပါတယ်။ ဒီနှစ်ခွင့်ပြုတော့ ဝမ်းသာတယ်။ ကျွန်တော်ရဲ့ ဆန္ဒကတော့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ မန္တလေးမဟာသင်္ကြန်သံချပ်တွေကို နောင်နှစ်တွေမှာ ပိုမိုပေါ်များစေချင်လို့ပါ။ ပြည်သူတွေရဲ့ ရင်ထဲက ဆန္ဒတွေကို သင်္ကြန်ပွဲတော်မှာ တစ်နှစ်တစ်ခါ ဖော်ထုတ်ခွင့်ရတာဟာ ပြည်သူတွေကို ပွင့်လင်းလာတဲ့နိုင်ငံရေးစနစ်နှင့် အတူဖြေဖျော်ချင်လို့ပါ။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သင်္ကြန်သံချပ် စိစစ်ရေးအဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အပေါ် နားလည်ပြီး ခွင့်ပြုပေးလို့ပါ"ဟု ပြောသည်။

ယခုနှစ်မှစ၍ မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော် သံချပ်အဖွဲ့နှစ်ဖွဲ့သည်မြို့တွင်းလှည့်လည်ဖြေဖျော်ရာတွင်မြို့လူထု၏အထူးအားပေးမှုကိုရရှိပြီး စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကများကသံချပ်အဖွဲ့ကားငှားခ+ဓာတ်ဆီဖိုး+အဝတ်အစား+စားသောက်စရိတ်နှင့် အခြားကုန်ကျစရိတ်များကို ပါဝင်လှူဒါန်း(စပွန်ဆာ) ပေးကြသဖြင့် သံချပ်အဖွဲ့နှစ်ဖွဲ့စလုံး မန္တလေးလူထု၏ ထောက်ခံမှုကိုအပြည့်အဝရရှိခဲ့ကြောင်း သိရသည်။

# ရခိုင်ပြည်နယ်အလံ၊ တံဆိပ်နှင့် တိုင်းရင်းသားဝတ်စုံများ ဆန်းစစ်ရေးအဖွဲ့ဖွဲ့စည်း

**နိုင်စစ်တွေ**

**စစ်တွေ၊ ဧပြီ - ၁၈**

ရခိုင်ပြည်နယ်တွင် လက်ရှိအသုံးပြုလျက်ရှိသည့် ပြည်နယ်အလံ၊ ပြည်နယ်တံဆိပ်၊ ရခိုင်အမျိုးသားဝတ်စုံများအား လေ့လာဆန်းစစ်ရေးအဖွဲ့အား ရခိုင်ပြည်နယ်လွှတ်တော်က ဖွဲ့စည်းပေးလိုက်ကြောင်း ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

၁၉၇၅ ခုနှစ် ယခင်ပြည်နယ်ပြည်သူ့ကောင်စီမှ သတ်မှတ်ပြဋ္ဌာန်းအသုံးပြုလာခဲ့သည့် ရခိုင်ပြည်နယ်အလံ၊ ရခိုင်ပြည်နယ် တံဆိပ်နှင့် ရခိုင်ရိုးရာဝတ်စုံတို့မှာ မူလသတ်မှတ်ခဲ့သည့် အချက်အလက်များနှင့် ကွဲလွဲမှုများ ရှိနေသေးကြောင်း ရခိုင်ဒေသခံတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

"ရခိုင်ပြည်နယ်အလံ၊ တံဆိပ်၊ အမျိုးသားဝတ်စုံ ဆိုတာ ပြည်နယ်ရဲ့ အင်္ဂါတစ်ရပ်ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပြီးနောက် ကိုယ်ပိုင်တံဆိပ်၊ အလံ၊ ဝတ်စုံ မရှိတာကြောင့် ပထမအကြိမ်ရခိုင်ပြည်နယ်နေ့မှာ လွှင့်ထူ တပ်ဆင်အသုံးပြုနိုင်အောင် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီက ပညာရှင်အဖွဲ့တွေနဲ့ ညှိနှိုင်းပြီး ဖော်ထုတ်သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီသတ်မှတ်ချက်အတိုင်း မဟုတ်တော့ဘဲ ကွဲလွဲမှုတွေ ရှိလာပါတယ်။ ရခိုင်ပြည်နယ်တံဆိပ်က အစိတ်အပိုင်းအချို့ကိုတောင် အဖွဲ့အစည်းရဲ့ လိုဂိုတွေ၊ ကုန်ပစ္စည်းလိုဂိုတွေအဖြစ် အသုံးပြုလာနေကြတာကိုတွေ့ရပါတယ်။ ဒါကြောင့် ရှိနှင့်ပြီး ရခိုင်ပြည်နယ်တံဆိပ်၊ အလံ၊ အမျိုးသားဝတ်စုံတွေကိုဆန်းစစ်ပြီးမှ အမှန်ဖြစ်စေဖို့အခုလိုဆန်းစစ်ရေးအဖွဲ့ဖွဲ့စည်းပေးခဲ့တာဖြစ်ပါတယ်" ဟုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။ အလံ၊ တံဆိပ်နှင့် ဝတ်စုံလေ့လာဆန်းစစ်ရေးအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်းရန်အဆိုကို မာန်အောင်မြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသာညွှန့်ကတင်သွင်းခဲ့ပြီး ပထမအကြိမ်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၂)တွင်လွှတ်တော်၏ သဘောထားရယူ ဆုံးဖြတ်ခဲ့ကြောင်းဖြင့် သိရသည်။ လေ့လာဆန်းစစ်ရေးအဖွဲ့တွင် ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းကအဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ပြီး အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

## ကားတစ်စီး ချောက်ထဲကျရာမှ သုံးဦးသေဆုံး

**စောရန်နိုင်**

**မကွေး၊ ဧပြီ- ၁၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူ-မြို့နယ်တွင် ဖောကားတစ်စီးဂျိုင်းပြုတ်ပြီး ချောက်အတွင်းပြုတ်ကျခဲ့ရာမှ အမျိုးသားသုံးဦး သေဆုံးခဲ့မှု ဧပြီလ ၃ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါနေ့ ညနေ ၄ နာရီ ၃၀ မိနစ်အချိန်က ပွင့်ဖြူမြို့နယ်၊ အနောက်ဘက် ၁၆ မိုင်ခန့်အကွာ တောချောင်းဆုံကျေးရွာ တောင်ဘက်ပုသိမ်-မုံရွာကားလမ်း၊ မိုင်တိုင်အမှတ် ၂၉၁/၃ နှင့် ၂၉၁/၄ အကြားတွင် မဲဇလီကျေးရွာနေ ယာဉ်မောင်းဥက္ကာပျိုမောင်းနှင်လာသောဖောလ်ကား (အပြာရောင်) သည်တောအတွင်းထင်းခုတ်၊ ဝါးခုတ်ကျပန်းအလုပ်သမားများအားတင်ဆောင်ပြီး ပုသိမ်-မုံရွာကားလမ်းအတိုင်း ရုံးပင်ရွာမှ မဲဇလီရွာဘက်သို့ ၃ မိုင်ခွဲ၊ လမ်းအတိုင်းမောင်းနှင်လာစဉ် ဂျိုင့်ပြုတ်၍ ပေ ၅၀ ခန့်အနက်ရှိ ကားလမ်းယာဘေး ချောက်အတွင်းသို့ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

ယာဉ်ပေါ်လိုက်ပါလာသူ ရုံးပင်ရွာနေ အောင်မင်းစိုးအပါအဝင် ၁၄ဦးနှင့်ကွဲ့တံခါးရွာနေအောင်ဝင်းပါ ၂ ဦး၊ မဲဇလီရွာနေ ယာဉ်မောင်းဥက္ကာပျိုဝါနှစ်ဦး၊ ပေါင်း၁၈ ဦးအနက် အောင်မင်းစိုး၊ စည်သူနှင့် ကြည်မောင်သန်းတို့ သုံးဦးမှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့သည်ဟုဆိုသည်။ ကျန် ၁၅ဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် သက်ဆိုင်ရာ ပွင့်ဖြူမြို့နယ်ဆေးရုံသို့ တင်ပို့ထားကြောင်းသိရသည်။

ယာဉ်မောင်းဖြစ်သူ ဥက္ကာပျိုအား ပွင့်ဖြူမြို့နယ်ရဲစခန်းက (ပ)၂၉/၁၂၊ ပုဒ်မ ၃၀၄-က/၃၃၇/၃၃၈ဖြင့် အမှုဖွင့်ထားကြောင်း သက်ဆိုင်ရာရဲစခန်းမှ စုံစမ်းသိရသည်။

## အသက် ၁၁၉ နှစ်အရွယ် အဘွားဒေါ်မြကြည် ကျန်းမာစွာဖြင့် ကန်တော့ခံ

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ- ၂၀**

ကမ္ဘာပေါ်တွင် အသက်ကြီးဆုံးအဘွားအဖြစ် မှတ်တမ်းဝင်ဖွယ်ရှိကြောင်း မီဒီယာအများစုက ဖော်ပြခဲ့ကြသည့် အမရပူရမြို့နယ် ဒေါင်းရွေးအုပ်စု၊ ပေါက်ချိုင်ကျေးရွာနေ အသက် ၁၁၉နှစ်ရှိအဘွား ဒေါ်မြကြည်မှာ ကျန်းမာစွာဖြင့် သက်ကြီးပူဇော်ပွဲသို့ လာရောက်ကန်တော့ခံခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မန္တလေးခရိုင်အတွင်းရှိအသက် ၉၀ အထက် အဘိုး ၂၅ ဦး၊ အဘွား ၅၁ ဦး စုစုပေါင်း ၇၆ ဦးအား ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်)က မန္တလေးမြို့တော်ခန်းမတွင် သက်ကြီးပူဇော်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။

ဧပြီ ၁၈ ရက်က အဘွားဒေါ်မြကြည်အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဇနီးက သွားရောက်ပူဇော်ကန်တော့ခဲ့ကြောင်းသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၊မူးကမ်းကြီးကျေးရွာ ရွှေသာရပ်ကွက်မှ အဘိုးဦးရင်သည် အသက် ၁၀၅ နှစ်ရှိပြီး အမျိုးသားများထဲတွင် အသက်အရှည်ဆုံးအဘိုးဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် အမျိုးသားများထက်အမျိုးသမီးများက ပိုမိုအသက်ရှည်ကြောင်း တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

## တော်ရိလျော်ရီ သကြၤန်သံချပ်အဖွဲ့ ဆုငွေများကို အဖွဲ့အစည်းနှစ်ခုထံ လှူဒါန်း



*တော်ရိလျော်ရီသံချပ်အဖွဲ့ ဖျော်ဖြေမှုကို တွေ့ရစဉ်*

ဓာတ်ပုံ - စိုင်းသာအောင်

**ညီညီဇော်**

**မန္တလေး၊ ဧပြီ - ၂၁**

ယခုနှစ် မန်းသင်္ကြန်ကာလအတွင်း မန္တလေးမြို့ စာရေးဆရာ၊ ကဗျာဆရာများ၏ တော်ရိလျော်ရီ သကြၤန်သံချပ်အဖွဲ့သည် မန္တလေးမြို့ရှိ မိဘပြည်သူများအား သံချပ်အနုပညာဖြင့် လှည့်လည်ဖျော်ဖြေရာမှ ရရှိလာသော ဆုချီးမြှင့်ငွေများကို အဖွဲ့အစည်းနှစ်ခုထံပြန်လည်လှူဒါန်းခဲ့ကြောင်းသတင်း ရရှိသည်။

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဝိဇိတာရာမတိုက်ရှိ သာသနာ့ဝန်ဆောင် ပရဟိတကျောင်းသို့ ငွေကျပ်ကိုးသိန်း၊ မန္တလေးစာပေအနုပညာရှင်များ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ်တစ်သိန်း အသီးသီး ခွဲဝေလှူဒါန်းခဲ့ကြသည်။ တော်ရိလျော်ရီ သကြၤန်သံချပ်အဖွဲ့ အနေဖြင့် မည်သည့်မဏ္ဍပ်မှ မသွားခဲ့ဘဲ ဖိတ်ကြားထားသော မန္တလေးမြို့မှ မိဘပြည်သူများထံသာ သွားရောက်ဖျော်ဖြေခဲ့ပြီး မိဘပြည်သူတို့ ချီးမြှင့်သော ဆုတော်ငွေကျပ် ၁၂ သိန်းခန့် ရရှိခဲ့သည်ဟု တော်ရိလျော်ရီအဖွဲ့မှ စာရေးဆရာခင်အောင်ဝင့်ကပြောကြားသည်။

သံချပ်အဖွဲ့သည်ကုန်ကျစရိတ်အနည်းငယ်သာနုတ်ခဲ့ပြီး ပိုသည့်ကျပ်၁၀သိန်းကိုပြန်လည်ခွဲဝေလှူဒါန်းခြင်းဖြစ်သည်ဟု ဆိုသည်။ မန္တလေးမြို့ စာရေးဆရာ၊ ကဗျာဆရာများ၏ တော်ရိလျော်ရီ သကြၤန်သံချပ်အဖွဲ့သည် နောင်နှစ်သင်္ကြန်များတွင်လည်း ထွက်နိုင်အောင် ကြိုးစားသွားမည်ဟု သတင်းရရှိသည်။

## ဖမ်းဆီးရမိသော ကျွန်းနှင့် သစ်မျိုးစုံ လေလံတင်ရောင်းချ

**စိုင်းလူမင်း**

**ကောလင်း၊ ဧပြီ- ၁၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် ကျွန်းသစ်လုံး၊ ကျွန်းတိုင်၊ အုပ်စု(၁)သစ်လုံး၊ အုပ်စု(၁)ခွဲသား၊ အုပ်စု(၁)တိုင်၊ အခြားသစ်၊ အခြားတိုင်၊ အခြားခွဲသားများကိုလက်ထောက် ညွှန်ကြားရေးမှူးရုံး၊ ခရိုင်သစ်တောဦးစီးဌာန၊ ကသာမြို့တွင် ဧပြီ ၃ ရက်က ဈေးပြိုင်စနစ် လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးပြိုင်စနစ်လေလံရောင်းချရာတွင် အပြိုင်အဆိုင်ဆွဲယူခဲ့ရာ ထိုသစ်များမှာ လပ်ပုံအမှတ် (၁)မှ ကျွန်းသစ်လုံး ကျွန်းတိုင် ကျွန်းခွဲသား၊ အုပ်စု(၁) ခွဲသား အခြားသစ် စုစုပေါင်း (၃၉ ဒသမ ၈၃၃၃)တန်ကို ကျပ်သိန်း ၅,၄၆၀,၀၀၀ဖြင့် လည်းကောင်း၊ လပ်ပုံအမှတ်(၂)မှ ကျပ်သိန်း ၁,၇၁၆၀,၀၀၀ ဖြင့်လည်းကောင်း၊ လပ်ပုံအမှတ်(၃)မှ ကျွန်းသစ်လုံး၊ ကျွန်းတိုင်၊ ကျွန်းခွဲသား၊ အုပ်စု(၁)သစ်လုံး၊ အခြားသစ် အခြားတိုင်၊ စုစုပေါင်း ၄၅ဒသမ ၄၉၈၀ တန်ကို ကျပ်သိန်း ၅,၄၈၆,၀၀၀ ဖြင့်လည်းကောင်း လပ်ပုံအမှတ် (၄)မှ ကျွန်းသစ်လုံး ကျွန်းခွဲသား၊ အုပ်စု(၁)သစ်လုံး တန်၊ အခြားသစ်၊အခြားခွဲသား စုစုပေါင်း (၉၆ ဒသမ၃၇၃၂) တန်ကိုကျပ်သိန်း ၇,၈၀၀,၀၀၀ ဖြင့်လည်းကောင်း လပ်ပုံအမှတ်(၅)မှ ကျွန်းသစ်လုံး၊ ကျွန်းခွဲသား၊ အုပ်စု(၁)သစ်လုံး၊ အုပ်စု (၁) တိုင် အခြားသစ်စုစုပေါင်း ၃၄ ဒသမ ၈၄၅၆ တန်ကို ကျပ်သိန်း ၃,၁၀၀,၀၀၀ ဖြင့် လည်းကောင်းအသီးသီး လေလံဆွဲဝယ်ယူခဲ့ကြသည်။

ထိုလေလံဆွဲဝယ်ယူမှုမှ ကျပ်သိန်းပေါင်း ၃၉,၀၀၆,၀၀၀ ရရှိခဲ့ပြီး အဆိုပါ သစ်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မှ ဖမ်းဆီးရမိထားသော သစ်များဖြစ်ကြောင်း သိရသည်။

## မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ ဦးကိုလေး နှစ်(၁၀၀)ပြည့် ရုပ်တုထုလုပ်မည်

**စိုင်းသာအောင်**

**မန္တလေး၊ ဧပြီ- ၂၀**

မန္တလေးတက္ကသိုလ်ကို စတင်ဦးဆောင်တည်ထောင်ခဲ့သူ ဒုတိယအဓိပတိဦးကိုလေး (၁၉၁၃-၂၀၁၃)နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ ၎င်း၏ရုပ်တုကို စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအဓိပတိဦးကိုလေးအပြင် မန္တလေးမြို့ ဂုဏ်ဆောင်အာဇာနည်ဆရာကြီး ဦးရာဇတ်၏ ရုပ်တုကိုပါ မန္တလေးတက္ကသိုလ်အတွင်းစိုက်ထူသွားမည်ဖြစ်ကြောင်း ရာပြည့်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

မန္တလေးတက္ကသိုလ်စတင်တည်ထောင်ခဲ့စဉ်က ပညာသင်ကြားခဲ့သော ဆရာကြီး၊ ဆရာမကြီး ၂၅ ဦးအနက် သက်ရှိထင်ရှားရှိနေသေးသော ဆရာကြီးဦးဘတုတ်(မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်/ငြိမ်း)အား ပူဇော်ကန်တော့ပွဲပါကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

## စာ(၁၅) မန္တလေးမြို့ရှိပလက်ဖောင်း လမ်းဆုံနှင့် လမ်းထောင့်များတွင် ဈေးရောင်းခွင့်မပြုဟုဆို မှ

မန္တလေးမြို့တွင် နေထိုင် သည့် အသက် ၃၀ ဝန်းကျင်အ ရွယ် အမျိုးသားတစ်ဦးက "လမ်းပိတ်တာတို့ ယာဉ်ကြောပိတ်ဆို့တာတို့က လမ်းဘေးဈေးသည်တွေကြောင့်ချည်းပဲလို့ ပြောလို့မရဘူးထင်ပါတယ်။ ဖုန်းဆိုင်တွေ၊ စူပါမားကက်တွေ ဈေးဆိုင်ကြီးတွေရှေ့မှာ သူတို့ဆိုင်ကိုလာတဲ့ ကားတွေ၊ ဆိုင်ကယ်တွေက ပလက်ဖောင်းအပေါ် နေရာယူနေတာတွေ သူတို့တွေရဲ့ မီးစက်တွေက လမ်းပလက်ဖောင်း ရေယာပေါ် ရောက်နေတာတွေအများကြီးပါ။ သူတို့ဆိုင်ရှေ့က ပလက်ဖောင်းကို သူတို့စိတ်ကြိုက် အသုံးပြုနေတာတွေကိုလည်း ကြပ်မတ်သင့်ပါတယ်"ဟု၎င်း၏အမြင်ကို ပြောသည်။

ပြည်ကြီးတံခွန်မြို့နယ်ဘက်မှ မန္တလေးမြို့တွင်းသို့ နေ့စဉ် ဆိုင်ကယ်ဖြင့် အလုပ်လာရောက်လုပ်ကိုင်နေသူတစ်ဦးက "မန္တလေးမြို့အဝင် ပြင်ဦးလွင်သံလမ်းအကျော် ၇၈ လမ်းမကြီးဘေးက စက်ဘီးဆိုင်ကယ်သီးသန့်လမ်းမှာဆို ကျောင်းဖွင့်ချိန်ဆိုရင် ILBC ကျောင်းရှေ့မှာ ကားတွေ အမြဲတမ်း ရပ်ထားတယ်။ စက်ဘီး၊ ဆိုင်ကယ် သီးသန့်လမ်းဆိုပြီး ကားတွေ လာရပ်ထားတာတော်တော်အနှောင့်အယှက်ဖြစ်တယ်"ဟုဆိုသည်။

အမရပူရမြို့မှ ဒေသခံလူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးက "တောင်မြို့ဈေး (အမရပူရ)ဈေးရှေ့မှာဆို လိုင်းကားတွေ ရပ်ချင်သလိုရပ်တော့ ခဏခဏ ယာဉ်ကြောပိတ်ဆို့မှုဖြစ်တယ်"ဟုပြောသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဆိုပါကြေညာချက်ပါ စည်းကမ်းများအား လိုက်နာမှုမရှိပါက တည်ဆဲဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဟုသတင်းရရှိသည်။

# မြန်မာလုပ်သားများ အခွင့်အရေးကို ထောက်ခံကြောင်း အလုပ်သမားဒုဝန်ကြီး ပြောကြား

**ဘန်ကောက်၊ မေ ြီ - ၂၁**

ပြည်ပတွင် ရောက်ရှိနေသော မြန်မာလုပ်သားများအနေဖြင့် အခြားလုပ်သားများနည်းတူ အခွင့်အရေး ကာကွယ်မှုများရရှိပြီး မိမိနိုင်ငံသို့လည်း ငွေပြန်ပို့နိုင်မည်ကိုလိုလားကြောင်း မြန်မာနိုင်ငံ ဒုတိယအလုပ်သမားဝန်ကြီးဦးမြင့်သိန်းက ဘန်ကောက်အခြေစိုက်မီဒီယာများနှင့်တွေ့ဆုံရာတွင်ပြောကြားသည်ဟုသိရသည်။

မြန်မာအလုပ်သမားများ နှစ်စဉ် ပြန်ပို့သော ကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံမှာလည်း နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည်ဟုလည်း ဒုတိယဝန်ကြီးကပြောသည်။

ထိုင်းနိုင်ငံတွင်ရှိသော မြန်မာအလုပ်သမားများ၏ အခြေအနေကိုလည်း ဦးမြင့်သိန်းက အပြုသဘောဖြင့် အကောင်းဘက်က ရှုမြင်သော်လည်း လက်တွေ့ကျသောအမြင်ဖြင့်ပြောသည်ဟု ဘန်ကောက်ပို့စ်သတင်းကဆိုသည်။

ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားနှစ်သန်းခန့် ရောက်ရှိနေပြီး ၎င်းတို့ထဲမှ ခုနစ်သိန်းခွဲအား နိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကာ နောက်ထပ် ခုနစ်သိန်းခွဲအား စိစစ်နေဆဲဖြစ်ကြောင်းသိရသည်။ ထို့အပြင် မှတ်တမ်းမှတ်ရာနှင့် စာရင်းသွင်းမထားသော အလုပ်သမားငါးသိန်းခန့်ရှိကြောင်းလည်းသိရသည်။

ဒုတိယအလုပ်သမားဝန်ကြီး ဦးမြင့်သိန်းသည် ထိုင်းဒုတိယအလုပ်သမားဝန်ကြီး၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးအကြီးအကဲတို့နှင့်လည်း တွေ့ဆုံခဲ့ပြီး မြန်မာလုပ်သားများ စိစစ်ခြင်းကိစ္စများ၊ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာထုတ်ပေးရေးရုံးများဖွင့်လှစ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

—Ref: Bangkok Post



**ထိုင်းရောက်မြန်မာအလုပ်သမားများ** ဓာတ်ပုံ - betweenonline.com

# ဂျပန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေ

**ရန်ကုန်၊ မေ ြီ - ၂၂**

မြန်မာနိုင်ငံတွင်သမ္မတဦးသိန်းစိန်လက်ထက်၌ စီးပွားရေးနှင့် ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ပြုလုပ်နေရာ ဂျပန်ကုမ္ပဏီများကလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြောင်းသိရသည်။

ဟွန်ဒါကုမ္ပဏီသည် မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်ထုတ်လုပ်သောစက်ရုံတစ်ရုံတည်ဆောက်ရန် စိတ်ဝင်စားနေကြောင်း အာရှဟွန်ဒါမော်တာကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဟီရိုရှိကိုဘာယာရိက မတ်လ ၃၁ရက်နေ့တွင် ထိုင်းနိုင်ငံ၌ပြောကြားခဲ့သည်။ ထို့အတူ တိုကျိုအခြေစိုက် ကွန်ပျူတာကွန်ရက်စနစ် လုပ်ငန်းများလုပ်ကိုင်သည့် NTT Data ကော်ပိုရေးရှင်းကလည်း ၂၀၁၇ ခုနှစ်အရောက်တွင် လုပ်သား ၅၀၀ အထိခန့်အပ်နိုင်မည့်ကုမ္ပဏီတစ်ခုတည်ထောင်ရန် စီစဉ်ထားသည်ဟု ဧပြီလ ၁၉ရက်နေ့က ပြောကြောင်းသိရသည်။

ဂျပန်နိုင်ငံသည် ရန်ကုန်မြို့တောင်ဘက်ရှိ သီလဝါဆိပ်ကမ်းနှင့်စက်မှုဇုန်တည်ဆောက်ရေး ပါဝင်လုပ်ဆောင်ရန်လည်း စီစဉ်ထားပြီး ထားဝယ်မြို့ရှိ ရေနက်ဆိပ်ကမ်းတွင်လည်း မစ်ဆူဘီရှိနှင့်မစ်ဆူအိကဲ့သို့ကုမ္ပဏီကြီးများပါဝင်ရင်းနှီးမြှုပ်နှံလာရေးအတွက် ဆိပ်ကမ်းတည်ဆောက်နေသည့် အီတလီ-ထိုင်းဆောက်လုပ်ရေးကုမ္ပဏီကတိုက်တွန်းနေသည်။

—Ref: Bloomberg


## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍာ

**ဝန်ထမ်းအလိုရှိသည်**
သင်ကြားရေးဝန်ထမ်းမအလိုရှိသည်။ အချိန်ပြည့်ထမ်းဆောင်ရန်၊ (အသက် ၃၅ နှစ်အောက်)
**ဖုန်း- ၀၉၇၃၀၄၉၅၄၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
မြို့တွင်း၊ မြို့ပြင်အချိန်ပိုင်းယာဉ်မောင်းအလိုရှိပါက ဆက်သွယ်နိုင်ပါသည်။
**ကိုမိုးကြီး - ၀၉၇၃၁၈၈၇၀**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing Executive (၂) ဦး
(လစာ+ကော်မရှင်)
**ဖုန်း - ၀၉-၇၃၀၆၀၂၅၈**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
တက္ကသိုလ်ဟန်မင်းဦး ဓာတ်ပုံအနုပညာ သင်တန်းကျောင်းနှင့် ဓာတ်ပုံဗီဒီယိုရိုက်ကူးရေး
Photoshop ကျွမ်းကျင် မ (၁) ဦး
ပညာသင်ဝန်ထမ်း မ (၅) ဦး
အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။
**ဖုန်း - ၂၂၇၁၉၉**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းအလိုရှိသည်။
၃ တန်နှင့်အထက် ကရိန်းနှင့် ကားတွဲလျက် ကျွမ်းကျင်စွာမောင်းနိုင်သော ယာဉ်မောင်းအလိုရှိသည်။
**ဖုန်း - ၀၉-၅၄၀၆၈၈၀**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ်ကျွမ်းကျင် ကျား/မ (၃) ဦး၊ လစာညှိနှိုင်းပေးမည်။ နေရေး/စားရေး စီစဉ်ပေးမည်။
**Ph: 09-73085592**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
အသက် ၃၀ နှစ်အောက်
အမျိုးသား ဆံပင်ညှပ်ကျွမ်းကျင် ကျား (၂) ဦး
အမျိုးသား အလုပ်သင်/အကူ ကျား (၁) ဦး
အမျိုးသမီး ဆံပင်ညှပ်/ကျွမ်းကျင် မ (၂) ဦး
အမျိုးသမီး Shampoo ကျွမ်းကျင် မ (၃) ဦး
အမျိုးသမီး အလုပ်သင်/အကူ မ (၁) ဦး
အမှတ် (၆၈)၊ ၆ လွှာ၊ ကုက္ကိုလ်ဆွာ ယလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
**ဖုန်း - ၇၃၁၃၇၆၃၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
ရုံးခန်းငှားရန်ရှိသည်။
ဗိုလ်တထောင်တာဝါ၊ ၁၂ လွှာ၊ အမှတ် (၀၄/၀၅)၊ ၆၀ × ၆၀ ရုံးခန်းကျယ်၊ အဲကွန်း (၇) လုံး၊ ဖုန်းပါ၊ ဓာတ်လှေကား (၂) စင်းရှိ၊ ရုံးသုံးပရိဘောဂအပြည့်အစုံဖြင့် အသင့်ရုံးခန်းဖွင့်နိုင်ပါသည်။
**ဖုန်း - ၀၉၈၆၄၀၅၂၀**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
အိမ်စီးကား (Auto Gear) မောင်းရန် အတွေ့အကြုံရှိ (ကျား/မ) ယာဉ်မောင်း တစ်ဦးအလိုရှိပါသည်။
**ဖုန်း- ၂၅၃၃၅၉၊ ၀၉၅၀၄၉၃၉၁**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
စာသင်ကြားမှုနှင့် ဆိုင်သော လစ်လပ်နေရာများတွင် ခန့်အပ်ရန် အတွက်စာသင်ကြားမှုစိတ်ဝင်စားသော ဆရာ၊ ဆရာမများနှင့် Guide များ CV Form နှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။
ပညာစံပြ၊ အမှတ် (၁၅/၁၇)၊ တာမွေဈေးဟောင်းလမ်း၊ တာမွေပလာဇာဘေးလမ်း၊ တာမွေမြို့နယ်။
**ဖုန်း - ၀၉၇၃၁၄၁၁၅၈**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
ရွှေဒဏ္ဍီ သွားဆေးခန်းနှင့် သွားတုလုပ်ငန်းတွင် အလုပ်လုပ်ရန် မ (၅) ဦးအလိုရှိသည်။ အိမ်ထောင်မရှိသူဖြစ်ရမည်။
SSC ရွှေဂုံတိုင်ဆေးရုံ (သွားဆေးခန်း)၊ အလုပ်လျှောက်လွှာလက်ခံချိန်- ညနေ ၅:၀၀ နာရီနောက်ပိုင်း)

--------------------------

**ဝန်ထမ်းအလိုရှိသည်**
အသစ်ဖွင့်လှစ်မည့်ဆိုင်အတွက် အကြော်ဆရာနှင့် အဖျော်ဆရာ အလိုရှိသည်။
**Ph: 095095284**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရန် အတွက်ကျွမ်းကျင်ဝန်ထမ်း (၁) ဦးအလိုရှိသည်။
**ဖုန်း - ၅၅၇၂၈၄၊ ၅၅၇၃၆၁**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Member အလိုရှိသည်။ လူငယ်တွေအများကြီးထဲကမှ အမိုက်စားအလန်းစား ဖြစ်ချင်တယ်ဆိုရင် Yoo Yee Performer Arts Services ကိုဆက်သွယ်လိုက်ပါ။ Yoo Yee ကအမိုက်စား မော်ဒယ်တွေ၊ အမိုက်စား Dencer တွေ၊ အမိုက်စား အဆိုရှင်တွေ အားလုံးကိုဖိတ်ခေါ်ပါသည်။
**ဖုန်း - ၀၉၄၃၀၄၁၇၆၂**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
KMW Trading Co.,Ltd
ယာဉ်မောင်း (၁) ဦး
ဆလွန်းကားမောင်းရန်၊ လုပ်သက် ၁၀ နှစ်အထက်၊ အသက် ၃၀ နှစ်မှ ၅၀ နှစ်အတွင်း
အမှတ်- ၂၁/၂၂ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။
**ဖုန်း - ၂၁၁၂၂၆၊ ၂၁၁၇၈၉**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
PhotoShop ကျွမ်းကျင် မ (၁) ဦး
အထွေထွေဝန်ထမ်း ကျား/မ (၁) ဦး
**ဖုန်း - ၀၁-၃၉၈၂၄၆၊ ext: ၄၀၉၊ ၀၉၅၅၀၁၇၄၂**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Site Engineer
BE (Civil) F/M (2) Post
**Ph: 09-5095512**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
မကြာမီဖွင့်လှစ်မည့် နိုင်ငံခြား ဘာသာစကားသင်တန်းကျောင်းအတွက် ပြင်သစ်၊ ဂျာမန်၊ စပိန်နှင့် ထိုင်းဘာသာစကားသင်ကြားနိုင်သော ဆရာ/ဆရာမ (အသက် ၂၅ နှစ်မှ ၄၀ နှစ်အတွင်း) များကို ဖိတ်ခေါ်ပါသည်။
**ဖုန်း - ၂၂၉၆၀၄(အလုံ)**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
အထွေထွေရောင်းဝယ်ရေးလုပ်ငန်းတွင် တာဝန်ခံ (ရောင်း/ဝယ်) (၁၀) တန်းအောင်/ ဘွဲ့ရ ကျား (၁) ဦး
**ဖုန်း - ၀၉၄၉၃၄၁၄၈၁**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ကြီးမား၊ ပူတင်း & Dimsum အထူးကျွမ်းကျင်
၂။ အစားအသောက်၊ အချက်အပြုတ်၊ အသုတ်အအေးကျွမ်းကျင်
၃။ စားပွဲထိုး (ကျား+မ)
၄။ ကွန်ပျူတာအလုံး (၂၀) ကျော်နှင့် 16 KVA Auto မီးစက် တစ်လုံးအမြန်ရောင်းရန်ရှိသည်။
**ဖုန်း - ၀၉၅၀၉၅၂၈၄**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Admin Staff ကျား (၁)
ဘွဲ့ရ၊ အသက် (၂၀-၂၅)၊ Computer- Microsoft Office Word, Excel, Powerpoint, Photoshop, Design တတ်ကျွမ်းရမည်။ အင်္ဂလိပ် အရေး၊ အဖတ်၊ အပြောကျွမ်းကျင်ရမည်။
အမှတ် (၂၁၄)၊ ၄ လွှာ၊ အနော်ရထာလမ်းနှင့် ၃၂ လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။
**ဖုန်း - ၃၈၆၆၉၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
ဝဒီရှိုင်း (အလှပြင်ဆိုင်)
ခေါင်းလျှော်၊ စက်ဆွဲ မ (၃) ဦး
အမှတ် (၂၆)၊ သံတံတားလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်း။
**ဖုန်း - ၀၉၄၉၅၇၇၈၂၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Media Land Co., Ltd
Marketing Communication Agency
Marketing F (2) PostNo. 75 (F), First Floor, Tarmwe Road, Near SHIN PARGU Clinic, Behind 108 Mini Mart, Bahan Tsp.
**Ph: 0973136185**

--------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍာတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍာကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

# C B BANK

နှစ်သစ်ကူးအခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း ကျန်းမာ၊ ချမ်းသာ ကြပါစေရန် CB Bank မိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

CB Bank မိသားစု

## We value what you value most

**CB Bank ATM ရှိသော နေရာများ (24/7 Service)**

၁။ CB Bank ရုံးချုပ်ဘဏ်
၂။ ဝိဇယဘဏ်ခွဲ
၃။ မင်္ဂလာဈေးဘဏ်ခွဲ
၄။ ဘုရင့်နောင်ဘဏ်ခွဲ
၅။ လမ်းမတော်ဘဏ်ခွဲ
၆။ မန္တလေး (၇၈)လမ်း ဘဏ်ခွဲ
၇။ ပဲခူးဘဏ်ခွဲ
၈။ ပျဉ်းမနားဘဏ်ခွဲ
၉။ တော်ဝင် Center
၁၀။ BAK Shopping Mall
၁၁။ Junction Square
၁၂။ အာရှတော်ဝင်အထူးကုဆေးခန်း
၁၃။ ရန်ကင်း Center
၁၄။ လပြည့်ဝန်းပလာဇာ
၁၅။ North Point Center
၁၆။ Super One (ကျိုက္ကဆံ)

**CB Bank Exchange Counter ရှိသော နေရာများ**

| | | |
|---|---|---|
| (က) သိမ်ဖြူ CB Bank ငွေလဲကောင်တာ | 10:00 am - 04:00 pm | – ၀၁–၃၉၈၅၃၉ |
| (ခ) CB Bank (HO) ရှိ ငွေလဲကောင်တာ | 09:30 am - 03:00 pm | – ၀၁–၃၇၂၆၅၅၊ ၃၇၂၆၄၁၊ ၃၇၇၅၃၉ |
| (ဂ) မန္တလေး (၇၈)လမ်းဘဏ်ခွဲရှိ ငွေလဲကောင်တာ | 09:30 am - 03:00 pm | – ၀၂–၆၉၉၀၅၊ ၆၉၉၀၂ |
| (ဃ) Junction Square Shopping Mall ရှိ ငွေလဲကောင်တာ | 09:30 am - 07:00 pm | – ၀၁–၆၉၈၀၆၃၊ ၆၈၁၅၂၂ |

CB Bank Website - www.cbbankmm.com
E-mail - contact@cbbankmm.com
Facebook - http://www.facebook.com/CBBankmyanmar
CB Bank Application - Apple Store
CB Bank Andriod Application - Andriod market , www.mmandriod.com

# Education

7DAY NEWS JOURNAL

Vol.11, No.7 • APRIL 26 , 2012




## ပညာရေးလောကအတွက် ရောင်နီပျိုးချိန်

နေလင်းထွန်း

နှစ်ပေါင်းများစွာ အေးစက်ငြိမ်သက်နေခဲ့သော မြန်မာနိုင်ငံ၏ ပညာရေးလောကသည် လာမည့်စာသင်နှစ်မှစ၍ စိတ်ဝင်စားဖွယ် အပြောင်းအလဲအချို့ရှိနေသည်။ ပညာရေးအသုံးစရိတ်တိုးမြှင့်လိုက်ခြင်းနှင့်အတူ ပညာတော်သင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရန်၊ သင်ရိုးညွှန်းတမ်းအချို့ပြင်ဆင်ဖြည့်စွက်ရန်နှင့် ပညာသင်နှစ် တိုးမြှင့်ရန် ပညာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။အထူးသဖြင့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကို ယခင်နှစ် ဒီဇင်ဘာလ၌ ပြဋ္ဌာန်းလိုက်ခြင်းဖြင့် အခြေခံပညာအဆင့်တွင် အစိုးရနှင့်ပုဂ္ဂလိကတို့၏ အားပြိုင်မှုကို ပိုမိုသိသာထင်ရှားလာစေတော့မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကိုယ်ပိုင်ကျောင်းအဖြစ် ဘော်ဒါကျောင်း ၂၁ ကျောင်းအား စမ်းသပ်လုပ်ကိုင်ခွင့်ပေးထားပြီး လာမည့် စာသင်နှစ်အမီ နည်းဥပဒေ ထွက်ရှိလာပါက နိုင်ငံသားပုဂ္ဂလိကမှ တည်ထောင်သော ကိုယ်ပိုင်ကျောင်းများ တရားဝင်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

ထိုအချိန်၌ ကျောင်းသားမိဘများအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကတို့၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ မိမိရင်သွေးအတွက် အကောင်းဆုံးအခွင့်အလမ်းကို ရွေးချယ်နိုင်မည်ဖြစ်သည်။ အစိုးရကျောင်းတက်နေရသလို ကျူရှင်နှင့် ဘော်ဒါကျောင်းများတွင် ကျောင်းသင်ခန်းစာများကို ထပ်တလဲလဲ လေ့လာသင်ယူနေရသော ကျောင်းသားများအနေဖြင့် ကျောင်းပြင်ပဘာသာရပ်များ၊ ဗဟုသုတများ ရှာဖွေရန် အချိန်ပိုမိုရရှိလာမည်ဖြစ်သည်။

ကျူရှင်စနစ် ကြီးထွားလာမှုကို နှစ်သက်သဘောကျခြင်းမရှိသည့် မိဘအုပ်ထိန်းသူများအနေဖြင့် ကိုယ်ပိုင်ကျောင်းများက ကျောင်းသားများအတွက် ရွေးချယ်စရာအခွင့်အလမ်းတစ်ခုဖြစ်လာနိုင်သည်။ ကိုယ်ပိုင်ကျောင်းများသည် ကျောင်းသားအားအချိန်ပြည့် ပညာသင်ကြားခွင့်နှင့် အစိုးရ၏ အသိအမှတ်ပြုမှုရရှိမည်ဖြစ်သလို ကျောင်းသင်ဘာသာရပ်များအပြင် ထပ်ဆောင်းဘာသာရပ်နှင့် သင်ခန်းစာများ လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်သည်။ ထပ်ဆောင်းဘာသာရပ်အနေဖြင့် အင်္ဂလိပ်၊ တရုတ်၊ ကွန်ပျူတာ၊ ဂီတအနုပညာဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ကိုယ်ပိုင်ကျောင်းဖွင့်ခွင့်ရရှိရန် စီစဉ်နေသောဘော်ဒါကျောင်းပိုင်ရှင်များကဆိုသည်။

"အင်္ဂလိပ်ဘာသာအပြင် တရုတ်ဘာသာစကား သင်ပေးဖို့ စီစဉ်နေတယ်။ ကွန်ပျူတာကတော့ အခုလက်ရှိကို သင်ပေးနေပါတယ်။ အချိန်ပြည့် သင်ကြားခွင့်ရနေတဲ့အတွက် ကျောင်းစာအပြင် တခြားသင်ခန်းစာတွေနဲ့ ဗဟုသုတတွေ သင်ကြားပေးဖို့ အချိန်ပိုရလာပါတယ်"ဟု စမ်းသပ်ကျောင်းစာရင်းဝင် ဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးကဆိုသည်။

ကိုယ်ပိုင်ကျောင်းတွင်ပညာရေးအခွင့်အလမ်းကောင်းများရှိနေသကဲ့သို့ မြေနေရာအကျယ်အဝန်း၊ အခြေခံ အဆောက်အအုံ၊ အလှူခံစုံမှ ကျောင်းသားများ ဆိုစည်းမှုနှင့် ပညာသင်စရိတ်တို့က ကိုယ်ပိုင်ကျောင်းတွင် ပညာသင်ယူရန် စိတ်ဝင်စားသော ကျောင်းသားများအတွက် စိန်ခေါ်မှုရှိနေသည်။ အထူးသဖြင့် ရန်ကုန်မြို့၌ ကိုယ်ပိုင်ကျောင်းဖွင့်ရန် ပြင်ဆင်နေသော ဘော်ဒါကျောင်းများအနေဖြင့် မြေနေရာနှင့် အခြေခံအဆောက်အအုံ အခက်အခဲသည် လုပ်ငန်းတိုးချဲ့ရန် အဓိကအတားအဆီးဖြစ်နေသည်။

"ဆရာတို့က ဟိုးအရင်တည်းက ကျောင်းသားနှစ်ယောက်၊ သုံးယောက်နဲ့ စာစသင်ခဲ့တဲ့ သူတွေဆိုတော့ တအားချမ်းသာတဲ့သူတွေမဟုတ်ပါဘူး။ ကျပ်သိန်းထောင်သောင်းချီနေတဲ့ မြေနေရာတွေလည်း မဝယ်နိုင်ဘူး။ မနှစ်က ကျောင်းသားအပ်တာ လက်မခံနိုင်လို့ ရပ်ထားရတယ်။ ကျောင်းဆောင်တွေကပြည့်နေပြီ။ အစိုးရက ကိုယ်ပိုင်ကျောင်းတွေကို မြေနေရာအတွက် ငွေအရစ်ကျသွင်းခွင့်ချပေးရင်တော့ သိပ်ကောင်းမှာပါ"ဟု ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ခွင့်ရရှိပါက လုပ်ငန်းတိုးချဲ့ရန် စီစဉ်နေသောဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးကဆိုသည်။

ပုဂ္ဂလိကကျောင်းများတရားဝင်ဖွင့်လှစ်ခွင့်ရရှိပြီ ဆိုသောသတင်း စတင်ထွက်ပေါ်ခဲ့ချိန်က ကျောင်းသားအများအပြား လက်ခံရရှိခဲ့သော ရန်ကုန်မြို့ရှိ ဘော်ဒါကျောင်းတစ်ခုတွင် အခြေခံအဆောက်အအုံ မလုံလောက်မှုကြောင့် အခက်အခဲပြဿနာအချို့ ပေါ်ပေါက်ခဲ့ဖူးသည်။

နယ်မြို့များရှိ ကိုယ်ပိုင်ကျောင်းတည်ထောင်ရန် စီစဉ်နေသော ဘော်ဒါကျောင်းများအနေဖြင့် လုပ်ငန်းချဲ့ထွင်ရန် အဓိကကြုံတွေ့နေရသောအခက်အခဲမှာ ရန်ကုန်မြို့ကဲ့သို့ မြေနေရာမဟုတ်ဘဲ ဆရာ၊ ဆရာမကောင်း ရရှိရေးဖြစ်ကြောင်း မြိတ်မြို့မှ ဘော်ဒါကျောင်းလုပ်ငန်းလုပ်ကိုင်နေသူကဆိုသည်။

"ဆရာ၊ ဆရာမအလုပ်လျှောက်လွှာတစ်ထောင်ကျော်ရတယ်။ စိတ်ကြိုက်က သုံးယောက်ပဲရတယ်။ ပုဂ္ဂလိကဖြစ်တဲ့အတွက် တာဝန်ယူမှုက ပိုလာတယ်လေ။ ကျောင်းသင်ခန်းစာထက် ပိုသင်နိုင်မှရမယ်။လစာက အလယ်တန်း အဆင့်ကို (ကျပ်) နှစ်သိန်းခွဲ၊ သုံးသိန်းပေးထားတာလေ"ဟု ၎င်းကပြောသည်။

ကိုယ်ပိုင်ကျောင်းများ၏ ပညာသင်စရိတ်အနေဖြင့် ဘော်ဒါထားမည်ဆိုပါက လက်ရှိ စမ်းသပ်ကျောင်းများအနေဖြင့် တက္ကသိုလ်ဝင်တန်းအတွက် ရန်ကုန်မြို့တွင် ပျမ်းမျှကျပ်သိန်း၃၀မှ ၄၀ကြားနှင့် မန္တလေးနှင့် ပြင်ဦးလွင်မြို့တို့တွင် ပျမ်းမျှ ကျပ်သိန်း၂၀မှ ၃၀ကြား ကုန်ကျမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဘော်ဒါကျောင်းနှင့် ကျူရှင်သင်တန်းများသည် မိမိတို့ အစီအစဉ်ဖြင့် တည်ထောင်ဖွင့်လှစ်လျက်ရှိရာ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ ထွက်ပေါ်လာခြင်းသည် ပုဂ္ဂလိကနှင့် အစိုးရကျောင်းများအကြား ယှဉ်ပြိုင်မှု ဖြစ်ပေါ်လာစေပြီး ကျောင်းသားများ၏ ပညာအရည်အသွေးမြင့်တက်လာနိုင်ကြောင်း ပညာရေးလေ့လာသူများက သုံးသပ်သည်။

ကိုယ်ပိုင်ကျောင်းများ ထွက်ပေါ်လာချိန်တွင် အစိုးရကျောင်းများကို အားပြိုင်လာနိုင်မှုနှင့် ပတ်သက်၍ "ပြည်သူ့ဆေးရုံတွေရှိသလို ပုဂ္ဂလိကဆေးရုံတွေရှိသလိုပါပဲ။ အဲဒီသဘောပါပဲ။ သူ့အလွှာနဲ့သူ သွားနေမှာပါပဲ"ဟု ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း ဖွင့်လှစ်ထားသော သချာဦးသန်းစိန်ကပြောသည်။

### ပညာရေးသတင်းတိုများ

#### MISY မှ ပန်းချီပြိုင်ပွဲပြုလုပ်မည်

ရန်ကုန်၊ မေ - ၂၁

အသက်ခြောက်နှစ်မှ၁၄နှစ်အရွယ်ကျောင်းသားများအတွက် ပန်းချီ အနုပညာပြိုင်ပွဲကို မေလ ၁၂ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အင်တာနေရှင်နယ်ကျောင်းမှ သိရသည်။ ပြိုင်ပွဲလျှောက်လွှာတင်ရန်အတွက် ဝင်ကြေး ၂,၀၀၀ ကျပ်၊ ဓာတ်ပုံနှစ်ပုံနှင့် မှတ်ပုံတင် သို့မဟုတ် ကျောင်းသားကတ်ယူဆောင်လာရမည်ဖြစ်ပြီး ပြိုင်ပွဲ၌ ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

#### စီးပွားရေးဆိုင်ရာဟောပြောပွဲကျင်းပမည်

ရန်ကုန်၊ မေ - ၂၀

'Your's Insight'အမည်ဖြင့် စီးပွားရေးဆိုင်ရာဟောပြောပွဲကို ဧပြီလ ၂၉ ရက်၊ နေ့လယ် ၁နာရီတွင် ယုဇနတာဝါရှိ Wise သင်တန်းကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ မြန်မာ့စီးပွားရေး အနာဂတ်ဈေးကွက်အကြောင်းကို ဦးမြင့်ဇော်က ရှင်းလင်းဟောပြောမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

#### အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာသင်တန်း လျှောက်ထားနိုင်

ရန်ကုန်၊ မေ - ၂၀

ရန်ကုန်နည်းပညာတက္ကသိုလ်၌အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဇွန်လ ၁ ရက်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ဧပြီလကုန်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာ၊ သတ္တုထုတ်ဖော်ရေး အင်ဂျင်နီယာ၊ ဗိသုကာအင်ဂျင်နီယာနှင့် ဘူမိဗေဒဌာနများမှ ဒီပလိုမာဘာသာရပ်၁၇ မျိုးကို သင်ကြားပို့ချမည်ဖြစ်ပြီး အသေးစိတ်ကိုဖုန်း-၅၂၂၆၆၁ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

## ကန်ပညာသင်ဆုအတွက် ဟောပြောပွဲများ ကျင်းပမည်

ရန်ကုန်၊ မေ - ၂၀


အမေရိကန်ပညာသင်ဆုအစီအစဉ်များအတွက် ပညာရေးဟောပြောပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်စင်တာမှ သတင်းထုတ်ပြန်ထားသည်။

Humphrey ပညာသင်ဆုအကြောင်း ပညာရေးဟောပြောပွဲကို ရန်ကုန်မြို့ရှိ အမေရိကန်စင်တာ၌ ဧပြီလ ၂၆ရက်နှင့် မေလ ၂၄ရက်တွင် ညနေ ၅နာရီနှင့် မန္တလေးမြို့ရှိ ဂျက်ဖာဆင်စင်တာ၌ မေလ ၂ရက်တွင် ညနေ ၃နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။

Fulbright ပညာသင်ဆုအကြောင်း ပညာရေးဟောပြောပွဲကို ရန်ကုန်မြို့ရှိအမေရိကန်စင်တာ၌ ဧပြီလ ၂၇ရက်နှင့် မေလ ၂၅ရက်တွင် ညနေ ၅နာရီနှင့် မန္တ လေးမြို့ရှိ ဂျက်ဖာဆင်စင်တာ၌ မေလ ၃ရက်တွင် ညနေ ၃နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် တစ်နှစ်ကြာ ပညာလေ့လာခွင့်ရရှိမည့် Hubert H. Humphrey အစီအစဉ်အတွက် ဇွန်လ ၈ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ပြီး မဟာဘွဲ့သင်တန်း Fulbright အစီအစဉ်အတွက် ဇွန်လ၁၈ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012



## အယ်ဒီတာထံ ပေးစာ

### အင်္ဂလိပ်လို ညှပ်ပြောတာလေး လျှော့စေချင်

ဟောပြောပွဲများမှာလည်း ကောင်း၊စာပေများရေးသားကြရာမှာလည်းကောင်း အင်္ဂလိပ်စကားလုံးများကြားညှပ်ရေးသားပြောဆိုမှုများပြားလာနေသည်ကိုသတိပြုမိပါသည်။ ပညာရပ်ဆိုင်ရာစကားလုံးများသာမက သာမန် နေ့စဉ်သုံး စကားများတွင်ပါ အင်္ဂလိပ်စကားလုံးများ ကြားညှပ်အသုံးပြုမှုများပြားနေသည်။ ပညာရပ်ဆိုင်ရာစကားလုံးများမှာ စတင်သုတေသနပြုသည့် နိုင်ငံ၏ ဘာသာစကားဖြင့်သာ ရှိတတ်ကြသည့်အတွက် မြန်မာပြန်ပြီးသား အဆင်သင့်မရှိသည့်စကားလုံးများကို သူ့မူရင်းအတိုင်း ထည့်သုံးသည်မှာသင့်လျော်သော်လည်း သာမန်နေ့စဉ်သုံး စကားများမှာတော့ အဓိပ္ပာယ်တစ်ခုကို ပြည့်ပြည့်စုံစုံဖော်ဆောင်နိုင်သည့်ကြွယ်ဝသည့် မြန်မာဝေါဟာရများရှိနေသောကြောင့် မြန်မာဝေါဟာရများသာ ထည့်သုံးစွဲသင့်၏။

စာရေးသားထုတ်ဝေခြင်း၊ ဟောပြောခြင်းများသည် အများသူငါသိစေဖို့ကလည်း အကြောင်းတစ်ခုအနေဖြင့် ပါဝင်နေသဖြင့် မလွှဲမရှောင်သာ ထည့်သုံးရမည့် အင်္ဂလိပ်စကားလုံးမှလွဲလျှင် ပရိသတ် သိလွယ်၊မြင်လွယ်စေသည့် မြန်မာစာ၊မြန်မာစကားချည်းသာဖြစ်နေသင့်သည်။ ပရိသတ်ဆိုတာက အရည်အချင်းအမျိုးမျိုးရှိကြသည်။ အင်္ဂလိပ်ဝေါဟာရများကိုများများသိတဲ့လူ၊နည်းနည်းပဲသိတဲ့သူနှင့် လုံးဝကို မသိတဲ့လူစသည်များပါဝင်ကြသည်။ စာတစ်ကြောင်း စကားတစ်ခွန်းမှာ အင်္ဂလိပ်စကားလုံး ညှပ်ပါနေလျှင် မသိသည့်သူအတွက်က အဓိပ္ပာယ်တစ်ခုလုံး ကွယ်ပျောက်နေတတ်သည်။ သို့သော် မသိခြင်းကိုဘဲ ကိုယ့်ရဲ့အားနည်းချက်အဖြစ် အလျှော့ပေး လက်ခံရင်း ရေးသမျှ၊ ဟောပြောသမျှကို လက်ခံသဘောတူလိုက်ရ၏။

မြန်မာစာမြန်မာစကားတွင် မည်သည့် အကြောင်းအရာကိုမဆို (ပညာရပ်ဆိုင်ရာစကားလုံးများမှလွဲ၍) ပြီးပြည့်စုံသည့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ကြွယ်ဝသည့်ဝေါဟာရများရှိနေပါသည်။ မြန်မာစာ မြန်မာစကားသည် ဝေါဟာရကြွယ်ဝသည့်ဘာသာစကားဖြစ်ကြောင်းလည်း မြန်မာလူမျိုးတိုင်းလည်း သိရှိပြီးဖြစ်သည်။

မြန်မာစကားလုံးများသည် အကြောင်းအရာတစ်ခုတည်းကို ပင်ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ အမြင်အမျိုးအမျိုး၊ ခံစားချက်အမျိုးမျိုးတို့ဖြင့် မတူကွဲပြားသည့် အဓိပ္ပာယ်တို့ဖြင့် ပုံဖော်ရေးသားပြောဆိုနိုင်သည်။ လိုရင်လည်း လိုသလို၊ မလိုရင်လည်း မလိုသလို အလှည့်အပြောင်းများဖြင့်လည်း စကားလုံးများဖြင့် ဖန်တီးနိုင်သည်။ ပျော့ပျောင်းချင်လျှင်လည်း ပျော့ပျောင်းသည့်အလျောက်၊ မာကျောချင်လျှင်လည်း မာကျောသည့်အလျောက် ပြောနိုင်ဆိုနိုင်၏။ ပျော့ပျောင်းမှုကို ကိုယ်စားပြုထားသည့်စကားများသည် စကားလုံးများကိုယ်တိုင် နူးညံ့နေကြသည်။ ပိသာလေးနဲ့ ဘေးပစ်သလို အထိနာစေသည့်စကားလုံးများလည်းရှိပါသည်။ အရှိအတိုင်းမဟုတ်ဘဲ ပိုပိုသာသာ တင်စားပြောဆိုလို့ရသည့် စကားလုံးများသည်လည်း တစ်ပြိုင်နက်တည်းရသအမျိုးမျိုးကို ပေးစွမ်းနေသည်။ ယဉ်ကျေးမှုဆိုင်ရာစကားလုံးများကိုလည်း အသက်အရွယ်အလိုက်၊ ရာထူးဌာနန္တရအလိုက်၊ ပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်အလိုက်လည်း သီးသီးခြားခြား ခွဲခြားထားရှိပါသေးသည်။ ပေါ့ပါးစေလိုလည်း တစ်မျိုး လေးနက်စေလိုလည်း တစ်မျိုး ခံစားမှုနှင့်ပတ်သက်လျှင်လည်း တစ်ဖက်လူ ရင်ထဲ ထပ်တူခံစားသွားစေနိုင်သည်အထိ ရေးနိုင်ပြောနိုင်စွမ်း၏။ ရိလုံး၊ ထေ့လုံးတွေဆိုလျှင်လည်း တစ်လုံးတည်းနှင့်ပင် ကျစ်လျစ်သိပ်သည်းမှုရှိနေကြသည်။ အဖိ၊ အဖွ၊ အဖော့လေးများဖြင့် တို့ကနန်း၊ ဆိတ်ကနန်း မြန်မာစကားလုံးများကို ပန်းပေါင်းစုံ သီကုံးထားသည့် နှယ်ရှေးစာဆိုကြီးများက တင်စားသွားခဲ့ကြဖူးသည်။ မြန်မာဝေါဟာရကြွယ်ဝပြည့်စုံမှုကို ယနေ့ခေတ်ပေါ် ကဗျာများ၊ တေးသီချင်းများကို ခံစားကြည့်လျှင်လည်း သိသာစေပါသည်။ မြန်မာဝေါဟာရကြွယ်ဝမှုကို သာဓကအနေဖြင့်လည်း ပုံပြင်လိုလို ဇာတ်လမ်းတိုလေးများဖြင့် တန်ဆာဆင်လျှင် မြန်မာလူမျိုးအချင်းချင်းလည်း ပြောဆိုတတ်ကြသည်။

အင်္ဂလိပ်စကားလုံးများ ကြားညှပ်ပြောဆိုရေးသားကြသည်မှာ အခုမှလားဆိုတော့လည်းမဟုတ်ပါ။ဟိုးအရင်ကတည်းက အမြစ်တွယ်လာသည့် အလေ့အထလည်းဖြစ်၏။ ကိုလိုနီဖြစ်ခဲ့ဖူးသည့်နိုင်ငံများ၊ ပြည်ပတိုင်းပြည်များနှင့် လူမှုစီးပွားဆက်ဆံမှုမြင့်မားသည့်နိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အလေ့အထလည်းဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် မိမိ၏မူရင်းဘာသာစကားတွင် နိုင်ငံခြားဘာသာစကားညှပ်ပါနေခြင်းသည် မူရင်းဘာသာစကားတန်ဖိုးအရောင်မှိန်နေတတ်သလိုဖြစ်နေသည်ကတော့ အမှန်ပဲဖြစ်သည်။ ရေးသူပြောသည်က ရည်ရွယ်ချက်တစ်စုံတစ်ရာမရှိဘဲ အကျင့်ပါနေခြင်းကသာ အဓိကဖြစ်ပါလိမ့်မည်။ ပြင်မည်ဆိုလျှင်လည်း ပျက်အစဉ် ပြင်ခဏဆိုသလို ပြင်လိုက်လို့လည်းရပါသည်။

တကယ်တော့ မြန်မာစာ၊ မြန်မာစကားတွင် မည်သည့်ဘာသာစကားမှ ရောယှက်ပါဝင်မှုမရှိခြင်းသည် မိမိ၏ မူပိုင်ဘာသာစကားတန်ဖိုး မြင့်မားခြင်း၏ ပြယုဂ်လည်းဖြစ်သည်။ အဓိပ္ပာယ်တစ်ခုသက်ရောက်ဖို့မည်သည့်ဘာသာစကားစာပေ၏ အထောက်အကူမလိုဘဲ ကိုယ်ပိုင်စကားလုံးများဖြင့် ကုံလုံသည့်အဓိပ္ပာယ် ဖော်ဆောင်နိုင်စေရန် ရေးနိုင်ပြောနိုင်စွမ်းရှိကြောင်း ပြသရာလည်းရောက်သည်။ အင်္ဂလိပ်စကားလုံးများနှင့် အကျွမ်းဝင်မှုနည်းပါးသည့် လူတန်းစားအလွှာအသီးသီးအတွက်လည်း အသုံးတည့်နေတတ်ပါသည်။ ထို့ကြောင့် မလွှဲမရှောင်သာသည့် အင်္ဂလိပ်စကားလုံးမှလွဲလျှင် အင်္ဂလိပ်စကားလုံးများ ကြားညှပ်သုံးစွဲခြင်းမျိုးရှောင်ရှားသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ကြည်လုနိုင်**

## စိတ်ကျဝေဒနာရှင် ပြုစု ကုသမှု ရက်တိုသင်တန်းဖွင့်မည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ - ၂၀**

စိတ်ကျဝေဒနာရှင်များအတွက် သိမှုဆိုင်ရာ အပြုအမူကုထုံး လက်တွေ့သင်ကြားမှုသင်တန်းကို မြန်မာနိုင်ငံ စိတ်ပညာရှင်များအ သင်းက ပထမအကြိမ် ဦးစီးဖွင့်လှစ်မည်ဖြစ်ကြောင်း စိတ်ပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြတ်ကျော်စိန်က ပြောသည်။

ရက်တိုသင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး မည်သူမဆိုလာရောက်သင်ကြားနိုင်ကြောင်းသိရသည်။ သင်တန်းကာလအတွင်း အကြံပေးဆွေးနွေးခြင်း၏ အခြေခံများနှင့် ပြဿနာများ သုံးသပ်ခြင်း၊ သိမှုဆိုင်ရာ အပြုအမူကုထုံး၏ အခြေခံများ၊ ကုခန်းဆိုင်ရာကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို အပိုင်း(၃)ပိုင်းခွဲ၍ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ ၁၀ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ တစ်သိန်းငါးသောင်းကျပ်ဖြစ်သည်။

“သက်ကြီးရွယ်အိုတွေမှာ စိတ်ကျဝေဒနာခံစားရတဲ့သူများတယ်။ ဆေးပညာဆိုင်ရာ ကုထုံးနဲ့တစ်ဖက်က ကုသသလို တစ်ဖက်ကလည်း အပြုအမူတွေနဲ့ ကုသဖို့လိုပါတယ်”ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းသင်တန်းကို မြန်မာနိုင်ငံစိတ်ပညာရှင်များအသင်းမှ ဆရာ၊ ဆရာများနှင့် ဒေါက်တာ Benjamin A. Weinstein, PhD (Consulting Clinical Psycholosgist) တို့က ပူးပေါင်းသင်ကြားပေးမည်ဖြစ်သည်။

## သင်ကြားရေးစွမ်းဆောင်ရည် မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန်၊ မေ - ၂၀**

ဆရာ၊ ဆရာမများ သင်ကြားရေး စွမ်းရည်မြှင့်တင်မှုအလုပ်ရုံဆွေးနွေးပွဲနှင့် ကျောင်းသားများ သင်္ချာဉာဏ်စွမ်းရည်ပြိုင်ပွဲကို မေလ ၁၃ ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

သင်္ချာဉာဏ်စွမ်းရည်ပြိုင်ပွဲတွင် တစ်ဦးချင်းနှင့်အဖွဲ့လိုက်ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး အစိုးရနှင့် ပုဂ္ဂလိကဆရာ၊ ဆရာမများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လေ့လာနိုင်မည်ဖြစ်ကြောင်းသိရသည်။

တစ်ဦးချင်း သင်္ချာဉာဏ်စွမ်းရည်တွင် အနိုင်ရသူများကို ပညာသင်ထူးချွန်ဆုများ ချီးမြှင့်မည်ဖြစ်ပြီး အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုအတွက် အမေရိကန်ဒေါ်လာတစ်ထောင်၊ ဒုတိယဆုအတွက် အမေရိကန်ဒေါ်လာငါးရာနှင့် တတိယဆုအတွက် အမေရိကန်ဒေါ်လာသုံးရာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအစီအစဉ်ကိုမလေးရှားပညာရေးဌာနနှင့်ပြည်တွင်းရှိJenko-Rexpo ပညာရေးဝန်ဆောင်မှုလုပ်ငန်းတို့ ဒုတိယအကြိမ်မြောက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ပထမအကြိမ်၌ သင်္ချာဉာဏ်စွမ်းပြိုင်ပွဲတွင် တစ်ဦးချင်း ဖြေဆိုသူ ၂၂၀ ဦးနှင့် သုံးယောက်တစ်ဖွဲ့ ယှဉ်ပြိုင်သော အဖွဲ့ပေါင်း ၃၇ဖွဲ့ရှိခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမ ၁၂၀ဦး တက်ရောက်လေ့လာခဲ့သည်။

STUDY IN LONDON
LONDON SCHOOL OF COMMERCE
THE ASSOCIATE COLLEGE OF CARDIFF METROPOLITAN UNIVERSITY



LSC London

Cardiff Metropolitan University
Prifysgol Fetropolitan Caerdydd
UWIC

Cardiff Metropolitan University မှ ပေးအပ်သော နိုင်ငံတကာအသိအမှတ် ပြု British Degree and MBA Programme များကို LSC တွင် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားပြီးကုန်ကျစရိတ် သက်သာစွာဖြင့် တက်ရောက်နိုင်ပြီဖြစ်ပါသည်။

နေ့ရက် - မေ ၂၈ ရက်၊၂၀၁၂ (စနေနေ့)
အချိန် - နံနက် (၁၀)နာရီ မှ နေ့လည် (၁၂)နာရီ
နေရာ - CROWN Education မြေနီကုန်းရုံးခွဲ၊ အခန်း(၄၀၄)၊နေလှိုင်တာဝါ KBZ ဘဏ်အပေါ်ထပ်။

CROWN EDUCATION
Call Us:
09 732 732 77
01 527 838

For more information contact:
Ms. Thi Ri May
Marketing and Admissions Officer
Tel: +44 (0) 207 053 0077
Mobile: +44(0)7888 811 822
Email : thiri.may@lsclondon.co.uk

မြန်မာကျောင်းသားများ အတွက်သီးသန့်ရရှိနိုင်မည့် အထူးပညာသင်ထောက်ပံ့ကြေးအစီအစဉ် *
*ပညာသင်ထောက်ပံ့ကြေး တွင်နေထိုင်စရိတ်မပါဝင်ပါ

MBA £6,450*
MASTER OF BUSINESS ADMINISTRATION

MSc £6,950*
INFORMATION TECHNOLOGY
INTERNATIONAL TOURISM MANAGEMENT
INTERNATIONAL HOSPITALITY MANAGEMENT

BA(Hons) £11,950*
ACCELERATED 2 YEAR COURSE
BUSINESS STUDIES

BSc(Hons) £10,950*
ACCELERATED 2 YEAR COURSE
COMPUTING

# Technology

7 DAY NEWS JOURNAL

Vol.11, No.7 • APRIL 26 , 2012


## နည်းပညာမြင့် သတ္တုအရည်များကြောင့် iPhone 5 မှာ အလွှန်ပါးလွှာနိုင်



**လန်ဒန်၊ မေ - ၂၁**

သတ္တုအရည်ဟု ထင်ရှားသောလူသိနည်းသေးသည့် နည်းပညာအဆင့်မြင့် သတ္တုစပ်တစ်မျိုးကို အသုံးပြုထား၍ Apple ကုမ္ပဏီမှ အသစ်ထုတ်လုပ်မည့် iPhone 5 ဖုန်းမှာအလွန်ပါးလွှာနိုင်ကြောင်း သိရသည်။

တိုက်တေနီယံ၊ နီကယ်၊ ကြေးနီနှင့် ဇာကိုနီယံစသော သတ္တုများနှင့် ပေါင်းစပ်ထားသည့် သတ္တုစပ်မှာ အလွန်ခိုင်ခံ့ပေ့ါပါးပြီး အစင်းရာ၊ အခြစ်ရာများ မဖြစ်ပေါ်ဘဲ တို့ထိလိုက်လျှင် မှန်သားပြင်ကဲ့သို့ချောမွေ့သည်။

သို့သော် ဖုန်းတွင်သုံးစွဲမည့် အဆင့်မြင့်နည်းပညာအစိတ်အပိုင်းများအလုံအလောက်မရရှိနိုင်၍ iPhone 5 ထွက်ရှိမှုနောက်ကျနိုင်သည်ဟု ဆန်းစစ်လေ့လာသူများက သုံးသပ်ကြသည်။

အဆင့်မြင့်နည်းပညာ သတ္တုအရည်မှာ ပလတ်စတစ်ကဲ့သို့ ပုံစံခွက်တစ်ခုထဲ ထိုးသွင်းပုံဖော်နိုင်ပြီး ပိုမို၍ ချောမွေ့ညက်ညောသောပုံသဏ္ဍာန်ရရှိနိုင်မည်ဟုဆိုသည်။

ယင်း iPhone 5 ကို လာမည့်အောက်တိုဘာလတွင် စတင်မိတ်ဆက်မည်ဟု အချို့က ခန့်မှန်းထားကြသော်လည်း ဇွန်လတွင်ပြုလုပ်မည့် Apple Developers ကွန်ဖရင့်မှာပင်မိတ်ဆက်နိုင်သည်ဟုလည်း ခန့်မှန်းကြသည်။

ယခုထွက်ပေါ်လာသော သတင်းများကြောင့် Apple ကုမ္ပဏီ၏ ရှယ်ယာများ ၃ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်သွားသည်ဟုဘလွန်းဘာ့ဂ်သတင်းတွင် ဖော်ပြသည်။

အခြားဖုန်းထုတ်လုပ်သူများဖြစ်သော HTC နှင့်ဆမ်ဆောင်းကဲ့သို့ကုမ္ပဏီများကလည်း နည်းပညာအဆင့်မြင့်ဖုန်းများ ထုတ်လုပ်ထားပြီး ဆမ်ဆောင်းကုမ္ပဏီကဂင်းတို့၏ နောက်ဆုံးပေါ် Galaxy S3 အား မကြာမီဖော်ထုတ်ပြသသွားမည်ဟု ကြေညာထားသည်။

*—Ref: Dailymail*

## နယ်စပ်ဖြတ်ကျော်ဖိုက်ဘာ ဆက်ကြောင်းများ မြန်နှုန်းတိုးချဲ့မည်

**ယုဇနကိုကို**

**ရန်ကုန်၊မေ-၂၁**

ပြည်တွင်း၏ အင်တာနက်အမြန်နှုန်းများမြှင့်တင်ရေးအတွက် မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော်ဖိုက်ဘာဆက်ကြောင်းများပေါ်တွင် 10Gbps အထိထပ်မံတိုးချဲ့ရန် မြန်မာ့ဆက်သွယ်ရေးမှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အစိုးရအနေဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းမတိုင်မီ ကာလအတွင်း အင်တာနက်အမြန်နှုန်းကို 10 Gbps အထိထပ်မံတိုးချဲ့ရန် ဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းကာလအတွင်းတွင် ပြည်တွင်း၏ အင်တာနက်မြန်နှုန်းပမာဏကို 15 Gbps အထိရှိလာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဟု ယင်းလုပ်ငန်းမှသတင်းရရှိသည်။

ယခုလက်ရှိမြန်မာနိုင်ငံ၏ အင်တာနက်အမြန်နှုန်းပမာဏမှာ 3.72 Gbps ဖြစ်သည်။

ထိုသို့ ပြည်တွင်းအင်တာနက်မြန်နှုန်းများကို မြှင့်တင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးအနေဖြင့် အိမ်နီးချင်းပြည်ပနိုင်ငံများရှိ နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း စတင်နေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြည်တွင်း၏ အင်တာနက်မြန်နှုန်းမြှင့်တင်ရေးအတွက် ယင်းကဲ့သို့ Bandwidth များကို ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းများအပြင် ရေအောက်ကေဘယ်လ်ဆက်သွယ်ရေးစနစ်ဖြစ်သော SE-ME-WE 4 ကိုပါ တိုးချဲ့တည်ဆောက်ရန် ဆောင်ရွက်နေကြောင်းလည်း အဆိုပါလုပ်ငန်းမှ သိရသည်။

မြန်မာနိုင်ငံ၏ အင်တာနက်မြန်နှုန်းများသည် ကာလအတော်ကြာသည်အထိ အိမ်နီးချင်းနိုင်ငံအချို့ထက် အရည်အသွေးများကျဆင်းခဲ့သဖြင့် ပြည်တွင်းသုံးစွဲသူများတွင်



## နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်း လက်ငင်းငွေချေဝယ်လိုသူများ အခက်တွေ့နေ

**ယုဇနကိုကို**

**ရန်ကုန်၊မေ-၁၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ချထားပေးနေသော ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကိုငွေလက်ငင်းပေးချေဝယ်ယူလိုသည့်သူများအတွက် အခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

အဆိုပါဖုန်းများသည် အရောင်းဆိုင်များတွင် အရစ်ကျစနစ်ဖြင့် အမြတ်တင်ကာရောင်းချမှုများမှာ များပြားလွန်းသဖြင့် လက်ငင်းငွေချေကာဝယ်ယူလိုသူများအတွက် အလွယ်တကူဝယ်ယူမရရှိသည့် အခက်အခဲများကို ကြုံတွေ့နေရခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တွင်းနေထိုင်သည့် အဆိုပါဖုန်းသုံးစွဲနေသူများကပြောသည်။

ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရန်ကုန်မြို့အတွက် ယင်းဖုန်းများကို အစိုးရရုံးပိတ်ရက်ကာလအတွက် အလုံးရေတစ်သိန်းသာ ချထားပေးခြင်းကလည်း ရောင်းလိုအားနှင့် ဝယ်လိုအားကို မမျှတမှုကိုဖြစ်စေကြောင်း ရန်ကုန်မြို့အခြေစိုက် ပုဂ္ဂလိကမိုဘိုင်းကုမ္ပဏီအချို့ထံမှ သိရသည်။

"နေ့ချင်းပြီးကို မိနစ်ပိုင်းအတွင်းမှာ ဝယ်လို့ရမယ်ဆိုပြီးသိထားတာ။

**စာ(၂၄)သို့**




# Windows 8 Operating System မူကွဲသုံးမျိုး မိုက်ကရိုဆော့ဖ် ထုတ်ဖော်ပြသ




**လန်ဒန်၊ ဧပြီ - ၁၈**

ကွန်ပျူတာဆော့ဖ်ဝဲကုမ္ပဏီကြီး မိုက်ကရိုဆော့ဖ်သည် ယခုခေတ်စားနေသည့် သင်ပုန်းကွန်ပျူတာများတွင် အသုံးပြုနိုင်သည့် ၎င်းတို့၏ Windows 8 Operating System အပါအဝင် ကွန်ပျူတာများအတွက် OS မူသစ်သုံးမျိုးကို မကြာမီက ထုတ်ဖော်ပြသခဲ့သည်။ ကုမ္ပဏီ၏ windows ဆော့ဖ်ဝဲဌာနမှ ဆက်သွယ်ရေးအကြီးအကဲ ဘရန်ဒွန်လီဘလန့်က ကုမ္ပဏီ၏ဘလော့ဂ်၌ "ကျွန်တော်တို့ဟာ အသုံးပြုသူတွေအဆင်ပြေအောင် အကောင်းဆုံးကြိုးစားထားပါတယ်။ Windows 8 OS ဟာမူကွဲသုံးမျိုး နဲ့ ထွက်လာမှာပါ" ဟုအတည်ပြုကြေညာခဲ့သည်။

Windows 8 OS ကို အိမ်သုံးတစ်ကိုယ်ရေသုံးကွန်ပျူတာနှင့် လက်ပ်တော့များအတွက် တစ်မျိုး၊ ပရော်ဖက်ရှင်နယ်သမားများနှင့် ကွန်ပျူတာပညာရှင်များအတွက် Windows 8 Pro ဟုတစ်မျိုး၊ စွမ်းအင်သုံးစွဲမှုနည်းသည့် အပေါ့စား Ultrabook လက်ပ်တော့များနှင့် သင်ပုန်းကွန်ပျူတာများအတွက် Windows RT ဟု တစ်မျိုး ဖြန့်ချိမည်ဖြစ်သည်။ မိုက်ကရိုဆော့ဖ်သည် Windows 8 OS ကိုဖြန့်ချိမည့်နေ့ရက်ကိုမူ အတည်မပြုသေးကြောင်း သိရသည်။

*—Ref:Telegraph*




## စာ(၂၃) - နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်း လက်ငင်းငွေချေဝယ်လိုသူများ အခက်တွေ့နေ မှ

တကယ်တမ်း သွားဝယ်တော့ နှစ်နာရီလောက်စောင့်ပြီးမှ ဝယ်လို့ရခဲ့တယ်။ ဖုန်းရဖို့အတွက်တောင် ဆိုင်ပေါင်းငါးဆိုင်ကျော်ကျော်ရောက်ခဲ့ရတယ်။ ဆိုင်တော်တော်များများက အရစ်နဲ့မှရောင်းမယ်။ လက်ငင်းဆိုမရောင်းဘူး ဆိုပြီး ပြောပြောလွှတ်ကြတယ်" ဟု သာကေတမြို့နယ်တွင် နေထိုင်သည့်အသက် ၂၇ နှစ်အရွယ်ရှိ အိမ်ရှင်မတစ်ဦးက သူမ၏အတွေ့အကြုံကိုပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပါအဝင် ၎င်းနှင့်အကျိုးတူပူးပေါင်းထားသော ပုဂ္ဂလိကုမ္ပဏီများထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူကြသည့် အရောင်းဆိုင်များထံသို့ ယခုလ ၅ ရက်ကတည်းက ဖုန်းကတ်များ ကြိုတင်ရောက်ရှိနေပြီဖြစ်သည်။

ကျပ်နှစ်သိန်းဖုန်းများ စတင်ရောင်းချသော ဧပြီ ၉ ရက် မတိုင်မီကပင် မိုဘိုင်းဖုန်းအရောင်းဆိုင်အချို့က ယင်းဖုန်းများကို အစိုးရသတ်မှတ်ဈေးဖြစ်သည့် ကျပ်နှစ်သိန်းအပြင် နောက်ထပ်ကျပ်ငါးသောင်းဝန်းကျင်အထိ ဈေးတင်ကာ အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသူများကို ကြိုတင်စနစ်ဖြင့်ရောင်းချနေခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ အရစ်ကျရောင်းပေးတယ်ဆိုတာ နှစ်သိန်းကို လက်ငင်းမဝယ်နိုင်တဲ့သူတွေအတွက်ပါ။ ကြိုတင်ပြီး ရင်းနှီးထားရတဲ့အတွက် အမြတ်ထပ်တင်ထားတဲ့သဘောပါ။ ဒါပေမဲ့ ဖုန်းကတ်တွေက ဆက်သွယ်ရေးက ချထားပေးတာနည်းတဲ့အတွက်တော့ အရစ်ကျနဲ့ကြိုဝယ်တဲ့သူတွေတိုင်းတောင် မရဘူးဖြစ်နေတယ်။ ကတ်အရေအတွက်ကျပ်နေတဲ့သဘောဖြစ်နေတယ်" ဟု ကျပ်နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်းကတ်များရောင်းချနေသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ မန်နေဂျာတစ်ဦးကပြောသည်။

ထို့အပြင် အထက်ပါအဖုန်းအရောင်းဆိုင် အများစုသည် ဖုန်းဝယ်ယူလိုသူများကို ၎င်းတို့ဆိုင်မှ ဖုန်းအိမ် (ဟန်းဆက်) များကို ဝယ်ယူပါက ဆင်းမ်ကတ်တန်ဖိုးမှာ ကျပ်နှစ်သိန်းတစ်သောင်းမှ နှစ်သိန်းနှစ်သောင်းအထိရှိနေပြီး ဟန်းဆက်မဝယ်ယူသူများအနေဖြင့် ဆင်းမ်ကတ်တန်ဖိုးကို မူလဈေးထက် နောက်ထပ်နှစ်သောင်းမှ သုံးသောင်းကျပ်အထိ အပိုထပ်ဆောင်းပေးနေရကြောင်းလည်း သုံးစွဲနေသူများထံမှသိရသည်။

ဖုန်းအရောင်းဆိုင်များအနေဖြင့် ယခုလက်ရှိတွင်အသုံးမပြုနိုင်သေးသော ရန်ကုန်ပြင်ပရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဆင်းမ်ကတ်များကို ရန်ကုန်မြို့တွင်း ရောင်းချနေကြပြီး အဆိုပါဖုန်းများမှာ လတ်တလောတွင် အသုံးမပြုနိုင်သေးဘဲ မေလပထမပတ်အတွင်းမှသာ အသုံးပြုနိုင်မည်ဆိုသည့် အချက်အလက်ကို ဝယ်ယူသူများကို ပြောဆိုရှင်းပြခြင်းမပြုဘဲ ရောင်းချနေကြခြင်းများလည်း ဆက်တိုက်ဖြစ်ပေါ်နေကြကြောင်း သိရသည်။

"ကျွန်တော့်ကိုဗျာ မြို့ထဲကဆိုင်တစ်ဆိုင်က မိတ္ထီလာကုတ်နံပါတ်နဲ့ဖုန်းကို ခပ်တည်တည်ရောင်းလိုက်တယ်ဗျာ။ နောက်မှ ဒီမှာဖွင့်မရတော့မှသိသွားတာ။ ဆိုင်သွားပြောတော့ မေလဆိုရပါပြီဆိုပြီး လွယ်လွယ်ပဲပြန်ပြောတယ်ဗျာ" ဟု အသက် ၄၀ နှစ်အရွယ်ရှိတက္ကစီယာဉ်မောင်းတစ်ဦးကလည်း၎င်း၏အတွေ့အကြုံကိုပြောသည်။

ရန်ကုန်မြို့တွင် စတင်ရောင်းချခဲ့သည့် ဧပြီလဒုတိယပတ်အတွင်း ယင်းဖုန်းများ၏ တန်ဖိုးမှာ ကျပ်နှစ်သိန်းခြောက်သောင်းအထိ ဈေးနှုန်းများမြင့်တက်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012






မောင်ဖိုးတင်ရဲ့ ခေါင်းစားချက်များ

# အဟောင်းကျပ်ချွတ်ရှစ်နှစ်

မောင်ဖိုးတင်

မြန်မာနိုင်ငံကို နိုင်ငံခြားသား တစ်ယောက်လာလည်ရင် ဒေါ်လာ အသစ်ကျပ်ချွတ်နီးနီးယူလာဖို့ လိုပါတယ်။ တစ်ချိန်တည်းမှာပဲ ခရီးသွားလုပ်ငန်းကိုမြှင့်တင်နေပြီး ကမ္ဘာကြီးထဲကိုမြန်မာနိုင်ငံက ပြန်ဝင်ဖို့လုပ်နေပါတယ်။ ခရီးသွားလုပ်ငန်းအတွက် အခြေခံအဆောက်အအုံပိုင်း တည်ဆောက်ရေးလည်း ပြောသံတွေ ကြားနေရတယ်ခင်ဗျ။ အဲဒီ အခြေခံအဆောက်အအုံပိုင်းဆိုတာထဲမှာ ဒေါ်လာအသစ်ကျပ်ချွတ်ဆိုတာကြီးပါလေသလားဗျာ။

ဒီမေးခွန်းကတော့ မောင်ဖိုးတင်က စာဖတ်သူတွေကို ခေါင်းစားဖော်ညှိတဲ့ ဒီအပတ်မေးခွန်းပဲ ဖြစ်ပါတယ်။ ဟုတ်ကဲ့. . အဆီအငေါ် အလွန်မတည့်လှတဲ့မေးခွန်းမို့ ကျွန်တော် မောင်ဖိုးတင်ကို သည်းခံခွင့်လွှတ်တော်မူကြပါခင်ဗျ။

တစ်နေ့က နိုင်ငံခြားသား ပါမောက္ခတစ်ယောက်နဲ့ နေ့လယ်စာစားရင်း မြန်မာနိုင်ငံတိုးတက်ရေးနဲ့ပတ်သက်ပြီး နယ်ပယ်တချို့အကြောင်း စကားစမြည်ပြောဖြစ်ကြပါတယ်။ ပြီးပြီဆိုတော့ ပါမောက္ခက ပိုက်ဆံရှင်းပါတယ်။ ပါမောက္ခက မေးပါတယ်။ ခရက်ဒစ်ကတ်လို့ ခေါ်တဲ့ အကြွေးသုံးကတ်နဲ့ရော ပေးလို့ရမလားတဲ့။ မြန်မာနိုင်ငံဗျာ. . ဒီလောက်ထိ လုပ်လို့ မရသေးဘူးဆိုတာကို ပါမောက္ခမသိရှာပါလားလို့မောင်ဖိုးတင် ကရုဏာသက်သွားပါတယ်။ ဒါဖြင့် ဒေါ်လာငွေနဲ့ရော ပေးလို့ရမလားဆိုတော့ ရတယ်တဲ့ခင်ဗျ။ ၅၀ တန် ဒေါ်လာတစ်ရွက် ပေးလိုက်ပါတယ်။ မကြာခင်မှာပဲ စာပွဲထိုးလေးပြန်လာတယ်ခင်ဗျ။ ဒေါ်လာငွေကို ဆိုင်က လက်ခံပေမယ့် ပါမောက္ခရဲ့ဒေါ်လာကိုတော့ လက်မခံနိုင်ပါဘူးတဲ့။ အကြောင်းကတော့ အသစ်ကျပ်ချွတ်မဟုတ်တဲ့အတွက်ကြောင့်ပါခင်ဗျာ။ ဒါနဲ့ ပါမောက္ခကပြောပါတယ်။ တခြားနိုင်ငံတွေမှာ လက်ခံသုံးစွဲလို့ရတဲ့ ဒေါ်လာကို လက်မခံဘဲ အသစ်ကျပ်ချွတ် တောင်းဆိုတာ သူရောက်ခဲ့ဖူးသမျှနိုင်ငံတွေမှာမြန်မာတစ်နိုင်ငံတည်းသာ ရှိပါတယ်တဲ့။ ကမ္ဘာမှာတောင်မြန်မာနိုင်ငံဟာ တစ်ခုတည်းသော နိုင်ငံတစ်နိုင်ငံဖြစ်မှာပါတဲ့။

ဟုတ်ကဲ့ ဒေါ်လာငွေစက္ကူ အညစ်အနွမ်းကိုလက်မခံရဆိုတဲ့ ညွှန်ကြားချက်ထုတ်တဲ့ အစိုးရကလည်း ကမ္ဘာမှာ မြန်မာတစ်နိုင်ငံတည်းသာဖြစ်မှာပါ။ အဲဒီလို ညွှန်ကြားချက်ကို အစိုးရဌာနတစ်ခုမှာ ကပ်ထားတာကိုလည်း မောင်ဖိုးတင် မကြာသေးခင် ရက်ပိုင်းလေးကအထိ တွေ့ဖူးတယ်ခင်ဗျ။ နေ့စွဲကြည့်လိုက်တော့ ၂၀-၄-၂၀၀၄ ဖြစ်ပါတယ်။ ဒီနှစ် ၂၀ ရက်နေ့ဟာ အဲဒီညွှန်ကြားချက် ရှစ်နှစ်ပြည့်တဲ့နှစ်ပါပဲခင်ဗျာ။ ကဲ. . . ခေါင်းစားကြပါစို့ရဲ့ဗျာ။

အဲဒီလိုညွှန်ကြားချက်မျိုး ရှစ်နှစ်ကြီးတောင် သက်ဆိုးရှည်ကြာနေရတာလည်း ကမ္ဘာမှာမြန်မာက တစ်နိုင်ငံတည်းသာဖြစ်ချင်ဖြစ်မှာခင်ဗျ။ ဘာကြောင့် ရှစ်နှစ်သက်တမ်းကြာခဲ့ရတာလဲဗျာဆိုတဲ့ မေးခွန်းကလည်း လွယ်မယောင်နဲ့ ခက်၊ တိမ်မယောင်နဲ့ နက်တဲ့ ခေါင်းစားစရာ မေးခွန်းတစ်ခွန်းဖြစ်မှာပါ။

ကဲ. . အခုဆိုရင် ခေတ်က ပြောင်းလာပြီလို့လည်း ပြောပြောနေကြတာရှိပါတယ်။ သမ္မတကြီးကလည်း အစိုးရကောင်းဖြစ်ရေးအောက်မှာ ထင်သာမြင်သာရှိရေး၊ တာဝန်ခံရေးတွေကို နိုင်ငံတော်မိန့်ခွန်းတွေမှာ တစ်ခါမကပြောထားတာလည်းရှိပါတယ်။ လက်ခုပ်သြဘာတွေကလည်း တအားကြီး ရထားတယ်လေဗျာ။ ဒီတော့. . ဘာကြောင့်များ ဘယ်ပုဂ္ဂိုလ်က ဒီလိုညွှန်ကြားချက်မျိုးကိုထုတ်ခဲ့ရတာလဲဆိုတဲ့မေးခွန်းကို ခုလို ဂျာနယ်က တစ်ဆင့်မေးလိုက်ရင်ရော သက်ဆိုင်ရာက ဖြေကြားပေးမှာတဲ့လား ဆိုတာကလည်း မောင်ဖိုးတင်လို ဘာမှမဟုတ်တဲ့ မီဒီယာသမားတစ်ယောက်အတွက် ခေါင်းစားစရာမေးခွန်းတစ်ခွန်းဖြစ်ပြန်တယ်ခင်ဗျ။

အသစ်ကျပ်ချွတ်ဒေါ်လာဆိုတဲ့ ရောဂါကို ဘယ်လိုမှ မောင်ဖိုးတင်တော့ ခေတ်စကားနဲ့ပြောရရင် ခံစားလို့မရဘူးခင်ဗျာ။ မောင်ဖိုးတင် စဉ်းစားကြည့်တယ်လေ။ ပိတ်ဆို့အရေးယူထားတာကြောင့် မြန်မာ့နိုင်ငံခြားဘဏ်ကို ဝင်လာတဲ့ဒေါ်လာငွေတွေကိုနိုင်ငံခြားမှာသွားလဲရမယ်လို့ဖြေလေမလား။ ဒါလည်း ခေါင်းစားတယ်ဗျ။ အခု မြန်မာပြည်မှာ လက်မခံကြဘူးဆိုတဲ့ ဒေါ်လာရွက်တွေကို ဘယ်နိုင်ငံက ဘဏ်တွေမှာ သွားပေးပေး ပေးလို့ရတယ်ခင်ဗျ။ မယူဘူးဆိုတဲ့ဘဏ်မရှိပါဘူး။

ဒေါ်လာတွေ ဗဟိုဘဏ်မှာ သိမ်းပဲထားလေသလား။ ဒါဆိုရင်လည်း ဒေါ်လာ ကျပ်ချွတ်သန်းပေါင်း ဘယ်လောက်ရှိတယ်ဆိုတာပြောပါခင်ဗျာ။ မောင်ဖိုးတင်တို့ ဝမ်းသာချင်လွန်းလို့ပါ။ မောင်ဖိုးတင်က တက်ခဲ့ဖူးတဲ့အစည်းအဝေးတွေမှာ တီးခဲ့တာတွေထက်ကိုးဆယ်ဆသာ အရှည်ကြီးဆွဲ. . လက်ခုပ်တွေတီးချင်သေးတယ်ခင်ဗျ။ ဒါတောင် လက်ခေါက်တွေဘာတွေမမှုတ်တတ်လို့ဗျနော။

မောင်ဖိုးတင်ရဲ့ ဧည့်သည်နိုင်ငံခြားသား စားသောက်ဆိုင်မှာ ဒေါ်လာရွက်နဲ့ပိုက်ဆံရှင်းတဲ့ကိစ္စဟာ ဥပဒေနဲ့ မညီတာတွေရှိ. . အဲ. အဲ. . ခုလို ရေးလိုက်တာနဲ့ အသုံးအနှုန်းက ခေါင်းစားစရာဖြစ်သွားပြန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်တွေ့ဖြစ်ရပ်တွေက ဥပဒေနဲ့ မညီညွတ်ဘူးလို့ဘဲ ပြောရလေမလား။ ဥပဒေကလက်တွေ့ဖြစ်ရပ်၊ လက်တွေ့လိုအပ်ချက်တွေနဲ့ မညီညွတ်ဘူးလို့ဘဲ ပြောရလေမလား. . ခေါင်းစားစရာဖြစ်သွားလို့ပါ။

ဒီလိုပါ။

နံပါတ်-၁ မိတ်ဆွေ နိုင်ငံခြားသားမြန်မာပြည်ရောက်တော့ ဒေါ်လာလဲတာတရားဝင်လဲလှယ်တဲ့ ဌာနတွေက နေရာတကာမှာ မရှိဘူးခင်ဗျ။ အချိန်မရွေးလည်း မလဲနိုင်ဘူးခင်ဗျ။ တရားဝင်လဲလှယ်တဲ့ဌာနတွေကလည်း ဒေါ်လာအသစ်ကျပ်ချွတ်မဟုတ်ရင်လက်မခံဘူးလို့ သူက ဆိုတယ်ခင်ဗျ။ ဟုတ်ကဲ့။ စောစောက ညွှန်ကြားချက်ကို သတိရကြပါခင်ဗျ။

နံပါတ်-၂ ခရက်ဒစ်ကတ်လို့ ခေါ်တဲ့အကြွေးသုံးကတ်ပြားစနစ်နဲ့ကလည်း မြန်မာပြည်မှာ ပေးလို့မရသေးဘူးခင်ဗျ။

နံပါတ်-၃ နိုင်ငံခြားငွေမကိုင်ရဆိုတဲ့ ဥပဒေရှိပေမယ့် ဘယ်နေရာမှာပဲဖြစ်ဖြစ် ဒေါ်လာအရွက်ပေးလို့ရှိရင် (အဲ. . အသစ်ကျပ်ချွတ်ဖြစ်ရင်ပေါ့လေ)ယူတယ်ခင်ဗျ။

နံပါတ်-၄ ယူတဲ့ သူက ပေါက်ဈေးထက် ၅၀ လျှော့ပြီး ၇၅၀ နဲ့ဖြတ်ရင်လည်း ပေးသူက ဈေးနည်းပေမယ့် သဘောတူပေးတယ်ဗျ။

နံပါတ်-၅ ယူသူကလည်း ဈေးကွက်ထဲမှာ လက်ပြောင်းလက်လွှဲနဲ့ ရောင်းဝယ်မှာပါပဲ။ ဒါပေမဲ့ နောက်ဆုံးမှာတော့ တရားမဝင်ရောင်းဝယ်မှုတွေဟာ တစ်နည်းတစ်လမ်းနဲ့ မြန်မာ့နိုင်ငံခြားဘဏ်ကို တရားဝင်စွာရောက်သွားပုံရတယ်လို့ ယူဆနိုင်လေမလား ခေါင်းစားစရာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီငွေတွေကို နိုင်ငံခြားမှာ တခြားသောကုန်သည်တွေက သုံးမယ်ဆိုရင် အသစ်ကျပ်ချွတ်ဖြစ်ဖို့မလိုလို့ပါ။

မြန်မာနိုင်ငံက အစိုးရဘဏ်ကိုပဲ နောက်ဆုံးမှာ ခရီးဆိုက်ရမှာမို့ ဈေးကွက်ထဲမှာ အသစ်ကျပ်ချွတ်ရောဂါစွဲကပ်သွားပုံရလေသလား စဉ်းစားစရာရှိပါတယ်။ ဆိုလိုတာကတော့ အသစ်ကျပ်ချွတ်က နောက်ဆုံးဘူတာကိုပြနေတယ်လို့ဆိုနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ ခင်ဗျာ. . တရားမဝင်တာတွေကလည်း နောက်ဆုံးမှာ တရားဝင်သွားတယ်လို့ မောင်ဖိုးတင်အနေနဲ့ တွေးရမလိုဖြစ်နေပါတယ်။ အဲဒီလို တွေးရမလိုဖြစ်နေတာကိုက ခေါင်းစားစရာကြီးဗျာ။ အားလည်း နာစရာကြီးဗျာ။

ဥပဒေနဲ့ ညွှန်ကြားချက်တွေက ဈေးကွက် လိုအပ်ချက်တွေနဲ့ မညီညွတ်သလို ဈေးကွက်ကလည်း ဥပဒေ၊ ညွှန်ကြားချက်တွေရဲ့လိုအပ်ချက်နဲ့ မညီညွတ်ဘူးဖြစ်နေပါတယ်။ အပြန်အလှန် တယ်ပြီး. . ရှိပေသကိုးခင်ဗျ။ ဒီအဖြစ်ကို မောင်ဖိုးတင် နားလည်ဖို့ အမျိုးမျိုးကြီးစားပါတယ်။ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ရဲ့ အလိုဆန္ဒအရဖြစ်ခဲ့တာလားဆိုတဲ့မေးခွန်းကလည်း ခေါင်းထဲရောက်ရောက်လာတယ်ခင်ဗျ။

ဒီငွေစက္ကူအသစ်ကျပ်ချွတ်ရောဂါက နိုင်ငံခြား ဒေါ်လာငွေမှ မဟုတ်ပါဘူး။ စီးတီးမတ်မှာ မောင်ဖိုးတင် ဈေးဝယ်ငွေချေတော့ အစွန်းအထင်း ငါးထောင်တန်တစ်ရွက်ပါသွားတယ်ခင်ဗျ။ အရောင်းဈေးသည်လေးက လဲပေးပါတဲ့။ ဘာလို့လဲလို့ မောင်ဖိုးတင်က မေးပါတယ်။ "သမီး ငွေအပ်လို့ရမှာမဟုတ်ဘူး" လို့ပြောပါတယ်။ ဘာလို့ အပ်မရမှာလဲလို့ မေးတော့ နောက်ဆုံး ဘဏ်ကို သွင်းတဲ့အခါ ဘဏ်က မယူဘူးလို့ သမီးတို့ကို ပြောထားပါသတဲ့။ ကဲ. . ဦးက လဲမပေးဘူးဆိုရင်ရောဆိုတော့ "သမီးစိုက်ရမှာပေါ့" တဲ့ဗျာ။ ဒီတော့ ကျွန်တော်က သမီးအထက်က လူကို ခေါ်လိုက်ပါလို့ပြောပါတယ်။ ဒီအခါ သူက တခြားကောင်တာက လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို သွားတိုင်ပင်ပါတယ်။ နောက်ဆုံး မျက်နှာမကောင်းစွာနဲ့ အဲဒီအစွန်းအထင်းငွေကို လက်ခံထားလိုက်ပါတယ်။ ကျွန်တော်လည်း တော်တော်စိတ်မကောင်းဘူးဗျာ။ ခေါင်းစားရုံမက နှလုံးသားပါ စားတယ်ပေါ့ခင်ဗျာ။ ဒါပေမဲ့ မြန်မာ့ဗဟိုဘဏ်က ကိုယ်ထုတ်ထားတဲ့ငွေကို ကိုယ်လက်မခံတာတော့ မဖြစ်နိုင်ပါဘူးလို့ဇွတ်ယုံကြည်ပစ်လိုက်ရင်း ကိုယ်လုပ်ခဲ့တာအပေါ် ချိုတုံချတုံခြေလှမ်းလေးလေးနဲ့ စီးတီးမတ်ထဲက ထွက်လာခဲ့ရပါတယ်။

ဒါနဲ့ ဘဏ်မှာ ငွေသွင်းငွေထုတ် မကြာခဏလုပ်ရလေ့ရှိတဲ့ သူတစ်ယောက်ကို ဖုန်းဆက်မေးကြည့်ပါတယ်။ တခြားအရွက်တွေကို လက်ခံပါတယ်တဲ့။ ဒါပေမဲ့ ငါးထောင်တန်ကတော့ အတော်အတန်နွမ်းရင်၊ အစွန်းအထင်းနဲ့မင်ခြစ်ပါရင် ပုဂ္ဂလိကဘဏ်တွေကလက်မခံသလိုလူတွေကလည်း မယူချင်ကြဘူး ဖြစ်နေတယ်လို့ ဈေးကွက်ထဲ ဖြစ်နေတာကိုပြောပြတယ်ခင်ဗျ။ ဒါဖြင့် အစိုးရဘဏ်တွေကရောလို့ မေးတော့ ဘဏ်က လဲပေးပါတယ်တဲ့။ အဲ. . တစ်ခုတော့ ရှိတာပေါ့လေ။ လမ်းကြောင်းလေးတော့ ရှာရတာပေါ့တဲ့ ခင်ဗျာ။ အိုးဟိုး. . ဒီလိုကိုး အသစ်ကျပ်ချွတ်။

ဒီအကြောင်း မောင်ဖိုးတင်ရဲ့မိတ်ဆွေတစ်ယောက်ကို ဆွေးနွေးကြည့်တော့ အပြောင်းအလဲလေဗျာ. . လို့ နှစ်သိမ့်ပါတယ်။ မောင်ဖိုးတင်ကတော့ ဘာဘာညာညာတွေ မတွေးတတ်ပါဘူး။ ရိုးရိုးလေးပဲ ခေါင်းစားတတ်တာပါ။

အော်. . အပြောင်းအလဲမှာ အဟောင်းက ကျပ်ချွတ်ကြီးဆက်ဖြစ်နေသကိုးလို့။ (ခုကိစ္စမှာ ရှစ်နှစ်ခင်ဗျ) ဒီလိုနဲ့ လူတွေမှာ အဟောင်းဆို နိုး၊ ဂိုး၊ ကျပ်ချွတ်တဲ့ဗျိုး. . ဒီလို ဒီလိုဖြစ်နေကြတာလားလို့. . ဟုတ်ကဲ့. . မနေနိုင်မထိုင်နိုင် ဆက်ခေါင်းစားမိနေကြောင်းပါခင်ဗျာ။ ။

7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012






မြန်မာတို့၏ မင်္ဂလာနှစ်သစ်ကူး မဟာအတာသင်္ကြန်ကား အထူးစည်ကားသိုက်မြိုက်စွာ ခိုက်ရန်ဒေါသကင်းစွာ၊ အနာတရကင်းစွာ၊ပြည်သူပြည်သားချင်း ချစ်ကြည်ရင်းနှီးအောင်မြင်စွာပြီးဆုံးသွားခဲ့ပြီဖြစ်၏။

သည်နှစ်က အပျော်တွေပေါင်းဆုံသွားခဲ့၍လောမသိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင်သာမက နယ်မြို့များတွင်ပင် အလွန်ပင်စည်ကားလေတော့သည်။ ကျွန်တော့်အနေနှင့်ကမူ နှစ်ပေါင်းများစွာ လွမ်းနေရသည့် သံချပ်သံတွေကို ကြားလိုက်ရသည်နှင့် သည်သင်္ကြန်က ပိုမိုပြည့်စုံသွားသည်ဟု ထင်သည်။ သင်္ကြန်ဆိုသည်နှင့် သံချပ်ပါမှအင်္ဂါစုံသည်ထင်၏။

သည်နှစ်အဖို့ နှစ်ပေါင်းများစွာ တံခါးပိတ်မှောင်ချထားခံရသည့် သံချပ်တွေတိုင်ခွင့်ရလိုက်သည်ကပင် ကန့်သတ်မှုတစ်စုံတစ်ရာရှိနေသေးသည်ဆိုဦး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ ပထမခြေလှမ်းဟုမြင်သည်။

သင်းရီ

# “သံချပ်သံတွေမြိုင်တဲ့ သည်သင်္ကြန်”

သံချပ် ဆိုသည်မှာ ဒီမိုကရေစီ၏အုတ်မြစ်ဟု ဆိုချင်သည်။ အဘယ့်ကြောင့်ဆိုသော် ပြည်သူတို့၏ နှလုံးသားချင်းထိခတ်သည့် အသံဖြစ်သောကြောင့် ဖြစ်ပါသည်။ မည်သူမဆို ကောင်းတာလုပ်လျှင် သံချပ်မှာ ရွှေပုရပိုက်ရှိသည်။ မည်သူမဆို မကောင်းတာလုပ်လျှင်သံချပ်မှာ ခွေးသားရေ ပုရပိုက် ရှိသည်။ သံချပ်သည် ဝေဖန်ရေးဖြစ်၏။ မည်သည့်နေရာတွင်မဆို ဝေဖန်ရေးရှိမှတိုးတက်သည်ဆိုခြင်းကိုကား ငြင်းဖွယ်ရှိမည်မဟုတ်ဟု ထင်သည်။ “ကိုယ်တော်အရှင့် ရွှေသဘောတော်မြတ်အတိုင်းပါဖရော့. . ”ဆိုသည့်စိတ်တော်သိဘောင်းတော်ညိတ်တွေချည်းဆိုလျှင် တိုင်းပြည့်ကံကြမ္မာက ချောက်နှုတ်ခမ်းမှ သစ်ကိုင်းဆွေးမှာ တွဲလွဲဖြစ်နေဦးမှာသေချာသည်။ ဒီလိုမျိုး ဥပမာတွေက ဟော့ဟိုနိုင်ငံ၊ဟော့ဒီနိုင်ငံတွေမှာ အနမတဂ္ဂ။ “မယုံမရှိနှင့်ကိုယ်တွေ့”ဟုပင်ပြောနိုင်သည့်သုမနကျောမှ ဒဏ်ရာတွေက အနာဖေးပင်မကွာကြသေး။

ဒါကြောင့် ဝေဖန်ရေးစစ်စစ်ကိုတမ်းတသည်။ သံချပ်သည် ဝေဖန်ရေးဖြစ်သည်။ပြည်သူ့အသံဖြစ်သည်။ ဒီမိုကရေစီ၌ အခြေခံသည်။ သဘောတူလျှင် ထောက်ခံမည်။သဘောမတူလျှင်သရော်ဝေဖန်မည်။ ကျွဲမြီးမတိုကြေးဟုတော့ စကားခံထားရမည်။ သို့သော်သံချပ်ဆိုသည်က မရိုင်းပြ။ ဟာသပါသည်။ ထေ့သံပါသည်။ ငေါ့သံပါသည်။ ခံလိုက်ရသူကိုပင်ကျိတ်ပြုံးပြုံးသွားစေနိုင်လောက်သည့် အနုပညာပါသည်။ လက်တမ်းပစ် အရပ်သုံး စကားမဟုတ်။ ကာရန်ပါသည်။ နဘေပါသည်။ ဂီတဆန်သည်။ မိတ်ဖက်သံစဉ်တွေ ပါသည်။တည့်တည့်မပြော ဝက်ဝုတ္တိဖြင့် တန်ဆာဆင်၍ပြောသည်။ ပညာပါသည်။ထိုသို့သောအရာကိုမှသံချပ်ဟု ခေါ်လေသည်။

သံချပ်သည် ဆဲသံလည်း မဟုတ်။နိုင်ငံရေးကြွေးကြော်သံလည်း မဟုတ်။ တမင်တဆင်ပုဂ္ဂိုလ်ရေးစော်ကားသည့် အမနာပ မဟုတ်။ ဣဿာမစ္ဆရမဟုတ်။ ဖရုသဝါစာမဟုတ်။ အဂတိလည်း ကင်းသည်။ မဟုတ်တာလုပ်လျှင်တော့ တိုင်းပြည့် ဥသျှောင်လည်း ခွေးသားရေပုရပိုက်ကြားထဲ မချိသွားဖြဲလေးနှင့် မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွားနိုင်သည်။ ဒါကို ကြည်ဖြူရသည်။ ခွင့်လွှတ်ရသည်။ သို့မှအမှန်တရားက သံချပ်ထဲမှာ ဘွင်းဘွင်းပေါ်သည်။ အနာသိမှလည်း ဆေးဖော်လို့ရသည်။

ဖတ်ထားမှတ်ထားမိခဲ့သည့် သံချပ်သမိုင်းကိုပြန်စဉ်းစားစို့ ဆိုတော့ ရှေးခေတ် ပဝေသဏီ၏ ကျေးလက် လယ်တောထဲမှ လာသည်။ ကောက်စိုက်သမ အချင်းချင်း အပြိုင်အဆိုင် ထေ့ရာငေါ့ရာမှ စသည်။ နောက်တော့ တစ်ဆင့်တက်လျက် ကောက်စိုက်၊ ပျိုးနုတ်၊ ထယ်မောင်း၊ လယ်သူရင်းငှား၊ လယ်လုပ်သား၊လယ်ကူလီတွေက လယ်ပိုင်မြေရှင်အပေါ် မကျေနပ်သည် ရှိလျှင် မကြားနိုးနားနှင့် သံချပ်တိုင်တော့သည်။ တရားသဖြင့် ရထိုက်သည့်အလိုမပြည့်မချင်း သံချပ်ကမရပ်တော့။လုပ်အားခအပြည့်မရတာလည်း ပါချင်ပါမည်။ နေ့လယ်ရေနွေးကြမ်း လက်ဖက်ပွဲမှာဆီမရွှဲတာလည်း ပါချင်ပါမည်။ လယ်ရှင်မုဆိုးဖိုကြီးကကောက်စိုက်သမအပျိုလေးကို ကွက်ကျော်ကြဲတာလည်း ပါချင်ပါမည်။ လယ်ပိုင်နှင့် မဆီမဆိုင်ဆိုဦးတော့ရွာသူကြီးအိမ်ရှေ့မှထိပ်တုံးကို ငဒုံးပေတို့လူသိုက်ထင်းခိုးဆိုက်ပစ်တာလည်းပါချင်ပါမည်။ ဘာပဲဖြစ်ဖြစ် တဖြည်းဖြည်းနှင့်ပင် သံချပ်က ဂီတသံပါသော သတင်းစာဖြစ်လာသည်။

သံချပ်ထိုးရုံမျှနှင့်တော့လည်း ထိုခေတ်ထိုအခါ ရွာသူကြီးတွေက ထိပ်တုံး သနမည်စိုး၍မခတ်သလေသလော၊ သဘောကောင်းမနောကောင်း သူကြီးတွေမို့လော၊ အမှန်တရားနားထောင်ချင်သူတွေမို့လောမပြောတတ်။ကျေးလက်၏ ကိုယ်ပိုင်သတင်းစာဖြစ်သည့် သံချပ်က တဖြည်းဖြည်းနှင့် ရွာသူကြီး အိမ်ရှေ့ရောက်လာသည်။ လသာညများဆို သူကြီးအိမ်ရှေ့ မြေတလင်းမှာ သံချပ်သံတွေက မြိုင်နေတတ်သည်။ ကိုယ့်ဘာသာကိုယ်သွားပြီး သံချပ်ထိုးကြသည် မဟုတ်။ သူကြီးကဖိတ်၍ သွားရခြင်းဖြစ်၏။ သူကြီးကကောက်ညှင်းပေါင်း နှမ်းထောင်းနှင့် ဧည့်ခံသည်။

ကွပ်ပျစ်ကြီးပေါ် မှိုင်းလုံးကော်ဇောကြီးခင်းတဲ့လို့ သူကြီးလင်မယားသားအမိတွေကဖလားစုံကွမ်းအစ်ကြီးအလယ်တည်ကာ ကွမ်းတဖွပ်ဖွပ်နှင့်နားထောင်သည်။

သံချပ်သမားတွေက သူကြီးဖိတ်သည့်ပွဲမို့ဆိုကာ သူကြီးလည်း မညှာတတ်။ ကောက်ညှင်းတစ်ပွဲ ကွမ်းတစ်ယာနှင့် လာဘ်ထိုးကာ နှုတ်ပိတ်ရုံနှင့်တော့ သံချပ်သမားတို့က သူကြီးကိုကွင်း၍ရှောင်မည်လည်းမဟုတ်။ သူကြီးသာမကရပ်ထဲရွာထဲ မဟုတ်မဟတ်တာမှန်သမျှ သံချပ်ထဲမှာပါသည်။ အမြင်မတော်တာမှန်သမျှ သံချပ်ထဲမှာပါသည်။မကောင်းသူထိပ်ကောင်းသူထိပ်မဟုတ်။ ဝဲမချ၊ ကြမချ၊ တည့်တည့်ပစ်သည် ဆိုသည်ကသံချပ်။ သို့သော် ညင်သာသည်။ကြားရသူရောခံရသူပါ အရသာရှိသည်။ ခံရသူအဖို့တော့ လက်သည်းကြားဆူးမှုံ့မှုံ့လေး ဝင်သလိုမခံချိမခံသာ ကလိကလိဖြစ်တတ်သည်။ တစိမ့်စိမ့်တွေးတော့ အဲ့ဒါသည်ပင် အရသာ။

အဲ့သည် သံချပ်သံတွေ နှစ်ပေါင်းများစွာ တိတ်နေရာမှ ယခုပြန်ပြီး နားဝမှာ ချိုလာတော့မည်ဟု သင်္ကြန်မတိုင်ခင်အတော်စောစောကတည်းက သတင်းစကားကြားရသည်။ ပြီးမဟုတ်ဘူးလိုလို ဘာလိုလို အသံတွေထွက်လာပြန်သည်။ ကျွန်တော်ကတော့သံချပ်ငတ်နေသူမို့မျှော်သည်။

ကြုံတုန်းမို့ပြောဦးမည်။ နိုင်ငံတွင်းမှာသံချပ်တွေပိတ်ထားသည့် ဟိုဘက်နှစ်တွေများတုန်းက နိုင်ငံပြင်ပမှ သင်္ကြန်သံချပ်တွေအာရ်အက်ဖ်အေအသံလွှင့်ဌာနက လွှင့်သည်။ကျေးဇူးတင်သည်။သို့သော် သံချပ်နားထောင်သူကျွန်တော့်အတွက်ဖြင့် အာသာပြေမသွား။ ပွင့်ပွင့်လင်းလင်းပြောရလျှင် သံချပ်က ကြမ်းရှနေသောကြောင့် ဖြစ်သည်။ ပစ်ချက်ကပြင်းသည်။ လက်နက်ကြီးဆန်သည်။ အသေအကြေပစ်ခြင်းမျိုးဖြစ်သည်။ပေါက်ကွဲခြင်းဖြစ်သည်။ သို့သော် အပြစ်ဟု မမြင်။ မုန်တိုင်းလာလျှင် အိမ်တံခါးများကိုဖွင့်ပေးထားရသည်။ သို့မှ လေပြင်းက သူ့ဝင်ပေါက်သူ့ထွက်ပေါက်ကိုသူ့ဘာသာကြည့်ပြီး သင့်တော်သလို ထွက်သွားသည်။ အပျက်အစီးအနာအဆာ မကျန်တတ်။

ဒီသဘောပဲဖြစ်သည်။ ပိတ်ထားတော့ အတိုးကြမ်းသည်။ အတိုးကြမ်းသည့်အခါ နူးညံ့မှုမပါတော့၊ အနုပညာမဆန်တော့။

သည်နှစ်သင်္ကြန်မှာ သံချပ်တံခါးတွေပွင့်တော့မလိုလိုမပွင့်ဘူးလိုလိုမျှော်တုန်း မန္တလေးကိုပါပါလေးတို့အသံ ရေဒီယိုအင်တာဗျူးမှာကြားသည်။ သူတို့ သံချပ်ကား မန္တလေးမှာနွှဲနေပြီတဲ့။ဝမ်းမြောက်စိတ်၊မုဒိတာစိတ်ဖြင့်ကြက်သီးဖြန်းခနဲထသည်။မန္တလေးစာရေးဆရာ ဆရာစိုးဘားဒိုင်တို့ကလည်း တစ်ဖွဲ့တဲ့။ မန္တလေးကိုချက်ချင်းထပြေးချင်စိတ်ပေါက်သည်။ သူတို့ ဘာတွေများ ပြောကြမလဲပေါ့။ ပြောစရာတွေကတော့ အနမတဂ္ဂရှိမည်။ သို့သော် တံခါးတွေပွင့်လာသဖြင့် အဝင်အထွက် ညင်သာလှပမှာ သေချာသည်။ တံခါးတွေကို ဖွင့်လာပေးသည့် လက်ပိုင်ရှင်များကိုလည်း အထူးကျေးဇူးဥပကာရတင်မိသည်။ သည်နှယ်တံခါးဖွင့်ချက်သည် မန္တလေးတစ်ခုတည်း ကွက်၍တော့မဟုတ်တန်ရာ။ တစ်နိုင်ငံလုံး အတိုင်းအတာအရသာ ဖြစ်မည်။ ရန်ကုန်မှာလည်း ရှိရပေမပေ့ါဟု နားစွင့်ရင်း မျှော်ရသည်။ သို့သော် ကျွန်တော့်အော့ဗ်ဆာဗေးရှင်းညံ့သဖြင့် ရန်ကုန်သံချပ်သတင်းကို အနံ့ခံလို့မရ။

သည်လိုနှင့် သင်္ကြန် အကြိုအကျ။ ကိုယ်က သင်္ကြန်လည်ရမည့်အရွယ်မဟုတ်တော့လို့ အိမ်မှစလောင်းတီဗီရှေ့မှာထိုင်ရင်းထိုင်းနိုင်ငံသင်္ကြန်ကို ထိုင်ကြည့်နေမိသည်။ ထိုင်းနိုင်ငံသင်္ကြန်က ရိုးရာဆန်လွန်းလိုက်တာဟုသဘောကျမိရသည်။ သိမ်မွေ့သည်။ ရေကိုနှမြော၍လားတော့မသိ၊ ရောမပိုက်ကြီးတွေနှင့်မထိုး။ ခွက်လေးတွေ ရေပက်သေနတ်ကလေးတွေနှင့် ပက်ကြတာသာမြင်သည်။ ကော့ကော်ကန်ကားနှင့် မဖွယ်မရာဝတ်စားမူးရူးနေတာတွေမတွေ့ရ။ကင်မရာမင်းက ရွေးရိုက်သည်တော့လည်းမဖြစ်နိုင်။ ဘာပဲပြောပြော ယဉ်ကျေးသိမ်မွေ့သည်။ရိုးရာဆန်သည်။ နိုင်ငံခြားသားတွေလည်း ထိုင်းပြည်သူတွေနှင့်အတူ သင်္ကြန်ပွဲကိုကြည်နူးစွာ အတူဆင်နွှဲနေကြသည်ကိုတွေ့ရသည်။

သို့နှင့် အကြတ်နေ့ရောက်လာသည်။ ကိုယ့်မှာတော့မကြားရသေးသည့်သံချပ်သတင်းလေးနားစွင့်လိုက်။ တီဗီရှေ့ထိုင်ပြီး သင်္ကြန်သီချင်းအဆိုအကတွေ ငေးလိုက်၊ အိမ်ရှေ့ဖြတ်သွားသည့် သင်္ကြန်လည်ကားတွေ ငုံ့ကြည့်လိုက်. . .။

“ကြည့်မြင်တိုင်နယ်မြေမှာ နေထိုင်ကြတဲ့ သင်္ကြန်သံချပ်ကို ချစ်သောမိဘပြည်သူများခင်ဗျား၊ မကြာခင်အချိန်အတွင်းမှာ ကြည့်မြင်တိုင် အထက်လမ်းမကြီးနှင့် ကြည့်မြင်တိုင်ညဈေးလမ်းထောင့်ကို လူရွှင်တော် ဇေလုဝ၊ မေတ္တာ၊ ကုသိုလ်တို့ သုံးယောက် ဦးဆောင်တဲ့သာဓုပါဗျာ သင်္ကြန်သံချပ်အဖွဲ့ကတင်ဆက်တော့မှာမို့ အလှပြကားလည်း ရောက်ရှိလာနေပြီဖြစ်တဲ့အကြောင်း သံချပ်ချစ်သူ မိဘပြည်သူအပေါင်းကိုသတင်းကောင်းပါးလိုက်ရကြောင်းပါခင်ဗျား”

အသံချဲ့စက်ဖြင့် ကြေညာလိုက်သည့်အသံက နားထဲကို သကာရည်လောင်းထည့်လိုက်သလို ချိုသွားသည်။ အောင်မယ်လေးဟဲ့ မျှော်လိုက်ရတာ ငါ့နှယ့်ဟု ချက်ချင်းထမိသည်။မျှော်တော်ဇောနှင့် မောရသည့်သံချပ်ပေမို့ရှားတောင့်ရှားပါးဓာတ်ပုံလေးလိုချင်သဖြင့် ကင်မရာကိုကြွပ်ကြွပ်အိတ်နှင့်ထုပ်ကာ ခြောက်လွှာတိုက်ပေါ်မှ ကမျောသောပါး ဆင်းရသည်။

ကျွန်တော်က စမ်းချောင်းဇေယျဝတီလမ်းနှင့် ဇေတဝန်လမ်းထောင့်မှာနေသူမို့ သံတံတားကို ကျော်လိုက်တော့ ညဈေးလမ်းခွရောက်ပြီ။ ကိုမေတ္တာတို့ကားလည်းရောက်နေပြီ။ ကိုယ့်ကိုယ်ကိုယ် ဦးလှုပြီထင်ပေမင့်ဟိုမှာက ရပ်စရာနေရာမရှိတော့။ကျွန်တော့်လိုပင် သံချပ်မျှော်နေသူတွေက ထုနဲ့ထေး။ လူကြားထဲအတင်းတိုး၍ဝင်ရသည်။ သို့သော် ကိုမေတ္တာတို့အဖွဲ့က ကားပေါ်မှဖျော်ဖြေသည်မဟုတ်ဘဲမြေဝိုင်းလိုဖြစ်နေတော့ ဓာတ်ပုံမရိုက်သာ။ လူမတိုးနိုင်သဖြင့် မျက်နှာကိုမြင်ရဖို့ပင် ခြေဖျားထောက်ရသည်။ သို့သော် ကျေနပ်သည်။ ကိုယ်ကလူကိုမြင်ချင်သည်မှ မဟုတ်။ အသံကြားချင်သူ။

နားမထောင်ရတာကြာလို့ပင်လားမသိ အရသာရှိလိုက်ပုံကို သူ့အရင်းအတိုင်း ပြန်ပြောလို့ပင်မတတ်တော့။ ဆယ်စုနှစ် နှစ်ခုကျော်အတွင်း အဆပေါင်းများစွာ ခုန်တက်သွားသည့် ကုန်ဈေးနှုန်းအကြောင်းပါသည်။ လစာနှင့်ကုန်ဈေးနှုန်း မမျှသည့်အကြောင်းပါသည်။ ထိုအကြောင်းရင်းခံဖြင့် လာဘ်ပေးလာဘ်ယူကိစ္စတွေပေါ်ပေါက်လာသည့် အကြောင်းပါသည်။

စာ(၄၀) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.7 • APRIL 26 , 2012

## ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီချုပ်လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ကိုသတိမှောက်ခြင်းမဟုတ်

**သီဟ၊ သန်းထူး**

**နေပြည်တော်၊ ဧပြီ - ၂၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)မှကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ကိုယ်စားလှယ်များသည် လွှတ်တော်အား သပိတ်မှောက်ခြင်းမဟုတ်ဘဲ အခြေအနေတစ်ခုကို စောင့်စားနေခြင်းသာဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုးက ပြောကြားသည်။

NLD ပါတီမှ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကြားဖြတ်ရွေးကောက်ပွဲအနိုင်ရ ကိုယ်စားလှယ်များသည် 'ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်စောင့်ရှောက်ပါမည်'ဟူသောစာသားအစား 'ဖွဲ့စည်းပုံအခြေခံဥပဒေအား လေးစားလိုက်နာပါမည်'ဟု ပြောင်းလဲပေးရန် တောင်းဆိုထားသည်။

ထိုတောင်းဆိုချက် အောင်မြင်မှုမရှိသေးသဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကြားဖြတ်ရွေးကောက်ပွဲ အနိုင်ရကိုယ်စားလှယ်များသည် ယနေ့ ပြန်လည်ကျင်းပသည့် ပထမအကြိမ်လွှတ်တော်များ တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ တက်ရောက်ခြင်းမရှိပေ။



ဓာတ်ပုံ-သီဟ

"ရွေးကောက်ပွဲဝင်တယ်ဆိုတာ လွှတ်တော်ထဲ လာချင်လို့ မဟုတ်ဘူးလား၊ ဒီစာသားပဲ ပြင်ချင်လို့လား၊ ဒီစာသားပြင်ဖို့တစ်ခုအတွက်ပဲ ရွေးကောက်ပွဲဝင်တာလား"ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဋ္ဌေးဦးကပြောသည်။

ယခု ဖြစ်ပေါ်လျက်ရှိသော အခြေအနေနှင့်ပတ်သက်၍ NLD မှ ခေါင်းဆောင်များနှင့် အခြားတာဝန်ရှိ ခေါင်းဆောင်များသည် ပြည်သူ့ မျက်နှာကိုကြည့်ကာ ပြောင်းလွယ်ပြင်လွယ်ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အလုံမြို့နယ်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကပြောသည်။

"ကျွန်တော်တို့အနေနဲ့ကတော့ လွှတ်တော်ကို NLD အမြန်ဝင်ရေးလို့မျှော်လင့်ခဲ့တာ အနည်းငယ်နောက်ကျသွားတဲ့အတွက်တော့ စိတ်မကောင်းဖြစ်မိတယ်။ တစ်နိုင်ငံလုံးက အုန်းအုန်းကျွက်ကျွက်နဲ့ NLD ကို ထောက်ခံပြီးတော့မှ မဲပေးလိုက်တာပဲ။ NLD ဆိုတာထက် အမေစု၊ အမေစုဆိုပြီးတော့ မဲပေးလိုက်တာပဲ။ ဒါပေမဲ့ လွှတ်တော်ထဲကို ချက်ချင်းရောက်မလာသေးတဲ့ အတွက်ကြောင့်တော့ စိတ်မကောင်းဖြစ်မိတယ်"ဟုဦးခိုင်မောင်ရည်ကပြောသည်။

NLD မှ တောင်းဆိုထားသည့်အချက်နှင့်ပတ်သက်၍ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဋ္ဌေးဦးက "ဒါကြီးက ဗွက်ထားတာလည်း မဟုတ်ဘူးလေဗျာ။ ရွေးကောက်ပွဲ ဥပဒေဆိုတာ အကုန်လုံး ကြေညာထားတာပဲ။ ထောက်ခံတာ၊ မထောက်ခံတာတော့ရှိကြမှာပဲ။ သို့သော်လည်း ဒီရွေးကောက်ပွဲဥပဒေဆိုတာကြီးက ပြောင်ပြောင်ကြီးပဲလေ။ အကုန်လုံး လူတကာ သိနေတာပဲမဟုတ်လား"ဟု ပြောကြားသွားသည်။

ယနေ့ ကျင်းပသည့် လွှတ်တော်သို့ NLD မှ တက်ရောက်ခြင်းမရှိသည့်အပေါ် "သူတို့ ပြင်ဆင်ချင်တာကို မပြင်ပေးတဲ့အတွက်မလာဘူးလို့ဘဲ သဘောထားပါတယ်။ သပိတ်မှောက်တယ်ဆိုတာအထိတော့ သဘောမထားပါဘူး"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် မဲဆွယ်စည်းရုံးစဉ်အချိန်တွင် ပြောကြားခဲ့သည့် အချက်သုံးချက်မှာလည်း တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကို လိုလားကြောင်းနှင့်အခြေခံဥပဒေကိုပြင်ဆင်ရေးဟု ပြောကြားခဲ့သောကြောင့် တရားဥပဒေစိုးမိုးရေးအား အမှန်တကယ်လိုလားပါက လက်ရှိပြဋ္ဌာန်းထားသည့်ဥပဒေကို လိုက်နာရန် လိုအပ်ကြောင်းနှင့် အဆိုပါဥပဒေကို မကြိုက်ပါကလည်း နောင်ကျမှ လွှတ်တော်၏လုပ်ထုံးလုပ်နည်းအတိုင်း ပြင်ဆင်ရန်လိုအပ်ကြောင်း ဦးအောင်သောင်းက ဆက်လက်ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၂ မတ်လတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ပြောကြားခဲ့ရာတွင် ၂၀၁၀ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ခြင်းမှာ ၂၀၁၀ ရွေးကောက်ပွဲစည်းမျဉ်းဥပဒေအချို့အား သဘောမတူနိုင်သည့်အတွက် ဝင်ရောက်ခြင်းမပြုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်မတို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ရှောက်ကာကွယ်ရမယ်ဆိုတဲ့အချက်ကိုကျွန်မတို့က လက်မခံဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာဆိုရင် တိုင်းပြည်အကျိုးအတွက် ပြင်ဆင်ဖို့လိုတဲ့အချက်တွေရှိပါတယ်။ ဒီလိုပြင်ဆင်ဖို့ လိုနေတဲ့အချက်တွေရှိနေလို့ ကျွန်မတို့က ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပါမယ်ဆိုတဲ့အချက်ကို လက်မခံဘူး"ဟုပြောကြားသွားခဲ့သည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်က အဆိုပါအချက်များနှင့်ပတ်သက်၍ ယခုလက်ရှိအစိုးရ အာဏာပိုင်များနှင့် သဘောတူညီမှုယူနိုင်ခဲ့ပြီးဖြစ်ပြီး ယခုကဲ့သို့ သဘောတူညီမှုယူနိုင်ခဲ့သည့်အတွက် ဧပြီ ၁ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် မိမိတို့ပါတီဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

## တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်သော ကမ္ဘာပေါ်တွင် ဩဇာလွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်ပေါင်း ၁၀၀ တွင် ဦးသိန်းစိန်ပါဝင်

**နယူးယောက်၊ ဧပြီ - ၁၉**

ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းက နှစ်စဉ်ရွေးချယ်သော ကမ္ဘာပေါ်တွင် ဩဇာလွှမ်းမိုးမှု အရှိဆုံး လူပုဂ္ဂိုလ်ပေါင်း ၁၀၀ အား ဧပြီလ ၁၇ ရက်ကရွေးချယ်ထုတ်ပြန်ခဲ့ရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၏ သမ္မတဦးသိန်းစိန်လည်း ပါဝင်ခဲ့သည်။

သမ္မတဦးသိန်းစိန်၏အကြောင်းကို မြန်မာလူမျိုးသမိုင်းပညာရှင်နှင့် စာရေးဆရာဖြစ်သူ ဦးသန့်မြင့်ဦးက ရေးသားဖော်ပြခဲ့သည်။

လွန်ခဲ့သော တစ်နှစ်ကျော်ရာထူးစတင်ရယူခဲ့ချိန်မှစ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ခြေအနည်းဆုံး ဒီမိုကရေစီသို့ကူးပြောင်းမှုတစ်ခုအား ထုဆစ်ပုံဖော်ခဲ့သူ ဗိသုကာတစ်ဦးဖြစ်ကြောင်း သက်သေပြခဲ့သည်။

ယင်းမှာ အံ့ဩမှင်တက်စရာကောင်းသော ဟန်ချက်ထိန်းအနုပညာတစ်ရပ်ဖြစ်သည်။ သမ္မတဦးသိန်းစိန်သည် အစိုးရကို လွှမ်းမိုးနေဆဲဖြစ်သော ဗိုလ်ချုပ်ဟောင်းများ၊ စစ်တပ်အကြီးအကဲများ ထိပ်တန်းစီးပွားရေးသမားများ၊ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သောအကြီးဆုံး အတိုက်အခံအဖွဲ့အပါအဝင် အတိုက်အခံနိုင်ငံရေးပါတီများနှင့် နပျို၍ တက်ကြွနေသော အရပ်ဘက်လူ့အဖွဲ့အစည်းအားလုံး ပါဝင်နိုင်အောင်လုပ်ဆောင်ရသည်။

အသက် ၆၇ နှစ်ရှိပြီဖြစ်သော သမ္မတဦးသိန်းစိန်သည် ဒီမိုကရေစီကျသောအစိုးရဖြစ်ပေါ်ရေး၊ ကမ္ဘာပေါ်တွင် ခေတ်နောက်အကျဆုံးစီးပွားရေးတစ်ခုလုံးအား ပြုပြင်ရခြင်းနှင့် နှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အငြင်းပွားမှုပေါင်းတစ်ဒါဇင်ကျော်အား အဆုံးသတ်ရန် ညှိနှိုင်းရခြင်း စသော အလုပ်သုံးလုပ်ကို တစ်ပြိုင်နက်တည်း လုပ်ဆောင်နေရသည်။ ယင်းကိစ္စများအားလုံးကိုလည်း မှတ်လောက်သားလောက် ဒဏ်ခတ်ထားသော ပိတ်ဆို့တားဆီးမှုများကြားမှ လုပ်ဆောင်နေရခြင်းဖြစ်သည်။

ဦးသိန်းစိန် အောင်မြင်မည်လားဆိုသည်မှာ မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ သန်း အတွက်သာမက အာရှတိုက်တစ်ခုလုံးအတွက် အရေးပါမည်ဖြစ်သည်။

မြန်မာနိုင်ငံသည်မကြာသေးမီကာလအထိ ၂၁ ရာစုအစောပိုင်းတွင်ဖြစ်ပေါ်သည့် ယိုယွင်းပျက်စီးမှုတိုင်းလိုလိုအတွက် နမူနာဖြစ်ခဲ့သည်။ သို့သော် အကယ်၍သာ ဦးသိန်းစိန် သူနည်းသူ့ဟန်အတိုင်း လုပ်ခွင့်သာခဲ့ပါက မြန်မာနိုင်ငံသည် ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာဖြင့် အသွင်ကူးပြောင်းမှုတစ်ရပ်အတွက် အတုယူစရာ နမူနာကောင်း ဖြစ်ချင်ဖြစ်လာနိုင်ပါသည်။

—Ref: Time

## မြန်မာနိုင်ငံအပေါ် ကန့်သတ်မှုများကို အမေရိကန်ဖြေလျှော့ပေး

**ဝါရှင်တန်၊ ဧပြီ - ၁၈**

အမေရိကန်အခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင်ဝင်ရောက်လုပ်ကိုင်နိုင်ရန် ဘဏ္ဍာရေးကန့်သတ်မှုများကိုအမေရိကန်က ဧပြီလ ၁၇ ရက်မှစတင်၍ လျှော့ပေးလိုက်ပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကိုအားပေးရန် မက်လုံးပေးလိုက်ကြောင်း သိရသည်။

အခြေခံလူသားလိုအပ်ချက်များဖြည့်ဆည်းရန် (သို့မဟုတ်) ဒီမိုကရေစီမြှင့်တင်ရန်အတွက် ဘဏ္ဍာရေးလွှဲပြောင်းပေးအပ်သုံးစွဲခြင်းများကို ပိတ်ပင်တားဆီးတော့မည်မဟုတ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ အမေရိကန်အခြေစိုက်အစိုးရမဟုတ်သောအဖွဲ့အစည်းများအား လုပ်ကိုင်ခွင့်ပြုသော စီမံကိန်းများတွင် ပြည်တွင်း၌ ရွှေ့ပြောင်းနေရသူများအား အကူ အညီပေးခြင်း၊ အင်္ဂလိပ်ဘာသာကျောင်းများအားကူညီခြင်း၊ ဆေးဝါးနှင့် အဝတ်အထည်များ ပေးအပ်ခွင့်ပြုခြင်းများလည်းပါဝင်ပြီး ဗုဒ္ဓဘာသာဝင်အများအပြားရှိရာနိုင်ငံတွင် အမေရိကန်သာသနာပြုအဖွဲ့များအား ငွေကြေးသုံးစွဲခွင့်ပြုလိုက်ခြင်းလည်းဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

မြန်မာသင်္ကြန် နှစ်သစ်ကူးနေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်၌ မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး သမိုင်းဝင်လမ်းကြောင်းသစ်ပေါ်တွင် အရေးပါသောခြေလှမ်းများ လျှောက်လှမ်းခဲ့ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားခဲ့သည်။ မြန်မာပြည်သူများနှင့် အမေရိကန်ပြည်သူများကြား ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာရန် ရည်ရွယ်၍ အမေရိကန် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့သည်မြန်မာနိုင်ငံအတွင်းတွင် အကျိုးအမြတ်မယူသော လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုက ကူညီဆောင်ရွက်လျက်ရှိပါသည်။

အမေရိကန်ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်ပပိုင်ဆိုင်မှုကြီးကြပ်ရေးရုံးသည် မြန်မာနိုင်ငံအတွင်းရှိအကျိုးအမြတ်မယူသော လုပ်ငန်းများနှင့် သက်ဆိုင်သော ဘဏ္ဍာရေးကန့်သတ် ချက်များကို လျှော့ချပေးသည့် အထွေထွေခွင့်ပြုချက်တစ်ရပ်ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် ထုတ်ပြန်လိုက်သည်။ ယင်းအထွေထွေခွင့်ပြုချက်ခေါင်းစဉ်အောက်တွင် ကျန်းမာရေး၊ ပညာရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် အချို့သော စီးပွားရေးမဟုတ်သည့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များပါဝင်သည်။

ယင်းအထွေထွေ ခွင့်ပြုချက်သည် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းစဉ်၏ခြေလှမ်း တစ်ရပ်ဖြစ်သော မကြာမီကကျင်းပခဲ့သည့် မြန်မာ့ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံခြားရေးဝန်ကြီးကလင်တန်က တုံ့ပြန်သည့်အနေဖြင့် ကြေညာခဲ့သော အချက်များအနက် တစ်ခုအပါအဝင်ဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# ခြိအမှတ်(၅၄)မှ သမိုင်းဝင်ခြေလှမ်းများ

အားမာန်

ပြီး ၁၃ရက် ပူစပ်စပ် ညနေခင်း နေရောင်အောက် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့ အေးအေးလူလူစကားပြောရင်းလမ်းလျှောက်နေသည်။ အင်္ဂလန်နိုင်ငံ ဒေါင်းနင်းလမ်းအမှတ်-၁၀ တွင်နေထိုင်သော ဒေးဗစ်ကင်မရွန်းက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၅၄ရှိ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံဝင်းဥယျာဉ်ထဲ လမ်းလျှောက်ရင်း စကားစမြည်ပြောနေခြင်းဖြစ်၏။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဒေးဗစ်ကင်မရွန်းနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်(၅၄)တွင်တွေ့ဆုံစဉ်


နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းတို့တွေ့ဆုံဆွေးနွေးစဉ်

လွန်ခဲ့သည့် တစ်နှစ်ကျော်ကဆိုလျှင် ထိုမြင်ကွင်းမျိုး လက်တွေ့ဖြစ်လာလိမ့်မည်ဟု မည်သူမျှ တွေးထင်ထားမည်မဟုတ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး (၁၉၄၈ ဇန်နဝါရီ ၄)နောက်ပိုင်း ဒေးဗစ်ကင်မရွန်း၏ ယခုခရီးစဉ်မှာ ဗြိတိန်ဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံးခရီးစဉ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများက ဗြိတိန်ဝန်ကြီးချုပ်၏ သမိုင်းဝင် မြန်မာခရီးစဉ်ပေါ်ပေါက်လာရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ဒေးဗစ်ကင်မရွန်းကပြောသည်။

ဂျပန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့ ဆက်တိုက်သွားရောက်ခဲ့ပြီး ပြီ ၁၃ ရက် မွန်းတည့်တွင် မြန်မာနိုင်ငံရောက်ရှိလာသော ဒေးဗစ်ကင်မရွန်းက ဒေါ်အောင်ဆန်းစုကြည်နှင့်သူမ၏နေအိမ်၌ တစ်နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။ ရန်ကုန်မလာခင် စင်ကာပူမှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးကာ နှစ်နိုင်ငံခေါင်းဆောင်များ အထူးဂုဏ်ပြုနေ့လယ်စာကို အတူတကွ စားသုံးခဲ့ကြသည်။ ထို တွေ့ဆုံဆွေးနွေးမှုတွင် ဗြိတိန်ဝန်ကြီးချုပ်က ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ မြှုပ်နှံခဲ့သော Spitfires တိုက်လေယာဉ်အစီး ၂၀ ခန့် ပြန်လည်တူးဖော်ရန် သမ္မတဦးသိန်းစိန်နှင့် သဘောတူညီခဲ့သည်။


ဒေးဗစ်ကင်မရွန်းက ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ယှဉ်တွဲရပ်ခွင့်ရခြင်းနှင့်ပတ်သက်၍ ပြီ ၁၃ ရက် ညနေ ၅ နာရီ ၂၅ မိနစ်ခန့်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အောက်ပါအတိုင်း ဖွင့်ဟပြောကြားသည်။

“ကျေးဇူးတင်ပါတယ် ဒေါ်အောင်ဆန်းစုကြည်။ သည်နေရာမှာ ခင်ဗျားနဲ့အတူ ရပ်ခွင့်ရတဲ့အတွက် အကြီးအကျယ်ဂုဏ်ယူမိပါတယ်။ ခင်ဗျားရဲ့ အားထုတ်ရုန်းကန်မှု၊ ခင်ဗျားရဲ့ ရဲရင့်မှု၊ ခင်ဗျားရဲ့ ယုံကြည်တဲ့ အရာတွေအတွက် သတ္တိရှိရှိရပ်တည်ခဲ့မှုများဟာ ဒီမိုကရေစီကို မြင်ချင်ကြတဲ့၊ လွတ်လပ်မှုကိုမြင်ချင်ကြတဲ့၊ လူ့အခွင့်အရေးကိုမြင်ချင်ကြတဲ့ ကမ္ဘာတစ်ဝန်းက လူအများကို စေ့ဆော်နိုင်ခဲ့ပါတယ်။

**အချပ်ပို(B)သို့**

အချပ်ပို(B)သို့





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



မြစ်ကြီးနား–ကန်ပိုက်တီးကားလမ်းနံဘေးမှ ရှင်ဂျိုင်စစ်ဘေးဒုက္ခသည်စခန်း။
ထိုနေရာသည် မြစ်ကြီးနားမြို့နှင့်မိုင်၆၀ကျော် ကွာဝေးကာ တရုတ်နိုင်ငံနယ်စပ်အနီးတွင် တည်ရှိသည်။

ဓာတ်ပုံ–အေးမြကျော်

# ဘွန်တောင်မှာ ၁၂နာရီကြာ

အေးမြကျော်

**ရေဖွေးဖွေးများ ဒလဟောစီးကျနေသာ လန်နခရေတံခွန်အနီးက ဆိုင်ခန်းငယ်တစ်ခုမှာ အဆာပြေစားပြီး ခရီး ဆက်ထွက်ခဲ့ရ၍ စိတ်များက ကြည်လင်နေကြသည်။**

လမ်းဘေးဝဲယာမှ စိမ်းညို့ညို့တောအုပ်ငယ်များနှင့်သဘာဝ အလှဖြင့်လှပနေသေးသောဆဒုံးမြို့ငယ်လေးအကြောင်းစာဖွဲ့ပြောဆိုကြရင်း မြစ်ကြီးနားမြို့သို့ ဦးတည်ခရီးနှင်ခဲ့ကြသည်။

ကားပေါ်တွင်ငါးဦးပါသည်။ ရဲတိုက်၊ ဒါရိုက်တာရီဇော်၊ လိုက်ပါကူညီပေးသော KBC (ကချင်ခရစ်ယာန်နှစ်ခြင်းအသင်းတော်) မှ ဆရာဘရန်မိုင်၊ ကားဆရာကိုနော်ဆန်းနှင့်ကျွန်မ။ တရုတ်နယ်စပ်ရောက်ရန် မိုင်အနည်းငယ်သာလိုတော့သော ရှင်ဂျိုင်စစ်ဘေးဒုက္ခသည်စခန်းတွင်သွားရောက်ကူညီကာမြစ်ကြီးနားမြို့သို့ ပြန်လာခဲ့ကြသည်။

ထိုသို့ ခရီးနှင်လာရင်း ကုန်တင်ကားကြီး ခြောက်စီးခန့်နှင့် အိမ်စီးကားငယ်အချို့ ရပ်တန့်ထားသော ယာဉ်ရပ်နားစခန်းငယ်တစ်ခုအရောက်တွင်ဆန့်ကျင်ဘက်မှ မောင်းနှင်လာသည့် ဖိုးဝိုးကားတစ်စီးက ဆက်မသွားရန်အော်ဟစ်တားသည်။ လမ်းဘေးတွင် ဟိုတစ်စုသည်တစ်စုရပ်ကာ စကားပြောနေကြသည့် ခရီးသွားဖြစ်ဟန်တူသည့် အမျိုးသား၊ အမျိုးသမီးများ၏ မျက်နှာများကို အကဲခတ်ကြည့်မိတော့ မသာမယာ။

ကားဆရာကကားကိုရပ်တန့်ကာစနည်းနာကြည့်တော့“ရှေ့နားတစ်ကွေ့မှာ တိုက်ပွဲဖြစ်နေတယ်” ဟု အညာသားဖြစ်ဟန်တူသော ကုန်တင်ယာဉ်မောင်းတစ်ဦးက ဖြေသံကြားရသည်။ ကိုယ်တိုင်မျက်မြင်တွေ့ခဲ့ရသည့်ကားဆရာတစ်ဦးက “လက်နက်ကြီးတွေနဲ့လည်း ဆော်နေကြတာ။ လက်နက်ကြီးနှစ်ချက်လောက်ဆင့်ပစ်သံကြားတော့ မဟန်ဘူးဆိုပြီး နောက်ပြန်လှည့်ချိန်တောင်မရဘူး။ ဘက်ဂီယာဆုတ်ပြေးလာရတယ်”ဟု အချင်းချင်းပြောသံကြားလိုက်ရသည်။ ဆက်ပြီးမေးမြန်းကြည့်တော့ဆက်သွားရန် ဘယ်လိုမှ မဖြစ်တော့ဘဲ သည်နေရာမှာပဲ အိပ်ရတော့မည်မှာသေချာသွားသည်။ အချိန်က ညနေ ၆နာရီ။ထိုနေရာသည် ဘွန်တောင်ဟုခေါ်သောရွာအနီးတွင်ဖြစ်ပြီး မြစ်ကြီးနား-ကန်ပိုက်တီးလမ်းပေါ်တွင် တည်ရှိသည်။ နောက်ထပ် တစ်နာရီခန့် ခရီးနှင်သည်နှင့်မြစ်ကြီးနားမြို့ကိုရောက်နိုင်သည်။ ဝိုင်းမော်နှင့် ၂၅မိုင်ဝေးသည်။

တောင်စောင်း ကားလမ်းမနံဘေးတွင် စိတ်ပျက်လက်မှိုင်ချသည့်ဟန်နှင့် ကုန်ကားမောင်းသူများစကားဝိုင်းဖွဲ့ကာညည်းညူနေကြသလို ဘင်ကားများဖြင့် ခရီးနှင်လာသော တိုင်းရင်းသူအချို့နှင့် တရုတ်သွေးနှော အမျိုးသမီးအချို့မှာ ကလေးချီပိုးထားရင်း တီးတိုးရေရွတ်နေကြသည်။

“တိန်ချုန်း (တရုတ်နယ်စပ်မြို့)မှာ မအိပ်ချင်လို့ ထွက်လာပါတယ်ဆိုမှ လမ်းမှာအိပ်ရပြီ။ စိတ်ညစ်ပါတယ်”ဟု ကချင်တိုင်းရင်းသူဖြစ်ဟန်တူသော အသက် ၃၀ ကျော်အရွယ်ကလေးအမေတစ်ဦးက ညည်းတွားသည်။

ညနေ ၆ နာရီခွဲ ကျော်ပြီဖြစ်သဖြင့် မှောင်ရီပျိုးလာလေပြီ။ စိတ်ညစ်ညစ်နှင့် ကြုံရာနေရာတွင် ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့ထိုင်နေကြသည်။

ကချင်ပြည်နယ်မှ စစ်ဘေးဒုက္ခသည်များကိုကူညီရန် လာရင်း ကိုယ်တိုင် စစ်ဘေးရှောင်နေရပြီဟု အချင်းချင်း နောက်ပြောင်နေမိသည်။ အမှောင်ထုက တဖြည်းဖြည်း ကြီးစိုးလာတော့ အတွေ့အကြုံ ရှိဖူးဟန်တူသည့် အမျိုးသားကြီးတစ်ဦးက “အခန်းယူထားကြဟေ့။ အိပ်ရမှာ သေချာနေပြီ”ဟု ဆော်ဩသည်။ သုံးခန်းသာရှိသဖြင့် အတွေ့အကြုံရှိသူများ လက်ဦးသွားကာ ကျွန်မတို့အဖွဲ့အတွက် အခန်းမရတော့ပါ။

ရန်ကုန်က လာသော ကျွန်မအပါအဝင် ရဲတိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင်သုံးဦးနှင့်သည်လမ်းကြောတွင် သည်လို အတွေ့အကြုံ ကိုပထမဆုံး ကြုံဖူးသည်ဆိုသည့် ဆရာဘရန်မိုင်နှင့် ကားဆရာတို့မှာ ဘာဆက်လုပ်ရမည်မှန်း မသိဖြစ်ကာ စိတ်ညစ်ညစ်နှင့် ဟိုလျှောက်လိုက် သည်လျှောက်လိုက်လုပ်နေခဲ့ကြသည်။

ခဏကြာတော့ညစာစားနိုင်ရန်နှင့် တစ်ညတာ အိပ်စက်ရန်နေရာရလိုရငြား အနီးရှိ တစ်ခုတည်းသောအဆောက်အအုံတွင်းသို့ ဝင်ကြည့်သည်။ ဝါးကပ်များမိုးကာထားကာ အုတ်အင်္ဂတေခံဆောက်ထားပြီး အတွင်းပိုင်းတွင် ထိုင်ခုံ ဟိုတစ်လုံးသည် တစ်လုံးချထား၍ မုန့်ဗီရိုများအတွင်းယမကာပုလင်းများနှင့် ခေါက်ဆွဲခြောက်များ၊ မုန့်များကို ချိတ်ဆွဲထားသည့် ထိုအဆောက်အအုံငယ်မှာ စားသောက်ဆိုင်ဟု အမည်တပ်မည်ဆိုလျှင်တော့တပ်လို့ရပေလိမ့်မည်။

ဆိုင်နောက်ဖေးခန်းသို့ ဝင်သွားလိုက်လျှင်တော့ ဝါးပြောင်းရှည်နှင့် ခပ်ပုံ(ဘိန်းတစ်မျိုး)မှိဲဝဲနေကြသော တိုင်းရင်းသားအမျိုးသားကြီးများက မျက်နှာစိမ်းများမို့ အကဲခတ်သလိုကြည့်သည်။ မီးဖိုထဲတွင်တော့ မြစ်ကြီးနားတွင် တရုတ်စာကောလိပ် တက်ရောက်ကာ သင်္ကြန်တွင်း အိမ်သို့ အလည်ပြန်လာသောဆယ်ကျော်သက်တရုတ်-ကချင်ကပြားမလေးကညှော့သည်များအတွက် ညစာပြင်ဆင်ရန် လက်မလည်အောင်အလုပ်ရှုပ်နေလေသည်။

စာ(၃၀)သို့



## စာ - ၂၉၊ ဘွန်တောင်မှာ ၁၂နာရီကြာ မှ

မမျှော်လင့်ဘဲ သူမ ရရှိထားသော ဧည့်သည်များတွင် တရုတ်နိုင်ငံမှာ ကုန်များတင်လာသော ကုန်တင်ကားမောင်းသည့် အညာသား ကားဆရာကြီးများ၊ အဘွားအို တစ်ဦး၊ နို့စို့နှင့် မတ်တတ်ပြေးကလေးငယ်သုံးဦး၊ ခရီးသွား လူလတ်ပိုင်း အမျိုးသား၊ အမျိုးသမီးများအပါအဝင် ၃၀နီးပါးရှိမည်။

စားသောက်ဆိုင်ကြီးရယ်လို့ သီးသန့်ကြီး ဖွင့်ထားသည် မဟုတ်သည့်အတွက် နောက်ဖေး မီးဖိုရှေ့နားတွင် စားပွဲနှစ်လုံးချကာ တစ်ဖွဲ့ပြီး တစ်ဖွဲ့ စားရသည်။ အမဲသား၊ဝက်သားအာလူးချက်၊ကြက်ဥမွှေကြော်၊ ခရမ်းချဉ်သီးကြက်သွန်အချဉ်၊ ကချင်ရိုးရာပိန်းဥဟင်းချိုတို့နှင့် ညစာတစ်နပ်ပြီးရသည်။

မြစ်ကြီးနားမြို့တွင် နေထိုင်ပြီး ယခုကဲ့သို့ မကြာခဏ ကြုံရဖူးသည်ဟုပြောသော အသက် ၃၀ ကျော် ကုန်သည်အမျိုးသားတစ်ဦးကို သေနတ်သံတွေကြားရမှာလား၊တိုက်ပွဲကဒီဘက်အထိရောက်လာနိုင်လားလို့စပ်စုကြည့်ရာ“ဘာမှ ကြောက်စရာမရှိပါဘူး။ မစိုးရိမ်ပါနဲ့။ စစ်ကြောင်းဆုတ်ရင်းတော့ ရောက်လာနိုင်တာပေါ့။ ပြည်သူတွေကို မပစ်ပါဘူး။ အဲ. . လက်နက်ကြီးတွေနဲ့ပစ်လို့လာမှန်ရင်တော့မတတ်နိုင်ဘူးပေါ့”ဟု သူ ပြန်ပြောသောအခါတွင်တော့မျက်ခုံးများ ပင့်တက်သွားသည်။

ညက မှောင်သထက် မှောင်လာသည်။ ည ၁၀ နာရီကျော်သည်အထိ စကားဝိုင်းဖွဲ့ ပြောနေကြသဖြင့် လူသံတိတ်သည် မရှိသဖြင့် ကြောက်စိတ်၊ စိုးရိမ်စိတ်တော့ အနည်းငယ်လျော့သွားရသည်။ ည ၁၁ကျော်တော့ နှိုးထားသောမီးစက်ကို ပိတ်လိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ကျသွားသည်။ လူသံတွေလည်း တိတ်ဆိတ်ခြောက်ကပ်သွားသည်။ ပျဉ်နံရံသာ ခြားသောအခန်းများဆီက ဟောက်သံများပင် ထွက်လာသည်။

နယ်မြေစိမ်း၊ အတွေ့အကြုံစိမ်း၊ ပတ်ဝန်းကျင်စိမ်းဖြစ်သောကြောင့် မျက်လုံးများ စုံမှိတ်ထားသော်လည်း အိပ်၍ မပျော်။ လူခြေတိတ်သွားသောအခါကြောက်စိတ်ကြောင့်လားမသိ၊ နားထဲတွင် တဒက်ဒက်နှင့် စက်သေနတ်သံလိုလို။ သေချာ နားစိုက်ထောင်ကြည့်မှ အဆက်မပြတ်ထွက်နေသည့်ချောင်းရေစီးသံလိုလို၊တောင်ကျရေသံလိုလိုကြားသည်။

တိုင်နံရံထက်က နာရီကို ဖုန်းမီးရောင်ဖြင့် ထိုးကြည့်မိတော့ ည ၁၂နာရီ၅မိနစ်ရှိပြီ။ ထို့ကြောင့် တစ်ဖက်တန်းလျားတွင် အိပ်မပျော်သေးသော ရဲတိုက်ကို “Happy Birthday” ဟု လှမ်းပြောလိုက်သည်။ သူက နာရီကို ဖယောင်းတိုင်မီးနှင့် ထိုးကြည့်ကာ “ဟာ ဆယ့်နှစ်ကျော်သွားပြီ။ မွေးနေ့ရောက်ပြီပဲ”ဟု ပြောကာ ဖယောင်းတိုင်မီးရောင်ကို အားပြုကာ သူ၏ ဖုန်းဖြင့် သူ့ဘာသာသူ မွေးနေ့ဆုတောင်းလေသည်။

စုပေါင်းအိပ်ရသည့်နေရာမှာ နောက်ဖေးအဖီမှာ တစ်ဖက်ပွင့်ဖြစ်သဖြင့် လေက ဒလဟော တိုက်ကာ တောင်များ ပတ်ပတ်လည်ကာရံနေသည့် နေရာဖြစ်သဖြင့် အရိုးစိမ့်အောင်အေးနေသည်။ ညအိပ်ရန် အစီအစဉ်မရှိသဖြင့် အနွေးထည်မည်မည်ရရ ဘယ်သူ့မှာမှပါမလာ။ ထို့ကြောင့်ညဉ့်သန်းခေါင်ကျော်တွင် မနေနိုင်တော့သဖြင့် မီးပုံဖိုကာ အနွေးဓာတ်ရအောင်လုပ်ကြရသည်။ မွေးနေ့ရှင်ကတော့ မကြုံစဖူး မွေးနေ့နှင့် ကြုံရသဖြင့် စိတ်လှုပ်ရှား ပျော်ရွှင်နေဟန်ရှိသည်။ကြိုးစားအိပ်သော်လည်း အေးစိမ့်နေအောင် ချမ်းသဖြင့် ဘယ်လိုမှအိပ်မပျော်ပေ။ မနက်ပိုင်းက လျှုခဲ့သမျှကို ပြန်စဉ်းစားနေမိသည်။

ဧပြီ ၁၀ရက်နေ့ မနက် ၁၀ နာရီ ဝန်းကျင်လောက်က မြစ်ကြီးနားမှ မိုင် ၆၀ ကျော်ဝေးသော ရှင်ဂျိုင် ကချင်စစ်ဘေးဒုက္ခသည်စခန်းသို့ အထောက်အပံ့ပစ္စည်း အနည်းငယ်သယ်ဆောင်ကာ နေ့ချင်းပြန် ခရီးထွက်လာခဲ့သည်။

ရှင်ဂျိုင်သည် မြစ်ကြီးနားမြို့မှ နှစ်နာရီကျော်သာသာလောက် မောင်းလျှင် ရောက်နိုင်ပြီး ရှင်ဂျိုင်မှ တစ်နာရီလောက်ဆက်မောင်းနှင်သွားလျှင်တော့ တရုတ်နိုင်ငံနယ်စပ်မြို့ဖြစ်သည့် တိန်ချုန်းသို့ရောက်လိမ့်မည်။ တစ်ဖက်တွင် တောင်လျှောကားထစ်လက်ဖက်စိုက်ခင်းများနှင့် လမ်းသာခြားကာ တောင်စောင်းတွင် ယာယီတဲငယ်များဖြင့်တည်ဆောက်ထားသော ဒုက္ခသည်စခန်းတွင် ရွာပေါင်း၁၅ရွာမှဒုက္ခသည်ပေါင်း ၁၂၁၅ ယောက်နေထိုင်သည်။

လူတစ်ထောင်ကျော်အတွက် အိမ်သာ ငါးလုံးသာရှိသည်။ ထို့ကြောင့်အခန်း ၂၀ပါအဆောင်နှစ်ဆောင်နှင့် အိမ်သာ ငါးလုံးကို ရန်ကုန်၊ မန္တလေးမှအလှူငွေများဖြင့် တည်ဆောက်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ စစ်ဘေးဒုက္ခသည်များကိုကူရင်း စစ်၏အတွေ့အကြုံကို ယခုတော့ကိုယ်တိုင်ကြုံရလေပြီ။ ဒါတောင် သူတို့လိုနဖူးတွေ့ဒူးတွေ့ကြုံရသေးသည်မဟုတ်။

နံနက်ပိုင်းကလာသည့်လမ်းခရီးတွင် မြန်မာ့တပ်မတော်မှ ရဲဘော်အယောက် ၂၀ ကျော်ခန့် လမ်းလျှောက်ခရီးနှင်နေသည်ကိုတော့ တွေ့ခဲ့ရသည်။ လမ်းဘေး ဝဲယာတစ်လျှောက် စိမ်းစိုသာယာသော တောအုပ်ငယ်များ၊ အနီရောင်တောင်ကုန်းများကြားတွင်ဖောက်ထားသောတောင်ကြားလမ်းများကို ဖြတ်ရတိုင်း “လှလိုက်တာ”ကို အခွန်းပေါင်း မရေတွက်နိုင်အောင် ပြောဆိုခဲ့ကြသည်။

ညနေကျတော့ တိုက်ပွဲနှင့်တည့်တည့်တိုးသည်။ ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)တို့အကြား တိုက်ပွဲများဖြစ်နေသည်မှာ ၂၀၁၁ ဇွန် ၉ ရက်က တည်းကပင်။ ယခုဆိုလျှင် ရက်ပေါင်း ၃၂၀ ကျော်လေပြီ။ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသော ဒုက္ခသည်ပေါင်းမှာလည်း ပြည်နယ်တစ်ခုလုံးတွင် ခုနစ်သောင်းကျော်ရှိခဲ့လေပြီ။ ဒုက္ခသည်များမှာ မြို့များတွင် နေထိုင်သူများက အတော်အသင့် အဆင်ပြေသူများရှိသလို မြို့နှင့်ဝေးကာ တောထဲတောင်ထဲတွင် ဖြစ်သလို နေထိုင်နေရသူများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲ။ တိုက်ပွဲများကလည်း ကြိုကြားကျိုးကြားဖြစ်နေဆဲ။

တိုက်ပွဲနှင့် နီးနီးကပ်ကပ်ရှိနေသည့် အတွေ့အကြုံမှာ ဘဝတွင် အသစ်ဖြစ်နေသဖြင့် ရင်ခုန်မိသလို ကြောက်စိတ်လည်း ဝင်မိသည်။ ဘယ်အချိန်များ ကိုယ့်အနား ရောက်လာမလဲဟု အတွေးတွေလည်း ဝင်မိသည်။

လင်းကြက်တွန်သံ ခပ်လှမ်းလှမ်းမှ ကြားသည့်အချိန်တွင်မှ မှေးခနဲ အိပ်ပျော်သွားသည်။နိုးလာတော့ လူများ လှုပ်လှုပ်ရှားရှားဖြစ်နေလေပြီ။ မျက်နှာသစ်သူသစ်၊ ကားရေပက်ဆေးနေ သူဆေးနှင့် အချို့ကတော့ အချင်းချင်း စနည်းနာကာ အခြေအနေကိုစောင့်ကြည့်နေကြသည်။ နံနက် ၅နာရီခွဲသွားလေပြီ။

“ခင်ဗျားတို့ ကားကြီးတွေ အရင်သွား။ ကားကြီးတော့ ပစ်ရင်လည်း ခံနိုင်တယ်။ ကျွန်တော်တို့ကားသေးတွေ နောက်ကလိုက်မယ်”ဟု အချင်းချင်း နောက်နေသံကြားရသည်။

နံနက်ခြောက်နာရီထိုးမှာတော့ တစ်ဖက်လမ်းမှ ကားများတက်လာသဖြင့် သွား၍ရနိုင်ကောင်းပြီဟု မှန်းဆကာ တစ်စီးပြီး တစ်စီး ရှေ့ဆင့်နောက် ဆင့်စုထွက်ကြသည်။ နည်းနည်းလေး မောင်းလာပြီးတော့ ဘွန်တောင်ရွာဆိုသည့် ဆိုင်းဘုတ်ကို တွေ့ရသည်။

လမ်းတစ်လျှောက်တွင် စကားသိပ်မပြောဖြစ်ဘဲ လမ်းဘေးဝဲယာကိုသာ ကြည့်ရင်း ညက တိုက်ပွဲဖြစ်ခဲ့သည့်နေရာမှာ သည်နေရာဖြစ်နိုင်မလား၊ ဟိုနေရာဖြစ်နိုင်မလားဟု မှန်းဆရင်း လိုက်ပါလာခဲ့သည်။ အချို့နေရာအရောက်တွင် အသွားကတည်းက တွေ့ခဲ့ရသည့် လေးထောင့်ကွက်မည်းမည်းနှင့် မီးသွေးဖြစ်နေသော အိမ်ငုတ်တိုင်တချို့တလေတို့ကို တွေ့ရသည်။

အနီရောင်တောင် ကြားလမ်းရောက်တော့ တောင်ထိပ်တွင်များ အစိမ်းရောင် ယူနီဖောင်းဝတ်များ တွေ့ရနိုးနှင့် လှမ်းကြည့်မိသေးသည်။ ရင်ကတော့တထိတ်ထိတ်။

ဝိုင်းမော်မြို့ မရောက်ခင် ဝါးရှောင်ရွာအရောက်တွင်ကားဆရာကိုနော်ဆန်းက“ဒီနေရာ ရောက်ရင်တော့ စိတ်ချရပါပြီ”ဟု ပြောသည်။ အားလုံးက အခုတော့ ပြောလို့ရပြီပေါ့ဟု သူ့ကိုပြန်စကာရယ်မောလိုက်ကြသည်။

ဘွန်တောင်တွင် နေခဲ့ရသည့် ၁၂နာရီကို ဘယ်တော့မှမေ့လိမ့်မည်မထင်။

ကချင်ပြည်နယ် တစ်ခွင်လုံး အမြန်ဆုံး ငြိမ်းချမ်းပါစေ။ ။


# HAPPY *PEST KILLER*

**ဟက်ပီး ပိုးမွှားနှိမ်ဆေးသည် . . .**

- ဆေးဖက်ဝင်ပန်း (Pyrethrum) ဖြစ်၍ အန္တရာယ်မဖြစ်နိုင်ပါ။
- ဓာတ်ပြိုကွဲမှုမြန်ဆန်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေပါ။
- ကြမ်းခင်း၊ နံရံ နှင့် ပရိဘောဂများကို အရောင်လွင့်ခြင်းမဖြစ်စေပါ။
- ချိုး၊ ခြ၊ ပုရွက်ဆိတ်၊ ပိုးဟပ်၊ မှား၊ သန်း - အိမ်မွေးတိရိစ္ဆာန်တွင် စွဲကပ်သောပိုးမွှားများ - အပင်ရှိပိုးမွှားများ ကိုထိရောက်စွာ နှိမ်နင်းနိုင်ပါသည်။
- အနံ့အသက်၊ အရောင် စွန်းပေခြင်း မရှိပါ။

Super Market စတိုးဆိုင်
ကုန်မာဆိုင် များတွင်ရရှိနိုင်ပါသည်။



အမှတ်(၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း - ၀၁-၅၅၄၈၂၈၊ ၂၀၉၂၉၀၊ ၀၉-၇၃၀၂၇၇၃၃၊
၀၉-၅၁၅၄၃၀၀၊ ၀၉-၅၁၅၄၆၀၀



## Business Capacity Building Centre

**အခန်း(၃၀၆)၊ ပန်းခြံတာဝါ၊ အမှတ်(၈)၊ ဗားဂရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၃၈၅၃၁၊ ၅၃၈၅၁၇**

၁။ Marketing Executive - (၁) ဦး
- ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ Marketing Diploma ရရှိထားသူအား ဦးစားပေးမည်။
- အသက် ၂၅ နှစ်မှ ၃၀ နှစ်အတွင်းဖြစ်ရမည်။
- ရုပ်ရည်သင့်တင့်ရှိပြီး လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
- ကွန်ပျူတာအခြေခံရှိပြီး Marketing လုပ်ငန်းအား တာဝန်ခံဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ပညာရေးလုပ်ငန်းကို စိတ်ဝင်စားသူဖြစ်ရမည်။ Marketing လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
- မိမိတာဝန်ကို အမှန်တကယ်စိတ်ဝင်စားပြီး အဖွဲ့အစည်းနှင့်လုပ်ကိုင်ဆောင်ရွက်နိုင်ရမည်။
- ရန်ကုန်မြို့တွင်း ရုံးလုပ်ငန်းနေရာများသို့ အလွယ်တကူသွားလာနိုင်သူဖြစ်ရမည်။

၂။ Admin Assistant - (၁) ဦး
- ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်းဖြစ်ရမည်။
- ရုပ်ရည်အသင့်အတင့်ရှိပြီး လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
- Microsoft Office၊ Internet & Email ကျွမ်းကျင်စွာအသုံးပြုနိုင်ပြီး၊ စာရင်းအင်းအခြေခံနားလည်ရမည်။
- ပညာရေးလုပ်ငန်းကို စိတ်ဝင်စားသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။
- မိမိတာဝန်ကို အမှန်တကယ်စိတ်ဝင်စားပြီး အဖွဲ့အစည်းနှင့်လုပ်ကိုင်ဆောင်ရွက်နိုင်ရမည်။

လျှောက်ထားလိုသူများသည် အထက်ပါလိပ်စာအတိုင်း ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ပညာရေးထောက်ခံချက်မိတ္တူများ၊အလုပ်သမားမှတ်ပုံတင်၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ (၆-၅-၂၀၁၂)နေ့နောက်ဆုံးထား၍ နံနက် (၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။



ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်များစွာမွေးထုတ်ပေးခဲ့သည့်

# အောင်ချမ်းမြေ့

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း**

**အမှတ်(၂၄၉)၊(2B,3B,5B,6B,7Bထပ်)၊ဗားဂရာလမ်းမကြီး၊**
**အမှတ်(၂၅၁)၊ (3A, 6B, 7B ထပ်)၊ဗားဂရာလမ်းမကြီး၊** } ကပ်လျက်တိုက်၊
**မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**(မြေနီကုန်း၊-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀**
**(Open 7:00 am To 7:00 pm)ပိတ်ရက်မရှိပါ။**

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာအသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)၊ 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။

**(I) တစ်လပြတ်အထူး (တစ်ပတ်ငါးရက်)ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**
**တနင်္လာ မှ သောကြာနေ့အထိ**

စဉ် (၂၀၄၇) ၂၅-၄-၂၀၁၂ စဉ် (၂၀၅၀) ၁-၅-၂၀၁၂
စဉ် (၂၀၄၈) ၂၆-၄-၂၀၁၂ စဉ် (၂၀၅၁) ၂-၅-၂၀၁၂
စဉ် (၂၀၄၉) ၃၀-၄-၂၀၁၂ စဉ် (၂၀၅၂) ၃-၅-၂၀၁၂

**(II) နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ်(၂၀၅၃)၂၅-၄-၂၀၁၂(Wed&Thur) စဉ်(၂၀၅၆) ၁-၅-၂၀၁၂ (Tue & Wed)
စဉ်(၂၀၅၄)၂၆-၄-၂၀၁၂(Thur & Fri) စဉ်(၂၀၅၇) ၃-၅-၂၀၁၂ (Thur & Fri)
စဉ်(၂၀၅၅)၂၈-၄-၂၀၁၂(Sat & Sun) စဉ်(၂၀၅၈) ၅-၅-၂၀၁၂ (Sat & Sun)

**(III) သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ် (၂၀၅၉) ၂၈-၄-၂၀၁၂ (Sat) စဉ် (၂၀၆၁) ၅-၅-၂၀၁၂ (Sat)
စဉ် (၂၀၆၀) ၂၉-၄-၂၀၁၂ (Sun) စဉ် (၂၀၆၂) ၆-၅-၂၀၁၂ (Sun)

**(IV) နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ (တနင်္လာ မှ သောကြာနေ့အထိ)**
**(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ် (V) သုံးနှစ်**

စဉ် (၂၀၆၃) ၂၅-၄-၂၀၁၂ စဉ် (၂၀၆၆) ၂-၅-၂၀၁၂
စဉ် (၂၀၆၄) ၂၆-၄-၂၀၁၂ စဉ် (၂၀၆၇) ၇-၅-၂၀၁၂
စဉ် (၂၀၆၅) ၃၀-၄-၂၀၁၂ စဉ် (၂၀၆၈) ၁၀-၅-၂၀၁၂


**(V) သားဖွားမီးယပ်(၃)လဒီပလိုမာ** (Sat, Sun, Mon, Tue, Wed)

စဉ် (၂၀၆၉) ၂၅-၄-၂၀၁၂ စဉ် (၂၀၇၀) ၂-၅-၂၀၁၂
စဉ် (၂၀၇၀) ၃၀-၄-၂၀၁၂ စဉ် (၂၀၇၁) ၇-၅-၂၀၁၂

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**

(I) 8:00 am to 11:00 am (IV) 01:00 am to 04:00 pm
(II) 9:00 am to 12:00 pm (V) 05:30 pm to 07:30 pm
(III) 11:00 am to 02:00 pm

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012



# မြန်မာအစ အယူအဆများ

ဒေါက်တာကျော်လတ်

မိမိတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယား၊ ရခိုင်၊ မွန် အစရှိသော တိုင်းရင်းသားများနှင့် ၇၅ ရာခိုင်နှုန်းခန့်ပါဝင်သော ဗမာဟူသော တိုင်းရင်းသားများ ပါဝင်နေထိုင်ကြသည်။ ထို့ကြောင့် ဗမာဟူသောစကားသည် လူများစုဖြစ်သော ဗမာစကားပြောသော တိုင်းရင်းသားအုပ်စုကို ရည်ညွှန်းရမည်ဖြစ်ပြီး မြန်မာဟူသော စကားသည် ဗမာတိုင်းရင်းသားများအပါအဝင် အထက်တွင် ဖော်ပြခဲ့သော မြန်မာပြည်၌ နေထိုင်ကြသော တိုင်းရင်းသားများအပါအဝင် ဆိုလိုရမည်ဖြစ်သည်။

ထိုဝေါဟာရနှစ်ခု တည်ရှိခဲ့ခြင်းသည် ၁၇ ရာစုနှစ် အစောပိုင်းမှ စ၍ ရှိခဲ့ဟန်တူပါသည်။ ၁၇ ရာစုနှစ် အလယ်ပိုင်းတွင် ပဲခူးမြို့ဟံသာဝတီရှိ နန္ဒာဘုရင်ကို တောင်ငူဘုရင်နှင့် ရခိုင်မှ မင်းရာဇာကြီးတို့က စုပေါင်းတိုက်ခိုက်ကြပြီး ဟံသာဝတီပြည်၊ ပဲခူးပျက်စီးသွားသည့်အခါ ပဲခူးရှိများစွာသော လူများကို ရခိုင်ပြည်သို့ ခေါ်ဆောင်သွားခဲ့ကာ ထိုမှတစ်ဆင့် ထိုစဉ်အခါက ရခိုင်ပြည်တွင် ပါဝင်သော စစ်တကောင်းတောင်တန်း ဒေသ၌ နေရာချထားခဲ့ပါသည်။ ထိုစစ်တကောင်း တောင်တန်းဒေသတွင်ပင် ဆက်လက်နေထိုင်ခဲ့ကြသော ပဲခူးအဆက်အနွယ်တို့သည် ယနေ့တိုင်ပင် မိမိကိုယ်မိမိ မြန်မာ(Mrama) ခေါ်ဆိုကြသဖြင့် ဗမာဆိုသော စကားသည် ထို ၁၇ ခုနှစ် ရာစုနှစ်နောက်ပိုင်းမှ ပေါ်ပေါက်လာခဲ့ဟန်တူသည်။

မည်သို့ပင်ဖြစ်စေကာမူ အထက်တွင် တင်ပြခဲ့သည့်အတိုင်း မြန်မာလူမျိုးဟု ခေါ်ဆိုခြင်းသည် တိုင်းရင်းသားလူမျိုးအားလုံး ပါဝင်အကျုံးဝင်ပြီး ဗမာဟူသောအခေါ်အဝေါ်မှာ ၇၅ ရာခိုင်နှုန်း ခန့်ရှိသော တိုင်းရင်းသားတစ်မျိုးဖြစ်သည့် ဗမာများကို ဆိုလိုကြောင်းယခုအခါအဓိပ္ပာယ်ဖွင့်ဆိုကြသည်။

မြန်မာပြည်တွင် နေထိုင်လျက်ရှိကြသောတိုင်းရင်းသားတို့ရှိကြရာ ယင်းတို့သည် ယခု မိမိတို့ သတ်မှတ်ထားသော မြန်မာနိုင်ငံ၏ နယ်မြေအတွင်းသို့ မည်သည့်အခါက မည်သူတို့က ပထမဦးစွာစော၍ ဝင်ရောက်လာကြခြင်း၊ နောက်ကျ၍ ဝင်ရောက်လာကြခြင်း အစရှိသော ပြဿနာတို့မှာ မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းမှတ်တမ်း၊ မှတ်ရာများတွင် အရေးတကြီး လုပ်၍ ဖော်ပြထားခဲ့ခြင်းမရှိပါ။ အမှန်စင်စစ် မိမိတို့ မြန်မာ့မြေပေါ်တွင် ကျောက်ခေတ်ဟောင်းကာလတွင်လည်းကောင်း၊ ကျောက်ခေတ်အလယ်နှင့် ကျောက်ခေတ်နှောင်းပိုင်းခေတ်ကာလတွင်လည်းကောင်း လူများနေထိုင်ခဲ့ကြသည်ဆိုသည်မှာလည်း သက်သေအထောက်အထားများနှင့် တိကျစွာရှိပေသည်။ ထိုရှိပြီးသောသူများနှင့် ပူးပေါင်းပေါင်းစပ်နေထိုင်ရန် အခြားအရပ်ဒေသများမှ ပြောင်းရွှေ့ဝင်ရောက်လာကြသည်ဆိုသည်မှာ ဖြစ်နိုင်သော်လည်း ထိုပြောင်းရွှေ့လာကြသောသူများသည် မည်သူက ပထမဦးစွာရောက်ရှိလာသည်၊ မည်သူက နောက်မှ ရောက်ရှိလာသည်ဆိုသော ပြဿနာမှာ သက်သေပြ၍လည်း မရ၊ အရေးကြီးသောအချက်လည်း မဟုတ်ပေ။ ဤကိစ္စနှင့်ပတ်သက်၍ အချို့သော အနောက်တိုင်းသမိုင်းပညာရှင်ကြီးများက ယင်းတို့ အင်္ဂလန်တွင် ပထမဦးစွာ Briton ခေါ် နယ်ခံလူများရှိပြီးသော်လည်း Anglo-Saxon ခေါ် လူတို့က ယခု ဂျာမနီပြည်ဘက်မှ ပြောင်းရွှေ့လာကြသည်ဟု စသော အချက်အလက်များကို အခြေခံ၍ မြန်မာလူမျိုးများနှင့် ပတ်သက်၍လည်း ထိုကဲ့သို့ဖြစ်နိုင်သည်ဟုတွက်ချက်ခဲ့ဟန်တူ၍ Hypothesis ခေါ် အနုမာန အယူအဆများ တည်ဆောက်ခဲ့ကြသည်။ ယင်းသို့ အင်္ဂလန်ပြည်တွင် အထက်ပါ Saxon လူမျိုးတို့သည် အင်္ဂလန်သို့ စတင်ပြောင်း ရွှေ့နေထိုင်ကြခြင်းမှာ ရောမအင်ပါယာကြီး ပျက်သုဉ်းသွားသော ၄ ရာစုနှစ်ခန့်မှသာဖြစ်ပျက်ခဲ့သဖြင့် အခြေအနေအရပ်ရပ်တို့ကို လေ့လာသုံးသပ်ရန် လွယ်ကူပေသည်။ မြန်မာပြည်အနေဖြင့် ကျောက်ခေတ်၊ ကြေးပစ္စည်းများ၊ သံပစ္စည်းများကို စတင်သုံးသောခေတ်တို့အားလုံးကို အထောက်အထားနှင့် တွေ့ရှိထားသော လူ့ဘောင်အသိုင်းအဝိုင်းတွင်အထက်ပါအနုမာနအယူအဆကို တည်ဆောက်လိုခြင်းမှာ အခြေအနေချင်းမတူသဖြင့်တည်ဆောက်ထားသော အချက်အလက်များမှာ စိတ်ကူးယဉ် သက်သက်သာ ဖြစ်ပေတော့သည်။

သို့ပါသော်လည်း အချို့သော ပညာရှင်ကြီးများသည် မြန်မာတိုင်းရင်းသားများကို မြောက်ဘက်မှ တောင်ဘက်သို့ ပြောင်းရွှေ့လာကြသည်ဟု စိတ်ကူးရှိကြပြီး တောင်ဘက်တွင် ရောက်ရှိနေသောသူများသည် အစောဆုံး ရောက်သောသူများဖြစ်သည်။ မြောက်ဘက်တွင် နေထိုင်သောသူများဖြစ်သည့် ဥပမာ-ရှမ်းလူမျိုးများသည် နောက်ဆုံး ၁၃ ရာစုနှစ်ခန့်မှသာလျှင် ရောက်ရှိလာကြသည်ဟု ပြောဆိုကြပြန်သည်။ (ဒေါက်တာသန်းထွန်း- ခေတ်ဟောင်း မြန်မာရာဇဝင်၊ စာမျက်နှာ-၂၈၀)

ထို့အပြင် ယင်းပညာရှင်အုပ်စုကပင် ဗမာများသည် ၉ ရာစုနှစ်ကျမှ ကျောက်ဆည်ဒေသမှစတင်၍ ရောက်ရှိလာကြသည်ဟုပြောဆိုလာကြသည်။ ဤဆိုလိုချက်တို့၏ အခြေအမြစ်ရှိမှု၊ မရှိမှုတို့မှာ ရှမ်းလူမျိုးများသည် မြန်မာပြည် မြောက်ပိုင်းတွင် ရှိသောနေရာဒေသများ၌သာ နေထိုင်ကြသည် မဟုတ်ဘဲ မြန်မာပြည်အလယ်ပိုင်းရှိ ဖြူးမြို့ ပတ်ဝန်းကျင်၊ မြန်မာပြည်တောင်ပိုင်းတွင် ရှိသော မော်ဘီ၊ တိုက်ကြီး ပတ်ဝန်းကျင်တို့တွင်လည်း တွေ့ရှိရပေသည်။ ဗမာလူမျိုးများနှင့် ပတ်သက်လျှင်လည်း ဗမာလူမျိုးတို့သည် မြန်မာပြည်အလယ်ပိုင်းတွင် များစွာ တွေ့ရှိရသည့်အပြင် မြန်မာပြည်၏တောင်ဘက်အစွန်းဖြစ်သော မြိတ်၊ ထားဝယ်၊ ကော့သောင်းတို့တွင်ပင် နေထိုင်ကြသည်။ ထို့ကြောင့် အထက်မှ အယူအဆများအတိုင်း တောင်ပိုင်းတွင် နေထိုင်သူများသည် အရင်ရောက်ရှိကြသည်။

စာ(၄၀) သို့

# စွန့်ထွင်ဦးစီးသည့် အစိုးရယန္တရား

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

လွန်ခဲ့တဲ့တစ်နှစ်ကျော်ကာလမှစပြီး မြန်မာနိုင်ငံတွင် မထင်မှတ်မမျှော်လင့်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို တွေ့မြင်ရင်ဆိုင်ခံစားနေရတာဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးနယ်ပယ်အသီးသီးမှာ ပြုပြင်ပြောင်းလဲမှုတွေဖြစ်ပေါ်ခဲ့တယ်။ ဖြစ်ပေါ်လျက်ရှိပါတယ်။ နိုင်ငံတော်အပိုင်းမှာ Good Governance and Clean Government ကောင်းမွန်သောစီမံအုပ်ချုပ်မှုနဲ့ သန့်ရှင်းသောအစိုးရကို တည်ဆောက်နိုင်ဖို့ကြိုးစားလျက်ရှိပါတယ်။ ဒီပြောင်းလဲမှုတွေရဲ့ နောက်ကွက်မှာ အခြေခံအားဖြင့် ဗျူရိုကရေစီ ယန္တရားနဲ့ စီမံအုပ်ချုပ်တဲ့စနစ်မှ နောင်တွင်ဦးစီးမှုကိုဦးစားပေးတဲ့ စီမံအုပ်ချုပ်သည့်စနစ်သို့ ပြောင်းလဲဖို့ အထူးလိုအပ်လျက်ရှိပါတယ်။

ခေတ်တစ်ခေတ်အတွက် ဆီလျော်အဆင်ပြေတဲ့ ဗျူရိုကရေစီယန္တရားဟာ အသိပညာကိုအခြေခံတဲ့စနစ်အတွက် အသုံးဝင်တာတွေ့ရှိရပါတယ်။ တစ်ချိန်က တည်ငြိမ်မှု၊ လုံခြုံမှုဟာ အခြေခံတရားတွေဖြစ်ခဲ့ပါတယ်။ ၂၁ ရာစုမှာမိဘပြည်သူတွေဟာ အတောမသတ်အောင် ကြီးထွားလာတာတွေ့ရပါတယ်။ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကိုပြည့်မီအောင် ဆောင်ရွက်ပေးနိုင်မယ့် အစိုးရယန္တရားလိုအပ်လျက်ရှိတာ တွေ့ရှိရပါတယ်။ ယနေ့ ထိုစနစ်တွင် ဦးစီးတဲ့အစိုးရဖြစ်နိုင်ဖို့ အခြေခံမှု ၁၀ ရပ်နဲ့ ပြည့်စုံရမှာ ဖြစ်ပါတယ်။

**(၁) လှေမလှော်ဘဲ ပဲ့ထိန်းပေးတဲ့အစိုးရ**

နိုင်ငံတစ်နိုင်ငံမှာ အခြေခံအဆောက်အအုံအစိတ်အပိုင်းသုံးရပ်ရှိတာ တွေ့ရပါတယ်။ ဒါတွေကတော့ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနဲ့ လူမှုရေးအဖွဲ့အစည်းတို့ဖြစ်ကြပါတယ်။ ဒီကဏ္ဍသုံးခုစလုံးအနေနဲ့ အရည်အသွေးပြည့်မီတဲ့ ထုတ်ကုန်များနဲ့ ဝန်ဆောင်မှုများကို ထုတ်လုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီအစိုးရအနေနဲ့ ပဲ့ထိန်းပေးတဲ့အခန်းကို တာဝန်ခံပြီး မှန်ကန်တဲ့ ပေါ်လစီများကို ချမှတ်အကောင်အထည်ဖော်ခြင်း၊ နိုင်ငံသားများရဲ့ စည်းလုံးညီညွတ်မှုကို ဦးစားပေးခြင်း၊ စီးပွားရေးအဆောက်အအုံကိုထိန်းကျောင်းပေးခြင်းနဲ့ တစ်ဦးနဲ့တစ်ဦး နိုင်ငံထက်စီးနင်းခွဲခြားဆက်ဆံမှုမရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ယူသွားရမှာဖြစ်ပါတယ်။

စည်းလုံးသူများအတွက် အရည်အသွေးပြည့်မီတဲ့အတွက် ထုတ်ကုန်နဲ့ ဆောင်ရွက်မှုများကို အကောင်းဆုံးပေးနိုင်သူက ပုဂ္ဂလိကကဏ္ဍသာဖြစ်ပါတယ်။ ဈေးကွက်ယန္တရားဟာ ဒီနေရာမှာ အထိရောက်ဆုံးဖြစ်တာတွေ့ရပါတယ်။ လူမှုရေးအဖွဲ့အစည်းများဟာ အမြတ်မယူဘဲ လူမှုရေးဝန်ဆောင်မှုများကို ပေးဆပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရဟာ လှေတစ်စီးမှာ ပဲ့ထိန်းပေးတဲ့ ပဲ့နင်းသဖွယ် တာဝန်ယူရမှာဖြစ်ပါတယ်။ လှေလှော်ခြင်းတစ်နည်းအားဖြင့် ထုတ်ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနဲ့ လူမှုရေးအဖွဲ့အစည်းများက တာဝန်ယူသွားရမှာဖြစ်ပါတယ်။

**(၂) ပြည်သူကပိုင်ဆိုင်တဲ့အစိုးရ၊ ပြည်သူများကို လုပ်ပိုင်ခွင့်ကာကွယ်ပေးတဲ့ အစိုးရဖြစ်ပြီ**

အစိုးရရဲ့ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ဖို့ ပြည်သူများရဲ့ ပါဝင်ပတ်သက်မှုဟာ အလွန်အရေးပါလှပါတယ်။ ပြည်သူများ ပါဝင်ခြင်းကြောင့် သူတို့ရဲ့ပြဿနာတွေကို သူတို့နည်း သူတို့ဟန်နဲ့ အဖြေရှာနိုင်တဲ့ အခွင့်အအရေးတွေ ရလာမှာဖြစ်တယ်။ ပြည်သူတွေကို ယုံကြည်အားကိုးဖို့လိုအပ်လှပါတယ်။ ပြည်သူတွေ ဘယ်လိုဝန်ဆောင်မှုတွေ လိုချင်သလဲဆိုတာကို သိနားလည်အောင် ဆောင်ရွက်ပြီး ပြည်သူနဲ့ အစိုးရအကြားရှိနိုင်တဲ့ အတားအဆီးတွေကို ဖယ်ရှားပေးသွားရမှာဖြစ်ပါတယ်။

**(၃) ယှဉ်ပြိုင်မှုကို ကြိုဆိုတဲ့ အစိုးရ၊ ဝန်ဆောင်မှုပေးရာ၌ ယှဉ်ပြိုင်မှုကို ကျင့်သုံးခြင်း**

နိုင်ငံတော်က ပေးဆပ်တဲ့ ဝန်ဆောင်မှုတွေရဲ့ အရည်အသွေးကို မြှင့်တင်တဲ့နေရာမှာ ယှဉ်ပြိုင်မှုဟာ အထိရောက်ဆုံးချဉ်းကပ်မှုသာဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုလို့ ပြောတဲ့နေရာမှာ ပုဂ္ဂလိကကဏ္ဍကို လုံးဝပြောင်းပေးဖို့ တိုက်တွန်းခြင်းမဟုတ်ပါ။ အစိုးရရဲ့ လက်ဝါးကြီးအုပ်စနစ်ကို ရပ်ဆိုင်းခြင်းဖြစ်ပါတယ်။ ဝန်ဆောင်မှုပေးသူများကို ယှဉ်ပြိုင်စေခြင်းဖြင့် ကုန်ကျစရိတ်လျော့ပါးစေရုံမက စားသုံးသူများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုတွင် ပုံစံအမျိုးမျိုးနဲ့ ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းအချင်းချင်း ယှဉ်ပြိုင်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများနဲ့ ယှဉ်ပြိုင်စေခြင်းတို့ပါဝင်ပါတယ်။

**(၄) ရည်မှန်းချက်ကို အခြေခံတဲ့ အစိုးရ၊ နည်းဥပဒေများကို အခြေခံတဲ့အစိုးရကို ပြုပြင်ပြောင်းလဲခြင်း**

အစိုးရဌာနများဟာ မိမိ-တို့ရဲ့ရည်မှန်းချက် ဦးတည်ချက်ကို အခြေခံပြီး တာဝန်ယူသွားရမှာဖြစ်ပြီး ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ဘတ်ဂျက်တွေနဲ့ ချည်နှောင်ထားမှုမရှိအောင် ရှေ့လျားရမှာဖြစ်ပါတယ်။ အစိုးရဝန်ထမ်းများဟာ လွတ်လွတ်လပ်လပ် တာဝန်ယူရဲသူ တာဝန်ခံနိုင်သူတွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဝန်ထမ်းတွေကို လုပ်သက်ကိုအခြေခံပြီး ဆုပေးတဲ့ပုံစံအစား ဆောင်ရွက်မှုကို အခြေခံတဲ့စနစ်ကို ကျင့်သုံးဖို့လိုအပ်လှပါတယ်။

**(၅) ရလဒ်ကို အခြေခံတဲ့ အစိုးရဖြစ်ပြီး သွင်းအားစုကို အားပေးခြင်းထက် အဖြေများကို အားပေးရမှာဖြစ်ပါတယ်**

အစိုးရဟာ သွင်းအားစုကိုသာ အာရုံပြုတာကြောင့် စိတ်ချမ်းသာမှုကိုဦးစားပေးစဉ်းစားကြပါတယ်။ အမှန်စင်စစ် ရလဒ်ကိုသာ အာရုံပြုသင့်ပါတယ်။ တစ်နည်းပြောရရင် သတ်မှတ်ထားတဲ့ ရည်မှန်းချက်များကို ပြည့်မီအောင် မည်သို့ မည်ပုံ ဆောင်ရွက်သင့်တယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။

**(၆) စားသုံးသူများ ဖောက်သည်များကို အခြေခံတဲ့ အစိုးရဖြစ်ပြီး သူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်**

အစိုးရဟာ မိဘပြည်သူများကို ဖောက်သည်များ၊ စားသုံးသူများအနေနဲ့ သတ်မှတ်ပြီး သူတို့ရဲ့ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း စားသုံးသူများအနေနဲ့ ရွေးချယ်စရာများသထက်များအောင် ဖန်တီးသွားရမှာဖြစ်ပါတယ်။

**(၇) စီးပွားရေးဆိုတဲ့ အစိုးရသုံးစွဲမှုကို လျှော့ပြီး ဝင်ငွေတိုးတက်အောင် ဖန်တီးခြင်း**

နိုင်ငံတော်အစိုးရဟာ တီထွင်ဆန်းသစ်တဲ့နည်းတွေကို သုံးပြီး ဝင်ငွေရှာဖွေနိုင်စွမ်းရှိရမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ အမြတ်ရနိုင်တဲ့ လုပ်ငန်းတွေကို တာဝန်ယူရဖို့ လိုအပ်ပါတယ်။ အများနဲ့ သက်ဆိုင်တဲ့ဝန်ဆောင်မှုတွေ ပေးရာမှာ သင့်လျော်တဲ့ အခကြေးငွေတွေ ကောက်ခံနိုင်မှာဖြစ်တယ်။ အစိုးရ၏ အကျိုးအမြတ်ရှိစေနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးတွေကို ရှာဖွေဖော်ထုတ်နိုင်ဖို့ လိုအပ်လှပါတယ်။

**(၈) ကြိုတင်ပြီး တွေးခေါ်စဉ်းစားပေးတဲ့အစိုးရ**

နိုင်ငံတော်အစိုးရဟာ မဟာဗျူဟာစီမံကိန်းများ ရေးဆွဲသတ်မှတ်ပြီး(ကာလရှည်ဘတ်ဂျက်များ) ကို ကြိုတင်ပြီး ရေးဆွဲနိုင်စွမ်းရှိရမှာဖြစ်ပါတယ်။

**(၉) အဆင့်ဆင့် တာဝန်ခွဲဝေပေးသော အစိုးရ**

အစိုးရ အဖွဲ့အစည်းများအနေနဲ့ သွက်လက်လှုပ်ရှားနိုင်စွမ်းခွဲဝေဖို့ အလွှာအဆင့်ဆင့်တွေ လျှော့ဖို့လိုအပ်ပါတယ်။ မိမိတာဝန်ကို မိမိအဆင့်မှာ လွတ်လွတ်လပ်လပ်တာဝန်ယူနိုင်စွမ်းရှိရမှာဖြစ်ပါတယ်။

**(၁၀) ဈေးကွက်ကို အားကိုးပြီး တာဝန်ယူတတ်တဲ့အစိုးရ**

အစိုးရဟာ မိဘပြည်သူတွေရဲ့လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းနိုင်စွမ်းမရှိတာကို လက်ခံထားရမှာဖြစ်ပါတယ်။ ဈေးကွက်ယန္တရားကို အားကိုးပြီး မိမိမတတ်နိုင်တဲ့ မလုပ်နိုင်တဲ့ကိစ္စအရပ်ရပ်ကို တာဝန်ခွဲဝေပေးနိုင်စွမ်း ရှိရမှာဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ အခြေခံမှု ၁၀ ချက်ကို သုံးပြီး အစိုးရအဖွဲ့အစည်းတွေဟာ မိဘပြည်သူများအတွက် အရည်အသွေးမြင့်မားတဲ့ ဝန်ဆောင်အလုပ်အကျွေးပြုမှုများကိုဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ။

# ခါသကြ န်နောက်ဆက်တွဲ

လွင်ချန်ဖြိုး(နတ်မောက်)

အမှန်စင်စစ် ယခုတင်ပြမည့် အဖြစ်အပျက်များသည် မြန်မာ့ရိုးရာ မဟာသကြ န်ပွဲတော်နှင့် လားလားမျှ မသက်ဆိုင်သော၊ မအပ်စပ်သော မြင်ကွင်းပုံရိပ်များပင်ဖြစ်ပါသည်။ နှစ်သစ်တစ်ခုသို့ ကူးပြောင်းခြင်း အထိမ်းအမှတ်အဖြစ် နှစ်ဟောင်းမှ အညစ်အကြေးများအား အတာရေစင်ဖြင့် သွန်းလောင်းဆေးကြောဖျန်းပက်ကာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ မေတ္တာသက်ဝင်လျက် ပျော်ရွှင်ချမ်းမြေ့သာယာအေးမြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံကြပါစေ၊ လာမည့် တစ်နှစ်တာ ကာလပတ်လုံး ဘေးအန္တရာယ်အသွယ်သွယ်တို့မှ ကင်းဝေးပြီး ကျန်းမာရွှင်လန်းကြပါစေဟူသော မွန်မြတ်ဖြူစင်သည့် စိတ်ထားများဖြင့် အပြန်အလှန် ဆုတောင်းပတ္ထနာပြုကြပါသည်။ ထိုသို့သော အဖိုးတန်ဂုဏ်အရည်အချင်းများကြောင့် မျိုးဂုဏ်မပျက် ထိန်းသိမ်းစောင့်ရှောက်အပ်သော ခါသကြ န်ကာလတွင် အမင်္ဂလာသတင်းများ၊ အဖြစ်အပျက်များက နောက်ဆက်တွဲအဖြစ် မကြားချင်၊ မမြင်ချင်သော်လည်းကြားရမြင်ရသိနေကြရပါသည်။


အမျိုးသမီးအချို့၏ မဆင်ခြင်မှုက မြန်မာအမျိုးသမီးအများစုအပေါ် အမည်းစက်ထင်စေသည်

“ဆေးရုံမှာ အခန်းမလောက်လို့ အပြင်ဘက် အဆောင်တွေမှာ ဖျာတွေ နဲ့ တောင် ထားရတယ်။ မြင်လို့ မကောင်း၊ ရှုလို့မကောင်း သကြ န်တွင်းမှာ ရောက်လာကြတာ။ အများဆုံးကတော့ မူးပြီး အပျော်ကြူးလို့ ယာဉ်တိုက်မှု ဖြစ်ကြတာများတယ်။ ကျိုးတာ၊ ပွံ့တာ၊ဒဏ်ရာရတာ၊ အသက်သေဆုံးတာ စုံနေတာပဲ။ ဒီနှစ်သကြ န် ဒုတိယ အကြတ်နေ့က ကောင်မလေးသုံးယောက် မူးပြီး ဆိုင်ကယ်စီးလာတာ မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုဖြစ်တော့ အားလုံး ပွဲချင်းပြီးပဲ။ မြို့ ဧရိယာ ရပ်ကွက်တွေထဲမှာ သကြ န်ရက်တွေအားလုံး တစ်နေကုန်နီးပါး ဆိုင်ကယ်သံတွေက နားမခံနိုင်အောင်ကိုဘဲ ဆူညံလှပါတယ်။ သကြ န်တွင်းဆိုပြီး အဖမ်းအဆီးကလည်း မရှိတော့ လက်လွတ်စပယ် ရမ်းရမ်းကားကားနဲ့ သုံးလေးငါးယောက် ပူးစီးကြတာများတယ်” ဟု အထက်မြန်မာပြည် မြို့ကြီးတစ်မြို့မှ ဒေသခံတစ်ဦးကပြောပြပါသည်။

“သကြ န်ရက်မှာ အလုပ်ဖြစ်တာကတော့ စက်သုံးဆီရောင်းသူတွေနဲ့ ဆိုင်ကယ်ပြင်ဆိုင် ဖွင့်ထားတဲ့သူတွေပဲ။ ပုံမှန်တခြားရက်တွေထက် လေး၊ ငါးဆလောက်ဝင်ငွေရကြတယ်။ နောက် အမြတ်အများဆုံးကတော့ အရက်နဲ့ ဘီယာရောင်းတဲ့သူတွေပဲ။ နေ့ခင်းကြောင်တောင် မြို့လယ်ခေါင် လမ်းမကြီးတွေဘေးမှာတင် ပေါ်ပေါ်ထင်ထင် လွတ်လွတ်လပ်လပ်ရောင်းဝယ် သောက်စားနေကြတာဟာ လူငယ် လူကြီး၊ ကျားမ အစုံပါပဲ။ မြန်မာ့ရိုးရာ သကြ န်ကာလရဲ့ ခေတ်သင်္ကေတကြီး တစ်ခုလိုတောင်ဖြစ်နေပြီ။ သကြ န်ရက်မျိုးမှာ အတိုးချ အခွင့်အရေးယူပြီး မူးကြရူးကြ၊ အော်ကြဟစ်ကြ၊ ဆူညံသောင်းကျန်းကြတာဟာ မြန်မာ့သကြ န်နဲ့ ဘယ်လိုမှမလိုက်ဖက်တဲ့ စရိုက်ပုံစံတွေပါပဲ။ ဒါပေမဲ့ အခုတော့ အားလုံးလိုလိုက အဲဒီလို လုပ်ရတာကိုပဲ သကြ န်ရဲ့ အရသာတစ်ခုလို ယစ်မူး ခုံမင်နေကြပါပြီ။ လူငယ်တွေနဲ့ ကလေးငယ်တွေအတွက်တော့ အတုခိုးလမ်းမှားရောက်နိုင်စရာ အခွင့်အရေးရသလိုဖြစ်နေပါပြီ။ သကြ န်ရက်တွေမှာဆို မြို့ကြီးတိုင်းလိုလိုမှာ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေ ရှိနေတတ်တယ် ဆိုတာကို ကျွန်တော်တို့အားလုံး သတိထားကြဖို့ လိုပါတယ်” ဟု မိတ်ဆွေတစ်ဦးက သုံးသပ်ပြောပြပါသည်။

“မောင်ရင်တို့ဆီမှာရော သကြ န်တွင်းရဲ့ အခြေအနေက ဘယ်လိုလဲ။ လမ်းမတွေပေါ်မှာ ပိုးလိုးပက်လက်ပဲလား။ မိန်းကလေးတွေကရော ပြောင်ပြောင်တင်းတင်းပဲလား။ ဒီမှာတော့ စကားရိုင်းရိုင်း ပြောရရင် တော်သလင်းလကျနေတာပဲ။မဏ္ဍပ်တွေပေါ်မှာရော၊ လမ်းမတွေပေါ်မှာ ပါ အပြတ်ကဲနေကြတာ။ တကယ့်နိုင်ငံတကာအဆင့်မီပါပဲ။ မြို့ပြသကြ န်ဆိုတာ ရှောင်ကွင်းစရာ တစ်ခုလိုတောင်ဖြစ်လို့နေပါပြီ။ မိဘတွေကပဲ တင်းတင်းကျပ်ကျပ် ထိန်းမှရတော့မယ့် အနေအထားပါ။ သကြ န်တွင်းရက်များမှာ အကျိုးမဲ့ကိစ္စတွေအတွက် သုံးတဲ့ဖြုန်းတဲ့ပမာဏက စီးပွားရေးစကားနဲ့ ပြောရရင် ပြည်သူအများစုအတွက် အတိုင်းအတာတစ်ခုအထိ နစ်နာဆုံးရှုံးမှုရှိပါတယ်။ အမှန်တော့ ဒါတွေဟာ သကြ န်နဲ့ လုံးဝမသက်ဆိုင်တဲ့ မလိုလားအပ်တဲ့ ရလဒ်တွေပါ။ အားလုံးက ပါဝင်ပြုပြင်ကြဖို့လိုပါပြီ”ဟု ရန်ကုန်မြို့မှ မိတ်ဆွေစာရေးဆရာတစ်ဦးက ဖုန်းဖြင့်လှမ်း၍ပြောပြပါသည်။


ဓာတ်ပုံ-ဧရာမောင်မောင်(အေးဖြိုး)

“သကြ န်တွင်းမှာ ကြုံရတဲ့ မကျေနပ်ဆုံး အချက်တစ်ခုကတော့ ညဘက်တွေမှာ ရေပက်တာပါပဲ။ သကြ န်တွင်းမှာ ကလေးနေမကောင်းလို့ ရေပက်လည်း မခံရအောင်၊ ရာသီဥတုအပူဒဏ်လည်း သက်သာရလေအောင် ညခုနစ်နာရီထိုးမှ ဆေးခန်းကိုသွားတာ၊ အမှောင်ရိပ်ထဲက နေ ရေပက်တာ ခံလိုက်ရတယ်။ တကယ်ကို မဖြစ်သင့်တဲ့ကိစ္စပါ။ ဘယ်သူမှလည်း တားဆီးပိတ်ပင်မယ့်သူ မရှိပါဘူး။ သကြ န် အတက်နေ့ ညကဆို မြို့လယ်က အလှပြမဏ္ဍပ်တွေ ရှေ့မှာတောင် ကားတွေ၊ ဆိုင်ကယ်တွေအပေါ်ကနေ အကျီချွတ်တွေနဲ့ အုပ်စုလိုက် ရေတွေ လိုက်ပက်နေကြတာ။ သကြ န်တွင်း အေးအေးချမ်းချမ်းသွားချင်လာချင်သူတွေအတွက် တော်တော်လေးကို အနှောင့်အယှက် ဖြစ်ရပါတယ်။ ဒီလိုပုံစံတွေသာ နှစ်တိုင်း ရှိနေဦးမယ်ဆိုရင် မြန်မာတွေရဲ့ ချစ်စရာ ခါသကြ န်ပွဲတော်ဟာ တန်ဖိုးလျော့ အလှပျက်သွားမှာ သေချာပါတယ်။ သကြ န်နဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ လုပ်ရပ်တွေပါ”ဟု အသက်လေးဆယ်အရွယ် အမျိုးသမီးတစ်ဦးကဆိုပါသည်။

သကြ န်ပြီးပြီးချင်းမှာပဲ စာရေးသူရဲ့ သိချင်စိတ်နဲ့ စပ်စုချင်စိတ်တွေကို ထိန်းမရတာကြောင့် မြို့အသီးသီးက မိတ်ဆွေတွေဆီကို ဖုန်းဆက်ကာ သကြ န်တွင်းမှာ ကြားရ၊ ကြုံရတာလေးတွေကို မေးဖြစ်ပါသည်။ ကြားရတဲ့ သတင်းတော်တော်များများက မနှစ်မြို့ဖွယ် သတင်းတွေ ဖြစ်လို့နေပါသည်။ အဓိကတရားခံ အကြောင်းများမှာ အရက်သေစာသောက်စား ပျော်ပါးရမ်းကားကြတာ၊ ရေပက်တာဟုပင် ပြောလို့မရလောက်အောင် ကြမ်းကြမ်းတမ်းတမ်း ရေကစားကြတာ၊ ဆိုင်ကယ်တွေကို စည်းကမ်းမဲ့ ပရမ်းပတာမောင်းနှင်ကြတာ၊ မောင်နဲ့နှမ၊မိဘနဲ့သားသမီးမတင့်မတယ် မျက်စိရှက်ဖွယ် ဝတ်စား ဆင်ယင်ပြုမူလှုပ်ရှားကြတာတွေပဲဖြစ်ပါသည်။ စာရေးသူ၏ ဤမျှသော အကျဉ်းချုံးတင်ပြချက်သည် နည်းသေးသည်ဟု ဆိုနိုင်သော်လည်း ယခုပါရှိသည့် အချက်များနဲ့ပင် မျက်မှောက်ကာလ၏ မြန်မာ့ရိုးရာ မဟာသကြ န်ပွဲတော်နှင့်ပျော်မှုပုံရိပ်များကို ခန့်မှန်းဆင်ခြင်နိုင်ကြမည်ဟုထင်ပါသည်။ တစ်ယောက်ကစ တစ်ရာ ဆိုသလို စာရေးသူတို့အားလုံး တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီမှစကာ ဝိုင်းဝန်း ပူးပေါင်းပါဝင်လက်တွဲထိန်းသိမ်းကြပါစို့ဟုသာ ဆိုလိုက်ချင်ပါတော့သည်။ ။

## JOKE

### မထင်ပါနဲ့

အမေရိကန်နိုင်ငံ မြို့ငယ်လေးတစ်မြို့မှ ယာဉ်ထိန်းရဲအရာရှိတစ်ဦးကကားအမြန်မောင်းလာသူတစ်ဦးကို တားလိုက်သည်။

“ဆရာ ကျွန်တော်ရှင်းပြပါရစေ” ကားမောင်းသူက စပြောသည်။

“ခင်ဗျားတိတ်တိတ်နေ” ရဲအရာရှိက ပြောလိုက်ရင်း

“ရဲမှူးကြီး ပြန်လာတဲ့အထိ ခင်ဗျားကို အချုပ်ထဲထည့်ထားလိုက်မယ်”

“နေပါဦးဆရာ။ ကျွန်တော်ရှင်းပြပါရစေဦး” ဟုထပ်မံဆိုရာ“ခင်ဗျား ပါးစပ်ပိတ်ထားလို့ကျွန်တော်ပြောနေတယ်။ ခင်ဗျားထပ်ပြောရင် ထောင်ထဲရောက်သွားမယ်” ဟုဆိုလိုက်၏။ နောက်သုံးနာရီခန့်ကြာသောအခါ သူဖမ်းထားသော အချုပ်သားသစ်ကို ကြည့်ပြီး အရာရှိက “ခင်ဗျား ကံကောင်းတယ်မှတ်။ ရဲမှူးကြီးက သူ့သမီးမင်္ဂလာဆောင်ရောက်နေတော့၊ သူပြန်လာရင် စိတ်ကြည်ကြည်လင်လင်ဖြစ်နေမှာဆိုတော့ ခင်ဗျားညအိပ်ရမယ် မထင်ပါဘူး” ဟု ပြောလိုက်သည်။

“မထင်ပါနဲ့ဗျာ။ ခင်ဗျားဖမ်းထားတာ သူ့သားမက်လောင်းပဲ” ဟု အချုပ်သားက ပြောလိုက်ပါသည်။

### ကားမှားသွားပြီ

အမူးသမားတစ်ဦးသည် ညဥ့်နက်ပိုင်းတွင်မှ အိမ်ပြန်ရန် ဘတ်စ်ကားတစ်စီးပေါ် တက်လိုက်ပြီး အဘွားကြီးတစ်ဦး၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။ အဘွားကြီးက အမူးသမားကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး “အင်း. . . မောင်မင်းကတော့ ငရဲကိုတန်းသွားမှာပဲ” ဟု ဆိုလိုက်ရာ အမူးသမားကနေရာမှ ခုန်ထရင်း“ဟိုထားဆရာ ကျွန်တော်ကားမှားစီး လာမိပြီ” ဟု ထအော်လိုက်ပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ** - စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေး၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက်** - အေးမြတ်သူ၊ ကြူကြူဟာန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

Business
7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# တရားဝင်ငွေလဲနှုန်းသတ်မှတ်မှု ပြည်တွင်းလုပ်ငန်းများအပေါ် သက်ရောက်မှုနည်းဟုဆို

ပြည်သိမ်း

ရန်ကုန်၊ မေ - ၂၁

တရားဝင်ငွေလဲနှုန်း ထိန်းချုပ်နှုန်းရှင်စနစ်ကို ဧပြီ ၁ ရက်တွင်စတင်ပြောင်းလဲခဲ့သော်လည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများအပေါ်တွင် သိသာထင်ရှားသည့် အပြောင်းအလဲမရှိသေးကြောင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။



လက်ရှိငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၈၂၀ ကျပ်ကျော်ရှိသော်လည်း ငွေလဲနှုန်းစနစ်မပြောင်းခင်က ကျပ် ၈၀၀ ဝန်းကျင်ရှိသဖြင့် အပြောင်းအလဲအနည်းငယ်သာရှိသည်။ ငွေလဲနှုန်းအပြောင်းအလဲနည်းပြီး လယ်ယာထွက်ကုန် ပစ္စည်းအမျိုး ၇၀ ပေါ်တွင် ပို့ကုန် အခွန်ကင်းလွတ်ခွင့်ပေးထားသဖြင့် ပို့ကုန်လုပ်ငန်းများတွင် သိသာသည့် ရိုက်ခတ်မှုမရှိကြောင်း ပြည်ပပို့ကုန်လုပ်ငန်းရှင်များကဆိုသည်။ ယင်းပို့ကုန်အမျိုး ၇၀ ထဲတွင် စိုက်ပျိုးရေးအဓိကပို့ကုန်ဖြစ်သည့် ဆန်စပါးနှင့်ပဲမျိုးစုံလည်း ပါဝင်သည်။

“ငွေလဲနှုန်းစနစ်ပြောင်းသွားတာကိစ္စမရှိဘူး။ အတက်အကျမကြမ်းဖို့ဘဲလိုတယ်”ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

သွင်းကုန်လုပ်ငန်းများမှာမူ ငွေလဲနှုန်းပြောင်းလဲပြီးနောက်ကုန်ပစ္စည်းအချို့ ဈေးနှုန်းမြင့်တက်မှုများရှိလာသည်။ ယခင်က သွင်းကုန်အချို့ကို အခွန်ဆောင်ရာတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၄၅၀ ကျပ်သတ်မှတ်ချက်များရှိခဲ့သော်လည်း ဧပြီ ၁ရက်နောက်ပိုင်း၌ ငွေလဲနှုန်းကိုခြောက်ကျပ်မှ ဈေးကွက်ပေါက်ဈေးဖြစ်သည့်ကျပ် ၈၀၀ ကျော်သို့ ပြောင်းလဲပြီးနောက် စားအုန်းဆီနှင့် စက်သုံးဆီများ ဈေးအနည်းငယ်မြင့်တက်ခဲ့သည်။

“လောလောဆယ် ငွေလဲနှုန်းက လုပ်ငန်းကိုထိခိုက်တာမရှိဘူး။ ဒါပေမဲ့ သွင်းကုန်က အရင်လို ကန်တစ်ဒေါ်လာကို ၄၀ ကျပ်ဝင်ငွေခွန်အတွက် ကြိုကောက်တာဆိုးတယ်”ဟု ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကရှင်းပြသည်။

လက်ရှိအချိန်တွင် တရားဝင်ငွေလဲနှုန်းဖြင့် လုပ်ကိုင်ရာ၌ ပမာဏနည်းပြီး တရားမဝင်ဈေးကွက်မှာ လက်ရှိအချိန်ထိ စိုးမိုးနေသေးကြောင်း သတင်းရရှိသည်။ ဧပြီဘဏ်မှ ဈေးကွက်တွင်ရောင်းဝယ်ပေးမှုမှာတစ်ရက်လျှင် အမေရိကန်ဒေါ်လာတစ်သိန်းဝန်းကျင်သာရှိသေးကြောင်း ဘဏ်လုပ်ငန်းနှင့် နီးစပ်သူများထံမှ သတင်းရရှိသည်။

# တပ်မတော်ပိုင် မြေနှင့်အဆောက်အအုံများ ငှားရမ်းလုပ်ကိုင်သူ များလာ

ပြည်သိမ်း

ရန်ကုန်၊ မေ - ၁၉

ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေရန်တပ်မတော်ပိုင်မြေနှင့် အဆောက်အအုံများ ငှားရမ်း၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာကြောင်း ထုတ်ကုန်လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

စက်မှုဇုန်များတွင် ထုတ်ကုန်လုပ်ငန်းများ လုပ်ကိုင်ရာ၌ လျှပ်စစ်မီးသည် တစ်ယူနစ်လျှင် ၇၅ ကျပ်ကျသင့်သည်။ စစ်တပ်အတွင်း၌ လျှပ်စစ်မီတာ ကောက်ခံနှုန်းထားမှာ တစ်ယူနစ်လျှင် ၃၅ ကျပ်သာကောက်ခံသည်။ ထို့အပြင် လျှပ်စစ်မီးမှာလည်း ၂၄ နာရီနီးပါးရရှိကြောင်း လှိုင်သာယာစက်မှုဇုန်ရှိ ပလတ်စတစ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယင်းသို့ငှားရမ်းလုပ်ကိုင်ခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များသက်သာသည့်အတွက် စက်မှုဇုန်မှ ထုတ်ကုန်လုပ်ကိုင်သူများနှင့် ဈေးကွက်၌ ယှဉ်ပြိုင်ရာတွင် အားသာမှုပိုရကြောင်းလည်း လုပ်ငန်းရှင်များကဆိုသည်။

“စက်မှုဇုန်သမားတွေအနေနဲ့ ဒီထဲက ထုတ်ကုန်တွေနဲ့ဆို ဈေးကွက်မှာယှဉ်ဖို့မလွယ်ဘူး”ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ထို့အပြင် စက်မှုဇုန်များတွင် မတ်လလယ်ပိုင်းမှစတင်၍ လျှပ်စစ်မီး တစ်ရက်လျှင် ငါးနာရီသာ အလှည့်ကျရသည်။ ယင်းကြောင့် လုပ်ငန်းလည်ပတ်ရန် မီးစက်များကိုသာ အဓိကသုံးနေရသည့်အတွက် လျှပ်စစ်မီးအတွက် ကုန်ကျစရိတ်မှာ လေးဆမှ ငါးဆအထိ ပိုမိုကုန်ကျသည်။ ယင်းကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်အချို့မှာ တပ်မတော်ပိုင် နေရာများသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် စီစဉ်မှုများရှိကြောင်း လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ပြည်တွင်းရှိပုဂ္ဂလိကကဏ္ဍတွင်ထုတ်ကုန်လုပ်ငန်း ၃၉,၆၆၉ ခု၌ အစားအစာနှင့် ဖျော်ရည်လုပ်ငန်းတို့မှာ အများစုဖြစ်ပြီး လုပ်ငန်းပေါင်း ၂၄,၉၅၄ ခုရှိသည်။ ယင်းလုပ်ငန်းပေါင်း ၃၉,၆၆၉ ခုတွင် ၉၀ ရာခိုင်နှုန်းကျော်မှာ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်ကြောင်း စက်မှု(၁)ဝန်ကြီးဌာန၏ စာရင်းများ အရသိရသည်။

# ရွှေဈေးကျ၍ အရောင်းအဝယ်အေး

သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ - ၂၁

သကြၤန်ကာလတွင် ရွှေဈေးနှုန်းများလည်း ကျဆင်းနေသောကြောင့် ဈေးကွက်အရောင်းအဝယ်မှာလည်း အေးနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။ စာ(၃၄)သို့



7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# ငါးကုန်ကြမ်းမှ ကုန်ချောထုတ်ပေးရန် မြန်မာကို ဂျပန် ကမ်းလှမ်း

သန်းဌေး

**ရန်ကုန်၊ မေ - ၂၁**

ငါးကုန်ကြမ်းများအား မြန်မာနိုင်ငံသို့ တင်ပို့ပြီး ပြုပြင်ထုပ်ပိုးကာ ဂျပန်နိုင်ငံသို့ ပြန်လည်တင်သွင်းရန် ဂျပန်နိုင်ငံ၏ ကမ်းလှမ်းချက်ကို လက်ခံရရှိထားပြီးဖြစ်ကြောင်း အဏ္ဏဝါဒေဝီအအေးခန်းစက်ရုံ ဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

"သူတို့တွေက တရုတ်နိုင်ငံနဲ့ လုပ်နေကြတာ လက်ခတက်လာလို့ မြန်မာပြည်မှာ အဆင်ပြေမယ်ဆိုပြီး ရွှေ့ကြတာ၊ စီအမ်ပီဆိုအခွန်ကင်းလွတ်ခွင့် ရမှာ။ ဒါကြောင့် လုပ်ချင်နေကြတယ်" ဟု ၎င်းက 7Day News သို့ ပြောသည်။

ယခုနှစ် ဧပြီလဆန်းကတည်းက ဂျပန်နိုင်ငံမှ အီးမေးလ်ဖြင့် ကမ်းလှမ်းခြင်းကို လက်ခံရရှိထားသော်လည်း မလေးရှားနိုင်ငံနှင့် အလားတူ ဆောင်ရွက်နေဆဲလုပ်ငန်းကိုပင် မေ၊ ဇွန်လောက်မှသာ စတင်နိုင်ခြေရှိကြောင်း ၎င်းကပြောသည်။ ယခုကဲ့သို့ ပြည်ပနိုင်ငံများမှရေထွက်ကုန်ကြမ်းများ တင်သွင်းပြီး ပြုပြင်ထုပ်ပိုးကာ ပြန်လည်တင်ပို့သောလုပ်ငန်းများ (စီအမ်ပီ)အား အအေးခန်းစက်ရုံများမှ ဆောင်ရွက်လိုခြင်းမှာ ပြည်ပဈေးကွက်ကြိုက် ရေချိုငါး/ပုစွန်ကုန်ကြမ်းများ ရရှိမှုလျော့နည်းလာ၍ စက်ရုံများပိတ်ထားရမှုများလာသောကြောင့် ဖြစ်သည်။

"ဒါပေမဲ့ အဲဒီ့လုပ်ငန်းကို လက်ခံပြီး လုပ်လို့မရသေးဘူး ဖြစ်နေတယ်။ ဒီလိုလုပ်ငန်းမျိုး စမ်းသပ်လုပ်ကိုင်ခွင့်ကိုဆရာမတို့ စက်ရုံတစ်ခုတည်းကို ပေးထားလို့ မလေးရှားနဲ့ လုပ်နေပေမယ့် စာရွက်စာတမ်းတွေကို အပြန်အလှန် လုပ်နေတာနဲ့တင် ခြောက်လကျော်ကြာနေပြီ။ အလုပ်က မစရသေးဘူး"ဟု ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

ယခုစီစဉ်နေသောလုပ်ငန်းမှာ အာဂျင်တီးနားနိုင်ငံထွက် ရေချိုငါးကုန်ကြမ်းများအား တင်သွင်းကာ ပြုပြင်ပြီး မလေးရှားနိုင်ငံသို့ပြန်လည်တင်ပို့ရန်ဖြစ်သည်။ ၂၀၁၁ ခုနှစ်ကတည်းက အဆိုပါလုပ်ငန်းကို စမ်းသပ်လုပ်ကိုင်နိုင်ရန် ခွင့်ပြုချက်ရရှိခဲ့သော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်စီအမ်ပီပါမစ်ရရှိရန် ကြိုးစားနေရဆဲဖြစ်ကြောင်း ဒေါက်တာတိုးနန္ဒာတင်က ဆက်လက်ပြောကြားသည်။

ပြည်ပနိုင်ငံများသို့ရေထွက်ကုန် တင်ပို့နေသော လုပ်ငန်းရှင်တစ်ဦးက ပြောရာတွင် "မကြာခင် အာဆီယံဖရီးထရိတ် ဖြစ်လာရင်လည်း ခွင့်ပြုရတော့မယ့်အတူတူ လုပ်ငန်းမြန်အောင် ကြိုလုပ်ထားရင်အဆင်ပြေမယ်၊ ဒါမှ အတွေ့အကြုံရှိထားပြီးဖြစ်နေမှာ"ဟုဆိုသည်။

အထက်ပါလုပ်ငန်းမျိုးအား မြန်မာနိုင်ငံတွင် လုပ်ကိုင်ချင်သော ဂျပန်နိုင်ငံ၏ ကမ်းလှမ်းချက်အပါအဝင် ထိုင်းနိုင်ငံနှင့် ဥရောပနိုင်ငံများကလည်း စုံစမ်းမှုများရှိနေသည်။ ယခု စီစဉ်နေသော မလေးရှားနိုင်ငံနှင့် စီအမ်ပီလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိရန် အအေးခန်းစက်ရုံ ၁၀ ရုံက သက်ဆိုင်ရာဝန်ကြီးဌာနများထံ ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းက တင်ပြခဲ့ကြပြီး ယခုအခါ စက်ရုံတစ်ရုံကိုသာ စမ်းသပ်လုပ်ကိုင်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။



# ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၅ | ၈၂၉ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၅ | ၈၂၉ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၄၇ | ၆၅၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၇၀ | ၁၀၈၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၂၅ | ၂၆. ၃၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၃ | ၁၂၆ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၄၀ | ၈၄၅ | ကျပ် |

၂၀၁၂ မေ ၂၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

# ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၆၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၅၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၈၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၂. ၀၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၈. ၆၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၉၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၉၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၈၃. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၅၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၀၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၂၈ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၀၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၁၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၄၂၈၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

# အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၄၂. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၁၈. ၇၆၀ |
| ငွေ | ၁ အောင်စ | ၃၁. ၇၂၀ |
| ကြေးနီ | ပေါင် | ၃၇၀. ၆၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၁. ၉၂၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ မေ ၂၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပြောင်းဆန်ဈေးနှုန်းကျ

ပြည်သိမ်း

**ရန်ကုန်၊ မေ - ၂၁**

ပြည်တွင်းအစာစက်များ ဈေးချဝယ်ယူမှုများကြောင့် ပြောင်းသစ်ပေါ်ချိန်တွင် ပြောင်းဆန်ဈေးနှုန်းကျဆင်းလာကြောင်း ပြည်ပသို့ ပြောင်းတင်ပို့နေသည့် လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ပြည်ပသို့ ပြောင်းတင်ပို့မှုမှာလည်း အိန္ဒိယနိုင်ငံကို ဈေးနှုန်းမယှဉ်နိုင်သည့်အတွက် ဗီယက်နမ်နိုင်ငံသို့သာ တင်ပို့နေရသည်။ မြန်မာပြောင်းဆန်များကို ယခင်က မလေးရှားနိုင်ငံသို့ တင်ပို့မှုများခဲ့သော်လည်း အိန္ဒိယနိုင်ငံမှဆိပ်ကမ်းအရောက်ပြောင်းတစ်တန်လျှင် ကန်ဒေါ်လာ ၂၉၀ နှင့်ရောင်းသည်။ ထို့အပြင် အရည်အသွေးကောင်းပြီး ပမာဏများသဖြင့်မြန်မာပြောင်းဆန်ကိုမလေးရှားနိုင်ငံက ဝယ်ယူမှုရပ်ထားကြောင်းပြည်ပသို့ ပြောင်းတင်ပို့နေသည့်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"အိတ်စပို့ကလည်း အရမ်းနည်း၊ ပြောင်းထွက်ကလည်းကောင်းတော့ ပြောင်းဈေးက တဖြည်းဖြည်းကျလာတာ" ဟုအထက်ပါပုဂ္ဂိုလ်က ဆိုသည်။

လက်ရှိအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန်၊ ဟင်္သာတတို့မှ ပြောင်းများ၊ ပျဉ်းမနား၊ ရေဦး၊ တပ်ကုန်းတို့မှ ပြောင်းသစ်များ ဈေးကွက်ထဲသို့ဝင်လာသည်။ ယင်းကြောင့် ပြောင်းဆန်ဈေးမှာ ၅၄ ပိဿာ တစ်အိတ်လျှင် ယခင်က ၁၇,၅၀၀ ကျပ်ဝန်းကျင်မှ ၁၆,၀၀၀ ကျပ်ကျော်သို့ ဈေးကျလာသည်။

နှစ်သစ်ကူးကာလဖြစ်သည့်အတွက် တရုတ်နယ်စပ်သို့ပြောင်းတင်ပို့မှုမှာလည်း ၁၂ဘီးကားအစီးရေ၃၀၀ဝန်းကျင်သာအဝင်ရှိသည်။ သင်္ကြန်မတိုင်မီ ဧပြီလဆန်းပိုင်းကတရုတ်-မြန်မာ နယ်စပ်မူဆယ်သို့ပြောင်းဆန်ကား အစီးတစ်ရက်လျှင် ၂၀၀ ကျော်ဝင်ရောက်မှုရှိသည်။ တရုတ်မြန်မာ နယ်စပ်တွင်ပြောင်းဆန်ဈေးသည် ကီလို ၆၀ တစ်အိတ်လျှင် ယွမ် ၁၁၀ ဝန်းကျင်ရှိသည်။

# စာ(၃၃) - ရွှေဈေးကျ၍ အရောင်းအဝယ်အေး မှ

"ဈေးကွက်က ပြန်ဖွင့်နေပြီဆိုပေမယ့် အရောင်းအဝယ်လုပ်တာနည်းနေသေးတယ်။ ရွှေလုပ်ငန်းလုပ်တဲ့သူတွေကတော့ ဈေးကွက်ပြန်စနေပြီဆိုပေမယ့် ဝယ်လက်နည်းနေသေးတယ်" ဟု ဈေးကွက်အရောင်းအဝယ်အေးနေပုံကို ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နှစ်စဉ်အားဖြင့် လည်း သင်္ကြန်ကာလတွင် ရွှေအရောင်းအဝယ်အေးတတ်သကဲ့သို့လက်ရှိကာလမှာ ရုံးပိတ်ရက်များသာဖြစ်နေသေး၍ စီးပွားရေးလုပ်ငန်းရှင်များမှာလည်း စတင်ခြင်းမရှိသေးခြင်းကြောင့်ဈေးကွက်ပိုအေးနေခြင်းဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း ဈေးအေးနေသကဲ့သို့ ပြည်တွင်းဝယ်လိုအား နည်းနေခြင်းကြောင့် ပြည်တွင်းဈေးနှုန်းများမှာလည်း ကျဆင်းနေကြောင်း ဈေးကွက်တွင်းမှ လုပ်ငန်းရှင်များက သုံးသပ်ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း ဈေးနှုန်းအကျဘက်တွင် ရှိနေပြီး ယခုရက်ပိုင်း၌ တစ်အောင်စလျှင် ၁၆၄၀ ဒေါ်လာဝန်းကျင်တွင်ရှိနေသည်။ ထို့ကြောင့်ပြည်တွင်း ရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၂၀,၀၀၀ ကျပ်အောက်တွင် ရှိနေပြီး ၁၅ ပဲရည်ဈေးမှာလည်း ၆၇၆,၂၀၀ ကျပ်ဝန်းကျင်တွင် ရှိနေသည်။



7DAY BOOK REVIEW

## ကျွန်မရေးတဲ့ စာအုပ်များထဲက (လူထုဒေါ်အမာ)




ကွယ်လွန်သူ သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ မကွယ်လွန်မီ ရေးသားခဲ့သောဆောင်းပါး ၁၉ ပုဒ်နှင့် အင်တာဗျူးတစ်ပုဒ်တို့ကို စုစည်း၍ လူထုစာအုပ်တိုက်က ပထမအကြိမ် စီစဉ်ထုတ်ဝေသည့် စာအုပ်အသစ်ဖြစ်သည်။ ယခုစာအုပ်သည် လူထုဒေါ်အမာရေးသားခဲ့သည့်စာအုပ်များ၏ နောက်ခံသမိုင်း၊ နောက်ခံဖြစ်ရပ်များ၏ တင်ပြချက်ဟုလည်း ဆိုနိုင်သည်။ ဒေါ်အမာသည် ၎င်းရေးသားပြုစုခဲ့သည့် စာအုပ်များနှင့် စပ်လျဉ်း၍ မည်မျှ ကြိုးကုပ်အားထုတ်ခဲ့ရပုံ၊ စာအုပ်တစ်အုပ် စာတစ်တန် ပေတစ်တန်ဖြစ်မြောက်ရေးအတွက် မည်မျှလုံ့လပြုရပုံ၊ အချက်အလက်ခိုင်မာအောင် အချိန်ယူ သုတေသနပြုရပုံတို့ကို ယခုစာအုပ်ပါ ဆောင်းပါးများ၌ ဖတ်ရှုရပါမည်။

'စာပေခရီးအစ ကျွန်မဘဝ' တွင် ၎င်းရေးသားခဲ့သည့် ပထမဆုံးစာအုပ်ဖြစ်သော အိုင်းရစ်လူမျိုးစာရေးဆရာ မောရစ်ကောလစ်၏ Trials In Burma ကို ဆရာကြီးဦးရာဇတ်၊ လူထုဦးလှတို့၏အကူအညီဖြင့် ဘာသာပြန်ခဲ့ပုံ၊ ပုံနှိပ်ပြီး မကြာမီ အားလုံးရောင်း၍ကုန်သွားပုံ၊ ထပ်မံ ရိုက်နှိပ်ရပုံတို့ကို ရေးသားထားပြီး 'ပြည်သူချစ်သော အနုပညာသည်များ'၌ စာအုပ်ဖြစ်မြောက်ရေးအတွက် ကဗျာဆရာတင်မိုး၊ ကြည်အောင်နှင့်လူထုစိန်ဝင်းတို့ တွန်းအားပေးခဲ့ပုံ၊ စာအုပ်တွင် ပါဝင်မည့်မြန်မာ အနုပညာရှင်ကြီးများနှင့်ပတ်သက်၍ အချက်အလက်များ အချိန်ယူစုဆောင်းခဲ့ရပုံ၊ ရှေးမီနောက်မီ သဘင်ပညာရှင်များနှင့် တွေ့ဆုံကာ မေးမြန်းမှတ်သားရပုံ၊ စာအုပ်ပြုစုသည့်အခါတွင်လည်း အနယ်နယ်အရပ်ရပ်မှ ပေးပို့သော အချက်အလက်များ၊ လူထုသတင်းစာတိုက်၏ အကူအညီရယူခဲ့ပုံများမှ မန္တလေးမြို့ ပြည်သူများ ကိုယ်တိုင်အားတက်သရောဝိုင်းဝန်းကူညီခဲ့ပုံများကို သိရှိရမည် ဖြစ်ပါသည်။ ထို့အတူ ယင်းစာအုပ်ရိုက်နှိပ်ထုတ်ဝေပြီးနောက် ကျန်ရှိသည့် အနုပညာရှင်ကြီးများဖြစ်သော 'အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး'တို့၏ အတ္ထုပ္ပတ္တိကိုပြုစုစဉ် ကြုံတွေ့ရသည့်အခက်အခဲများ၊ စာအုပ်ပြည့်စုံပြီးမြောက်ရေးအတွက် သွားခဲ့ရသည့် ခရီးစဉ်များ၊ နားထောင်ခဲ့ရသည့်ဓာတ်ပြားများကအစ သုတေသန မည်သို့လုပ်ရပုံတို့ကို ဒေါ်အမာ၏ ဆောင်းပါးများမှ လက်တွေ့သိနိုင်ပေသည်။ ၎င်းဆောင်းပါးတစ်နေရာ၌ "စိန်ကတုံးက ဇာတ်မင်းသားဆိုပေမယ့် မိန်းမနဲ့ပတ်သက်ရင် တော်တော်ကို ကြည်ညိုစရာကောင်းလောက်တဲ့ ကိုယ်ကျင့်တရားရှိသူပါ။ သူ့မှာ ငယ်လင်ငယ်မယား အရပ်သူဇနီးရှိတယ်။ ဒီဇနီးအပေါ် သစ္စာရှိရှိပေါင်းသင်းတယ်။ သေတစ်ပန်သက်ဆုံးအတူနေတယ်။ ဇနီးသည် မျက်စိနှစ်ကွင်း အလင်းမရတော့လည်း မစွန့်ဘူး။ ဇနီးကလည်း တကယ်မြတ်နိုးလောက်တဲ့ဇနီး၊ သူ့လင်ကို ဆေးလိပ်လိပ်ပြီး တစ်သက်လုံး လုပ်ကျွေးတယ်။ သူ မျက်မမြင်ဘဝရောက်တော့ သူ့ယောက်ျား ဖေးဖော်မဖော်ရပါစေတော့လို့ ရွယ်တူ မိန်းကလေးတစ်ယောက်နဲ့ ပေးစားတယ်။ ဦးစိန်ကတုံးက ဒီဇနီးနှစ်ယောက်နဲ့ပဲနေပါတယ်" ဟုရေးသားထားပါသည်။

ယခုစာအုပ်တွင် လူထုဒေါ်အမာက ၎င်းရေးသားခဲ့သည့် စာအုပ်များဖြစ်သောမြန်မာပြည်တွင် စစ်ဆေးခဲ့သည့် အမှုအခင်းများ၊ ဆိုရှယ်လစ်တိုင်းပြည်များသို့ပြည်သူချစ်သော အနုပညာသည်များ၊ အောင်ဗလဖိုးစိန် စိန်ကတုံး၊ ရွှေရိုးဘကလေး၊ ရွှေမန်းတင်မောင်၊ အငြိမ့်၊ ကမ္ဘာ့အကြီးဆုံး စာအုပ်၊ ရွှေဒေါင်းတောင်ဆောင်းပါးများ၊ သတင်းကြီးတဲ့ ချင်းတွင်းခရီး၊ မြန်မာ့မဟာဂီတ၊ ဆေးလိပ်နဲ့လူသား၊ မန္တလေးသူ မန္တလေးသားများ၊ သာသနာ့တန်ဆောင် ဆရာတော်ကြီးများ၊ ရတနာပုံ မန္တလေး-မန္တလေး-ကျွန်မတို့ မန္တလေး၊ မြန်မာ့ခေတ်သစ်ပန်းချီ၊ ကျွန်မရေးတဲ့ စာအုပ်တစ်အုပ် ကာတွန်းဦးဘဂျမ်းအကြောင်း၊ အနုပညာစာအုပ်တွေကို ဘာရည်ရွယ်ချက်နဲ့ရေးသလဲတို့ကိုပြန်ပြောင်းပြောပြချက်များအဖြစ် ဖတ်ရှုရပါမည်။

စာအုပ်ကို တန်ဖိုး ၂၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### နက်ခ်တိုင်တွေ တစ်နေ့တစ်မျိုးမရိုးရလေအောင်

လည်စည်း(နက်ခ်တိုင်)များကို ထပ်တလဲလဲတပ်ဆင်ရခြင်းကို မနှစ်သက်သူများအတွက် တစ်နေ့တစ်မျိုးမရိုးရအောင်ဝန်ဆောင်ပေးမှုက အတုအယောင်ဟုထင်နိုင်ဖွယ်ရှိသော်လည်း အမေရိကန်ပြည်ထောင်စုတွင်မူ ဝန်ဆောင်မှုပေးလျက်ရှိသည်။ The Tie Society ခေါ် နက်ခ်တိုင်အဖွဲ့အစည်းက နက်ခ်တိုင်များနှင့် ရှပ်အင်္ကျီလက်ကြယ်သီးများကို ငှားရမ်းအသုံးပြုနိုင်ရန်ဝန်ဆောင်မှုပေးလျက်ရှိသည်။


ပစ္စည်းသုံးမျိုးအတွက်လစဉ်ကြေးမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂၅ ဖြစ်ပြီး ပစ္စည်း ၁၀ မျိုးအတွက် လစဉ်ကြေးမှာ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၉၅ သတ်မှတ်ထားသည်ဟုဆိုသည်။ နက်ခ်တိုင်အဖွဲ့အစည်း၏ဆောင်ပုဒ်မှာ 'နက်ခ်တိုင်တစ်ခုတည်းကိုမကြာခဏဝတ်ခြင်းသည်ခေတ်မရှိ' ဟူ၍ဖြစ်ပြီး နက်ခ်တိုင်များကို မရိုးသွားရလေအောင် ငှားရမ်းပေးလျက်ရှိသည်ဟုဆိုသည်။

—Source: Reader's Digest

## တစ်ပတ်တာဟောကိန်းကြယ်ပွင့်... တစ်ပတ်တာကံကြမ္မာ

ဧပြီ ၂၅ ရက် မှ မေ ၁ ရက် အထိ

စံဇာဏီဘို




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အလွန်သတိရှိရမည့်ကာလဖြစ်သည်။ သူတပါးကြောင့်မိမိတွင် စိတ်အနှောင့်အယှက်ဖြစ်တတ်ပါသည်။ အခက်အခဲများ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ ဒုက္ခပေးသောသူများနှင့်သာ တွေ့တတ်သည်။ အိမ်တွင်းရေး၊ လူမှုရေးပြဿနာများ တစ်မျိုးပြီးတစ်မျိုး ရင်ဆိုင်ရမည်။ ငွေရေးကြေးရေးကံကောင်းမည်။ ခြံ၊ ကား၊အခန်းတနလ်ာန်များ အဟောင်းထွက်၍ အသစ်ဝင်ခြင်း၊ လုပ်ငန်းဟောင်းများရပ်၍ လုပ်ငန်းသစ်စတင်ရမည်။




### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အလုပ်အကြွေးမထားနှင့်။ လုပ်နေဆဲဆိုင်းငံ့ထားသည့်ကိစ္စများ အဆုံးသတ်ရခက်လောက်အောင်ကြန့်ကြာရှည်လျားသွားနိုင်သည်။ ချက်ချင်းလက်ငင်းအရာရာအပေါ် ဆုံးဖြတ်သုံးသပ်ပြီးအချိန်ပေးပြီး ဆောင်ရွက်ပါ။ အိမ်တွင်းရေးအညံ့ရှိသည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ အိမ်တွင်ဧည့်သည်များပြားမည်။ ပစ္စည်းအပျောက်အရှုများသည်။ မိသားစုတွင်း ငွေဖြုန်းတီးသူပေါ်တတ်သည်။ ငွေကြေးစုဆောင်းရန်ခဲယဉ်းသည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဖရိုဖရဲ၊ ကစဥ့်ကလျားကြားမှ တိုးတက်မှုများရရှိမည်။ ဆုံးဖြတ်ထားသည်ကတစ်မျိုး၊ လက်တွေ့ဆောင်ရွက်ရသည်ကတစ်မျိုးကြုံမည်။ ဦးတည်ချက်သစ်များဆောင်ရွက်ခြင်း၊ လူသစ်များနှင့် ဆက်ဆံ၍ လုပ်ငန်းဆောင်ရွက်ခြင်းမှ ထူးခြားသောအကျိုးရရှိမည်။ မိသားစုတွင် စိတ်ချမ်းသာမှုများရရှိလာမည်။ လက်လွှန်ထားသည်များပြန်ရမည်။ အိမ်တွင်းရေး အညံ့ကင်းစင်သွားမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

လမ်းသစ်ပေါ်မည်။ အခွင့်အရေးနှစ်မျိုးတစ်ပြိုင်နက်တည်းပေါ်မည်။ လမ်းသစ်ထွင်ပြီး တိုးတက်မည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းသည်။ နေရာသစ်သို့ရောက်ရှိအောင်မြင်မည်။ နေရာသစ်သို့ ရောက်ရှိအောင်မြင်မည်။ စကားအတိုက်အခံများပြောပြီး အဆင်ပြေခြင်း၊ ကံကောင်းခြင်းများရရှိမည်။ လုပ်သမျှ ထက်မြက်မည်။ တက်လမ်းရှိမည်။ သူတစ်ပါးထက်သာအောင်ဆောင်ရွက်နိုင်ရန် ဝီရိယရှိပါ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရှေ့တိုး၍ မရဘဲ ကန့်လန့်ပိတ်နေသည့်အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်။ ဥစ္စာကံတက်လမ်းရှိသည်။ ရပ်ဝေးနှင့် တိုက်ရိုက်ဆက်ဆံပြီး လုပ်သောလုပ်ငန်းများမှ အောင်မြင်မည်။ စိတ်ချမ်းမြေ့ဖွယ်သတင်းများကြားရမည်။ မိခင်ဘက်မှ အမျိုးများထံမှ လက်ဆောင်ပစ္စည်း(သို့မဟုတ်)အထောက်အကူရပြီး၊ ဖခင်ဘက်မှ အမျိုးများမှ အပြောသာရှိပြီး လက်တွေ့အကျိုးပေးမှုမရှိလှ။ မိသားစုတွင် ပစ္စည်းသစ်တိုးပွားခြင်း ကြုံမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ကောင်းသောပြောင်းလဲခြင်းနှင့် တိုးတက်မှုများ ပေါ်ပေါက်မည်။ ဆောင်ရွက်စရာကိစ္စများကို ရဲရဲရှေ့တိုးဆောင်ရွက်ပါ။ ပူးတွဲဆောင်ရွက်သူများနှင့်တိုးတက်မှုရရှိမည်။ ငွေကုန်ခံပြီး စနစ်တကျစီစဉ်ထားသည်များ အကျိုးမရှိဘဲ ပေ့ါပေ့ါပါးပါးဆောင်ရွက်သည့်ကိစ္စများမှ ထူးခြားအောင်မြင် မည်။ မိမိကြောင့် မိသားစုစိတ်အနှောင့်အယှက်ကြုံမည်။ အိမ်တွင်မိမိက လူဆိုး၊ အပြင်တွင်လူတော်လူ ကောင်းဖြစ်နေခြင်းများရှောင်ပါ။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အထူးသတိရှိရမည်။ လုံးဝမထင်မှတ်ထားသည့် အခြေအနေ၊ အနီးကပ်ပတ်ဝန်းကျင်မှသော်လည်းကောင်း ပြဿနာများပေါ်မည်။ သူတစ်ပါးကြောင့် မိမိရည်ရွယ်ထားသည်များ ပျက်တတ်သည်။ အစမှ ပြန်စတင်ရမည့်ကိန်းမျိုးကြုံတတ်သည်။ ငွေကိုအကြောင်းပြု၍ ချစ်သူ၊ ခင်သူများနှင့် စိတ်ဝမ်းကွဲတတ်သည်။ တန်ဖိုးမများလှသည့်ငွေကြေးအပေါ် အငြင်းပွားစကားများခိုက်ရန်ဖြစ်ပြီး စိတ်သောကဖြစ်ရမည့်ကာလဖြစ်သည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

မှန်းသည်နှင့် လက်တွေ့တစ်ထပ်တည်းကျလင့်ကစား ဆောင်ရွက်ရမည့်လမ်းကြောင်း ဦးတည်ချက်ပြောင်းပါမှ ထိရောက်စွာအကျိုးရှိမည်။ အပြောင်းအလဲကြောင့် ဆက်ဆံရမည့်သူ၊ ပရိယာယ်သစ်များ ပြောင်းလဲအသုံးချပြီးလိုရာအဆင်ပြေမည်။ သုံးသပ်မှုမှန်ကန်ခြင်းနှင့် ဦးတည်ချက်မှန်ကန်ခြင်းကြောင့် အောင်မြင်ခြင်းရမည်။ အိမ်တွင်းခရီးကိစ္စဆောင်ရွက်ခြင်းအဆင်ပြေမည်။ ပစ္စည်းအထားအသိုမှား၊ အပျောက်အရှုများမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

တစ်ဇွတ်ထိုးလုပ်ခြင်း၊ လောကြီးခြင်းများလျှော့ပါ။ ရောက်ရှိနေသောနေရာ၊ လုပ်ငန်းဘဝအခြေအနေမည်မျှအဆင်ပြေစေစိတ်ထဲမပျော်၊ ပြောင်းလဲလိုစိတ်တဖွားဖွားပေါ်မည်။ စိတ်မြန်လက်မြန်ဆောင်ရွက်ခြင်းကို ချင့်ချိန်မှ တော်ရုံကျမည်။ ပြည်ပအတွက်ဆောင်ရွက်နေသူများ အထူးအောင်မြင်တိုးတက်မည်။ အလုပ်တစ်ဖက်၊ ပညာတစ်ဖက်တွဲ၍ ဆောင်ရွက်နေသူများ ထူးခြားစွာကံကောင်းခြင်း၊ အဆင်ပြေခြင်းများကြုံတွေ့ရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရန်များမည်။ အပြိုင်မနာလိုသူများကြားမှ ဆောင်ရွက်ရမည်။ အလွယ်တကူကတိပေးခြင်း၊ အာမခံခြင်းများ ကိုယ်ကလည်းမလုပ်သင့်။ ထိုကဲ့သို့ လုပ်ကိုင်ပြောဆိုသူများကိုလည်း သတိနှင့် ဆက်ဆံပါ။ စာရွက်စာတမ်း ငွေကြေးကိစ္စကို အခြေတည်၍ ပြဿနာများဖြေရှင်းရမည်။ ဆောင်ရွက်သည့်ကိစ္စမှန်သမျှ သတိနှင့်ယှဉ်၍ ဆောင်ရွက်ပါ။ စန်းပွင့်မည်။ လူချစ်လူခင်ပေါမည်။ မိမိပေါ် နှစ်သက်သဘောကျသူဝိုင်းဝိုင်းလည်နေမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စိတ်ချမ်းသာခြင်းနှင့် လိုရာပြည့်စုံခြင်းများ ဖြစ်ပေါ်မည်။ ပညာရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်မည်။ အလုပ်ရည်မှန်းချက်များကို စနစ်တကျ လုပ်၍ တိုးတက်မည်။ အိမ်တွင်းရေး၊ လူမှုရေးတွင်စိတ်ရှုပ်ရမည်။ မိတ်ကောင်း၊ ဆွေကောင်းအကူညီရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ငွေကြေးကံ၊ ဥစ္စာကံတိုးပွားမည်။ မေတ္တာရေးကံအထူးကောင်းသည်။ ၅၊၂၈၊ ၁၅၀၀ မေတ္တာကံအထူးကောင်းသည်။ စန်းပွင့်မည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ခက်ခဲသောပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ သူတစ်ပါးကိုကူညီရကိန်းများနေသည်။ ငွေကြေးကံကောင်းသည်။ မိသားစုတွင် အလှူမင်္ဂလာကိစ္စများကြုံမည်။ လုပ်သမျှအောင်မြင်မည်။ စိတ်ကူးရည်မှန်းထားသည်များအား လက်တွေ့ဆောင်ရွက်သင့်သည်။ ပညာရေးနှင့် ပတ်သက်သော ကောင်းသတင်း၊ တိုးတက်မှုသတင်းများ ကြုံမည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စများအဆင်ပြေသည်။ မိဘအကြီးအကဲကျန်းမာရေးအညံ့ရှိသည်။

7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012



# အိုဘားမား ဘာလုပ်မှာလဲ

ကြည်နေဝင်းမင်း

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှာ ဘားရက်အိုဘားမားကို ဒုတိယ သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုဖို့ အလားအလာ အတော်လေးကောင်းပါတယ်။ အဲဒါပြီးတော့ ဘာဖြစ်မှာလဲ။

သမ္မတနဲ့ သူ့မဲဆွယ်အဖွဲ့ဟာ ဒုတိယသက်တမ်းနဲ့ပတ်သက်ပြီး ထူးထူးခြားခြားကြီးကို ငြိမ်ချက်သားကောင်းနေပါတယ်။ ထုံးစံအားဖြင့်တော့ လက်ရှိတာဝန်ထမ်းဆောင်နေသူတွေအားလုံး (ဘယ်ရာထူးနေရာမှာပဲဖြစ်ဖြစ်) ဟာသူတို့ရဲ့ အနာဂတ်၊ ကတိကဝတ်တွေထက် သူတို့ရဲ့သမိုင်းကို အားကိုးပြီး ပြန်လည်ရွေးကောက် ခံလေ့ရှိကြပါတယ်။ ဒါပေမဲ့ အို ဘားမားကတော့ အဲဒီမဟာဗျူဟာကို အစွန်းတစ်ဖက်ရောက် အောင်ဆွဲဆန့်ယူသွားပုံပေါ်နေပါတယ်။

အခုအချိန်ထိ အိုဘားမားရဲ့ မဲဆွယ်ပွဲ အဓိကအကြောင်းအရာဆိုတာ "ကျွန်တော်တို့လျှောက်ခဲ့တဲ့လမ်း" လို့ဆိုတဲ့ ၁၇ မိနစ်စာ ဗီဒီယိုပဲဖြစ်ပါတယ်။ ဒါဟာ လုံးလုံးကို နောက်ပြန်လှည့်ကြည့်တဲ့ ဗီဒီယိုပဲဖြစ်ပြီး အမေရိကန်နိုင်ငံကို ဘဏ္ဍာရေးလဲပြိုမှုကနေ ဆွဲထုတ် ဖို့ သမ္မတရဲ့ကြိုးပမ်းမှုတွေ၊ ကားကုမ္ပဏီတွေကို ကယ်တင်ခဲ့တာတွေ၊ အိုစမာဘင်လာဒင်ကို သတ်ဖြတ်ခဲ့တာတွေကို အသားပေးပြသထားပါတယ်။

အီရတ်စစ်ပွဲ အဆုံးသတ်တာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပြုပြင်ပြောင်းလဲရေးအောင်မြင်တာတွေကို သိပ်ထင်ထင်ပေါ်ပေါ် မပြပါဘူး။ ဒါပေမဲ့ အနာဂတ်ကာလနှင့် အနာဂတ်အတွက် အိုဘားမားရဲ့ စီမံကိန်းတွေကတော့ (အဲဒီဗီဒီယိုတွေထဲမှာ) လုံးဝ နေရာမရဖြစ်ခဲ့ပါတယ်။

၂၀၀၄ ခုနှစ်မှာ ဂျော့ချ်ဒဗလျူဘုရှ်ဟာ ၉/၁၁ တိုက်ခိုက်မှုတွေမှာ သူပါဝင်ကိုင်တွယ်ခဲ့တာတွေကို အားကိုးပြီး ပြန်လည်ရွေး ကောက်ခံဖို့ လုပ်ဆောင်ခဲ့ပါတယ်။ (အီရတ်စစ်ပွဲအကြောင်းလည်းပါဝင်ခဲ့တာပေါ့။ နောက်ပိုင်းမှသာ အီရတ်စစ်ပွဲက လူကြိုက်နည်းသွားတာပါ) ဒါပေမဲ့လည်း ဘုရှ်ရဲ့ ပြန်လည်ရွေးကောက်ပွဲအတွက် အစီအစဉ်တွေမှာ ဒုတိယသက်တမ်းအကြောင်းလည်း ပါဝင်ခဲ့ပါတယ်။ လူမှုဖူလုံရေးစနစ် တစ်စိတ်တစ်ပိုင်းကို ပုဂ္ဂလိကပိုင်ပြုလုပ်မှုအပေါ် သူက ထောက်ခံခဲ့ပြီး အဲဒီအကြောင်းအရာကို သူ့ရဲ့ဒုတိယသက်တမ်းစောစောပိုင်းမှာ ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ဟာ ၂၀၀၅ ခုနှစ်မှာ ပျက်သွားခဲ့ပါတယ်။ သို့သော်လည်း သူ့ရဲ့ စိတ်ကူးစိတ်သန်းတွေကို မဲဆန္ဒရှင်တွေဆီကနေ လုပ်ပိုင်ခွင့်ရရှိခဲ့တယ်လို့ မစ္စတာဘုရှ်က ပြောနိုင်ခဲ့ပြီး ပြောလည်း ပြောခဲ့ပါတယ်။

ရာထူးလက်ရှိမဟုတ်တဲ့သူတွေနဲ့အဲဒီရာထူးလက်ရှိမဟုတ်သူတွေရဲ့ပါတီ (ရီပက်ဘလေကန်ပါတီ) ဝင်တွေကတောင်မှ သူတို့ ရွေးချယ်ခံရရင် လုပ်မယ့်အကြောင်းအရာတွေကို ယေဘုယျအားဖြင့် တိတိပပ ပြောဆိုတာတွေ့ရပါတယ်။ မစ်ရွမ်နေးဆိုလည်းဒီအတိုင်းပါပဲ။ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကို ပြောင်းပြန်လှန်ဖို့နဲ့ ဘုရှ်ရဲ့ အခွန်အကောက်ဖြတ်တောက်တဲ့ အစီအစဉ်တွေကို ဆက်လုပ်ဖို့ရာ မစ်ရွမ်နေးက ကတိပေးထားပါတယ်။ တခြားရွေးကောက်ပွဲဝင်သူအများစုလိုပဲ မစ်ရွမ်နေးဟာ သူ့ရဲ့ကတိကဝတ်တွေမှာ မရေမရာ ရှိနေနိုင်ပါတယ်။ ဒါပေမဲ့ သူကျယ်ကျယ်ပြန့်ပြန့် ချပြခဲ့တဲ့ အကြောင်းအရာတွေကတော့ ရှင်းပါတယ်။ အခွန်အကောက်တွေ လျှော့မယ်။ လူမှုအထောက်အပံ့ အစီအစဉ်တွေလျှော့မယ်။ ကမ္ဘာတစ်ဝန်းမှာ တက်တက်ကြွကြွ စစ်ရေးတည်ဆောက်မှု ဆက်လက်ထားရှိမယ် ဆိုတာတွေပဲ ဖြစ်ပါတယ်။

ဒုတိယသက်တမ်းအတွက် အိုဘားမားရဲ့ အစီအစဉ်တွေကို မေးခွန်းထုတ်ရတာက မဲဆွယ်ပွဲနည်းဗျူဟာ ရိုးရိုးဆိုတာထက် ပိုပါတယ်။ တစ်ပိုင်းအားဖြင့် သမ္မတကိုယ်တိုင်က အပြုသဘောမဆောင်တဲ့ မဲဆွယ်မှုတွေ လုပ်နေတာလည်း ပါဝင်ပါတယ်။ အိုဘားမားက အမျိုးသမီးတွေအပေါ် စစ်ဆင်နွှဲနေတာတွေကို ရပ်ပစ်မယ်လို့ကတိပေးထားပြီး ကလေးမွေးတာကိုထိန်းချုပ်ခွင့်အပါအဝင် အမျိုးသမီးတွေရဲ့ ဆေးကုသမှုအခွင့်အရေးတွေကို ကာကွယ်ပေးသွားမယ်လို့ ဆိုပါတယ်။ (အိုဘားမားကကလေးဖျက်ချခွင့်ကို ထောက်ခံပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်းကိုသိပ်မပြောပါဘူး)

သဘာဝပတ်ဝန်းကျင်အစီအစဉ်တွေကို ပြန်လည်ပယ်ဖျက်မှာလက်မခံဘူးလို့ သူက ကတိပြုတယ်။ ဒါပေမဲ့ အခုလုပ်ကိုင်ထားတာထက် ပိုပြီးလုပ်မယ်လို့လည်း မဆိုပါဘူး။ သူ့ရဲ့ စွမ်းအင်အစီအစဉ်ကိုလည်း အားလုံးရဲ့အထက်မှာရှိတယ်လို့ သူက ခေါ်ဝေါ်ပါတယ်။ ဒါကလည်း ဦးစားပေးသတ်မှတ်ဖို့ သူ့ရဲ့တွန့်ဆုတ်မှုကို အဟုတ်ကြီးထင်အောင် လုပ်ချင်တာပဲဖြစ်ပါတယ်။

အနာဂတ်အတွက် အိုဘားမားရဲ့ ရှင်းလင်းတဲ့ ကတိတစ်ခုကတော့ 'Buffett rule' လို့ခေါ်တဲ့ ဘီလျံနာ သူဌေးကြီး ဝါရင်းဘတ်ဖတ်ရဲ့ အဆိုပြုချက်ကို လက်ခံပြီး အခွန်အကောက်တိုးမြှင့်ရေးပဲ ဖြစ်ပါတယ်။ ဒါက သန်းကြွယ်သူဌေးတွေအနေနဲ့ သူတို့ရဲ့ဝင်ငွေတွေအပေါ်မှာ သူ့လက်အောက်အလုပ်သမားတွေထက် အခွန်ရာခိုင်နှုန်း ပိုမိုပေးဆောင်ရေးသေချာစေဖို့ပဲဖြစ်ပါတယ်။ ဒါဟာနိုင်ငံရေးအရ လက်တွေ့ကျသလို ပေါ်လစီကောင်းတစ်ရပ်တောင်ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့လည်း စီးပွားရေးတစ်ရပ်လုံးအတွက်တော့ အစီအစဉ်ကောင်းဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။

၂၀၀၉ ခုနှစ်မှာ အိုဘားမားဟာ အထက်လွှတ်တော်ရော အောက်လွှတ်တော်မှာပါ ဒီမိုကရက်တစ်ပါတီ လူများစုနေရာအခိုင်အမာနဲ့ အိမ်ဖြူတော်ကိုရောက်လာခဲ့ပါတယ်။ အဲဒါကြောင့်လည်း သူ့ရဲ့ စီမံကိန်းတွေ၊ ဆိုကြပါစို့၊ ကျန်းမာရေးစောင့်ရှောက်မှုလိုပြုပြင်ပြောင်းလဲမှုတွေဟာ အသီးအပွင့်ဖြစ်လာဖို့ အလားအလာ အလွန်ကောင်းခဲ့ပါတယ်။ ဒါပေမဲ့ သူ့ပါတီရဲ့ အောက်လွှတ်တော် လူများစုနေရာဟာ အခုအခါ ပျောက်ဆုံးသွားခဲ့ပြီဖြစ်ပြီး အထက်လွှတ်တော်မှာကျုံ့သွားပါပြီ။ ဒီမိုကရက်တစ်ပါတီ အထွတ်အထိပ်ကာလတွေကို ရှေ့လှမ်းမျှော်မြင်နိုင်တဲ့ အနာဂတ်ကာလမှာ ပြန်မရောက်နိုင်တော့ဘူးဆိုတဲ့ အနေအထားပဲဖြစ်ပါတယ်။ ဥပဒေပြုတဲ့အထိ မလုပ်နိုင်တော့ဘူးဆိုရင် သူ့ရဲ့ သီအိုရီတွေဟာ သဲထဲရေသွန်ဖြစ်သွားမယ့်သဘောပါပဲ။ ဆိုတော့ ဘာဖြစ်လို့များ အဆိုပြုတင်ပြတာတွေလုပ်နေဦးမှာလဲ။

ဒီသဘောထားသာ ဆက်ပြီးရှိနေမယ်ဆိုရင်တော့ မစ်ရွမ်နေးသာမက အိုဘားမားရဲ့ပြိုင်ဘက်တွေအတွက် အခွင့်အရေးကောင်းပါပဲ။

အိုဘားမားဟာ သူ့ရဲ့ မှတ်တမ်းကောင်းတွေနဲ့ သူ့ရဲ့ပြိုင်ဘက်တွေကိုတိုက်ခိုက်ရင်း ပြန်လည်ရွေးကောက်ခံရဖို့၊ မဲတွေရဖို့ လုပ်ချင်လုပ်နိုင်ပါတယ်။ ဒါပေမဲ့လည်း တခြားလူတွေထက် အိုဘားမားပိုသိသလိုပဲ မဲဆွယ်ပွဲတွေဆိုတာ အတိတ်ကာလနဲ့ ပတ်သက်သလောက် အနာဂတ်နဲ့လည်း သက်ဆိုင်ပါတယ်။ တစ်နည်းပြောရရင်တော့ အိုဘားမားဟာ လာမယ့် ဇန်နဝါရီမှာ ဒုတိယသက်တမ်းအတွက် အနိုင်ရကောင်းရနိုင်ပါတယ်။ အဲဒီအချိန်မှာ သူဘာလုပ်မလဲဆိုတာကို သူများတွေကိုမပြောနဲ့ သူ့ဘာသာသူ သိထားရင်ကောင်းပါလိမ့်မယ်။

*—Ref: What will Obama Do?*
*By New Yorker*

**ဆရာမဒေါ်သဉ္ဇာဖြိုးဝေဦးစီးသော**
**အောင်ထက်အောင်**
**ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်း**
-ဆေးရုံ၊ ဆေးဆိုင်များတွင် ကျွမ်းကျင်စွာ လက်တွေ့လုပ်ကိုင်ခဲ့သော ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်များ၊ဆရာဝန်ကြီးများ ဦးစီးသင်ကြား ပေးသည်။ ဆေးရုံဆေးဆိုင်များတွင် လက်တွေ့သင်တန်းဆင်းပေးသည်။
- ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်သော သင်တန်းဆင်း(Certificate) အောင်လက်မှတ် ထုတ်ပေးသည်။
- အလုပ်အကိုင်ရရှိရန် အခမဲ့ကူညီပေးသည်။ ဘော်ဒါဆောင်ရှိသည်။
**အပတ်စဉ်တန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။**
**တိုက်(၂)၊ အခန်း(၈)၊ ပထမထပ်၊ လှည်းတန်းလမ်းမကြီး၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၁၃၇၅၂၊ ၀၉ ၇၃၀၇၈၁၂၆၊ ၀၉-၅၃၉၆၃၁၆**



ဘယ်လိုပဲရှင်းရှင်း ဗောက်တွေဒီလိုပဲပြန်ဖြစ်နေမှာလား?
သင်သုံးနေတဲ့ ခေါင်းလျှော်ရည် ကကော ဗောက်တွေကို မရှင်းပေးနိုင်ဘူးလား?
NEW
CLEAR
ဗောက်လုံးဝရှင်းသည်
CLEAR
ANTI-DANDRUFF SHAMPOO
ICE COOL MENTHOL
NUTRIUM 10
CLEAR
MEN
ANTI-DANDRUFF SHAMPOO
COOL SPORT MENTHOL
PRO NUTRIUM 10
FACEBOOK.COM/CLEARMM

# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.7 · APRIL 26 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 57,652 |
| Intel P4 Dual Core 3.3 GHz (1155,2120) Processor | 96,628 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 154,280 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 237,916 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 49,532 |
| MSI H67MA-E35 (1155) | 82,012 |
| ASUS P5G41T-MLX (775) | 50,344 |
| ASUS P8H61-MLX Plus (1155) | 62,524 |
| ASUS P8H67MLE (1155) | 92,568 |
| Gigabyte G41MT-S2(775) | 50,344 |
| Gigabyte H61M-S2 (B3) (1155) | 73,080 |
| Gigabyte H67M-D2 (B3) (1155) | 97,440 |
| **PC Memory** | |
| 1 GB DDR2 (800) Kingston | 16,240 |
| 2 GB DDR2 (800) Kingston | 24,360 |
| 2 GB DDR3 (1333) Kingston | 12,180 |
| 4 GB DDR3 (1333) Kingston | 20,300 |
| **Harddisk** | |
| 500 GB Seagate SATA | 73,892 |
| 1 TB Seagate SATA | 97,440 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 119,364 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 67,396 |
| MSI N430GT 2GB PCI Express Card | 69,020 |
| ASUS ENGTX520 1GB PCI Express Card | 48,720 |
| ASUS EAH 6850 1GB DDR5 PCI Express Card | 153,468 |
| ASUS EHA 5450 1GB DDR3 PCI Express Card | 38,164 |
| Gigabyte ATI Radeon HDR545SC 1GB PCI Express Card | 56,840 |
| Gigabyte ATI Redeon HD6450 1GB D3 PCI Express Card | 69,020 |
| **Memory Stick** | |
| Kingston 4 GB (101) | 5,500 |
| Silicon Power 4 GB(322) | 5,705 |
| Apacer 4 GB (AH-129) | 7,500 |
| SONY 4 GB | 8,000 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | **၁၆၀,၀၀၀** |

Technoland ဆိုင်မှ ဧပြီလ(၂၁) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 300,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 270,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 22,000 |
| LG | DV276 | 22,000 |
| Toshiba | DV380 | 22,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 195,000 |
| Toshiba | 120 R | 145,000 |

**မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၂၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀-၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၃၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၂၁) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၆,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀- ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

**ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဧပြီလ (၂၁)ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၉၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၃,၇၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၃,၇၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၅၀၀- ၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၈၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀- ၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀- ၂,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၃,၅၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၃,၅၀၀-၈,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀- ၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၅၀၀-၆,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၇,၅၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀- ၂၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၄၀၀ |

**ဧပြီလ (၂၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။**

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာ ဝက်ဂွန် | **၃. ဝအင်ဂျင်ပါဝါ** | ၇၀၊ ၉၀၊ ၁ဃ | ၃၂၀ ဝန်းကျင် |
| စူဇူကီး ဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁၀၊ ၂၀/၃၀ | ၁၈၀-၁၉၅ |
| ပါဂျဲရို | ၉၅၊ ၉၆ | ၇၀/၉၀ | ၃၃၀ |
| ပါဂျဲရို | ၉၇၊ ၉၈၊ ၉၉ | ၇၀/၉၀ | ၄၅၀ ဝန်းကျင် |
| ဟိုင်းလပ်ဆပ် (ဝက်ဂွန်) | ၉၆ | ၇၀/၉၀/၁ဃ | ၃၅၀ |
| ဟိုင်းလပ်ဆပ် (Gradeအစုံ) | ၉၇၊၉၈၊၉၉ | ၇၀/၉၀/၁ဃ | ၃၇၀-၅၀၀ |
| တိုယိုတာဖင်ကောက် (ဒီဇယ်) | ၂၀၀၀-၀၁ | ၇၀/၉၀ | ၃၀၀ ဝန်းကျင် |
| တိုယိုတာ (လီမီတက်) | ၉၆-၉၈ | ၁ဃ/၂ဃ | ၃၀၀ ဝန်းကျင် |
| မတ်တူး (2 .0 Grade) | ၂၀၀၂ | ၉၀ | ၂၉၀ ဝန်းကျင် |
| မတ်တူး (2.5 Grade) | ၂၀၀၂ | ၉၀ | ၃၄၀ ဝန်းကျင် |

**ဧပြီလ (၁၉)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။**

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | April (15) | April (16) | April (17) | April (18) | April (19) | April (20) | April (21) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |
| Premier ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

## စာ(၃၁) မြန်မာအစ အယူအဆများ မှ

မြောက်ပိုင်းတွင် နေထိုင်သူများသည် နောက်မှ ရောက်ရှိလာကြသည်ဆိုသော အယူအဆမှာလုံးဝ အခြေအမြစ်မရှိသည့်အပြင် ဤ Hypothesis ခေါ် အနုမာနအယူအဆများသည် ရိုးသားမှုမရှိဘဲ မြန်မာတိုင်းရင်းသားများ အချင်းချင်း ခွဲခြားရန် ကိုလိုနီ အယူအဆများအရ Divide and Rule ခေါ် ခွဲခြား၍ အုပ်ချုပ်ခြင်းဆိုသော အကြံညာဏ်နှင့် ဆက်နွယ်စရာအကြောင်း ရှိပေသည်။

ဗမာလူမျိုးများ၏ အစနှင့်ပတ်သက်၍ မှန်နန်းရာဇဝင် အစရှိသော ရှေးမှတ်တမ်းမှတ်ရာများတွင် မြန်မာအစ တကောင်းကဟု ဆိုလိုခဲ့ခြင်းမှာ ဗမာများက ယင်းတို့၏ ပထမဦးဆုံးသော မင်းနေပြည်တော်ကို မြတ်စွာဘုရား၏ ဆွေမျိုးဖြစ်သောသူများက စတင်တည်ထောင်ခြင်းကိုသာ ဆိုလိုခြင်းဖြစ်ပြီး ဗမာလူမျိုးတို့သည် မြတ်စွာဘုရား၏ အမျိုးများမှ ဆင်းသက်လာသူများဟု ဆိုလိုခြင်းမရှိပေ။ ယင်းသို့မြန်မာလူမျိုးတို့ စတင်ခဲ့သော တကောင်းပတ်ဝန်းကျင်တွင် ရှေးဟောင်းပစ္စည်းများနှင့် အမွေအနှစ်များကိုတွေ့ရှိရသဖြင့် ဗမာတို့၏ ရှေးအယူအဆကို ပယ်ဖျက်ရန် ခိုင်လုံသော အထောက်အထားမရှိပေ။

ထိုသို့သော မြန်မာတို့၏ယူဆချက်ကို ခိုင်လုံမှုမရှိ၊ မဖြစ်နိုင်ဟု အနုမာနယူဆချက်တစ်ရပ်ကို အင်္ဂလိပ်သမိုင်း ပညာရှင်ကြီးတို့က ၁၉၃၀ ခုနှစ်ပတ်ဝန်းကျင်မှစ၍ တည်ဆောက်လာခဲ့ကြသည်။ ယင်းတွင် မြန်မာများသည် ၉ ရာစုနှစ်တွင် မြင်းများစီး၍ ယခုကလောအနီးရှိ ညောင်ကန်ဒေသမှ ကျောက်ဆည်လွင်ပြင်သို့ ရောက်ရှိလာကြပြီး ထိုဒေသတွင် ရှိကြသောမွန်လူမျိုးတို့ကို တောင်ဘက်သို့ တိုးရွှေ့ခဲ့ပြီး ထိုဒေသမှ အနောက်ဘက်တွင် ရှိသော ဧရာဝတီမြစ်နှင့်ကပ်လျက်ရှိသော ပုဂံဒေသကို သိမ်းပိုက်ခဲ့ကြကာပုဂံမင်းဆက်ကို ၁၀ ရာစုနှစ်ခန့်တွင် တည်ထောင်ခဲ့ကြသည်။ ယင်းဗမာတို့သည် ပထမဦးစွာ ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြဘဲ ၁၁ ရာစု အနော်ရထာမင်းစောလက်ထက်တွင် သထုံပြည်ကို အောင်မြင်ပြီးနောက်မှ ဗုဒ္ဓအယူအဆကို ရရှိကြပြီး ယင်းနှင့်အတူ ဘုရားပုထိုးများ တည်ဆောက်ခြင်း အတတ်နှင့်ဗုဒ္ဓဘာသာယဉ်ကျေးမှုများကို စတင်ရရှိ၍ ယဉ်ကျေးသောသူများအဖြစ် တဖြည်းဖြည်း ပြောင်းလဲလာကြသည်ဟူသော အနုမာနယူဆချက်တစ်ရပ်ကိုတည်ဆောက်တင်ပြလာခဲ့ကြသည်။ ယင်းယူဆချက်ကို အထက်ပါဆရာကြီးများက တရုတ်မန်ရှူကျမ်းများကို အခြေခံသော အောက်ပါ အချက်အလက်တို့မှ တည်ဆောက်ခဲ့ကြသည်။

(၁) ဘီ ၈ ရာစုနှစ်မှ ၁၄ ရာစုနှစ်ခန့်အတွင်း လက်ရှိ ယူနန်ပြည်တောင်ပိုင်းတွင် နန်ကြောင် ခေါ် Nan-Chao တိုင်းပြည်တစ်ပြည်ရှိခဲ့၍ ယင်းနန် နန်ကြောင် လူမျိုးတို့အောက်တွင် မင်းစောဟုခေါ်သော လူမျိုးများရှိခဲ့ခြင်း၊

(၂) ထိုမင်းစော ခေါ် လူမျိုးများသည် နန်ကြောင် တိုင်းပြည်အတွင်း အဖိနှိပ်ခံလူများဖြစ်ခဲ့ခြင်း၊

(၃) ယင်းနန်ကြောင် တိုင်းပြည်သည် ၉ ရာစုနှစ် အစပိုင်းတွင် မြန်မာပြည်အတွင်းရှိ မြို့နှစ်မြို့အား ဝင်ရောက်တိုက် ခိုက်ဖျက်ဆီးခဲ့ခြင်း၊

ဤအချက်များသည်သာ တရုတ် မန်ရှူ ကျမ်းများတွင်ပါဝင်ခဲ့ပါသည်။ ထိုသည်များကို အခြေခံ၍ အင်္ဂလိပ်သမိုင်းပညာရှင်ကြီးများက မင်းစော ခေါ် လူမျိုးများသည်ဗမာများဖြစ်ဟန်တူကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဗမာများက ယင်းတို့၏ အကြီးအကဲများကို မင်းဟူ၍သော်လည်းကောင်း၊ စောဟူ၍သော်လည်းကောင်း ခေါ်ဆိုကြသည်။ ထိုမင်းစော ခေါ်သောသူများသည် ယင်းတို့၏ အဖိနှိပ်ခံဘဝမှ ရုန်းထွက်လို၍ ယင်းတို့နန်နန်ကြောင်တပ်များနှင့်အတူ မြန်မာပြည်ရှိ မြို့နှစ်မြို့ကို တိုက်ခိုက်စဉ်ကပါဝင်ခဲ့ဟန်တူသောကြောင့် ယင်းတို့ သိရှိပြီးသော နယ်မြေများအတွင်းသို့ကျောက်ဆည်လွင်ပြင်မှ ဝင်ရောက်လာကြဟန်တူကြောင်းဟု ၁၉၃၁ ခုနှစ်ခန့်က စတင်၍ ယူဆချက်များကို တည်ဆောက်လာကြသည်။ (1931 Geography of Burma and Pagan Dynasty, 1940 Economics Life of Early Barman) ထိုသို့စိတ်ကူးယဉ်ခံယူချက်မှ စတင်၍ ၁၉၆၅ ခုနှစ်တွင် ပါမောက္ခ Luce က မြန်မာများ ကျောက်ဆည်လွင်ပြင်မှ စတင်ရောက်ရှိလာခဲ့ကြခြင်းသည် ၉ ရာစုနှစ်တွင် မိမိသေချာကြောင်း တင်ပြလာခဲ့သည်။ (Old Kyaukse and the Coming of Burmans)

တင်ပြခဲ့သည့်အတိုင်း အင်္ဂလိပ်ပညာရှင်ကြီးများက မန်ရှူကျမ်းများကို အခြေခံခဲ့သည်ဆိုသော်လည်း ထိုကျမ်းများတွင် မင်းစော ဆိုသော သူများသည် ဗမာများဖြစ်သည်ဟုလည်း မပါ၊ မင်းစောဆိုသော သူများသည် မြန်မာပြည်တွင်းသို့ထွက်ပြေးလာသည်ဟူ၍လည်းမပါ၊ စသော တိကျမှုမရှိသည့်အချက်များကြောင့် ဤအနုမာန ယူဆချက်များမှာ လက်ခံနိုင်ရန် အကြောင်းမရှိပေ။ သို့ပါသော်လည်း အထက်ပါ အင်္ဂလိပ်ပညာရှင်ကြီးများဖြစ်သော ပါမောက္ခ Luce ၏ ၁၉၅၀ ခုနှစ်များက မြန်မာ့သမိုင်းသုတေသနအဖွဲ့၏ ခေါင်းဆောင်ဖြစ်ခဲ့သည်ကတစ်ကြောင်း၊ ထိုခေတ်အခါက မြန်မာလူမျိုးများသည် ထိုမန်ချူးကျမ်းများကို လေ့လာနိုင်ခြင်း မရှိခဲ့သည်ကတစ်ကြောင်းတို့ကြောင့် မိမိတို့အစဉ်အလာအယူအဆဖြစ်သော မြန်မာအစ တကောင်းကအစား မြန်မာအစ ကျောက်ဆည်ကဟု ပညာရှင် တော်တော်များများက လက်ခံလာခဲ့ကြသည်။ ယင်းယူဆချက်၏ လွှမ်းမိုးမှုမှာ စွယ်စုံကျမ်းအတွဲ(၁၀)၊ စာမျက်နှာ(၂၃၄) တွင် သော်လည်းကောင်း၊ ၁၉၇၁ ခုနှစ်ထုတ် ဦးဘရှင်၏ အနော်ရထာ အရင်က မြန်မာနိုင်ငံအစရှိသော စာအုပ်များတွင် မြန်မာတို့၏ အစသည် ကျောက်ဆည်သာဖြစ်ကြောင်း လက်ခံရေးသားလာကြသည်။

ခြုံ၍သုံးသပ်သော် ယင်းမြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆမှာ တင်ပြခဲ့သည့်အတိုင်း မည်သို့သော ကျောက်စာနှင့် အခြား အထောက်အထားများမရှိဘဲ ထိုအနုမာနယူဆချက်များသည် စိတ်ကူးယဉ်အချက်အလက်တို့မှ အခြေခံတည်ဆောက်ခဲ့ကြသည်မှာ ထင်ရှားပေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပုဂံမြို့ကို ၉ ရာစုနှစ်ကျမှ မြန်မာများ တည်ဆောက်သွားသည် ဆိုသောအချက်မှာလည်း ပုဂံမြို့တွင် ထိုအချိန်ထက် စောသော ပျူလက်ရာများနှင့်ပျူစာပေများတွေ့ရှိသဖြင့် ပုဂံသည် သရေခေတ္တရာမှ ပြည်သူများ ဆက်လက်တည်ဆောက်သွားကြောင်း ထင်ရှားပေသည်။ ယင်းမြန်မာအစ ကျောက်ဆည်ကဟူသော ထိုအနုမာနယူဆချက်များသည် စိတ်ကူးယဉ်အချက်အလက်တို့မှ အခြေခံတည်ဆောက်ခဲ့၍ ယခုအချိန်အခါတွင်ပယ်ဖျက်သင့်ပေသည်။ ။

## စာ - ၂၆၊ "သံချပ်သံတွေမြိုင်တဲ့ သည်သင်္ကြန်" မှ

ခရိုနီ(crony)တွေ မြင်မကောင်းအောင် ကောင်းစားနေကြတာပါသည်။ ဆင်းရဲနွမ်းပါး အမျိုးကောင်းသမီးလေးတွေ ပေးနိုးကမ်းနိုး "ဘောစိ" တွေကိုယုံရင်းဘဝပျက်သွားကြတာတွေပါသည်။ ကိုယ့်နိုင်ငံကထွက်သည့်သယံဇာတဓာတ်ငွေ့တွေ သူများကိုသာရောင်းပစ်သည့်အတွက် သူများတွေမှာသာ မီးလင်းလင်းနှင့် နေရပြီးပိုင်ရှင်မှာတော့မီးလေးမှိန်မှိန်ပါသည်။ သည်ခေတ်မိန်းကလေးတွေဝတ်စားဆင်ယင်ပုံက အဖော်အချွတ်တွေများလွန်းလို့ ဆင်ခြင်ကြဖို့သတိပေးတာတွေပါသည်။

ပီဘိ လူရွှင်တော်ဝါရင့်တွေဆိုတော့လည်း ဟာသပညာကနုနုလေးနှင့်လှသည်။ သံချပ်တစ်လှည့် သံစဉ်ထည့်ထားသည့် သီချင်းစာသားက တစ်လှည့်နှင့်ဆိုတော့အိုင်မနေဘဲသွက်သည်။

မိန်းကလေးတွေ အဖော်အချွတ်ပက်ပက်စက်စက်ဝတ်ဆင်ပုံသီချင်းအတောကို တီးဝိုင်းနှင့်မထည့်ဘဲ ပါးစပ်တီးလုံးနှင့် ထည့်လိုက်ပုံကဟာသပါပါနှင့်နက်နက်စူးသည်။

သီချင်းစာသားတော့မမှတ်မိ။ နင်တို့လေးတွေဖော်ကာချွတ်ကာဝတ်ကြတော့ မောင်ကြီးတို့မှာ. . . "တဲ့ တဲနယ် တဲနယ်တူးနယ်တောင် "ဆိုပြီး လက်ညှိုးလေး ထောင်ကာထောင်ကာ ကကြပုံကမရိုင်းဘဲဝက်ဝုတ္တိဖြင့် ရယ်ရသည်။

အဲ့သည်နေ့က ညဈေးလမ်းထောင့်မှာတင် နားထောင်ရတာမဝသဖြင့် အုန်းပင်ကြီးလမ်းအထိလိုက်သွားနားထောင်လိုက်ရသေးသည်။ အုန်းပင်ကြီးလမ်း သံချပ်ပွဲရှေ့အာရုံစိုက်နားထောင်နေတုန်းပခုံးကိုလာပုတ်သဖြင့်လှည့်ကြည့်မိတော့ကိုယ့်လိုပဲသံချပ်ဝါသနာကြီးသည့် မိတ်ဆွေဖြစ်နေသည်။ သူလည်း သဘောတွေကျလွန်းလို့ တပြုံးပြုံး။

သံချပ်ပွဲပြီးတော့သူနှင့်အတူလက်ဖက်ရည်ဆိုင် ခဏတဖြုတ်ထိုင်ရင်းသံချပ်အကြောင်းပင်ပြောဖြစ်ကြသည်။

"မနက်က ဗီအိုအေအင်တာဗျူးမှာနားထောင်လိုက်ရတယ်၊ မန္တလေးစာရေးဆရာဆရာညီပုလေးနဲ့တွေ့ဆုံခန်းဗျ၊ သူလည်းပဲ သံချပ်တွေပြန်လုပ်ခွင့်ပေးလို့ ပျော်နေပုံရတယ်၊ ဒါပေမဲ့ သူကတော့ အခုရေးကြတဲ့သံချပ်တွေထဲမှာ မြစ်ဆုံဆည် ကိစ္စတို့၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စတွေ ပါရင်ပိုကောင်းမှာတဲ့ပြောသွားတယ်၊ ဟုတ်တာပေါ့ ပါရမှာ ပါသင့်တာပေါ့ နောကိုသင်းရာ. . . "ဟု မိတ်ဆွေကပြောသည်။

ဆရာညီပုလေးစကားကိုကျွန်တော် သဘောတူသည်။ အဲ့သည့်ကိစ္စတွေလည်း တိုင်းပြည်ရဲ့သေရေးရှင်ရေးကိစ္စတွေပဲ။ သို့သော် တင်ပြပုံအနုပညာတော့လိုမည်။ တုတ်ထိုးအိုးပေါက်ပြောလို့မလှ။ အနုပညာအားထုတ်မှုပါရမည်။ တကယ်တော့သံချပ်မှာဟာသနှင့်ကလိချက်ရှိချက်သာမဟုတ်မျက်ရည်ပိုးပိုးပေါက်ပေါက် ကျသွားအောင်လုပ်ပိုင်ခွင့်ရှိသည်ဟုထင်သည်။ (tragedy) ပေါ့။

လက်ဖက်ရည်ဆိုင်မှထတော့မိတ်ဆွေကသူ့ကွပ်ကြွပ်အိတ်ထဲမှ ဒီဗီဒီတစ်ပြားထုတ်ပေးသည်။ တရားခွေလား၊ ဘယ်ဆရာတော်တုံးကျွန်တော်မေးတော့ အိမ်ကျမှဖွင့်ကြည့်ဗျာ တရားတော့ ရနိုင်ပါတယ်ဟုပဟေဠိစကားဖြင့်သူလမ်းခွဲသွားသည်။

အိမ်ပြန်ရောက်တော့အိမ်ကကလေးတွေ ရေပက်ခံထွက်ကြသည်လားမသိ၊ ဘယ်သူမျှမရှိကြ။ ကိုယ့်ဘာသာသော့ဖွင့်ဝင်ရသည်။ ကျွန်တော်ကနားထောင်လာသည့် သံချပ်အကြောင်း ဖောက်သည်ချချင်နေသေးသည်။ သို့သော် နားထောင်မည့်သူမရှိသဖြင့် မိတ်ဆွေပေးလိုက်သော ဒီဗီဒီပြားကို စက်ထဲထည့်လိုက်မိသည်။

တီဗီ မျက်နှာပေါ်တွင်ပေါ်လာလိုက်သည့်အရုပ်တွေကြောင့် ကျွန်တော့်ပါးစပ်အဟောင်းသားပြဲသွားရသည်။ အားပါးပါးအော်မိသည်။ ရိုက်ထားသည့်မြင်ကွင်းကို ကြည့်ရင်း "ဒါဟာ အာဖရိကအမေဇုန်တောကြီးထဲကလူရိုင်းမတွေသင်္ကြန်ကျနေတာဖြင့် မဟုတ်လေတန်ရာ. . . " ဟု ဦးနှောက်ဟပ်ဖို့ပင်ဖြစ်ရသည်။

ဝတ်ထားလိုက်သည့်ဘောင်းဘီစကတ်တိုလိုက်ကြပုံကခွအရင်းဒုတ်ဒုတ်တွေထိ။ ဘရာစီယာချည်းသက်သက်ဝတ်သူကဝတ်လို့။ အားရှိပါးရှိဖြဲကားပြနေကြပုံကကနေပျော်နေကြပုံနှင့်မတူ။ စင်ပေါ်တက်ပြီး စင်အောက်မှပရိသတ်ကို စော်ကားနေတာနှင့်တူသည်။ အဲဒါ မြန်မာသင်္ကြန်တဲ့လား။ ကိုယ့်မျက်စိကိုယ်မယုံသဖြင့် မိတ်ဆွေထံ ဖုန်းလှမ်းဆက်သည့်အခါ "မြန်မာသင်္ကြန်စစ်စစ်ပါခင်ဗျား၊ အကျနေ့ကမှ လတ်လတ်ဆတ်ဆတ်ရိုက်ထားတာပါဗျား" တဲ့။

စောစောက သံချပ်အပျော်တွေဘယ်ရောက်ကုန်ပြီမသိတော့။ မြန်မာ့ယဉ်ကျေးမှု ပျောက်ကွယ်ရိုင်းစိုင်းကုန်ကြပါပြီကောလို့စိတ်ထဲမှာနစ်နစ်ပျစ်ပျစ် ခံစားလိုက်ရသည်။ သည်ကိစ္စက ပေါ့သေးသေးသေး ပြီးလွယ် ပျောက်လွယ်ထားလို့ရမည့်ကိစ္စမဟုတ်။ ပြောရမည့်ကိစ္စ။ ပြင်ရမည့်ကိစ္စ။ အမျိုးပါပျက်နိုင်သည့် ကိစ္စ။

တွေးရင်းက ကိုမေတ္တာတို့အဖွဲ့ကို သတိရသည်။ "တဲ့တဲနယ်တူးနယ်တောင်"လောက်နှင့်တော့မလုံလောက်တော့ဘူးလားထင်သည်။ လာမည့်နှစ်သင်္ကြန်တွင် အဲ့သည်အမျိုးဖျက်စရိုက်ကိုဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သည့်ဟိုနိုင်ငံမျိုးမဖြစ်အောင်ဘယ်လိုလုပ်ကြမှာလဲဟုသံချပ်မှာမျက်ရည်ပေါက်ပေါက်ကျအောင်(tragedy)နှင့် ပြောလိုက်ချင်စမ်းပါဘိ။ ။

ဆရာကြီး ဒေါက်တာသန်းထွန်း
B.A ,H.G.P , R.L,D.I.L , DMA, D.B.A( USA ), Ph.D(Law)(USA)
ပြိုင်စံမပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေမြည်
ပညာ့အောင်မြေရိပ်သာ
၈တန်း၊ ၉တန်း၊ ၁၀တန်း
မေ(၂၅)ရက်နေ့တွင် ထပ်မံဖွင့်လှစ်မည်။
● အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
● အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ ဗမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့
● ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၄၃၊ ၀၉ ၅၀၇၇၇၇၅၊ ၀၉ ၅၁၁၁၆၀၂

MYANMAR GEMMOLOGICAL INSTITUTE
MGI Learning For Life
ဈေးကွက်အေးချိန်မှာ ပညာရှာပါ ...
ဈေးကွက်ကောင်းတဲ့အခါ စီးပွားရှာပါ ...
"ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"
ကျောက်စိမ်းပညာရှင် နှင့် ကျောက်စိမ်းလုပ်ငန်းရှင်များ ကိုယ်တိုင် စာ/လက်တွေ့ ပို့ချမည်။
၃.၅.၂၀၁၂ မှ ၉.၅.၂၀၁၂ထိ ညနေ (၄:၀၀) မှ (၇:၀၀)ထိ
"စိန်ပညာ မိတ်ဆက် သင်တန်း"
နိုင်ငံတကာအသိအမှတ်ပြု ဘွဲ့လွန်ဒီပလိုမာရ ကျောက်မျက်ပညာရှင်ကိုယ်တိုင် ဆွေးနွေးပို့ချမည်။
၃.၅.၂၀၁၂ မှ ၉.၅.၂၀၁၂ထိ နံနက် (၉:၀၀) မှ (၁၂:၀၀)ထိ
"ကျောက်မျက်ရတနာဒီဇိုင်းပညာသင်တန်း"
ကျောက်မျက်ဒီဇိုင်းပညာရှင်ကိုယ်တိုင် စာတွေ့/လက်တွေ့ ပို့ချမည်။
၃.၅.၂၀၁၂ မှ ၁၆.၅.၂၀၁၂ထိ နံနက် (၇:၃၀) မှ (၉:၀၀)ထိ
အမှတ်(၃၄၇)၊ ဒုတိယထပ်၊၃၉×မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်။ ၀၉-၇၃၀ ၅၀ ၃၇၀
အမှတ်(၁၇၅)၊ ၂၆ဘီလမ်း၊ ၈၀-၈၁လမ်းကြား၊ မန္တလေး။ ၀၉-၉၁၀၀ ၁၈၁၈

# Environment

7 DAY NEWS JOURNAL

Vol.11, No.7 • APRIL 26 , 2012


## ဆယ်စုနှစ်အတွင်း မြေယာအသုံးချမှုကြောင့် သစ်တောဧရိယာဧက ရှစ်သိန်းလျော့ကျ

**အိဖြူမွန်**

**ရန်ကုန်၊ ဧပြီ - ၂၁**

နိုင်ငံ၏ မြေယာအသုံးချမှု လိုအပ်ချက်များကြောင့် ပယ်ဖျက်ပေးရသည့် သစ်တောမြေဧရိယာမှာ ဆယ်နှစ်တာကာလအတွင်း သစ်တောမြေဧက ၈၇၄၄၇၀ ဒသမ ၅ ရှိကြောင်း အနှစ်သုံးဆယ် အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း၏ဆယ်နှစ်တာကာလ သုံးသပ်ချက်မှ သိရသည်။



ဓာတ်ပုံ - mongabay.com

ယင်းစာရင်းမှာ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ကောက်ယူထားသော စာရင်းဖြစ်သည်။ ဘဏ္ဍာရေးပထမနှစ်တွင် မြေပယ်ဖျက်ရသည့် သစ်တောမြေဧရိယာ နည်းခဲ့သော်လည်း ၂၀၀၆ ခုနှစ်နောက်ပိုင်း တဖြည်းဖြည်းပယ်ဖျက်ရသည့် မြေဧရိယာ ပမာဏမြင့်မားလာခဲ့သည်။

ဆယ်နှစ်တာကာလအတွင်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်သည် သစ်တောမြေ ပယ်ဖျက်ရသည့်ပမာဏ အများဆုံးနှစ်ဖြစ်သည်။ ယင်းဘဏ္ဍာရေးနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှသစ်တောမြေပယ်ဖျက်ရသည့် မြေဧရိယာမှာ(၆၆၅၀၄၄ ဒသမ၆) ရှိသည်။

ပယ်ဖျက်ရသော သစ်တောမြေများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ရေအားလျှပ်စစ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ပြည်ထဲရေးပိုင်မြေများအဖြစ် ပြောင်းလဲခဲ့သည်။

ဆယ်နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၏ မြေယာအသုံးပြုမှုသည် အများဆုံးဖြစ်ပြီး အခြားဝန်ကြီးဌာနများထက် သစ်တောမြေအသုံးချမှုပိုများကာ မြေဧက ရှစ်သိန်းနှစ်သောင်းကျော်ရှိသည်။ ဒုတိယအများဆုံးမှာ အခြားအဖွဲ့အစည်းများ၏မြေအသုံးချမှုဖြစ်ပြီး တတိယအများဆုံးမှာ ရေအားလျှပ်စစ်ထုတ်ယူခြင်းကြောင့် မြေဧရိယာခုနစ်ငါးရာကို သစ်တောမြေပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

## ငါးသယံဇာတထိန်းသိမ်းရန် မိရိုးဖလာနှင့် တစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်ငန်းများကို ဦးစားပေး ခွင့်ပြုမည်ဟုဆို

**သန်းဌေး**

**ရန်ကုန်၊ ဧပြီ - ၇**

ခေတ်မီ ငါးဖမ်းနည်းစနစ်များဖြင့် ငါးဖမ်းနေခြင်းများထက် မိရိုးဖလာ ငါးဖမ်းခြင်းနှင့် တစ်ပိုင်တစ်နိုင် ငါးဖမ်းခြင်းလုပ်ငန်းများကိုသာ ဦးစားပေးခွင့်ပြုတော့မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်ကပြောသည်။

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၏ ရေရှည်ဘဝ ရပ်တည်နိုင်ရေးနှင့် သားငါးသယံဇာတ ထိန်းသိမ်းနိုင်စေရန်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားတွင် ဝန်ကြီးက ပြောကြားခဲ့သည်။

ထို့အပြင် ကမ်းနီးငါးဖမ်းခြင်းကို ပထမဦးစားပေး ဆောင်ရွက်ကာ သဘာဝသံဇာတပြုန်းတီးခြင်း၊ ငါးမျိုးသုဉ်းခြင်းများကို အထူးအလေးထား ကာကွယ်နိုင်ရန် ဒုတိယအနေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိပ်ချ ငါးဖမ်းခြင်း၊ မိုင်းခွဲငါးဖမ်းခြင်း၊ လျှပ်စစ်ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ ဂျမ်းတိုက် ငါးဖမ်းခြင်းနှင့်ဒရွတ်တိုက်ငါးဆွဲခြင်းများအား ထိရောက်စွာဟန့်တားကာ အရေးယူ ဆောင်ရွက်ခြင်းကို တိုးမြှင့်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ထို့အပြင် ဒရွတ်ဆွဲကမ်းဝေးငါးဖမ်းခြင်းများကိုလည်း စီမံကိန်းနှစ်အလိုက် လျှော့ချကာ လုပ်ငန်းရှင်များကိုသာ ဦးစားပေးလုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ ၆၅၃ သန်းရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

## တရုတ်နိုင်ငံသို့ သယ်ဆောင်မည့်သစ်များ ဖမ်းဆီးရမိ

**စိုင်းလှမင်း**

**ကောလင်း၊ ဧပြီ-၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်နှင့်နယ်နိမိတ်ဆက်စပ်နေသောရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်းမြို့နယ်ရှိငါးအိုးရွာ မြောက်ဘက် ၁၅ မိုင်ခန့်အကွာငါးအိုးကြိုးဝိုင်း အကွက်အမှတ်(၅၄) အနီးကြံခင်းအတွင်း သိုဝှက်ထားသော မော်တော်ကား ခြောက်စီးပေါ်မှ တမလန်းဟုယူဆရသည့် သစ်မာ ၅၀ တန်နှင့် ကျွန်းခွဲသားများကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

သတင်းပေးတိုင်ကြားချက်အရ ကသာမြို့နယ်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ တရားမဝင်သစ်ကားများ ခိုအောင်းနိုင်သောနေရာများကို စုံစမ်းရှာဖွေရာ ဧပြီ ၂ ရက်၊ နံနက် ၂ နာရီမိနစ်၃၀ ခန့်တွင် ငါးအိုးရွာမြောက်ဘက် ၁၅ မိုင်ခန့်အကွာ ငါးအိုးကြိုးဝိုင်းအကွက်အမှတ်(၅၄) အနီးကြံခင်းအတွင်းသိုဝှက်ထားသော၁၂ဘီးကားပေါ်မှ တမလန်းခားရွေးတုံး ၆၆ တုံး(၁၀ဒသမ၅၈၈)တန်၊တမလန်းသစ်လုံး၅လုံး(ဝဒသမ၉၉၂)တန်ကိုလည်းကောင်း၊ အခြား၁၂ဘီးကားပေါ်မှ တမလန်းခားရွေး ၅၉ တုံး (၁၂ဒသမဝ၁၀)တန်၊တမလန်းသစ်လုံး ၆လုံး(၁ဒသမ၃၈၈) တန်ကိုလည်းကောင်း၊ ၁၀ဘီးကားပေါ်မှ တမလန်းခားရွေး ၅၈ တုံး(၇ဒသမ ၁၉၄)တန်၊ တမလန်း သစ်လုံး ၁၃ လုံး(၁ ဒသမ၅၈၈) တန်ကိုလည်းကောင်း၊ ခြောက်ဘီးကားပေါ်မှ တမလန်းခားရွေးတုံး ၃၉ တုံး (၇ဒသမ၃၃၈)တန်၊ တမလန်း သစ်လုံး ၁လုံး(ဝဒသမ၁၁၂)တန်ကိုလည်းကောင်း၊ အခြားခြောက်ဘီးကားပေါ်မှ တမလန်းခားရွေးတုံး ၄၀တုံး(၆ ဒသမ ၉၂၄)တန်၊ တမလန်းသစ်လုံး၇လုံးဝဒသမ၈၈၆ တန်ကိုလည်းကောင်းဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်နေစဉ် နံနက် ၃နာရီမိနစ် ၃၀ ခန့်တွင် အဆိုပါနေရာသို့ရောက်လာသော ခြောက်ဘီးကားကို ဆက်လက်စစ်ဆေးရှာဖွေခဲ့ရာ တရားမဝင်ကျွန်းခွဲသား(၂၄၀)ချောင်း၅ ဒသမ၁၁၆ တန်ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးဖော်ထုတ်ချက်အရ သစ်များတင်ဆောင်လာသည့်နေရာမှာ ငါးအိုး၊ မဘိမ်းလမ်းခွဲအနီးမှဖြစ်ပြီး ၎င်းသစ်များကို မန္တလေး-ဗန်းမော်လမ်းအတိုင်း တရုတ်နိုင်ငံနယ်စပ်သို့ သယ်ဆောင်မည်ဖြစ်သည်။

တရားမဝင်သစ်များ သယ်ဆောင်လာသည့်သက်သေခံကား ခြောက်စီးနှင့် တရားမဝင် သစ်များ၊ တရားခံများအား ငါးအိုးရွာရဲစခန်းဝင်းသို့ သယ်ဆောင်အပ်နှံပြီး သစ်များအား အမျိုးအမည်ဖော်ပြခြင်း၊ တိုင်းတာခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကိုမဘိမ်းမြို့နယ် သစ်တောဦးစီးဌာနမှ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

### Environment Cartoon



ကမ္ဘာကြီး ပိုပူလာလေ၊
တောမီးတွေ ပိုလောင်လေ။

တောမီး ပိုလောင်လေ၊
ကမ္ဘာကြီး ပိုပူလာလေ။

## သစ်ခိုးထုတ်မှုနှုန်း နှစ်စဉ်မြင့်တက်နေ

**အိဖြူမွန်**

**ရန်ကုန်၊ ဧပြီ - ၂၁**

တရားမဝင်သစ်ထုတ်လုပ်မှုများဖမ်းဆီးမှုအကြိမ်အရေအတွက် များသော်လည်း နှစ်စဉ်ဖမ်းဆီးရရှိသည့် သစ်ခိုးထုတ်မှုပမာဏမှာ လျော့ကျသွားခြင်းမရှိကြောင်း အမျိုးသားသစ်တောပင်မစီမံကိန်းအား ဆယ်နှစ်တာကာလအတွင်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းကို ဆောင်ရွက်ခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ဒီလောက် ဖမ်းနေပေမယ့်လည်း သစ်ခိုးထုတ်တာက နှစ်စဉ် နှုန်းတက်လာတယ်။ အဲဒါဘာကြောင့်လဲ။ ဒီဟာကို အဖြေရှာပြီး ဖော်ထုတ်ဖြေရှင်းသင့်တယ်"ဟု အငြိမ်းစားသစ်တောဝန်ထမ်းတစ်ဦးက ပြောသည်။ ဆယ်နှစ်တာကာလအတွင်း သစ်ခိုးမှုကြောင့် အမှုဖွင့်ခဲ့သည့် အမှုပေါင်း (၉၆၁၅၄)မှုရှိခဲ့သည်။ ကျွန်း၊ သစ်မာနှင့် အခြားသစ်များ အပါအဝင် တန်ချိန်စုစုပေါင်း (၃၈၃၅၃၅ ဒသမ ၁၉၂၉)ကို ဖမ်းဆီးရရှိခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအနက် ကချင်ပြည်နယ်သည် တရားမဝင် သစ်ခိုးထုတ်မှုအများရှိသောဒေသဖြစ်ပြီး ဒုတိယမှာရှမ်းပြည်နယ်တောင်ပိုင်း (လားရှိုး)ဖြစ်သည်။




Vol.11, No.7 • APRIL 26 , 2012

Traveloudge

# ရွှေတောင်မြို့၌ ခါချဥ်စားခြင်း

မောင်သာချို







(တစ်)

ရန်ကုန်ပြည်လမ်းမကြီးတစ်လျှောက်တွင် ခရီးနှင်ဖူးသူတိုင်း ပြည်မြို့သို့ မရောက်တတ် ရောက်တတ်တစ်နေရာ၌ မြို့ကလေးတစ်မြို့ကို ဖြတ်သန်းရစမြဲဖြစ်ပါသည်။ ရွှေတောင်. . တဲ့။ ဧရိယာအကျယ်အဝန်းအရသာ မြို့ကလေးဟု ဆိုလိုက်ရသော်လည်း ဂုဏ်ဒြပ်အားဖြင့်မူ ရွှေတောင်က မငယ်လှပါ။ နယ်ပယ်တော်တော်များများ၌ ရွှေတောင်ကြီးပါသည်။

ဆိုကြပါစို့အစားအသောက်ကိစ္စ။ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် သတင်းကြီးသည်က ရွှေတောင်ခေါက်ဆွဲ။ ရွှေတောင်ကိုမှရောက်ပြီဆိုလျှင်ဖြင့် ကျွန်တော် ဘာကိုမှ သိပ်မစားဖြစ်တော့။ ရွှေတောင်ခေါက်ဆွဲမှ ရွှေတောင်ခေါက်ဆွဲပါပဲ။ ခေါက်ဆွဲသားနူးနူးညံ့ညံ့ ဟင်းရည်ချိုချိုနှင့် ရွှေတောင်ခေါက်ဆွဲဆိုင်ထဲမှာ ဝင်လိုက်ထွက်လိုက်။

ရန်ကုန်ဘက်ကနေ လာသောအခါတွင်ကား ရွှေတောင်မရောက်မီ ကားလမ်း၏ ယာဘက်တစ်နေရာ၌ ဝါးလည်ဟူသော ရွာကလေးကို ဖြတ်သန်းသွားရပေရာ "မင်းတို့ဆရာကို စာရင်းတို့ကာထားလိုက်ကြပေတော့" ဟုဆိုသည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ဂုဏ်ကို အောက်မေ့သတိရမိကာ ဆရာကြီး၏ ဇာတိချက်ကြွေ ရွှေတောင်မြေပါကလား ဟူသော အတွေးဖြင့် ရွှေတောင်ကကြီး၍သွားပြန်ပါသည်။

မြန်မာစာပေလောကတွင် ဇိနတ္ထပကာသနီကျမ်းက ထင်ရှားပါသည်။ ထိုကျမ်းကိုပြုစုသူက ကျီးသဲရွာဇာတိ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ ထိုဆရာတော်ဘုရား၏ ကျီးသဲလေးထပ်ကျောင်းတိုက်ကို ရွှေတောင်မြို့ ကားလမ်းမဘေး တစ်နေရာတွင်တွင် ဂုဏ်ယူစရာတွေ့မြင်နိုင်ပါသည်။ ရွှေတောင်ကြီးခြင်းပင်ဖြစ်ပါ၏။

မြန်မာ့သမိုင်း၌ ၁၉၄၅ ခုနှစ် မတ်လ ၂၇ရက်သည် ဖက်ဆစ်ဂျပန်ကိုတော်လှန်သောနေ့အဖြစ်လူတိုင်းသိပါသည်။ ထိုစဉ်က ဖက်ဆစ်တော်လှန်ရေး၏ အခြေခံစခန်းဖြစ်သော သရက်ခရိုင် ပုဏ္ဏားကျွန်းကျေးရွာသို့ မသွားမီ ဗိုလ်ချုပ်အောင်ဆန်းသည် မတ်လ ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက်များ၌ ရွှေတောင်မြို့၌ သွားလာဝင်ထွက်လှုပ်ရှားနေခဲ့သည်ကို သမိုင်းစာမျက်နှာများပေါ်၌ တွေ့နိုင်ပါသည်။ ဒါကလည်း ရွှေတောင်ကြီးခြင်းပါပဲ။

ထိုသို့ ဤသို့ဖြင့် မြို့ငယ်သော်လည်း ဂုဏ်ဒြပ်ကြွယ်ဝသည့် ရွှေတောင်မြို့သို့စာပေဟောပြောပွဲကိစ္စဖြင့် နှစ်ခေါက်သုံးခေါက် ကျွန်တော်ရောက်ဖူးပါသည်။ ၂၀၀၀ ပြည့်နှစ်အလွန် နှစ်ကာလများ။

(နှစ်)

ရွှေတောင်က စာပေဟောပြောပွဲများကို လယ်တီပိဋကတ်တိုက်ရှေ့ ကွင်းပြင်၌ ကျင်းပလေ့ရှိပါသည်။ လယ်တီပိဋကတ်တိုက်ကြီးက ကြီးပါ၏။ နှစ်ထပ်။ ရေချိုးခန်းနှင့် ရေလောင်းအိမ်သာနှင့်။ တစ်လကို စာအုပ်ငါးသောင်းဖိုး ဝယ်ထည့်နိုင်သော စာကြည့်တိုက်။ သည်ပိဋကတ်တိုက်ကြီးကလည်း သမိုင်းနှင့်။

အလှူဒါနပြုကြသည့်အခါ မိမိ၏ အလှူကို ပီတိသောမနဿနှင့် လှူခြင်းက မြတ်သလား ဥပေက္ခာနှင့်လှူခြင်းက မြတ်သလားဟု အငြင်းပွားကြလေရာ ထိုစဉ်က ပျဉ်းမနားမြို့တွင် သီတင်းသုံးနေသော လယ်တီဆရာတော်ဘုရားကို ရွှေတောင်သားတို့ လိုက်လံပင့်ဆောင်ပြီးနောက် ရွှေတောင်မြို့၌ တရားပွဲကျင်းပပြီးသောအခါ သူဌေးဦးမှတ်ကြီးမိသားစုတို့၏ အလှူနှင့် မြို့ပြည်သူလူထု၏ အလှူတို့ စုပေါင်းပြီး ၁၉၃၃ ၌ လယ်တီပိဋကတ်တိုက်ကို စတင်ဆောက်လုပ်ခဲ့ကြခြင်းပင်ဖြစ်ပါသည်။ ပေစာတွေ အမြောက်အမြား စုဆောင်းထားသည့် စာကြည့်တိုက်ပင်ဖြစ်ပါ၏။ မင်္ဂလာဆောင်အခမ်းအနားခန်းမ ငှားစားရာက ရသောငွေ၊ ဝါတွင်းကာလ အလှူပွဲ အခမ်းအနားခန်းမငှားစားရာက ရသောငွေ၊ ရွှေမြင့်မိုရ်ကားဂိတ်က ရသောငွေတို့ဖြင့် သည်လယ်တီပိဋကတ်စာကြည့်တိုက်ကြီးကို လည်ပတ်နေခြင်းပင်ဖြစ်ပါသည်။

ရွှေတောင်မြို့သို့ ရောက်လေတိုင်း ထိုပိဋကတ်တိုက်ကြီး၏ အပေါ်ထပ်မှာ ကျွန်တော်အိပ်ပါသည်။ သည်မှာတွင် ရွှေတောင်မြို့၏ ခါချဥ်စားခဲ့ရခြင်းပင်ဖြစ်ပါသည်။

(သုံး)

ဟိုးခပ်ငယ်ငယ် ကလေးဘဝတုန်းကတော့ ခါချဥ်လျက်ဆားဆိုတာကို ကျွန်တော် လျက်ဖူးခဲ့ပါသည်။ ချဥ်ပြုံးပြုံးကလေး။ ခါချဥ်ကို လျက်ဆားထဲထည့်ထားလို့ဟု လူပြော သူပြောကြားဖူးခဲ့ပါသည်။

ရွှေတောင်တွင်ကား မနက်စောစော လမ်းလျှောက်ထွက်သောအခါ ဈေးအဝင်အဝ၌ ခါချဥ်ရောင်းနေသူကလေးများကို တွေ့ရပါသည်။ သံဇလုံကြီးတစ်ခုထဲမှာ ရေစပ်စပ်နှင့်။ ဇလုံနှုတ်ခမ်းပေါ် တက်လာသော ခါချဥ်များကို ရောင်းသူ မိန်းကလေးက လက်နှင့် သပ်ခါသပ်ခါချလို့။ ဘေးက ဇလုံတစ်ခုထဲမှာက ခါချဥ်ဥဖြူဖြူကလေးတွေ။

ကျွန်တော်က ခါချဥ်ဈေးကိုမေးရပါသည်။ ခါချဥ်က တစ်ဆယ်သား ၂၀၀။ ခါချဥ်ဥက တစ်ဆယ်သား ၄၀၀။ ခါချဥ်ဥကိုကြော်စားကြပြီး ခါချဥ်ကိုတော့ ငါးပိထောင်းထောင်းစားကြခြင်းဖြစ်ပါသည်။ ကျွန်တော်က ငါးပိထောင်းကို မရမ်းသီးထည့်ထောင်းလျှင်လည်းထောင်း (သို့မဟုတ်) သံပရာ ရှောက်တစ်ခုခု ညှစ်စားလျှင်လည်း အချဥ်ကိစ္စ ပြီးတာပဲဟုဆိုသော်လည်း ရွှေတောင်သားတို့က လက်မခံပါ။ အရသာချင်း ကွာသည်ဟုဆိုသဖြင့် ခါချဥ်ထည့်ထောင်းထားသည့် သူတို့ ငါးပိထောင်းကို ကျွန်တော်စားကြည့်ပါသည်။ ကျွန်တော့်အတွက်ကတော့ အရသာချင်း သိပ်မကွာခြားလှဟုထင်မိပါ၏။ အစွဲအလန်းကြီးသူ ရွှေတောင်သား စာရေးသူတစ်ဦးကမူ ရန်ကုန်အပြန် သူ့ဇနီးသည်အတွက် ခါချဥ်များကို ဝယ်နေပြန်ပါလေသည်။

(လေး)

ပြည်လမ်းမကြီး တစ်လျှောက်ရှိ အချို့မြို့ရွာများ၌ ခါချဥ်သည် စားသောက်ကုန်ဖြစ်ပါသည်။ ရှမ်းမြောက်သို့ ကျွန်တော်ရောက်စဉ်က ကျောက်မဲတွင်လည်း ခါချဥ်ရောင်းသည်ကို တွေ့ဖူးပါသည်။ လက်ဖက်ရည်ပန်းကန်လုံး တစ်လုံးစာကို ငွေ ၅၀။ ကျောက်မဲကတော့ ခါချဥ်ကို ငါးပိထောင်း မထောင်း။ ကြက်ဥနှင့်ခေါက်ကာ ကြော်စားကြခြင်းဖြစ်ပါသည်။

ခါချဥ်ရှာသူတို့သည်ကား တောတောင်များရှိရာသို့ ဝင်ကာ အင်ဖက်လို သစ်ရွက်ကြီးများကို အိမ်လုပ်ကာ နေကြသည့် ခါချဥ်ထုပ်များကို ရှာဖွေစုဆောင်းကြခြင်းပင်ဖြစ်ပါ၏။

(ငါး)

အင်္ဂလိပ်ဘာသာစကား၌ Red Ant၊ Large Red Ant စသည်ဖြင့် ပုရွက်ဆိတ်အနီအဖြစ်ခေါ်ဆိုသော ခါချဥ်က ဆဒ္ဒန်ဆင်မင်းဝတ္ထုထဲမှာ ဇာတ်ဆောင်တစ်ဦးဖြစ်ပါသည်။

သစ်ခြောက်သစ်ခက်
ပရွက်ပဆုပ်
ခါချဥ်ထုပ်တို့သည်
လှုပ်တိုင်းကြွေလာကုန်၏

ဟု ဦးပုညက ရေးခဲ့ဖူးလေရာ စူဠသုဘဒ္ဒါမိဖုရားသည် ထိုခါချဥ်ထုပ်ကြောင့်ပင် ဆဒ္ဒန်ဆင်မင်းအပေါ် အမုန်းပွားကာ အသက်ဆုံးသည်အထိ လက်စားချေခဲ့သည်မဟုတ်ပါလော။

အခုတော့ ထိုခါချဥ်ကိုပင် ကျွန်တော်တို့ စားကြပါပြီ။ ပုရစ်ကဲ့သို့သော အင်းဆက် (Insect) ကိုစားကြသော လောကကြီးထဲကို ခါချဥ်စားခြင်းသည်လည်း အဆန်းတကြယ်တော့ မဟုတ်လေပါ။ မြိန်ရာဟင်းကောင်းဟု အဆိုရှိသည်မဟုတ်လား။ သို့သော်လည်း စားနေကျမဟုတ်သည့် ခါချဥ်ငါးပိထောင်းကို စားခဲ့ရသဖြင့် စိတ်ထဲတွင် ဟိုလိုလိုသည်လိုလိုကြီး ခံစားခဲ့ရသည့် ရွှေတောင်မြို့ကို အမြဲထာဝရသတိရနေမည်မှာကား အမှန်ပင်ဖြစ်ပေသည်။ ။








7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# Cartoon


























7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012




# ဘာလီဗုံးခွဲမှု တရားခံသည် ဖောက်ခွဲရေး ကျွမ်းကျင်သူဟု အက်ဖ်ဘီအိုင်အေးဂျင့်တစ်ဦးဆို

**ဂျကာတာ၊ မေ ၁၉**

၂၀၀၂ ခုနှစ် ဘာလီကျွန်းဗုံးခွဲမှုတွင်အမှုရင်ဆိုင်နေရသည့် သံသယတရားခံအား စစ်ဆေးခဲ့သော အက်ဖ်ဘီအိုင်အေးဂျင့်တစ်ဦးက ထိုတရားခံသည် ဖောက်ခွဲရေး ကျွမ်းကျင်သူတစ်ဦး ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ယင်းအေးဂျင့်က တရားခံသည် ဖောက်ခွဲရေး ကျွမ်းကျင်သူတစ်ဦးအဖြစ် အခြားအစ္စလာမ်မစ်စစ်သွေးကြွများ၏ သတ်မှတ်ခြင်းကို ခံရကြောင်း၊ ၎င်းသည် အမေရိကန်တပ်ဖွဲ့ဝင်များကို သတ်ဖြတ်ရန် စီစဉ်ခဲ့ဖူးကြောင်း ဆိုသည်။

အင်ဒိုနီးရှားအာဏာပိုင်များသည် အူမာပါတက်ဆိုသူ ယင်းတရားခံအား ဘင်လာဒင်ကို ဖမ်းဆီးမိခဲ့သည့် ပါကစ္စတန်မှပင် ပြီးခဲ့သည့်နှစ်က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ဘာလီဗုံးခွဲမှုကြောင့်ဥရောပသားအများစုအပါအဝင် လူပေါင်း ၂၀၂ ဦးသေဆုံးခဲ့ရသည်။

အက်ဖ်ဘီအိုင်အေးဂျင့်တစ်ဦးဖြစ်သည့် ဖရန့်ပယ်လီဂရီနိုသည် အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်နေသော အရှေ့တောင်အာရှအကြမ်းဖက်ကွန်ရက် ဂျမားအစ္စလာမ်မီးယားအဖွဲ့မှ စစ်သွေးကြွ ၂၀ ဦးကို စုံစမ်းစစ်ဆေးခဲ့ပြီး ပါတက်သည် အဓိကအဖွဲ့ဝင်ဖြစ်ကာ ဘာလီတိုက်ခိုက်မှုများကို ကြိုးကိုင်ခဲ့ကြောင်းဆိုထားသည်။ ပါတက်(၄၅ နှစ်)သည် အဖမ်းခံခဲ့ရပြီးနောက် လူသတ်မှု၊ ဗုံးထောင်မှု၊ တရားမဝင်လက်နက်များပိုင်ဆိုင်မှုဖြင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလကအမှုရင်ဆိုင်ခဲ့ရသည်။ ရှေ့နေများက ၎င်းသည် သေဒဏ်ကျခံရဖွယ်ရှိကြောင်း ဆိုထားသည်။

—Ref: AP

# ရေပိုင်နက်အငြင်းပွားမှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်သံတမန်ကို တရုတ်ဆင့်ခေါ် သတိပေး

**ဘေဂျင်း၊ မေ ၁၉**

တရုတ်အစိုးရသည် တောင်တရုတ်ပင်လယ်ရှိ အငြင်းပွားနေသော ရေပိုင်နက်များအတွင်း တရုတ်ငါးဖမ်းလှေများကိုနှောင့်ယှက်မှုများနှင့်ပတ်သက်၍ ဖိလစ်ပိုင်သံတမန်အား ဆင့်ခေါ်ကာစိုးရိမ်ပူပန်ကြောင်း သတိပေးပြောကြားခဲ့သည်ဟု သိရသည်။

အဆိုပါနှစ်နိုင်ငံသည်ဖိလစ်ပိုင်၏ ပင်မကျွန်းကြီး လူဇွန်နှင့် မဝေးသော ရေတိမ်ဒေသနှင့် ပတ်သက်၍ အငြင်းပွားနေပြီး ဒေသတွင်း တင်းမာမှုများ တိုးပွားစေခဲ့သည်။ ထို့ကြောင့် မေ ၁၉ ရက်တွင် တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖူရင်းသည် ဖိလစ်ပိုင်သံရုံးတာဝန်ရှိသူတစ်ဦးအား ဆင့်ခေါ်ကာ အငြင်းပွားမှုများနှင့် ပတ်သက်၍ တင်ပြချက်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။



Photo: AFP

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဌာနပြောခွင့်ရ ပုဂ္ဂိုလ်ကလည်း “ကျွန်တော်တို့ဟာ တရုတ်နဲ့ ဖိလစ်ပိုင်ကြား ဆက်ဆံရေးကောင်းမွန်မှုရှိတာတစ်ခုလုံးကို စိတ်ထဲမှတ်ထားပေးဖို့ တိုက်တွန်းခဲ့ပါတယ်” ဟုပြောသည်။ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံအကြား အငြင်းပွားမှုမှာ ဖိလစ်ပိုင်ဘက်က စကာဘာရိုးရေတိမ်ဒေသဟုခေါ်ပြီး တရုတ်နိုင်ငံက ဟွမ်ယန်ကျွန်းဟုခေါ်သော ကျွန်းစုများ ပါဝင်ရာ ဒေသကို နှစ်နိုင်ငံစလုံးက ပိုင်ဆိုင်သည်ဟု အငြင်းပွားနေမှုဖြစ်သည်။

—Ref: AFP

# ဂျကာတာတွင် အဆောက်အအုံပိုင်ရှင်များကို ငလျင်ဒဏ်ဆိုင်ရာ သင်တန်းပေးမည်

**ဂျကာတာ၊ မေ ၁၉**

အင်ဒိုနီးရှား၏ သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးနှင့် လျော့ပါးစေရေးအေဂျင်စီသည် ဂျကာတာတွင် ပြင်းထန်သော ငလျင်တစ်ရပ်ဖြစ်ပေါ်လာပါက အဆင့်လိုက် လုပ်ဆောင်ရန် အဆောက်အအုံပိုင်ရှင် ၇၀၀ ခန့်ကိုလေ့ကျင့်သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အေဂျင်စီ၏ ယခုစီမံကိန်းမှာ ကျွမ်းကျင်သူများ ကဂျကာတာမြို့တော်သည် ပြင်းထန်သည့် ငလျင်တစ်ရပ်ကြုံတွေ့ရပါက ရင်ဆိုင်ရန် အသင့်မရှိကြောင်း ဝေဖန်ခဲ့ပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အေဂျင်စီ၏ အကြီးအကဲ အာဖန်အကီလီက မြို့တော်မှ အဆောက်အအုံပိုင်ရှင် (သို့မဟုတ်) မန်နေဂျာများ ၇၅ ဦး စီပါဝင်သော အုပ်စုသုံးစုကို ယခုနှစ်အတွင်း ပထမအသုတ်အဖြစ် လေ့ကျင့်ပေးသွားမည်ဟု ဆိုသည်။

၎င်းက ဤသို့သင်တန်းပေးခြင်းဖြင့် ပိုင်ရှင်များသည် ငလျင်လှုပ်စဉ်အတွင်း အဆောက်အအုံလုံခြုံရေးနှင့်ပတ်သက်၍ အသိပညာများရရှိနိုင်မည်ဟုပြောသည်။

မစ္စတာအကီလီက ဂျကာတာရှိ မိုးမျှော်တိုက်ကြီးများ၏ ပိုင်ရှင်များသည်၎င်းတို့၏ အဆောက်အအုံများအတွင်း ကယ်ဆယ်ရေးလမ်းကြောင်းများ ထည့်သွင်းတည်ဆောက်ထားခြင်း မရှိသေးကြောင်း၊ မြို့တော် အုပ်ချုပ်ရေးမှူးမှ ထုတ်ပြန်သော အမိန့်တွင် အဆောက်အအုံများအတွင်း ငလျင်ဒဏ်လုံခြုံရေးကို စီစဉ်ထားရမည်ဖြစ်ကြောင်းဆိုသည်။ အင်ဒိုနီးရှားသည် ‘ပစိဖိတ်မီးကွင်း’ ဟုခေါ်သော ငလျင်ဒဏ်ထိခိုက်နိုင်ရာဇုန်တွင် တည်ရှိသော နိုင်ငံဖြစ်သည်။

—Ref: Xinhua

# မွန်ဂိုလီးယား၏ ပြည်ပကြွေးမြီ ကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံအထိ ရှိလာ

**အူလန်ဘတ်တာ၊ မေ ၁၈**

မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံခြားကြွေးမြီသည် ယခုအခါ ကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံအထိ ရောက်ရှိလာနေပြီဖြစ်ကြောင်း မွန်ဂိုလီးယားအစိုးရက ထုတ်ဖော်ပြောကြားလိုက်သည်။ သို့သော် အစိုးရက ယင်းကြွေးမြီစုစုပေါင်း ပမာဏသည် သင့်တင့်သော အနေအထား၌သာရှိနေသေးပြီး တိုင်းပြည်၏စီးပွားရေးကို ထိခိုက်နိုင်စွမ်းမရှိသေးကြောင်းဆိုသည်။ အချို့သောပါလီမန်အမတ်များကမူ နိုင်ငံ၏ များပြားလှသော ပြည်ပကြွေးမြီသည် အမျိုးသားစီးပွားရေးတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်ကြောင်းဆိုကြသည်။

မွန်ဂိုလီးယား ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရနိုင်ငံခြားကြွေးမြီစုစုပေါင်းတွင် ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံမှာ အစိုးရနှင့်ဆက်နွှယ်သော ကြွေးမြီများဖြစ်ပြီး ကျန်ရှိသည့် ၇ ဒသမ ၄ ဘီလီယံမှာမူ ပုဂ္ဂလိက လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေး ဘဏ်များနှင့် အခြားစီးပွားရေးကဏ္ဍများမှ ဖြစ်ကြောင်း သိရသည်။ မွန်ဂိုလီးယားအစိုးရသည် ယမန်နှစ်က ပြည်ပမှကန်ဒေါ်လာ ၁၉၈ သန်း ချေးယူခဲ့ပြီး ၂၀၁၁ နှစ်ကုန်တွင် အစိုးရ၏ နိုင်ငံခြားကြွေးမြီမှာ ကန်ဒေါ်လာ ၂ ဒသမ ၀၄ ဘီလီယံ အထိရှိခဲ့သည်။

—Ref: Xinhua






7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

## Leader's Profile

### အာမီးနီးယားနိုင်ငံသမ္မတ

# ဆက်အာဇာတီဆာရှန်



ရဲမင်း

ဆက်အာဇာတီဆာရှန်သည်ဥရောပတိုက်တွင်ရှိသော အာမီးနီးယားနိုင်ငံ၏ တတိယမြောက် သမ္မတဖြစ်သည်။ အာမီးနီးယားနိုင်ငံမှာ မြောက်ဘက်တွင် ဂျော်ဂျီယာနိုင်ငံ၊ အနောက်ဘက်တွင် တူရကီနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေသောနိုင်ငံဖြစ်သည်။ဆက်ဆာရှန်သည် အာမီးနီးယား ရီပတ်ဘလေကန်ပါတီဥက္ကဋ္ဌအဖြစ် ၂၀၀၈ ခုနှစ်တွင်ရွေးကောက်ပွဲဝင်ခဲ့ပြီး အနိုင်ရရှိကာ ၂၀၀၈ ဧပြီလတွင် သမ္မတတာဝန်များ စတင်ထမ်းဆောင်ခဲ့သည်။

ဆက်ဆာရှန်ကို ၁၉၅၄ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ထိုစဉ်က ဆိုဗီယက်ယူနီယံနိုင်ငံ အဇာဘိုင်ဂျန်ပြည်နယ်၌ မွေးဖွားခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ယီရီဗန်ပြည်နယ်တက္ကသိုလ်၌ စတင်တက်ရောက်ပြီး ၁၉၇၁-၇၂ တွင် ဆိုဗီယက် စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင်ဒဿနိက ဘာသာရပ်အထူးပြုဖြင့် ဘွဲ့ရခဲ့သည်။

ဆက်ဆာရှန်သည် ၁၉၇၅ ခုနှစ်တွင် ယီရီဗန်လျှပ်စစ်ပစ္စည်းစက်ရုံ၌ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် စတီပါနာကတ်မြို့ကွန်မြူနစ်ပါတီ လူငယ်ခေါင်းဆောင် ဖြစ်လာသည်။ ယင်းမှနေ၍ ပါတီတာဝန်များကို အဆင့်ဆင့် ထမ်းဆောင်ရင်း နာဂါနို-ကာရာဘက်ပြည်နယ်ဒေသကြီး ပါတီအတွင်းရေးမှူး၏ လက်ထောက်ဖြစ်လာသည်။

နာဂါနို-ကာရာဘက်ဒေသနှင့်ပတ်သက်၍ တင်းမာမှုများမြင့်တက်လာသော အချိန်တွင် ဆာရှန်သည် နာဂါနို-ကာရာဘက်နိုင်ငံကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကော်မတီ ဥက္ကဋ္ဌဖြစ်လာပြီး ၁၉၉၀ တွင် အာမီးနီးယားနိုင်ငံထိပ်သီးကောင်စီ၌ ရွေးကောက်တင်မြှောက်ခံရသည်။

ဆာရှန်သည် နာဂါနို-ကာရာဘက်စစ်ပွဲအတွင်း တိုက်ပွဲအများအပြားကို ဦးဆောင်တိုက်ခိုက်ခဲ့ပြီး နာဂါနို-ကာရာဘက်ဒေသနှင့် အာမီးနီးယားနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သူတစ်ဦးအဖြစ်မှတ်ယူခံရသည်။ ၁၉၉၃ ခုနှစ်တွင် အာမီးနီးယားနိုင်ငံကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သောဆာရှန်သည် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်လုံခြုံရေးဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဆာရှန်သည် နိုင်ငံတော်လုံခြုံရေးဝန်ကြီး၊ ယင်းမှတစ်ဆင့် အစိုးရအဖွဲ့ ဝန်ထမ်းများအကြီးအကဲ၊ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး တာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာသည်။

၂၀၀၈ ခုနှစ်သမ္မတရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဆာရှန်သည် ထိုစဉ်က သမ္မတကိုချာရန်၏ ထောက်ခံမှုပါ ရရှိခဲ့ပြီး ရွေးကောက်ပွဲ၌ အနိုင်ရရှိရန် အလားအလာအကောင်းဆုံး ယှဉ်ပြိုင်သူအဖြစ် ရှုမြင်ခဲ့ရသည်။ ပထမဦးဆုံး ရလဒ်များထွက်ပေါ်လာစဉ်မှာပင် မဲအရေအတွက်စု စုပေါင်း၏ ၅၃ ရာခိုင်နှုန်းရရှိခဲ့သော်လည်း ပြိုင်ဘက်ဖြစ်သူ ဒုတိယနေရာမှ လီဗွန်၏ ထောက်ခံသူများက တရားဝင်ရလဒ်များကို အငြင်းပွားရင်း ရက်သတ္တပတ်တစ်ပတ်ကျော် ဆန္ဒပြခဲ့ကြသည်။ ၎င်းဆန္ဒ ပြပွဲများကို ရဲတပ်ဖွဲ့က ပြင်းပြင်းထန်ထန် ဖြိုခွဲခဲ့ပြီး လူ ၁၀ ဦး သေဆုံးခဲ့ရသည်။

ယင်းအဖြစ်အပျက်များ ပြီးဆုံးမှ ဧပြီ ၉ ရက်နေ့ ယီရီဗန်ကဇာတ်ရုံ၌ သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုခဲ့ရာတွင် သမ္မတဆက်ဆာရှန်က အာမီးနီးယားနိုင်ငံ၏ အနာဂတ်အတွက် လူတိုင်းလူတိုင်းက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဦးတည်၍ လုပ်ဆောင်ကြရန်တိုက်တွန်းပြောကြားခဲ့သည်။ အိမ်ထောင်သည် တစ်ဦးဖြစ်သော ဆက်ဆာရှန်သည် ဇနီးသည်ရီတာနှင့် သမီးနှစ်ဦး ထွန်းကားထားသည်။

*—Ref: Wikipediav*

**Request for Construction Services Quotation**

Request for quotation is extended to all qualified contractors to provide make-ready services(wall painting, refinishing wood floors, Replacing wood cabinetry) at the U.S Embassy Residence. If you are interested in this opportunity, please follow the instructions in the solicitation description provided at the following website:

http://burma.usembassy.gov/contract oppotunities.html

**Please direct any inquiries to GSO by telephone # 01- 536509/505113 ext: 4135**

### နောက်ကျောဖုံး - ရေနံမြေတိုက်ပွဲများအတွင်း တောင်ဆူဒန်နိုင်ငံသား ၄၀၀ သေဆုံးခဲ့ကြောင်း ဆူဒန်ပြောကြား မှ

တောင်ဆူဒန်စစ်တပ်ကမူ ဟက်ဂလစ်ဒေသအား ၎င်းတို့ ဆယ်ရက်ကြာသိမ်းပိုက်ထားခဲ့စဉ်အတွင်း ဆူဒန်တပ်ဖွဲ့ဝင် ၂၄၀ ဦး သေဆုံးပြီး ၎င်းတို့တပ်ဖွဲ့ဝင် ၁၉ ဦးသေဆုံးခဲ့သည်ဟု ပြောကြားသည်။ *—Ref: AFP*

### နောက်ကျောဖုံး - အာဖဂန်နစ္စတန်တွင် ၂၀၁၄ နောက်ပိုင်းအထိ အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိမည် မှ

ယနေ့အပြီးသတ်ခဲ့သော သဘောတူညီချက်မှာ အာဖဂန်နစ္စတန်၏ လုံခြုံရေး၊ ဒေသတွင်းနှင့် ကမ္ဘာကြီးလုံခြုံရေးအတွက် ခိုင်မာသော အခြေခံကို ဖန်တီးပေးမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရွက်စာတမ်းလည်းဖြစ်ကြောင်း စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော အာဖဂန်အမျိုးသားလုံခြုံရေးအကြံပေး မစ္စတာစပန်တာက ပြောကြားသည်။ *—Ref: AFP*

### နောက်ကျောဖုံး - အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်သူ ၃၀၀ ဦး ဆီးရီးယားသို့ စေလွှတ်မည် မှ

ပထမဆုံးအကြိမ် ရပ်ဆိုင်းသွားခဲ့ကြောင်း အတိုက်အခံလှုပ်ရှားသူများက ပြောကြားသည်။

ယခုလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ လေ့လာစောင့်ကြည့်ရေးစေလွှတ်မှုအစီအစဉ်မှာ ဆီးရီးယားနိုင်ငံက ငြိမ်းချမ်းရေးသဘောတူညီချက်ခြောက်ချက်ကို လိုက်နာမှုရှိ၊ မရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း၏ အကဲဖြတ်မှုအပေါ်တွင် မူတည်မည်ဖြစ်သည်။ ယင်းသတ်မှတ်ချက်များကို မလိုက်နာပါက ထပ်မံ၍ အရေးယူမှုများ လုပ်ဆောင်ရန် စဉ်းစားသွားမည်ဖြစ်ကြောင်း လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်တွင် သတိပေးထားသည်။ *—Ref: Reuters*



Photo: Getty Images

## ဘီပီကုမ္ပဏီရေနံဖိတ်စဉ်မှုကြောင့် နစ်နာသူများ ကန်ဒေါ်လာ ၆၄ သန်း ထပ်မံရရှိမည်

**ဝါရှင်တန်၊ ဧပြီ - ၂၀**


အမေရိကန်နိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့၌ ဖြစ်ပေါ်ခဲ့သော ဗြိတိသျှရေနံ ကုမ္ပဏီပိုင် ကမ်းလွန်ရေနံတူးစင်ပေါက်ကွဲမှုတွင် နစ်နာခဲ့သော ဒေသခံများသည် ဘီပီကုမ္ပဏီမှ နောက်ထပ်ကန်ဒေါ်လာ ၆၄ သန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းရေနံဖိတ်စဉ်မှုတွင် စီးပွားရေးနှင့် စားဝတ်နေရေးလုပ်ငန်းများ ပျက်စီးခဲ့သော ဒေသခံများအား လျော်ကြေးပေးရန် ကန်ဒေါ်လာ ၂၀ ဘီလီယံ ရန်ပုံငွေတည်ထောင်ခဲ့သော်လည်း လျော်ကြေးပေးရာတွင် သိသာထင်ရှားသောမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်းလွတ်လပ်သော စာရင်းစစ်အဖွဲ့က တွေ့ရှိခဲ့သည်။

စီးပွားရေးလုပ်ငန်းနှင့် လူပေါင်း ၇၃၀၀ သည် ကန်ဒေါ်လာ ၆၄ သန်း ထပ်မံရရှိမည်ဖြစ်ကြောင်း အမေရိကန်ယာယီတွဲဖက်ရှေ့နေချုပ်တိုနီဝက်စ်ကပြောကြားသည်။

မက္ကဆီကိုပင်လယ်ကွေ့ရှိ Deepwater Horizon ရေနံတူးစင်မှာ ၂၀၁၀ ခုနှစ် ဧပြီလ ၂၀ ရက်တွင် ပေါက်ကွဲခဲ့ပြီး လူပေါင်း ၁၁ ဦးသေဆုံးကာ ရေနံစည်ပေါင်း ၄ ဒသမ ၉ သန်းဖိတ်စဉ်ခဲ့သည်။ ၈၇ ရက်ကြာမြင့်သော ၎င်းရေနံဖိတ်စဉ်မှုကြောင့် ယင်းဒေသတွင် နေထိုင်သူများ၏ ငါးဖမ်းလုပ်ငန်းနှင့်ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းများအကြီးအကျယ် နစ်နာဆုံးရှုံးခဲ့သည်။ *—Ref: DPA*

7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012



# "စတိုင်ချင်းကွဲပြားမှုက စကားပြောသွားပါလိမ့်မယ်"

## ပြင်သစ်ရွေးကောက်ပွဲဝင်မည့် သမ္မတလောင်း ဖရန်ဆွာဟော်လန်ဒီနှင့် တွေ့ဆုံခြင်း

Photo: AFP

**ကျော်မျိုး**

လာမယ့်မေလ ၆ ရက်မှာ ဥရောပရဲ့အင်အားကြီးနိုင်ငံဖြစ်တဲ့ ပြင်သစ်မှာ တိုင်းပြည်အတွက် အရေးပါတဲ့ သမ္မတရွေးကောက်ပွဲကို ကျင်းပတော့မှာဖြစ်ပါတယ်။

ပြင်သစ်ရဲ့ လက်ရှိသမ္မတဆာကိုဇီဟာလည်း ဒီရွေးကောက်ပွဲမှာ အဓိကပြိုင်ဘက်သမ္မတလောင်းဖြစ်တဲ့ ဆိုရှယ်လစ်ပါတီမှ မစ္စတာဖရန်ဆွာဟော်လန်ဒီနဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းမ်မဂ္ဂဇင်းဟာ ရွေးကောက်ပွဲအနိုင်ရရင် ပြင်သစ်သမ္မတသစ်ဖြစ်လာနိုင်ဖို့ ရှိနေတဲ့ သမ္မတလောင်း ဖရန်ဆွာကို အင်တာဗျူးပြုလုပ်ကာ ၎င်းရဲ့ပြိုင်ဘက် သမ္မတဆာကိုဇီအပေါ် အမြင်၊ ၎င်းရဲ့ သမ္မတအဖြစ် ရွေးချယ်ခံရရင် ဦးစားပေးလုပ်ဆောင်မယ့် ပေါ်လစီတွေနဲ့ ပြင်သစ်နဲ့ ဥရောပတိုက်အတွက် ၎င်းရဲ့ရည်ရွယ်ထားတဲ့ စီမံကိန်းတွေအကြောင်း ဆွေးနွေးမေးမြန်းခဲ့ပါတယ်။ ယခုဖော်ပြလိုက်တာ တိုင်းမ်မဂ္ဂဇင်းမှ ဘရစ်ခရမ်လေနဲ့ မစ္စတာဖရန်ဆွာဟော်လန်ဒီတို့ရဲ့ အမေးအဖြေ ကောက်နုတ်ချက်များပဲဖြစ်ပါတယ်။

**အောင်မြင်တဲ့ နိုင်ငံရေးသမားတစ်ဦးအဖြစ် ပြည်ပမှာ ရှုမြင်ခံထားရတဲ့ နီကိုလတ်ဆာကိုဇီလို ခေါင်းဆောင်မျိုးဟာ ဘာ့ကြောင့် ပြည်တွင်းမှာတော့ နိုင်ငံခြားရေးရာပေါ်လစီတွေနဲ့ ပတ်သက်လို့ အသိအမှတ်ပြုခံရမှုများများမရဘဲဖြစ်နေရတာပါလဲ။**

သူ့ရဲ့ နိုင်ငံတကာ အမြင်မှာ ရထားတဲ့ မှတ်တမ်းဟာ အားလုံးအပြုသဘောဆောင်တယ်လို့တော့ ကျွန်တော်မထင်ပါဘူး။ ဂျော့ဒဗလျူဘုရှ်နဲ့အတူ ပူးပေါင်းခဲ့တဲ့ သူ့ရဲ့ပြစ်မှုကို သတိရလိုက်ပါ။ ကဒါဖီနဲ့သူဆက်ဆံခဲ့တာ၊ ပါရီမှာအဲဒီလစ်ဗျားခေါင်းဆောင်ကို ရှက်ဖွယ်လက်ခံတွေ့ဆုံခဲ့တာတွေက ပြင်သစ်ပြည်ရဲ့ မှတ်တမ်းမှာ အစွန်းအထင်းဖြစ်ခဲ့ရပါတယ်။ ဆီးရီးယားသမ္မတဘာရှာအာဆတ်ကို သူ ဖက်တွယ်ခဲ့တာနဲ့ လူတွေကိုအံ့အားသင့်စေခဲ့တဲ့ သူ့ရဲ့ အာဖရိက ပေါ်လစီတွေကလည်းပဲ ကျယ်ကျယ်ပြန့်ပြန့် ရှုတ်ချခံခဲ့ရတာပါ။ လစ်ဗျားမှာ မကြာမီက ပါဝင်ပတ်သက်ခဲ့တဲ့ သူ့ရဲ့အခန်းကဏ္ဍကလည်း ချီးကျူးထိုက်တာအမှန်ပါပဲ။ ဆီးရီးယားနဲ့ပတ်သက်လို့ သူ့အနေအထားက မှန်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒါဟာ သူအရင်က ဖက်တွယ်ခဲ့တဲ့ အာဏာရှင်တစ်ယောက်ပါပဲ။ ဒီလိုမျိုးပဲ၊ ယူရိုငွေအကျပ်အတည်းမှာ သူ့ရဲ့ အရေးယူဆောင်ရွက်ချက်ကို အခြေအနေလိုက် တုံ့ပြန်မှုလို့ မြင်ကြပေမယ့် ကိစ္စတွေအားလုံးအရေးတကြီး အသည်းအသန်မဖြစ်ခင် ၂ နှစ်လောက် သူတွေ့ဝေခဲ့တာနဲ့လည်းယှဉ်ကြည့်ပါလေ။ ဒါ့ကြောင့် ဆာကိုဇီရဲ့ သိပ်မကြာသေးမီက နိုင်ငံတကာ ဆုံးဖြတ်ချက်တွေကို အများအားဖြင့် အရှုံးနဲ့ကမောက်ကမတွေချည်းဖြစ်ခဲ့တဲ့ အရင်ဆုံးဖြတ်ချက်တွေနဲ့ ယှဉ်ကြည့်နိုင်ပါတယ်။

**နီကိုလတ်ဆာကိုဇီဟာ သူ့ရဲ့ ပြည်တွင်းရေးရာ ပေါ်လစီရွေးချယ်မှု၊ ရလဒ်တွေနဲ့ခေါင်းဆောင်မှုစတိုင်တို့အတွက် သိပ်ပြီး လူကြိုက်နည်းတာကို ရင်ဆိုင်နေရပါတယ်။ ဒီသမ္မတရွေးကောက်ပွဲဟာ သူ့ရဲ့ရာထူးသက်တမ်းနဲ့ပတ်သက်လို့ပြည်သူ့ဆန္ဒခံယူဆုံးဖြတ်ပွဲတစ်ခုဖြစ်သွားမလား။**

အဲဒီလောက်တော့လည်း မရိုးရှင်းပါဘူး။ လာမယ့်သမ္မတသစ်ဆီကနေ ပိုကြီးမားတဲ့ ထိန်းချုပ်နိုင်စွမ်းနဲ့ နီးစပ်မှုကိုသာမကဘဲ လုပ်ပိုင်ခွင့် ဩဇာအာဏာရှိမှုကိုလည်း တောင်းဆိုနေတာ အထင်အရှားပါပဲ။ ဆာကိုဇီက လုပ်ပိုင်ခွင့် အာဏာအပိုင်းကိုပဲ မှီခိုနေခဲ့တယ်။ ပြီးတော့ လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေးနဲ့ နိုင်ငံတော်ရဲ့ အာဏာစတဲ့ ကိစ္စမျိုးတွေကိုပဲ သူ့မဲဆွယ်စည်းရုံးရေးမှာ ဗဟိုပြုထားခဲ့တယ်။ ဆာကိုဇီကိုအပြုသဘောဆောင်တဲ့ အမူအရာနဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ်၊ ဆုံးဖြတ်ချက်ချမှတ်သူတစ်ဦးအဖြစ်၊ မတွေဝေတတ်တဲ့ခေါင်းဆောင်တစ်ဦးအဖြစ်မြင်ကြသူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ သူဟာ အခြေခံအားဖြင့် ပြင်သစ်ရဲ့ ပြဿနာတွေကို မဖြေရှင်းနိုင်တဲ့ တစ်စုံတစ်ဦး၊ နိုင်ငံရေးရဲ့ အကြောက်တရားတွေကို မငြိမ်းအေးစေနိုင်ခဲ့တဲ့သူ၊ ပြီးတော့ အရေးပါတဲ့ ဆုံးဖြတ်ချက်တွေနဲ့ပတ်သက်လို့အဆက်မပြတ်လက်တန်းလုပ်ဆောင်နေသူရယ်လို့ အမြင်ခံထားရပါတယ်။

ကျွန်တော်ကတော့ ပြည်သူတွေနဲ့ ပိုနီးစပ်သူ၊ ရိုးရှင်းပြီး တည်ငြိမ်တဲ့ အသွင်ရှိသူအဖြစ် ကိုယ့်ကိုယ်ကိုယ် သရုပ်ဖော်ရပါမယ်။ ဒါပေမဲ့လည်း ဆုံးဖြတ်ချက်တွေကို ဖြစ်မြောက်အောင် ဖန်တီးနိုင်သူ၊ ကတိပေးထားတဲ့ ရလဒ်တွေကို ရအောင်လုပ်နိုင်သူ အဖြစ်လည်း သရုပ်ဖော်ရပါမယ်။ ဒါ့ကြောင့်ပဲ မဲဆန္ဒရှင်တွေက သမ္မတတစ်ယောက်ကို တစ်ခါတစ်ရံ ခက်ခဲပေမယ့် အရေးပါတဲ့ ဆုံးဖြတ်ချက်တွေချမှတ်ဖို့၊ ကိစ္စတွေပြီးမြောက်အောင်လုပ်ဖို့ ရွေးချယ်ကြတာပါ။ နီကိုလတ်ဆာကိုဇီဟာ ရွေးကောက်ပွဲမနိုင်လောက်တော့ဘူးဆိုတဲ့ အနေအထားမျိုးကိုပဲ ပြောတာမဟုတ်ပါဘူး။

**အယ်လီဆေး (ပြင်သစ်သမ္မတနန်းတော်) မှာရှိမယ့် လူကြီးမင်းရဲ့အနေအထားနဲ့ ဆာကိုဇီရဲ့ ရာထူးသက်တမ်းအတွင်း ကြီးမားတဲ့ကွာခြားချက်တွေက ဘာတွေများဖြစ်လာလိမ့်မလဲ။**

စတိုင်ချင်းကွဲပြားမှုက စကားပြောသွားပါလိမ့်မယ်။ အဲဒါအပြင်တော့ လူတွေမြင်တွေ့ရမယ့် အကြီးမားဆုံးအပြောင်းအလဲတွေကတော့ ရှေ့နောက်ညီညွတ်မှုရှိတာ၊ ခိုင်မာမှုရှိတာနဲ့ ပိုကျယ်ပြန့်တဲ့ ပေါ်လစီ တည်ငြိမ်မှုရှိတာတွေကို မြင်ရလိမ့်မယ်။ လူတွေက မပြောင်းမလဲဘဲ လှုပ်ရှားနေရတာ၊ အစီအစဉ်မကျ လက်တန်းလုပ်တာ၊ စီမံကိန်းတွေ ပျက်သွားရင် ခက်ခက်ခဲခဲရုန်းကန်ရတာတွေကို ငြီးငွေ့နေကြပြီဗျ။ သူတို့ရဲ့ ကြိုးစားမှုအားလုံးအတွက်နည်းနည်းပဲပြန်ရထားကြတယ်။ ဒီတိုင်းပြည်မှာစဉ်းစားစရာပြဿနာတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပြီဆိုတာ သူတို့သိကြတယ်။ ဒါပေမဲ့ ဘာ့ကြောင့် အဲဒါတွေကို ငြိမ်ငြိမ်သက်သက်နဲ့ စဉ်းစဉ်းစားစားနဲ့မကိုင်တွယ်နိုင်ရတာလဲဆိုတာကိုလည်း မမြင်ကြဘူး။ နောက်ထပ်အပြောင်းအလဲကြီးတစ်ခုကတော့ တရားမျှတမှုအပေါ် အာရုံစိုက်မှာပါ။ ဒါဟာ လူတွေအတွက် ရှေ့ဆက်အားထုတ်မှုတွေပြုလုပ်ရာမှာ လိုအပ်တဲ့အခြေအနေတစ်ရပ်ပါ။ အဲဒါကို ဆာကိုဇီလက်ထက်မှာ ဖယ်ထုတ်ခံမေ့ပစ်ခံထားခဲ့ရတယ်။ ဒါက စတိုင်ကိစ္စမဟုတ်ပါဘူး။ (သမ္မတသစ်ရဲ့) ဦးစားပေးလုပ်ဆောင်မယ့်ကိစ္စတွေ၊ တန်ဖိုးတွေနဲ့ပဲ သက်ဆိုင်ပါတယ်။

**ဘယ်လိုတရားမျှတမှုမျိုးကို ပြောတာပါလဲခင်ဗျ။**

ပြည်သူတွေဟာ လူ့အဖွဲ့အစည်းထဲမှာ သာတူညီမျှဆက်ဆံမှုလက္ခဏာတွေကိုမြင်ဖို့လိုအပ်နေကြတယ်။ အဲဒါကို မမြင်နိုင်တဲ့သူတွေကတော့ အစိုးရအသုံးစရိတ်တိုးဖို့ပဲလုပ်နေကြတယ်။ အဲဒီလူတွေက လူထုဝင်ငွေတိုးအောင်လုပ်နိုင်မှာပါ။ အခွန်တွေတိုးကောက်တယ်ဆိုရင် လူတိုင်းကို ပိုကြီးမားတဲ့ အားထုတ်မှုလုပ်ကြဖို့တောင်းဆိုတာ ဖြစ်ကြောင်း၊ အများဆုံးရှိတဲ့လူတွေက အရင်ဆုံး သူတို့ရဲ့ ဝေစုအပြည့်ကို ထည့်ဝင်ရမယ်ဆိုတဲ့ အကြောင်းတွေကို ခင်ဗျားပြသနိုင်ရပါမယ်။ အဲဒီလိုအားလုံး စုပေါင်းအားထုတ်မှုဟာလည်းကြာကောင်းကြာရှည်နိုင်ပြီး ခက်ကောင်းခက်ခဲနိုင်မယ်ဆိုတာကိုပြည်သူကလည်း ကြည့်ရပါမယ်။ ဒီကိစ္စမှာ မျှတရပါမယ်။ လူတိုင်းပါဝင်နေရပါမယ်။

**အဲဒီအစီအစဉ်ရဲ့ အစိတ်အပိုင်းအနေနဲ့ ပြင်သစ်ရဲ့ သက်သာချောင်ချိရေး မော်ဒယ်ပုံစံကိုဖြတ်နိုင်သလောက် ကယ်တင်ဖို့များလား။**

တခြားနိုင်ငံတွေနဲ့ ပြင်သစ်ကိုကွာခြားသွားစေတဲ့ တစ်ချက်ကတော့ လူမှုရေးအရ စုစည်းမှုရှိတဲ့ အစဉ်အလာပဲခင်ဗျ။ နိုင်ငံရေးအနေအထားနဲ့ နောက်ခံဝန်းကျင်မတူတဲ့ နေရာအားလုံးက ပြည်သူတွေဟာ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ကာကွယ်ပေးရေး၊ ဝန်ဆောင်မှုတွေပေးရေးအတွက် ပါဝင်ဖို့ဆန္ဒရှိကြတယ်ဗျာ။ ဒါပေမဲ့ (သူတို့ပေးထားတဲ့) ငွေကိုသုံးစွဲရာမှာ ထိရောက်မှုရှိပြီး လူတိုင်းကလည်း ကိုယ့်အပိုင်းနဲ့ ကိုယ်ပေးဆပ်ရမယ်ဆိုတဲ့ အခြေအနေမျိုးမှာ ဆိုရင်ပေ့ါလေ။

**ယူရိုငွေအကျပ်အတည်းနဲ့ ကြွေးမြီပြဿနာကို တုံ့ပြန်ဖို့ဘဏ္ဍာရေး ကယ်ဆယ်ရေးစာချုပ်ကို သမ္မတအဖြစ် လူကြီးမင်း အရွေးခံရရင် ပြန်စေ့စပ်ညှိနှိုင်းကြည့်မယ်လို့ ပြောထားတယ်နော်။ ဘယ်လိုတိကျတဲ့အပြောင်းအလဲတွေရှာဖွေသွားမှာပါလဲ။**

ညှိနှိုင်းမှု ပထမအချက်ကတော့ တိုးတက်မှုအတွက် ဘဏ္ဍာရေးစွမ်းဆောင်ရည်သစ်တွေ ဖန်တီးဖို့ပါ။ ကာလတိုအနေနဲ့ကတော့ ဥရောပသမဂ္ဂစီးပွားရေးတိုးတက်ရေးစီမံချက်တွေကို ဘဏ္ဍာရေးထောက်ပံ့ဖို့ ယူရိုငွေချေးစာချုပ်တွေ ထုတ်ပေးတဲ့ ပုံစံနဲ့မဟုတ်ဘဲ စီမံချက်စာချုပ်တွေ ထုတ်ပေးတာမျိုးလုပ်မယ်။ ဒုတိယအချက်ကတော့ ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်က ဥရောပတိုက်မှာရှိတဲ့ အသေးစားနဲ့ အလတ်စားကုမ္ပဏီတွေကို ထောက်ပံ့ဖို့ ရန်ပုံငွေတွေထုတ်ချေးနိုင်တယ်။ သူ့မှာထုတ်ချေးနိုင်စွမ်းလည်း ရှိပြီးသားပါ။ တတိယအနေနဲ့တော့ ယနေ့အချိန်မှာ မသုံးမပြုပေမယ့် နဂို ရှိပြီးသားတည်ဆောက်ရေးရန်ပုံငွေကို စီးပွားရေးတိုးတက်မှုနှိုးဆွရေးအဖြစ် သုံးနိုင်အောင် လွှတ်ပေးထားမယ်။ ဒီအထဲမှာဂရိ၊ ပေါ်တူဂီနဲ့ စပိန်လိုနိုင်ငံမျိုးတွေလည်း ပါတာပေ့ါ။ နောက်ဆုံး အနေနဲ့တော့ ဥရောပဘဏ္ဍာရေးတည်ငြိမ်မှုယန္တရားကို ဘဏ်တစ်ခုလို သတ်မှတ်ပြီး ဥရောပဗဟိုဘဏ်ရဲ့လုပ်ဆောင်ချက်တွေကနေ အကျိုးအမြတ်ရနိုင်စွမ်းရှိအောင်၊ ဒါမှမဟုတ် လိုအပ်ရင် နိုင်ငံတော်ကြွေးမြီတွေကို ဝယ်ထားပေးနိုင်အောင် လုပ်ရပါမယ်။

**စာချုပ်ပြန်ညှိနှိုင်းရေးကို ဂျာမန်အဓိပတိအင်ဂျလာမာကယ်က ဆန့်ကျင်ထားခဲ့ပြီး ဒီကိစ္စက ပြင်သစ်-ဂျာမန်မိတ်ဖက်ဆက်ဆံရေးကို အားနည်းသွားစေနိုင်ပါတယ်။**

ဒီမိတ်ဖက်ဆက်ဆံရေးကို အခြားအီးယူအဖွဲ့ဝင်တွေအတွက် လမ်းညွှန်ချက်အဖြစ် မသတ်မှတ်သင့်ပါဘူး။ ယနေ့မှာဆို အဲဒါဟာ မိတ်ဖက်ဆက်ဆံရေး စင်စစ်မျိုးတောင်မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ တစ်ခြမ်းက လက်ရှိမှာမောင်းနှင်ပေးနေပြီး ကျန်တစ်ခြမ်းက (လိုက်စီးနေရတဲ့) ခရီးသည်မို့ပါ။ ဥရောပဟာ အင်ဂျင်တစ်လုံးလိုနေတယ်။ ပြင်သစ်-ဂျာမန်ပူးပေါင်းအင်ဂျင်ကလည်း အရေးကြီးတဲ့ ကာလတွေအတွင်း နှစ်နိုင်ငံပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ဖူးတယ်။ ဒါပေမဲ့ ဒီနေ့ကာလမှာတော့ ဒီမိတ်ဖက်ဆက်ဆံရေးကိုအခြားအဖွဲ့ဝင်တွေအတွက် လမ်းညွှန်မဖြစ်စေသင့်ဘူး။ ပြင်သစ်က အခုဆိုဒီဆက်ဆံရေးမှာ နောက်လိုက်ဖြစ်လာနေတာပါ။

*—Ref: Interview with French Presidential Front-Runner Francois Hollande*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.7 • APRIL 26 , 2012





ဘွန်တောင်တွင်တွေ့ရသည့် မွေးနေ့ရှင် ရဲတိုက်

## ထူးထူးခြားခြား မွေးနေ့ကြုံခဲ့ရတဲ့ ရဲတိုက်

**ရန်ကုန်၊ မေ ြီ-၂၀**

ကချင်ပြည်နယ်မှာ စစ်ဘေးကြောင့် ဒုက္ခရောက်နေသူများကို သွားရောက်ကူညီရင်း မထင်မှတ်ထားသော ဖြစ်ရပ်များဖြင့် ဧပြီလ ၁၁ရက်နေ့တွင် ကျရောက်သော ၂၈ နှစ်ပြည့်မွေးနေ့ကို ဖြတ်သန်းခဲ့ရပြီး အမှတ်တရဖြစ်ခဲ့ကြောင်း ရဲတိုက်ကပြောကြားသည်။

မြစ်ကြီးနားမြို့မှ မိုင် ၆၀ ကျော် ဝေးကွာသော ရှင်းဂျိုင်ဟုခေါ်သည့်ကချင်စစ်ဘေးဒုက္ခသည်စခန်းတစ်ခုတွင် လိုအပ်သည်များ အကူအညီပေးရန် ရဲတိုက်နှင့် ရဲတိုက်ဖောင်ဒေးရှင်း အဖွဲ့ဝင်အချို့သည်ဧပြီလ၁၀ရက်ကသွားရောက်ခဲ့ပြီး အပြန်လမ်းခရီးတစ်နေရာ၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)တို့ကြားနှစ်ဖက်တိုက်ပွဲဖြစ်ပွားနေသဖြင့်မြစ်ကြီးနား-ကန်ပိုက်တီးသွားလမ်းပေါ်ရှိ ဘွန်တောင်ရွာအနီးမှစားသောက်ဆိုင်တစ်ဆိုင်တွင် ဖြစ်သလို အိပ်စက်ကာ မွေးနေ့ကိုဖြတ်သန်းခဲ့ရကြောင်း ရဲတိုက်ကပြောကြားသည်။

"ကျွန်တော့်မွေးနေ့က အိပ်မက်မက်နေသလို ခံစားရတယ်။ အဲဒီ့အတွေ့အကြုံက ဘဝမှာ တစ်ခါမှ မကြုံတွေ့ခဲ့ဖူးတဲ့ အရာဖြစ်နေတယ်။ ကိုယ် ၂၈ နှစ်ပြည့်သွားတဲ့နေရာက လူတွေအများကြီး ဒုက္ခရောက်နေတဲ့ နေရာလည်း ဖြစ်နေတယ်။ မွေးနေ့ကိုကူးတဲ့ သန်းခေါင်ကျော်အချိန်က အဆင်ပြေတဲ့နေရာမှာ ဖြစ်သလို အိပ်ရင်း အိပ်မပျော်သေးတဲ့အချိန်လည်းဖြစ်ခဲ့တယ်။ ဒီနှစ်မွေးနေ့က တကယ့် ကို အမှတ်တရပါ"ဟု ရဲတိုက်ကပြောသည်။

ရဲတိုက်နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များ အိပ်စက်ခဲ့ရသည့်နေရာမှာ တိုက်ပွဲဖြစ်ပွားသည့်နေရာနှင့် ခြောက်မိုင်ကျော်သာ ကွာဝေးပြီး ထိုနေရာတွင် ၁၂နာရီကြာခေတ္တနားခိုခဲ့ရကာ နောက်တစ်နေ့နံနက်(ဧပြီ၁၁ရက်)တွင်မြစ်ကြီးနားမြို့သို့ ပြန်လာခဲ့ကြကြောင်း သိရသည်။

ဧပြီ ၁၁ရက်တွင် ကျရောက်သော မွေးနေ့ရှင် ရဲတိုက်သည် မွေးနေ့၌ လူပေါင်း ၁,၂၀၀ ကျော် နေထိုင်သော ရှင်ဂျိုင်စခန်းတွင် အခန်း ၂၀ ပါဝင်သော မိသားစု ၂၀ ကျော် နေထိုင်နိုင်မည့် အဆောင်နှစ်ခုနှင့် အိမ်သာငါးလုံးကို ရန်ကုန်၊ မန္တလေးမြို့နှစ်မြို့မှ ကောက်ခံရရှိခဲ့သော အလှူငွေများနှင့် ကချင်နှစ်ခြင်းအသင်းတော်(KBC)၏ အကူအညီနှင့် ဆောက်လုပ်ရန်လည်း လှူဒါန်းခဲ့သေးကြောင်း ရဲတိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင်တစ်ဦးကပြောသည်။

ရဲတိုက်သည် ၎င်း၏မွေးနေ့တွင် မြစ်ဆုံသို့လည်း သွားရောက်လည်ပတ်ခဲ့သေးသည်။ ရဲတိုက်ဖောင်ဒေးရှင်းသည်ကချင်ပြည်နယ်တွင် စစ်ဘေးကြောင့် ဒုက္ခရောက်နေသူများ နေထိုင်ရာစခန်းပေါင်း (၁၁)ခု၌ ရန်ကုန်၊ မန္တလေးအလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ငွေကျပ်သိန်း ၃၀၀ ကျော် လှူဒါန်းနိုင်ခဲ့ကြောင်း ဖောင်ဒေးရှင်းအဖွဲ့ဝင်တစ်ဦးကပြောသည်။

---

## ချစ်သူရွေးမယ့် စိုးပြည့်သဇင်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



**အေးသူစံ**

**ရန်ကုန်၊ ဧပြီ- ၂၁**

သရုပ်ဆောင်တစ်ဦးဖြစ်သူ စိုးပြည့်သဇင်၏ ပထမဆုံး တစ်ကိုယ်တော်စီးရီး 'ချစ်သူရွေးမယ်'ကို ထွက်ရှိရန်ပြင်ဆင်နေပြီး ဗီစီဒီနှင့်တစ်ပါတည်း တွဲလျက်ထွက်ရှိနိုင်ရန် စီစဉ်နေကြောင်း စိုးပြည့်သဇင်က ပြောသည်။

"ခွေကိုသင်္ကြန်အပြီး ထွက်ဖို့လုပ်နေတာ။ အခုဗီစီဒီပါတစ်ပါတည်းထွက်ဖို့ ကြိုးစားနေတယ်။ တေးရေးတွေက ကိုမင်းချစ်သူ၊ ကိုဖိုးကာ၊ ကိုဇဝါ၊ ကိုကေအေတီ၊ ကိုရယ်ဂျီ၊ ကိုမြင့်မိုးအောင်၊ ကိုလာဇရု၊ ကိုဒွန်နီတို့ဖြစ်ပါတယ်။ သီချင်းပုံစံကတော့ ရော့ခ်ဆန်တာရော၊ ပေါ့ပ်ရော အစုံထည့်ထားတယ်။ ပရိသတ်နားထဲမှာစွဲနိုင်မယ့် မယ်လိုဒီလေးတွေလည်းရွေးထည့်ထားပါတယ်" ဟု ၎င်းက ပြောသည်။

စိုးပြည့်သဇင်သည် 'မိုးညအိပ်မက်မြူ' ရုပ်ရှင်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိထားသူဖြစ်သည်။ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ဆက်တိုက်ရိုက်ကူးနေပြီး သူမ၏ တစ်ကိုယ်တော်ခွေတွင် ပရိသတ်အကြိုက်နှင့် သူမအကြိုက် သီချင်းပုံစံများ မျှတစွာထည့် သွင်းသွားမည်ဟုဆက်လက် ပြောသည်။

'ချစ်သူရွေးမယ် သီချင်းကို ကိုဇဝါရေးတာပါ။ ခွေနာမည်ပေးဖို့မိသားစုနဲ့ တိုင်ပင်တော့ 'ချစ်သူရွေးမယ်'က ခေါ်လို့လည်း လွယ်တယ်။ စိုးပြည့်တို့အသက်အရွယ်နဲ့လည်းလိုက်ဖက်တယ်ဆိုပြီး ဒီသီချင်းလေးကိုခေါင်းစဉ်ပြန်ရွေးခဲ့တာပါ"ဟု ၎င်းက ပြောသည်။

စိုးပြည့်သဇင်သည် လတ်တလောတွင် ဒါရိုက်တာ နေပိုင်၊ မင်းသားဇေဖြိုးတို့နှင့် သရဲကားရိုက်ကူးရန်ရှိပြီး ဒါရိုက်တာမီးပွား၊ ဟိန်းဝေယံတို့နှင့် ဗီဒီယိုဇာတ်ကားနှစ်ကားရိုက်ကူးရန်ရှိကြောင်း သိရသည်။



## ပင်တိုင်ဆောင်းပါးရှင် လုပ်တော့မယ့် ကေပေါ့ပ်အဆိုတော် လီဟိုရီ

**ဆိုးလ်၊ ဧပြီ - ၁၉**

ကိုရီးယားပေါ့ပ်အဆိုတော်လီဟိုရီသည်ပြည်တွင်းထုတ် ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်တွင် လာမည့်မေလမှ စ၍ ပင်တိုင်ဆောင်းပါးရှင်အဖြစ် စာရေးသားတော့မည်ဖြစ်ကြောင်း သိရသည်။ အပတ်စဉ် ထုတ်ဝေသည့် ယင်းရုပ်ရှင်မဂ္ဂဇင်းမှာ CINE 21 ဟုအမည်ရပြီး လီဟိုရီသည် မဂ္ဂဇင်း၏ မေလထုတ် ပထမဆုံးစာစောင်တွင် ဆောင်းပါးစတင်ရေးသားထားကြောင်း မဂ္ဂဇင်းကကြေညာခဲ့သည်။ အဆိုတော်လီဟိုရီသည်မဂ္ဂဇင်း၏ ပင်တိုင်ကဏ္ဍတွင် အကြောင်းအရာမျိုးစုံကိုထိတွေ့ရေးသားမည်ဖြစ်ပြီး ၁၉၉၀ နှစ်များအတွင်း ကိုရီးယားဖျော်ဖြေရေးလုပ်ငန်းခေတ်ဆန်လာပုံမှ မကြာမီကနိုင်ငံ၏ အဓိက ရုပ်သံလွှင့် လုပ်ငန်းကြီးများတွင် ဖြစ်ပေါ်ခဲ့သော အလုပ်သမားသပိတ်များအထိ အစုံပါဝင်မည်ဟုဆိုသည်။

လီ၏ ပင်တိုင်ကဏ္ဍကို From Dystopia ဟုခေါင်းစဉ်တပ်ထားပြီး မဂ္ဂဇင်းတွင် လေးပတ်တစ်ကြိမ်ရေးသားမည်ဖြစ်သည်။ အဆိုပါကဏ္ဍတွင် အခြားပင်တိုင်ဆောင်းပါးရှင်များမှာ မကြာမီကလူကြိုက်များခဲ့သည့် Love Fiction ဇာတ်ကားဒါရိုက်တာဂျွန်ဂျီဆူး၊ မဂ္ဂဇင်းစာရေးဆရာ ကင်မ်ဂျီယွန်း၊ ရုပ်ရှင်ထုတ်လုပ်သူ ဝန်ဒေါင်ယွန်းတို့ဖြစ်ကြသည်။

—Ref: Aisone

# ကလေးဘဝက သူငယ်ချင်းနဲ့ လက်ထပ်ခဲ့တဲ့ ဂျွန်ဂျီယွန်း




**ဆိုးလ်၊ ဧပြီ - ၁၆**

ကိုရီးယားရုပ်ရှင်မင်းသမီး ဂျွန်ဂျီယွန်းသည် သူမ၏ကလေးဘဝ မှသူငယ်ချင်းဖြစ်သူ ဘဏ်လုပ်ငန်းရှင်ချိုင်ဂျန်ယွတ်နှင့် ဆိုးလ်မြို့တော်ရှိရှိလာဟိုတယ်တွင် ဧပြီ၁၃ရက်က လက်ထပ်ပွဲပြုလုပ်ခဲ့သည်။ မင်းသမီး၏ ခင်ပွန်းဖြစ်လာသည့် ချိုင်ဂျန်ယွတ်မှာ ကိုရီးယား၏ နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာ လီယောင်ဟီး၏ မြေးတစ်ဦးလည်းဖြစ်သည်။ မင်္ဂလာပွဲမတိုင်မီ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ မင်းသမီးဂျွန်ဂျီယွန်းသည် "မနေ့ညက ဘာအိပ်မက်မှ ကျွန်မ မမက်ခဲ့ပါဘူး။ ဒါပေမဲ့ ကောင်းကောင်းအိပ်မပျော်ဘဲ မနက်လေးနာရီမှာ နိုးနေခဲ့ပါတယ်။ ကျွန်မ ခေါင်းမူးပြီး ယိမ်းထိုးနေမှာကို စိုးရိမ်မိပါတယ်" ဟုပြောသည်။

သို့သော်မီဒီယာများနှင့် သူမတစ်ဦးတည်း တွေ့ဆုံခဲ့သည့်ယင်းပွဲတွင် မင်းသမီးသည် ပြုံးရွှင်စွာရှိနေခဲ့ပြီး အနာဂတ်အစီအစဉ်များနှင့်ပတ်သက်၍လည်းပြောခဲ့သည်။ အသက် ၃၀ အရွယ်ရှိ ဂျွန်ဂျီယွန်းသည် ၎င်းတို့စုံတွဲလက်ရှိ၌ ကလေးယူရန် သီးခြားအစီအစဉ်မရှိသေးကြောင်း၊လတ်တလောရိုက်ကူးနေသော ဘာလင်ဇာတ်ကားပြီးစီးမှသာ ဟန်းနီးမွန်း ခရီးထွက်ဖြစ်မည်ဖြစ်ကြောင်းဖြေကြားခဲ့သည်။

မင်္ဂလာပွဲသို့ ထိုနေ့က ကိုရီးယားစတားများဖြစ်သော ဂျန်ယွတ်၊ လီယောင်အေး၊ ချာတေးယွန်ကဲ့သို့သောနာမည်ကြီးများတက်ရောက်ခဲ့သည်။ ဂျွန်ဂျီယွန်းသည် My Sassy Girl အချစ်ဟာသဇာတ်လမ်းဖြင့်ကိုရီးယား၏နာမည်ကြီးမင်းသမီးတစ်လက်ဖြစ်လာသူဖြစ်သည်။

—Ref: CNA



# ဗွစ်တနေဟူစတန်နေရာမှာ သရုပ်ဆောင်ချင်နေတဲ့ ရီဟာန်းနာ

**လော့စ်အန်ဂျလိစ်၊ ဧပြီ - ၁၈**

နာမည်ကျော် ပေါ့ပ်နှင့် အာရ်အဲန်ဘီအဆိုတော် ရီဟာန်းနာက သူမသည် မကြာမီက ကွယ်လွန်ခဲ့သည့် အဆိုတော်ဗွစ်တနေ ဟူစတန်အကြောင်း ရုပ်ရှင်တွင် ပါဝင်ရန် ကမ်းလှမ်းခံထားရခြင်း မရှိကြောင်း၊ သို့သော် ထိုဇာတ်ကားတွင်ပါဝင်ချင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် ၂၄ နှစ်အရွယ်ရှိအဆိုတော်မလေး ရီဟာန်းနာသည် မကြာမီကပင် အက်ရှင်ဇာတ်ကား Battleship တွင်ပါဝင်ထားခဲ့သည်။

ထို့ကြောင့် သူမသည် ဟူစတန်အကြောင်းအတ္ထုပ္ပတ္တိရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်လိုနေခြင်းဖြစ်သည်။ ရီဟာန်းနာက "အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ခွင့်ရမယ်ဆိုရင် ကိုယ်လေးစားတဲ့ တစ်စုံတစ်ဦးအကြောင်း ရိုက်ကူးချင်တာပါ။ ဟူစတန်ဟာကျွန်မလေးစားတဲ့သူတွေထဲက တစ်ဦးပါပဲ" ဟု ပြောသည်။

—Ref: Showbizspy









# အနုပညာရှင်အချို့ သင်္ကြန်ဖျော်ဖြေရေး အစီအစဉ် ရုတ်တရက်ပြောင်းလဲ

**အေးသူစံ**

**ရန်ကုန်၊ ဧပြီ ၁၉**

သင်္ကြန်ကာလအတွင်း ဖျော်ဖြေခွင့်ပျက်ပြယ်ခဲ့သည့်အဆိုတော်အချို့၏သတင်းများ အင်တာနက်စာမျက်နှာပေါ်တွင်ပျံ့နှံ့နေပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ အဆိုတော်တစ်ဦးဖြစ်သူသံသာဝင်းက သူမ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ရေးသားဖော်ပြထားသည်။

ယင်းအဆိုတော်များအနက် အင်န်အယ်လ်ဒီ၏ မအူပင် အောင်နိုင်ရေးခရီးစဉ်တွင်ပါဝင်ခဲ့သော မီးမီးခဲနှင့်ဘရိတ်ကီအား သီချင်းအားလုံးတိုက်ပြီးမှ အစီအစဉ် ဖျက်လိုက်သည်ဟု သံသာဝင်း ဖေ့စ်ဘွတ်ခ်တွင်ဖော်ပြထားသဖြင့် အဆိုတော်မီးမီးခဲအား မေးမြန်း စုံစမ်းရာ တောင်ငူမြို့ ရှိဗဟိုမဏ္ဍပ်တွင် သီဆိုဖျော်ဖြေခွင့်ရခဲ့ကြောင်း အဆိုတော် မီးမီးခဲကပြောသည်။

"သင်္ကြန်မှာ CB ဘဏ်ရဲ့ဖိတ်ခေါ်မှုနဲ့ ဧပြီလ ၁၂ ရက်ကနေ ၁၆ ရက်အထိ သင်္ကြန်ငါးရက်လုံး တောင်ငူက ဗဟိုမဏ္ဍပ်မှာဖျော်ဖြေခွင့်ရခဲ့ပါတယ်။ ကိုထူးအယ်လင်းကတော့ ပုသိမ်မှာ ဖျော်ဖြေခွင့်ရခဲ့ပါတယ်။ တခြား ကိစ္စတွေတော့ မပြောချင်ပါဘူး" ဟု အဆိုတော် မီးမီးခဲက ပြောသည်။

မီးမီးခဲနှင့်ထူးအယ်လင်းတို့သည် မူလက နေပြည်တော်တွင် ဖျော်ဖြေရန်စီစဉ်ထားသော်လည်း သင်္ကြန်ကာလအတွင်း ဖျော်ဖြေမည့်မြို့အပြောင်းအလဲဖြစ်သွားသဖြင့်ယခုကဲ့သို့တောင်ငူနှင့်ပုသိမ်မြို့တို့တွင် အသီးသီးဖျော်ဖြေခွင့်ရခဲ့ခြင်းဖြစ်သည်။

သံသာဝင်း၏ဖေ့စ်ဘွတ-ခ်တွင် အဆိုတော်လင်းလင်းကိုလည်းဒေါ်စုကိုဝန်းရံသည့်အတွက် ခေါ်လို့မရဘူးဆိုကာ Cancel လုပ်သွားသည်ဟုရေးသားဖော်ပြထားပြီး လင်းလင်းကိုလည်းယင်းကိစ္စအားဆက်သွယ်မေးမြန်းရာ "သင်္ကြန်လည်းပြီးသွားပြီဆိုတော့ မဖြေချင်တော့ပါဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။ အဆိုတော်သံသာဝင်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဧပြီလ ၁၁ ရက်တွင် 'သင်္ကြန်တွင်း သီချင်း သီဆိုခွင့် အပိတ်ခံရသူများ' ခေါင်းစဉ်အောက်၌ မီးမီးခဲ၊ ဘရိတ်ကီ၊ လင်းလင်း၊ နေဇော်၊ သျှီတို့ ပါဝင်နေကြောင်းတွေ့ရသည်။

ယခုကဲ့သို့အဆိုတော်အချို့ ပိတ်ပင်ခံရခြင်းသတင်းနှင့်ပတ်သက်ပြီး တရားဝင်စာရွက်စာတမ်းများဖြင့်ထုတ်ပြန်ထားခြင်းမျိုးမရှိသော်လည်း သင်္ကြန်မဏ္ဍပ်များတွင်ဖျော်ဖြေရန်အချိန်နီးကပ်လာချိန်တွင်မှ မဏ္ဍပ်အပြောင်းအလဲများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဖေ့စ်ဘွတ်ခ်တွင်ရေးသားခဲ့သူအဆိုတော်သံသာဝင်းက "ကျွန်မဆီကို မဏ္ဍပ်မှာ ဖျော်ဖြေခွင့်မရတော့တဲ့အဆိုတော်တစ်ယောက်ကဖုန်းဆက်လာပါတယ်။ သင်္ကြန်အကြိုမတိုင်ခင်တစ်ရက်ကျမှ ပွဲပျက်တယ်ဆိုပြီးလာပြောတယ်ပေါ့။ တခြားအဆိုတော်တွေကျတော့ အဲဒီလိုမပါဘူးလို့ပြောတော့ကျွန်မလည်း ဒါဟာမတရားဘူးထင်လို့ ဖေ့စ်ဘွတ်ခ်မှာရေးလိုက်တယ်။ ကျွန်မရေးလိုက်ပြီးမှ ပြည်ပသတင်းဌာနတွေနဲ့ ပြည်တွင်းကတစ်ချို့သတင်းဌာနတွေက အင်တာဗျူးမေးပြီး အင်တာနက်ပေါ်သတင်းတွေတက်လာတော့သတင်းက နည်းနည်းလေး ကြီးကျယ်သွားတာပေါ့။ တကယ်တမ်း ဘယ်သူ့ကိုမှတရားဝင်စာရွက်စာတမ်းနဲ့ ပိတ်တာမဟုတ်ပါဘူး။ အင်တာနက်မှာကျွန်မတင်လိုက်တဲ့သတင်းတွေပျံ့နှံ့သွားတာကြောင့်ပိတ်ခံရတယ်ဆိုတဲ့ အဆိုတော်တွေမဏ္ဍပ်တွေ ပြန်ရသွားကြတယ်။ ဒါကို ကာယကံရှင်တွေကအသိဆုံးပါ။ ခုလိုနည်းနည်းလေးလွတ်လပ်လာတဲ့အချိန်မှာ ကိုယ်ပြောချင်တာကို မပြောရင် ဘယ်အချိန်မှသွားပြောကြမလဲ။ မတရားတာကိုခေါင်းငုံ့ခံလိုက်ရင် ပိုဆိုးသွားမှာပေါ့" ဟု သံသာဝင်းကပြောသည်။

"အဆိုတော်လုပ်လာတဲ့ ၁၅ နှစ်အတွင်းမှာဒီတစ်နှစ်ပဲ မဏ္ဍပ် မရတာတစ်မျိုးလေးတော့ ဆန်းနေပါတယ်။ ကျွန်မကို ချိတ်ထားတဲ့မဏ္ဍပ်က သုံးလေးခုလောက်ကိုရှိနေတာပါ။ နောက်ဆုံးမဏ္ဍပ်တစ်ခုကိုလက်ခံမယ်လုပ်တော့မဖြစ်သင့်တဲ့အကြောင်း ပြချက်နဲ့ ဖျက်သွားတာခံလိုက်ရတော့ ဒီသင်္ကြန်က တော်တော်ထူးဆန်းသွားပါတယ်။ အနုပညာအရ နစ်နာသလို ငွေကြေးအရလည်း နစ်နာပါတယ်။ သင်္ကြန်တွင်း စတိတ်ရှိုးဆိုတာ ဖရီးရှိုးပါ။ ဒါကို ကြည့်ဖို့စောင့်နေတဲ့သျှီရဲ့ပရိသတ်တွေအတွက် အနုပညာအရဆုံးရှုံးပါတယ်" ဟု သျှီကပြောသည်။

သင်္ကြန်ကာလတွင်း သီဆိုခွင့်အပိတ်ခံရသည်ဟု သတင်းထွက်ပေါ်လာကြသောအဆိုတော်အများစုမှာ အင်န်အယ်လ်ဒီပါတီ၏ အောင်နိုင်ရေးနှင့်စည်းရုံးရေးခရီးစဉ်များတွင် ဖျော်ဖြေရေးလိုက်ပါခဲ့ကြသူများဖြစ်နေသည်ကိုလည်း သိရှိရသည်။




**ကြူကြူဟန်**

■ Silk-n-Shine ခုနစ်နှစ်ပြည့် အထိမ်းအမှတ်ရှိုးပွဲကို မေလ ၅ ရက်နေ့တွင် မြရိပ်ညိုဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ Yone Lay၊ Cyclone၊ G-tone၊ Snare၊ G-Family၊ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ Nine One ၊ Satan၊ ဒိုးဒိုး၊ လွှမ်းပိုင်၊ ဆိုတေး၊ နွေးနွေးချစ်ဖွယ်၊ ဆူဇီ၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိမ့်ချစ်၊ နီနီခင်ဇော်၊ JKစံ၊ ဆိုင်းနော်၊ Bobby Soxer ၊ ထိုက်ထိုက်၊ မေသျှင်ဝန်း၊ နှင်းအဥ္ဇလီ၊ ဟန်နီတို့ သီဆိုမည်ဖြစ်သည်။ ဝင်ကြေးကို ကျပ် ၅,၀၀၀ (သို့မဟုတ်) Silk-n-Shine 100 ml စက္ကူဘူးခွံနှစ်ခုဖြင့် လဲလှယ်နိုင်သည်ဟုဆိုသည်။

■ သရဝဏ်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာမင်းအုပ်စိုးရိုက်ကူးသည့်'ရင်ကွဲနာ'ရုပ်ရှင်ဇာတ်ကားကြီးကိုဧပြီလကုန်တွင် ရုံတင်ပြသမည်ဖြစ်သည်။ ရန်အောင်၊ နေထူးနိုင်၊ မင်းအုပ်စိုး၊ မြတ်ကေသီအောင်၊ ဂူးဂူး မောင်၊ ချစ်စနိုးဦး၊ ချိုပြုံး၊ ကုသိုလ်၊ ကင်းကောင် စသည့်သရုပ်ဆောင်များ ပါဝင်သည်။ မေတ္တာဖွဲ့ ဒရာမာဇာတ်ကားဖြစ်သည်။

# အဆိုတော်မာမာအေး၏ တေးသီချင်းအချို့ အက်ဖ်အမ်များတွင် ထုတ်လွှင့်လာ

အေးသူစံ

**ရန်ကုန်၊ ဧပြီ - ၂၁**

မြန်မာနိုင်ငံ၏ဂန္ထဝင်အဆိုရှင်ဟု တေးချစ်သူအများစု သတ်မှတ်ထားသောအဆိုတော်မာမာအေး၏ တေးသီချင်းအချို့ကိုပြည်တွင်းရှိရေဒီယိုအက်ဖ်အမ်အချို့ကယခုနှစ်ဆန်းပိုင်းအတွင်းထုတ်လွှင့်လာကြကြောင်း အက်ဖ်အမ်နားထောင်သူများနှင့် အဆိုပါအက်ဖ်အမ်များထံမှသတင်းရရှိသည်။

"ပြီးခဲ့တဲ့ ၁၉ ရက်နေ့မနက်အစောကြီးက ပုဂံအက်ဖ်အမ်ကနေ အဆိုတော်မာမာအေးရဲ့သီချင်းတစ်ပုဒ်ကိုဖွင့်ပြသွားတာ နားထောင်လိုက်ရတယ်" ဟု မန္တလေးမြို့မှ လူငယ်တစ်ဦးက ပြောသည်။

အဆိုတော်မာမာအေး၏ တေးသီချင်းများအား ပြည်တွင်းရှိရုပ်သံများနှင့် မီဒီယာများတွင် နှစ်အတော်ကြာ နားထောင်ခွင့်မရခဲ့ရာမှ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့မှစပြီး မန္တလေးအက်ဖ်အမ်က နံနက် ၅ နာရီခွဲချိန်ထုတ်လွှင့်သည့် 'နံနက်ခင်းမြန်မာသီချင်းများ' အစီအစဉ်တွင် စတင်ထုတ်လွှင့်ခဲ့သည်ဟုအဆိုပါအက်ဖ်အမ်မှ စုံစမ်းသိရှိရသည်။ "သျှောင်နောက်ဆံထုံးပါ'၊ 'သက်ဆိုင်သူသို့'၊ 'မေ့ကွက်ကိုရှာ'၊ 'ချစ်သူ့နယ်မြေ'၊ 'စိန်နားကပ်ကြီးပန်ရမလို'၊ 'တစ်နေ့တော့မောင်ပြန်လာမည်' စသည့်သီချင်းများကို အဆိုပါအစီစဉ်မှ ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

"တခြားအက်ဖ်အမ်တွေမှာ နားထောင်လိုက်ရတော့ ကိုယ်တို့လည်း လွှင့်လိုက်တာပါ။ မနက်ငါးနာရီမှာ လွှင့်နေကျ ဓမ္မပူဇာတေးသီချင်းများ အစီအစဉ်မှာ ဒေါ်မာမာအေးရဲ့'ရောင်တော်ဖွင့်' သီချင်းကိုလွှင့်ခဲ့တာပါ။ ကျွန်တော်တို့ကို သူ့သီချင်းတွေလွှင့်ဖို့ နယ်က ပရိသတ်တွေတောက်လျှောက် ဖုန်းဆက်ကြတယ်။ သူ့အသံကြားစေချင်တဲ့သူတွေလည်း ဆန္ဒပြည့်သွားတာပေါ့" ဟု ပုဂံအက်ဖ်အမ်မှ ဇော်ဝင်းထွဋ်က ပြောသည်။



တေးသံရှင်မာမာအေးသည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ခန့်က ပြည်ပသို့ထွက်ခွာသွားသူဖြစ်သည်။ ယင်းအပြင် စတူဒီယိုတေးသံရှင်အေးချမ်းမေ၏ တေးသီချင်းများကိုလည်း ပြန်လည်ထုတ်လွှင့်နေကြောင်း နားထောင်လိုက်ရသည့်ပရိသတ်အချို့ထံမှသိရသည်။

"ဒီလို နှစ်ပေါင်းများစွာ ပြည်သူနဲ့ကင်းကွာနေပြီး ပြည်သူတွေတကယ်နှစ်သက်တဲ့ အနုပညာရှင်တွေရဲ့အသံတွေ၊ ပုံရိပ်တွေကို ပြန်မြင်ခွင့်ရတာဟာ ကောင်းတဲ့အပြောင်းအလဲတစ်ခုပေါ့။ ဆက်ပြီး ဒီထက်ပိုပြီး ပွင့်လင်းမြင်သာတဲ့ပြောင်းလဲမှုတွေကိုမြင်ချင်ပါတယ်။ အခုလက်ရှိဒီလိုပြောင်းလဲမှုတွေကိုလည်းကြိုဆိုပါတယ်"ဟု ပြည်တွင်းနိုင်ငံရေးရာကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Hunger Games | Lionsgate | ၃၃၆,၆၆၆,၀၀၀ | ၄ |
| ၂။ | The Three Stooges | 20th century fox & Metro Goldwyn- Mayer Studios Inc. (MGM) | ၁၇,၀၁၀,၁၀၀ | ၁ |
| ၃။ | The Cagin in the Woods | Lionsgate | ၁၄,၇၄၃,၆၀၀ | ၁ |
| ၄။ | Titanic | Paramount Pic: | ၄၄,၇၂၃,၈၀၀ | ၂ |
| ၅။ | American Reunion | Universal Pic: | ၃၉,၇၁၂,၅၀၀ | ၂ |
| ၆။ | Wrath of the Titans | Warner Bros. Pic | ၇၁,၂၅၂,၀၀၀ | ၃ |
| ၇။ | Mirror Mirror | Relativity Media | ၄၉,၃၁၆,၂၀၀ | ၃ |
| ၈။ | 21 Jump Street | Columbia TriStar & Sony Pic: | ၁၂၀,၃၂၄,၀၀၀ | ၅ |
| ၉။ | Lockout | FilmsDistrict & Open Road Films | ၆,၂၃၁,၈၄၀ | ၁ |
| ၁၀။ | Dr.Seuss' The Lorax | Universal Pic: | ၂၀၄,၅၁၄,၀၀၀ | ၇ |

## Movie Review

### The Pirates! Band of Misfits




ဖြစ်သလိုဖွဲ့စည်းထားသော သူ၏နောက်လိုက်အဖွဲ့နှင့် အခြား အခြေအနေများက သူ့ကိုမျက်နှာသာမပေးသော်လည်း သဘော်ာကပ္ပတိန်တွင် အိပ်မက်တစ်ခုကိုအကောင်အထည်ဖော်ချင်နေပြီး တစ်နှစ်တာအတွင်း အကောင်းဆုံးပင်လယ်ဓားပြဆုကို လိုချင်နေသည်။ သို့ဖြင့်ကျွန်းပေါ်မှ ဆင်းကာ လန်ဒန်ကိုရောက်လာပြီး သိပ္ပံပညာရှင်များနှင့်ပူးပေါင်းကာ စွန့်စားခန်းဝင်ကြရာ . . .

သရီးဒီစနစ်ဖြင့်ကြည့်ရမည့်အက်ရှင်စွန့်စားခန့်ကာတွန်းကားကို ဒါရိုက်တာ peter Lord က ရိုက်ကူးထားပြီး Hugh Grant, Martin Freeman, Salma Hayek တို့က အသံဖြင့် သရုပ်ဆောင်ထားသည်။ ဧပြီလ ၂၇ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# ပရိသတ်တွေ မကြိုက်သေးတဲ့ မြန်မာနေရှင်နယ်လိဂ်

**ဗိုလ်ဗိုလ်ဝင်း**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ပြီးဆုံးသွားချိန်တွင် ကမ္ဘောဇအသင်းက အမှတ်ပေးဇယားထိပ်ဆုံး၌ဦးဆောင်ကာရာသီဝက်ချန်ပီယံဖြစ်ခဲ့သည်။ ရတနာပုံ အသင်းသည်လည်း ကမ္ဘောဇအသင်းနှင့် ရမှတ် ၂၈ မှတ်စီတူညီခဲ့သော်လည်း ဂိုးကွာခြားချက် တစ်ဂိုးလျော့ဖြင့် ဒုတိယနေရာ ရပ်တည်နေသည်။

ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များမပြီးဆုံးခင်ရာသီဝက်ချန်ပီယံအတွက် နောက်ဆုံးပွဲစဉ်မတိုင်မီအထိ အသင်းငါးသင်းအပြိုင်အဆိုင်ဖြစ်နေခဲ့သည်။ ပြိုင်ပွဲတစ်ဝက်ပြီးချိန်တွင် အမှတ်ပေးဇယားထိပ်ဆုံးမှ အသင်းနှင့် အဆင့်-၈ နေရာရှိ မနောမြေအသင်းတို့၏ အမှတ်ကွာဟချက်မှာလည်း ခုနစ်မှတ်သာကွာခြားသည်။

ထို့ပြင် အမှတ်ပေးဇယားထိပ်ဆုံးနှစ်သင်းနှင့် အဆင့်-၃၊ ၄၊ ၅ အသင်းတို့၏ အမှတ်ကွာဟချက်မှာတစ်မှတ်သာရှိပြီးအဆင့်-၆၊ ၇၊ ၈ နေရာမှ အသင်းများကလည်း ဖိအားပေးနေဆဲအခြေအနေမှာရှိနေသည်။

ထို့ကြောင့် ယခုနှစ်ပြိုင်ပွဲအနေအထားမှာ ယခင်နှစ်များထက် ပြိုင်ဆိုင်မှုပြင်းထန်လာသည့်အနေအထား ရှိနေသော်လည်း ပရိသတ်များကို ဆွဲဆောင်မှုအပိုင်း၌ လျော့ကျနေပြီး ကွင်းအတွင်း လာရောက်ကြည့်ရှုအားပေးသည့်ပရိသတ်အရေအတွက်မှာ အလွန်နည်းပါးနေသည်။

အထူးသဖြင့်ရန်ကုန်မြို့တွင်ကျင်းပသည့်ပွဲစဉ်များ၌ ပရိသတ်အားပေးမှု သိသာစွာကျဆင်းနေပြီး နယ်ပွဲစဉ်များဖြစ်သည့် ဗထူးကွင်း၊ မုံရွာကွင်း၊ ကမ္ဘောဇကွင်းနှင့်နေပြည်တော်ကွင်း ပွဲစဉ်များတွင်မူ ဒေသခံ ပရိသတ်များ၏အားပေးမှု များပြားနေဆဲပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာနေရှင်နယ်လိဂ်အားပရိသတ်အားပေးမှုပိုမိုရရှိစေရန်အတွက် ကိုယ်ပိုင်အိမ်ကွင်းမရှိသေးသည့်အသင်းများအနေဖြင့် အိမ်ကွင်းရှိလာအောင် ကြိုးပမ်းရမည်ဖြစ်သလိုအိမ်ကွင်း၊ အဝေးကွင်းစနစ်ပီပြင်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်းမြန်မာ့ဘောလုံးလေ့လာသူတစ်ဦးကဆိုသည်။

အပျော်တမ်းစနစ်မှ ဆုကြေးစားစနစ်သို့ ပြောင်းလဲပြီးနောက်သုံးနှစ်ခန့်အကြာတွင် ပြိုင်ပွဲဝင်အသင်း ၁၄ သင်းထိရှိလာခြင်း၊ မြန်မာကလပ်အသင်းများအနေဖြင့် အာရှဒုတိယအဆင့်ပြိုင်ပွဲဖြစ်သည့် AFC Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်များ ရရှိခဲ့သော်လည်း နိုင်ငံလက်ရွေးစင်အသင်းအနေဖြင့် အောင်မြင်မှုမယ်မယ်ရရ မရရှိခြင်းကလည်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအားစိတ်ဝင်စားအားပေးမှု လျော့နည်းရခြင်းဖြစ်ကြောင်း လေ့လာသူများကသုံးသပ်သည်။

“စစချင်းတုန်းက ပရိုဆိုပေမယ့် ပြည်ပက ကစားသမားတွေကိုငှားတယ်။ ပြည်တွင်းကတော့ အပျော်တမ်းကစားသမားတွေကို ပရိုဆိုပြီး အမည်ပြောင်းကန်ကြတာလေ။ ကစားကြတဲ့အခါ အပျော်တမ်းအဆင့်လောက်ပဲရှိတဲ့ အခါကျတော့ ကြည့်ရင်းကြည့်ရင်းနဲ့ ပရိသတ်တွေက စိတ်ကုန်လာတယ်။ ခုအခြေအနေမှာတော့ ဘောလုံးသမားတွေက ပရိုဘက်ကို တဖြည်းဖြည်းရောက်လာပြီပေါ့။ ကောင်းလာပြီလို့တော့ မပြောပါဘူး။ အဲဒီအချိန်ကျတော့ လူတွေက အရင် အရှိန်နဲ့ မစွံပါဘူးဆိုတဲ့သဘောနဲ့ ဖြစ်နေတာပေါ့။ မြန်မာပရိသတ်တွေက နိုင်ငံလက်ရွေးစင်အသင်းရဲ့ ရလဒ်အပေါ် မူတည်ပြီးလည်း အားပေးမှုအနည်း၊ အများဖြစ်လာမယ်ထင်တယ်။ ရလဒ်ကောင်းလာရင်တော့ ပြည်တွင်းပွဲတွေမှာလည်း ပရိသတ်ပိုအားပေးလာကြမှာပါ” ဟုဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး (ပျဉ်းမနား) ကဆိုသည်။

ပြည်တွင်းကစားသမားများ ပိုမိုနေရာရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲဝင် အသင်းတစ်သင်းတွင် နိုင်ငံခြားသားကစားသမားအသုံးပြုမှုအရေအတွက်အား လျှော့ချခဲ့သော်လည်း ပြည်ပကစားသမားများက ပိုမိုခြေစွမ်းပြနေခြင်းကလည်း ပြည်တွင်းပရိသတ်များ၏ စိတ်ဝင်စားမှုလျော့နည်းရခြင်း အကြောင်းတစ်ချက်ဖြစ်ကြောင်း မြန်မာဘောလုံးပရိသတ်တစ်ဦးက ၎င်း၏အမြင်ကိုပြောသည်။

ချီးမြှင့်ပြီးခဲ့သည့် မြန်မာနေရှင်နယ်လိဂ်လအလိုက်အကောင်းဆုံးကစားသမားဆု နှစ်ကြိမ်တွင် နိုင်ငံခြားသား ကစားသမားများရရှိထားခြင်း၊

စာ(၅၁)သို့




Photo: AFP

# လန်ဒန် ၂၀၁၂ အိုလံပစ်အတွက် ဗြိတိန်ဝန်ကြီးချုပ် ပေးပို့သော သဝဏ်လွှာ

**ဒေးဗစ်ကင်မရွန်း**

ရက်ပေါင်း ၁၀၀ သာ လိုတော့သည့် အချိန်အတွင်းမှာပဲ ၂၀၁၂ အိုလံပစ်ပြိုင်ပွဲကြီးကို လန်ဒန်မှာ စတင်ဖွင့်လှစ်ပါတော့မယ်။ ဒါဟာကမ္ဘာမြေပေါ်မှာ အကြီးကျယ်ဆုံးပွဲကြီးရဲ့ အစပါပဲ။ အဲဒီအံ့ဩထူးခြားတဲ့ အိုလံပစ်နဲ့ မသန်စွမ်းအိုလံပစ်ပွဲတွေကို မြန်မာပြည်သူတွေနဲ့အတူ ကျွန်တော်တို့မျှဝေချင်ပါတယ်။ ဒါ့ကြောင့်ပဲ ဒီနေ့ကာလမှာ ‘ကြိုဆိုပါတယ်’ ဆိုတဲ့ သတင်းစကားကို သင်တို့ဆီ ကျွန်တော်ပေးပို့ရခြင်း ဖြစ်ပါတယ်။

ဒီနှစ်နွေရာသီမှာ ကျင်းပတဲ့ ဒီပြိုင်ပွဲတွေဟာ ဗြိတိန်အတွက် ဂုဏ်ယူဖွယ်ရာ ကာလတစ်ရပ်ဖြစ်လာမှာပါ။ ကျွန်တော်တို့ဟာ ကျင်းပဖူးသမျှဟာ အကောင်းဆုံးသောအိုလံပစ်ပွဲကို ကျင်းပရုံမျှသာမကဘဲ ကမ္ဘာပေါ်မှာ ဒုတိယမြောက်သက်တမ်းအရှည်ဆုံး နန်းစံသူဖြစ်တဲ့ အင်္ဂလန်ဘုရင်မကြီးရဲ့နှစ်ပေါင်း ၆၀ ကျော်စိုးစံတော်မူလာတဲ့ နန်းစံသက်ကိုပါ ဂုဏ်ပြုရတော့မှာပါ။ ဒါဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်ထူးခြားတဲ့အချိန်ဖြစ်ပြီး မြန်မာပြည်သူတွေနဲ့အတူ ဒါကိုကျွန်တော်တို့မျှဝေချင်လှပါတယ်။

ဗြိတိန်ဟာ အကောင်းဆုံးကို ရှေးရှုနေမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်တို့ဟာ တကယ်ကောင်းမွန်တဲ့ အားကစားကွင်းသစ်ကြီးတွေကို ရှိထားတဲ့ ဘတ်ဂျက်နဲ့ အချိန်ကာလအတွင်း တည်ဆောက်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့မြို့တော်ကြီးကို အဆင့်သင့်ဖြစ်အောင်၊ ပို့ဆောင်ဆက်သွယ်ရေးစနစ်အားလုံး နေရာတကျဖြစ်အောင်လုပ်ဆောင်ခဲ့ပြီး ကမ္ဘာကြီးကိုကြိုဆိုဖို့ ကျွန်တော်တို့ရှေးရှုနေပါပြီ။ လန်ဒန် ၂၀၁၂ အိုလံပစ်က ဘာများပေးအပ်မှာပါလဲ။ ကျွန်တော့်အမြင်ကတော့ ဒီပွဲတွေဟာ အချက်နှစ်ချက်နဲ့ ပတ်သက်နေပါတယ်။ ဟုတ်ပါတယ်။ အားကစားနည်းတွေဟာ ဒီကြီးကျယ်ခမ်းနားတဲ့ ပြိုင်ပွဲကြီးရဲ့ ဗဟိုချက်ဖြစ်မှာပါ။ ကမ္ဘာ့စံချိန်ဟောင်းတွေချိုးနိုင်တာ၊ အမှတ်တရဖြစ်စရာတွေ ဖန်တီးခဲ့ကြတာတွေကို ကျွန်တော်တို့ မြင်ရတော့မှာပါ။ ပြိုင်ပွဲ ကာလတွေအတွင်းမှာပဲ မိတ်ဆွေ ဆက်ဆံရေးအသစ်တွေ ပေါ်ထွက်လာတာကိုလည်းမြင်ရမှာပါ။ ဒါပေမဲ့ ဒီအဖြစ်အပျက်တွေ ပြီးသွားပြီး ဆုတံဆိပ်တွေလည် ပေးအပ်ခဲ့ပြီးချိန်မှာတော့ ဒီအိုလံပစ်တွေ ဟာဘဝတွေကို ပြောင်းလဲရာမှာပိုကောင်းအောင်ဆက်လက် ဖန်တီးပေးလိမ့်မယ်ဆိုတဲ့အချက်ကိုကျွန်တော်အလေးပေး ပြောချင်ပါတယ်။

ဒီကျန်ရစ်မယ့် ဂုဏ်သတင်းအမွေအနှစ်က အရေးကြီးလှပါတယ်။ ကျွန်တော်တို့အိုလံပစ်ကို ကျင်းပခွင့်ရခဲ့တော့ နိုင်ငံတကာအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ယာက်ရိုဂေးက ၂၀၁၂ အိုလံပစ်ပွဲတွေအတွင်း ဗြိတိန်နိုင်ငံ ကြုံတွေ့ရမယ့် ထူးခြားတဲ့ ပဋ္ဌလက်သဘောအကြောင်းပြောဆိုဆွေးနွေးခဲ့ပြီး အဲဒါကို ဖြစ်စေရမယ်လို့လည်း ကျွန်တော်တို့ သေချာအာမခံခဲ့ပါတယ်။ အိုလံပစ်ပွဲကျင်းပခွင့်ကို သုံးကြိမ်ချီးမြှင့်ခံရတဲ့ တစ်ခုတည်းသောမြို့တော်အနေနဲ့ ကျွန်တော်တို့ဟာ ပြိုင်ပွဲကို ကြီးကျယ်ခမ်းနားတဲ့ အစဉ်အလာအတိုင်း ကျင်းပသွားမှာပါ။

၁၉၀၈ ခုနှစ်မှာ လန်ဒန်မြို့တော်မှာခေတ်သစ်အိုလံပစ်ပွဲကြီးကိုစတင်ကျင်းပတော့ ပထမဆုံးအကြိမ်အနေနဲ့ အိုလံပစ်အားကစားသမားတွေဟာ သူတို့ရဲ့ နိုင်ငံတော်အလံတွေနဲ့အတူ မြို့တော်ထဲလမ်းလျှောက် ချီတက်ခဲ့ကြဖူးပါတယ်။ မာရသွန်အပြေးပြိုင်ပွဲရဲ့သတ်မှတ်အကွာအဝေးဖြစ်တဲ့ ၂၆ မိုင်၊ ၃၈၅ ကိုက်ဆိုတာကိုလည်း ဝင်ဆာရဲတိုက်ကြီးရှေ့က စတင်ပြီး (အိုလံပစ်ကွင်းကြီး ) ရဲ့ Royal Box ရှေ့မှာ အဆုံးသတ်စေခဲ့တယ်။ ဒီလိုနဲ့ အဲဒီအကွာအဝေးဟာ ထိုအချိန်ကစလို့ ကမ္ဘာတစ်ဝန်းမှာ (မာရသွန်ပြိုင်ပွဲတွေမှာ) အသုံးပြုကြတဲ့စံ ဖြစ်လာခဲ့ပါတယ်။

ဒီနောက် ၁၉၄၈ မှာတော့ ပျက်စီးခဲ့တဲ့ကမ္ဘာစစ်ကြီးရဲ့ အရိပ်အောက်မှာ အိုလံပစ်ပွဲကြီးကို (ဒုတိယအကြိမ်) ထပ်မံကျင်းပခဲ့တယ်။ ဒါပေမဲ့ လန်ဒန်မြို့တော်ဟာနိုင်ငံတွေအားလုံးကိုအိုလံပစ်ရဲ့ဂုဏ်ယူစရာ စံနှုန်းတွေဖြစ်တဲ့ မိတ်ဆွေဖြစ်မှုနဲ့ နိုင်ငံတကာ မိသားစုအသိုင်းအဝိုင်း တစ်ရပ်ဖြစ်မှုတို့ကို အတူတကွ ဂုဏ်ပြုနိုင်ဖို့ သယ်ဆောင်ပေးခဲ့ပါတယ်။ အဲဒါတွေအပြင် သူတို့ဟာ အားကစားလောကမှာ အမျိုးသမီးတွေအတွက် အခွင့်အလမ်းသစ်တွေ ရအောင်ဖန်တီးပေးခဲ့ပြီး အိုလံပစ်စေတနာ့ဝန်ထမ်း လှုပ်ရှားမှုကို ကနဦးစတင်ပေးခဲ့တယ်။ ခေတ်သစ်မသန်စွမ်း အိုလံပစ်ပြိုင်ပွဲအတွက်အခြေခံအုတ်မြစ်တွေကိုလည်းချမှတ်ပေးခဲ့ပါတယ်။

ဒီလိုနဲ့ ဒီနွေရာသီမှာတော့ အားကစားသမားတွေနဲ့ဧည့်သည်တော်တွေ ရောက်လာခဲ့ရင်တော့ သူတို့ဟာ မြို့တော်အရှေ့ပိုင်း အိုလံပစ်ဥယျာဉ်တစ်ဝိုက်က လန်ဒန်ရဲ့ရပ်ကွက်အသစ်တစ်ခုလုံးကို တွေ့ရတော့မှာပါ။ ဒီရပ်ကွက်ဟာ ပြန်လည်စိတ်အားထုတ်လုပ် ပေးနိုင်မယ့် စက်ရုံတစ်ရုံလိုဖြစ်ခဲ့ပြီး ပြိုင်ပွဲတွေပြီးဆုံးခဲ့ရင်တော့ အလုပ်နေရာတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အိမ်ရာအသစ်တွေအတွက် နယ်မြေတစ်ရပ် ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့ဟာ ဒီဇိုင်းအသစ်၊ တည်ဆောက်ရေးနည်းလမ်းသစ်တွေနဲ့ ကာဗွန်ထုတ်လုပ်မှု နိမ့်တဲ့နည်းပညာတွေသုံးပြီး လန်ဒန် ၂၀၁၂ အိုလံပစ်ကို ပထမဆုံးသောသဘာဝ


စာ(၅၁)သို့

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# မန်စီးတီး-မန်ယူ မန်ချက်စတာဒါဘီနဲ့ ချန်ပီယံ အဆုံးအဖြတ်ရယူမယ့် ပရီးမီးယားလိဂ်ပွဲစဉ် (၃၆) ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပြီးဆုံးဖို့ ပွဲစဉ်နည်းနည်းသာကျန်တော့တဲ့ကာလကို ရောက်လာပါပြီ။ ဒါပေမဲ့ ဒီနှစ်ဘောလုံးရာသီမှာ ချန်ပီယံ ဘယ်သူဖြစ်မလဲဆိုတာနဲ့ ထိပ်တန်းအသင်းကြီးတချို့ရဲ့ လာမယ့်နှစ်မှာ ဥရောပချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ဝင်ခွင့်ရရေး တိုက်ပွဲတွေကတော့ ပြင်းထန်နေဆဲ ဖြစ်ပါတယ်။ ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ၊ တနင်္လာတို့မှာ ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ် (၃၆) မှာတော့ ချန်ပီယံကို အဆုံးအဖြတ်ပေးမယ့် မန်စီးတီး-မန်ယူ ထိပ်တိုက်တွေ့ဆုံမှုအပါအဝင် အိမ်ကွင်းမှာ ကျူ ပီအာနဲ့တွေ့မယ့် ချယ်လ်ဆီးတို့ရဲ့ လန်ဒန်ဒါဘီ၊ အဝေးကွင်းဖြတ်သန်းရမယ့် လီဗာပူး၊ အာဆင်နယ်တို့ရဲ့ ပွဲစဉ်တွေ ရှုစားရမှာပါ။



<u>**ဧပြီ ၂၈၊ စနေ။**</u>

**ည ၈း၃၀ နာရီ**

**အဲဗာတန် - ဖူလ်ဟမ်**

ပထမအကျော့ရလဒ် ၃-၁

အဲဗာတန်ဟာ ဖူလ်ဟမ်ကို ရင်ဆိုင်တွေ့တိုင်း အနိုင်ယူနေကျ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ အက်ဖ်အေဖလားပွဲအပါအဝင် ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ အဲဗာတန်လေးကြိမ်နိုင်၊ တစ်ကြိမ်သရေရထားတယ်။ ပထမအကျော့ရလဒ်အတိုင်း သွင်းဂိုးမသာရင်တောင်မှ အဲဗာတန်တို့ အိမ်ကွင်းမှာ ကပ်နိုင်ခြေများတဲ့ ပွဲပါ။

**ည ၈း၃၀ နာရီ**

**စတုတ် - အာဆင်နယ်**

ပထမအကျော့ရလဒ် ၁-၃

စတုတ်တို့အိမ်ကွင်း ခြေစွမ်းအသင့်အတင့်ရှိပေမယ့် ဥရောပဝင်ခွင့်အတွက် အာဆင်နယ်တို့အား ထည့်ကစားလာနေတာမို့ ညှော်သည် အာဆင်နယ်နိုင်ခြေများပါတယ်။ အာဆင်နယ်တို့ အဝေးကွင်းမှာ အနိမ့်ဆုံး တစ်ဂိုးအသာ လောက်နဲ့ သုံးမှတ်ရယူသွားမှာပါ။

**ည ၈း၃၀ နာရီ**

**ဆန်းဒါးလန်း - ဘောလ်တန်**

ပထမအကျော့ရလဒ် ၂-၀

ဆန်းဒါးလန်းတို့ ရာသီကုန်မှာ အဆင့် ၈ အတွင်းဝင်ဖို့ လီဗာပူး၊ အဲဗာတန်တို့နဲ့အပြိုင်ကစားရမှာပါ။ ပထမအကျော့က အဝေးကွင်းဆိုပေမယ့် နှစ်ဂိုးပြတ်နိုင်ခဲ့တယ်။ ဒါပေမဲ့ ဒီဒုတိယအကျော့မှာတော့ ဘောလ်တန်တို့ တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ကြိုးပမ်းမှာမို့ အိမ်ကွင်းအသာစီးရဖို့ မလွယ်ပါဘူး။ ဆန်းဒါးလန်းသရေ (သို့မဟုတ်) အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်တာပဲ ဖြစ်တယ်။

**ည ၈း၃၀ နာရီ**

**ဆွမ်းဆီး - ဝုလ်**

ပထမအကျော့ရလဒ် ၂-၂

ဆွမ်းဆီးတို့ နောက်ဆုံးငါးပွဲမှာအနိုင်တစ်ပွဲပဲ ရှိခဲ့သလို ဝုလ်ကလည်း တောက်လျှောက် ရှုံးနေတာမို့ တန်းဆင်းရဖို့ သေချာသလောက်ရှိနေပါတယ်။ အိမ်ကွင်းရှုံးပွဲနည်းတဲ့ ဆွမ်းဆီးကိုပဲ ရွေးချယ်ရမှာပါ။

**ည ၈း၃၀ နာရီ**

**ဝက်စ်ဘရွန်း - ဗီလာ**

ပထမအကျော့ရလဒ် ၂-၁

ပထမအကျော့ အိမ်ကွင်းမှာ တုန်းက ရှုံးခဲ့သလို ဒီဒုတိယအကျော့မှာလည်း ဗီလာတို့ သရေရဖို့တောင်ကြိုးစားရမှာပါ။ ဗီလာတို့အဝေးကွင်းနိုင်ပွဲ အလွန်နည်းပြီး သရေပွဲများတယ်။ ဝက်စ်ဘရွန်းခြေစွမ်းအကောင်းကြီး မဟုတ်ပေမယ့် အနည်းငယ်သာနေပါတယ်။ သရေဖြစ်ရင်လည်း မျှတတဲ့အဖြေ ပါ။

**ည ၈း၃၀ နာရီ**

**ဝီဂန် - နယူးကာဆယ်**

ပထမအကျော့ရလဒ် ၀-၁

နယူးကာဆယ်တို့ ထိပ်သီးလေးသင်းစာရင်းဝင်ဖို့ မျှော်လင့်ချက်ရှိနေဆဲပါ။ ဆက်တိုက်နိုင်ပွဲရနေတဲ့ ညှော်သည်နယူးကာဆယ်တို့ပဲအားသာပါတယ်။ ဝီဂန်တို့ အိမ်ကွင်းမှာ သရေပွဲများနေတာမို့ သရေလည်းဖြစ်နိုင်သလိုနယူးကာဆယ်ကပ်နိုင်ဖို့လည်း ရှိပါတယ်။

**ည ၈း၃၀ နာရီ**

**နော်ဝစ်ချ် - လီဗာပူး**

ပထမအကျော့ရလဒ် ၁-၁

ရလဒ်ပိုင်းအရနှစ်သင်းစလုံး ဒီနောက်ပိုင်းခြေစွမ်းကျနေပါတယ်။ လီဗာပူးတို့အဆင့်ရှစ်အတွင်းဝင်ဖို့ တော်တော်ကြိုးစားရမှာပါဖြစ်သလို နော်ဝစ်ချ်ကလည်း အိမ်ကွင်းခြေစွမ်းပိုင်း သိပ်အညံ့ကြီးမဟုတ်ပါဘူး။ ဒါ့ကြောင့် လီဗာပူးတို့ ပထမအကျော့ရလဒ်အတိုင်းသရေရနိုင်သလို အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်တာလည်းဖြစ်နိုင်ပါတယ်။

<u>**ဧပြီ ၂၉၊ တနင်္ဂနွေ။**</u>

**ည ၇း၀၀ နာရီ**

**ချယ်လ်ဆီး - ကျူပီအာ**

ပထမအကျော့ရလဒ် ၀-၁

ပထမအကျော့လန်ဒန်ဒါဘီတုန်းကချယ်လ်ဆီးတို့ဂိုးပေါက်ပျောက်ခဲ့တာပြန်သတိထားရပါမယ်။ ကျူပီအာတို့ တန်းဆင်းဇုန်မှ လွတ်ကင်းအရေး အပြင်းအထန်ကြိုးစားရမယ့် အချိန်မို့ အဆင့်လေးနေရာအတွင်းဝင်ချင်တဲ့ ချယ်လ်ဆီးကိုတားဆီးနိုင်တယ်။ ချယ်လ်ဆီးကပ်နိုင်ဖို့ပဲရှိပါတယ်။ ဂိုးနည်းပါမယ်။

**ည ၉း၃၀ နာရီ**

**စပါး - ဘလက်ဘန်း**

ပထမအကျော့ရလဒ် -

စပါးတို့ သရေပွဲတွေများခဲ့တာမို့ဒီအိမ်ကွင်းမှာ ဘလက်ဘန်းကို အနိုင်ကန်သွားမှာပါ။ ဘလက်ဘန်းတန်းဆင်းရဖို့များနေပြီး စပါးပဲနှစ်ဂိုးလောက်ရယူသွားမယ့် ပွဲမျိုးဖြစ်ပါတယ်။

<u>**မေ ၁၊ အင်္ဂါ။**</u>

**နံနက် ၁း၃၀ နာရီ**

**မန်စီးတီး - မန်ယူ**

ပထမအကျော့ရလဒ် ၆-၁

ပထမအကျော့မှာ မန်စီးတီးတို့နိုင်ခဲ့ပေမယ့် အက်ဖ်အေဖလားမှာအိမ်ကွင်းရှုံးပွဲပြန်တွေ့ခဲ့တာသတိထားရပါမယ်။ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ မန်စီးတီးကို မန်ယူတို့ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိတယ်။ မန်စီးတီးအနည်းငယ်သာနေပြီး သရေပွဲလည်းဖြစ်နိုင်တယ်။ နှစ်သင်းပေါင်း ဂိုးများမယ်။

## စာ(၅၀) - လန်ဒန် ၂၀၁၂ အိုလံပစ်အတွက် ဗြိတိန်ဝန်ကြီးချုပ် ပေးပို့သော သဝဏ်လွှာ မှ

သယံဇာတပြန်းတီးမှုမရှိတဲ့ အားကစားပြိုင်ပွဲကြီးအဖြစ်ဖန်တီးဖို့ ဦးဆောင်ခဲ့ပါတယ်။

အားကစားဆိုင်ရာ ပစ္စည်းသစ်တွေထုတ်လုပ်ဖို့ ရင်းနှီးမြှုပ်နှံရင်း နိုင်ငံအနှံ့က စာသင်ကျောင်းတွေမှာ ကျောင်းတွင်းအားကစားပြိုင်ပွဲသစ်တွေ ဖန်တီးရင်း ကျွန်တော်တို့ဟာ မျိုးဆက်သစ်လူငယ်တွေအားကစားရဲ့ အကျိုးကျေးဇူးနဲ့ပျော်ရွှင်မှုတွေကိုခံစားနိုင်အောင် လှုံ့ဆော်ပေးလျက်ရှိနေပါတယ်။

ဒါပေမဲ့ လန်ဒန်အိုလံပစ်ရဲ့ ဂုဏ်သတင်း အမွေအနှစ်ဟာ ဗြိတိန်တစ်နိုင်ငံတည်းအဖို့ ကန့်သတ်ထားတာမဟုတ်ပါဘူး။ နိုင်ငံတကာလှုံ့ဆော်ရေး အစီအစဉ်နဲ့လည်း ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၂၀ က ပြည်သူ ၁၂ သန်းကျော်အတွက်အခွင့်အလမ်းတွေ ဖန်တီးပေးနေပါတယ်။ ဒါဟာ ယနေ့ကာလမှာ လူငယ်တွေအားကစားကို လိုက်စားဖို့ ခွင့်ပြုနေရုံမျှမကဘဲ ဒီ တိုင်းပြည်တွေဟာ ကာလရှည်အားဖြင့် လူ့အဖွဲ့အစည်းထဲမှာ၊ စာသင်ကျောင်းတွေမှာ အားကစားကိုမြှင့်တင်ရေး ကူညီပေးနေပါတယ်။ ဒါကပဲ ဗြိတိန်တစ်နိုင်ငံတည်းသာမက နိုင်ငံတိုင်းဟာ ၂၀၁၂ အိုလံပစ်ရဲ့ စိတ်အားတက်ကြွမှုကိုမျှဝေနိုင်အောင် ဘယ်လိုအလေးပေးဆောင်ရွက်ထားတယ်ဆိုတဲ့နမူနာကောင်းဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီပြိုင်ပွဲတွေဟာ နွေရာသီကာလတစ်ခုမှာ လန်ဒန်ကို ရောက်လာတဲ့ အားကစားသမားတွေကို ကြိုဆိုရုံသက်သက်ထက်ကျွန်တော်က ပိုမိုစေချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အသစ်ဖြစ်ပြီး တာရှည်တဲ့ မြန်မာနဲ့ဗြိတိန်ကြားက ချိတ်ဆက်မှုအသစ်တွေ တည်ဆောက်ချင်ပါတယ်။ တကယ်လို့ သင်ဟာ ကျောင်းသားတစ်ဦး(သို့မဟုတ်) ပညာရှင်တစ်ဦးဖြစ်ရင် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ဆယ်ခုမှာ လေးခုရှိတဲ့ နိုင်ငံတစ်နိုင်ငံ၊ သိပ္ပံနဲ့နည်းပညာကဏ္ဍတစ်ခုတည်းအတွက် နိုဗယ်ဆုပေါင်း ၇၅ ဆုကျော်ရရှိထားတဲ့ နိုင်ငံတစ်ခုကို ရှာဖွေခွင့်ရမှာပါ။

တကယ်လို့သင်ဟာ ရင်းနှီးမြှုပ်နှံသူ (သို့မဟုတ်)စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဆိုရင် လန်ဒန် ၂၀၁၂ အိုလံပစ်ဟာ ကမ္ဘာမှာ စီးပွားရေးလုပ်ငန်းတွေအတွက် အတားအဆီးအနည်းဆုံး ရှိတဲ့နိုင်ငံတစ်နိုင်ငံမှာ အခွင့်အလမ်းအသစ်တွေရှာဖွေဖို့ အခွင့်အလမ်းရရှိသွားမှာပါ။

တကယ်လို့သင်ဟာ ကမ္ဘာလှည့်တစ်ဦး(သို့မဟုတ်)ခရီးသည်တစ်ဦးဖြစ်ရင်တော့ ဒါဟာဗြိတိန်နိုင်ငံရဲ့ အဟောင်းနဲ့အသစ် အမွေအနှစ်တွေကို တွေ့ကြုံခံစားခွင့်ရမှာပါ။ ကျွန်တော်တို့ရဲ့ ရဲတိုက်တွေနဲ့သမိုင်း၊ ကျွန်တော်တို့ရဲ့ ဂီတနဲ့အနုပညာ ယဉ်ကျေးမှုနဲ့အတူတည်ရှိနေတဲ့ တော်ဝင်အိမ်ရာတွေ၊ ရှုမျှော်ခင်းတွေ၊ ကျွန်တော်တို့ရဲ့ ပြဇာတ်ရုံတွေနဲ့ ဖက်ရှင်တွေကို အဟောင်းနဲ့ အသစ် ပေါင်းစပ်ထားမှုကို ခံစားရမှာပါ။

ခမ်းနားတဲ့အားကစား၊ ခမ်းနားတဲ့ စီးပွားရေး၊ ခမ်းနားတဲ့ယဉ်ကျေးမှုဖြစ်ပါတယ်။

လန်ဒန် ၂၀၁၂ အိုလံပစ်ပွဲကြီးကို လက်ခံကျင်းပခွင့်ရခြင်းဟာအလွန်ကောင်းမွန်တဲ့ ဂုဏ်ပြုခံရမှုတစ်ခုပါပဲ။ ကျွန်တော်တို့ဟာ ဒီပွဲကို ဗြိတိန်အတွက် ခမ်းနားတဲ့ကာလတစ်ရပ်ဖြစ်အောင် ဖန်တီးချင်ပါတယ်။ ဒီပွဲကြီးရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ဖို့ ကမ္ဘာကြီးကိုကျွန်တော်တို့ ဆက်လက်ကြိုဆိုနေပါတယ်။

## စာ(၅၀) - ပရိသတ်တွေ မကြိုက်သေးတဲ့ မြန်မာနေရှင်နယ်လိဂ် မှ



ယခုနှစ်ပြိုင်ပွဲ ရာသီဝက်ပြီးဆုံးချိန်အထိ ထိပ်တန်းဂိုးသွင်းရှင်ငါးဦးတွင် ပြည်ပကစားသမားလေးဦးအထိပါဝင်နေခြင်းများက ပြည်တွင်း ကစားသမားများထက် ခြေပိုစွာ ကြောင်းပြသနေသည်။

“ပြိုင်ပွဲဝင်အသင်းတစ်သင်းရဲ့နိုင်ငံခြားသားနည်းပြဆရာတစ်ဦးကတော့ မြန်မာနိုင်ငံသားတွေတစ်ဦးချင်းဝင်ငွေ တိုးတက်လာရင်တော့ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှာ ပရိသတ်တွေများပြားလာလိမ့်မယ်လို့ သူ့အမြင်ကိုထုတ်ဖော်ပြောဖူးပါတယ်။ ဒီအချက်ကလည်း စဉ်းစားစရာအချက်ပါ”ဟု အားကစားကလောင်ရှင်တစ်ဦးက ပြောသည်။

ပထမအကျော့ပွဲစဉ်များအား ရန်ကုန်တွင် တစ်ပတ်လျှင် လေး၊ငါးပွဲခန့်နှင့် နယ်ကွင်းများတွင် တစ်ပွဲ၊ နှစ်ပွဲခန့် ပုံမှန်ကျင်းပခဲ့ခြင်းဖြစ်သည်။ နယ်ပွဲစဉ်များတွင် ဒေသခံ ပရိသတ်များက မိမိတို့အသင်း၏ အိမ်ကွင်းပွဲစဉ်အားအားပေးနေဆဲဖြစ်သော်လည်း ရန်ကုန်တွင်ကျင်းပသည့်ပွဲစဉ်များတွင်မူ ပွဲများသည့်အတွက် ပွဲကောင်းမည့်တစ်ပွဲခန့်သာ ပရိသတ်များ ရွေးကြည့်ကြခြင်းဖြစ်ကြောင်းဎင်းကဆက်ပြောသည်။

“ခုနောက်ပိုင်း ရန်ကုန်မှာကစားတဲ့ ရန်ကုန်ယူနိုက်တက်ပွဲစဉ်တွေမှာတောင် အရင်လောက် ပရိသတ်မလာကြတော့ဘူး။ ပြိုင်ပွဲဝင်အသင်းတွေလည်း သတိပြုရမယ့် အချက်ပေါ့။ အသင်းတွေ အနေနဲ့လည်း ပရိသတ်တွေကို ဘယ်လိုဆွဲဆောင်မလဲ၊ ဘယ်လိုစီစဉ်သွားမလဲဆိုတာ အသင်းတွေအနေနဲ့တော့ လက်ရှိ အဲဒီ့အပိုင်းမှာ အားနည်းနေသေးပါတယ်”ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။

အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်များ၏ လွှမ်းမိုးမှုနှင့် ယင်းပွဲစဉ်များ၏ ခြေစွမ်းအဆင့်အတန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုကလည်းပြည်တွင်းပွဲစဉ်များကိုကြည့်ရှုအားပေးသူ ပရိသတ်လျော့ကျနေခြင်း အကြောင်းတစ်ချက်ဖြစ်ကြောင်း ဘောလုံးပရိသတ်တစ်ဦးက ဎင်းအမြင်ကိုပြောပြသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင်ရုပ်သံမှုပိုင်ထုတ်လွှင့်ခွင့်ရMRTV-4 ရုပ်သံလိုင်းမှ ဘောလုံးပွဲစဉ်များအား ရိုက်ကူးထုတ်လွှင့်မှုအပိုင်းတွင် ယခင်ကထက် ပိုမိုအဆင့်မြင့်လာသောကြောင့် ကွင်းအတွင်း ပရိသတ်ဦးရေနည်းပါးခြင်း အကြောင်းတစ်ချက်ဟု ဆိုသူအချို့လည်းရှိသည်။ သို့သော်လည်း ဘောလုံးပွဲယှဉ်ပြိုင်ကစားပုံ ကောင်းမွန်ပါက ပရိသတ်များအနေဖြင့်ကွင်းအတွင်း ရောက်လာမည်သာဖြစ်ကြောင်း လေ့လာသူများကပြောသည်။

“ရုပ်သံက ရိုက်ကူးထုတ်လွှင့်ပုံ နည်းနည်းအဆင့်မြင့်လာပေမယ့်လည်း ဘောလုံးပွဲ တကယ်ကောင်းရင် ဆွဲဆောင်နိုင်ရင်တော့ ကွင်းထဲကို ပရိသတ်တွေ ရောက်လာမှာသေချာပါတယ်”ဟု အားကစားကလောင်ရှင်ဦးဖေသိန်းက ပြောသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲပြီးဆုံးချိန်တွင် အမှတ်ပေးဇယား အောက်ဆုံးနှစ်သင်း တန်းဆင်းရမည်ဖြစ်သည့်အတွက် တန်းဆင်းဇုန်ပြိုင်ပွဲပြင်းထန်လာနိုင်ခြင်း၊ ရာသီဝက်ပြီးဆုံးချိန်အထိ အဆင့်-၁ မှ ၈ အထိ အသင်းများ၏ အမှတ်ကွာဟမှုကျဉ်းမြောင်းမှုများက ဒုတိယအကျော့ပွဲစဉ်များအား ပိုမိုစိတ်လှုပ်ရှားပြိုင်ဆိုင်မှု ပြင်းထန်လာစေနိုင်သော်လည်း ပရိသတ်စိတ်ဝင်စားမှု မည်သို့ရှိလာမည်ဆိုသည်ကိုမူ ခန့်မှန်း၍ မရနိုင်သည့်အနေအထားပင်ရှိနေသေးသည်။


NEW
POND'S
flawless white™
မင်းအတွက်တမူထူးခြားတဲ့အသားအရေကို
ပြောင်းလဲဖန်တီးပေးနိုင်တဲ့
New GenActiv™ Formula
အသားအရောင်တွေ မတူညီကြတာဟာ မျိုးရိုးဗီဇ လွှမ်းမိုးသက်ရောက်မှုကြောင့်
ဆိုတဲ့အချက်ကို POND'S INSTITUTE ကနေပြီးမျိုးရိုးဗီဇပေါင်း (၂၀၀၀၀)
ကျော်မှာ ဆယ်စုနှစ်တစ်စုစာလောက်အထိ ရှာဖွေဖော်ထုတ်ခဲ့ရပါတယ်။ ရှာဖွေ
တွေ့ရှိချက်အရလည်း သင်နဲ့ လိုက်ဖက်ညီမယ့် အသားအရောင်ကို လုံးဝပြောင်းလဲ
ပေးနိုင်တဲ့ GenActiv™ Formula အသစ်ကို သင့်အတွက်ဖန်တီးပေးလိုက်ပါပြီ။
သင်အမြဲတမ်းလိုချင်နေခဲ့တဲ့ ဝင်းမွတ်တောက်ပတဲ့ အသားအရေမျိုးကိုပေါ့။
POND'S
flawless white™
Lightening Day Cream
SPF 18 PA++
GenActiv™ Formula
Unilever
ဝင်းမွတ်တောက်ပ ပြစ်မျိုးမဲ့မထင် မျက်နှာအလှ

7 DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# အမေရိကန် ထောက်လှမ်းရေးအဖွဲ့ အရှုပ်တော်ပုံ ဝါရှင်တန်ကို ဆက်လက် ရိုက်ခတ်

**ဝါရှင်တန်၊ ဧပြီ - ၂၁**

ထိပ်သီးဆွေးနွေးပွဲ တစ်ရပ်အတွက် သမ္မတအိုဘားမား ရောက်ရှိမလာမီ ကိုလံဘီယာနိုင်ငံရှိ ဟိုတယ်သို့ ပြည့်တန်ဆာအပျော်မယ်များ ခေါ်သွင်းခဲ့သည်ဟု စွပ်စွဲခံထားရသော အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့၏ အရှုပ်တော်ပုံနောက်ဆက်တွဲဂယက်များမှာ ဝါရှင်တန်တွင်ဆက်လက်ဖြစ်ပေါ်နေပြီး ထောက်လှမ်းရေးအမျှားအပြားမှာလည်း အလုပ်မှနုတ်ထွက်ခဲ့ရပြီဖြစ်ကြောင်း ဗွီအိုအေသတင်းက ဖော်ပြသည်။

ထောက်လှမ်းရေးအဖွဲ့ကို သိက္ခာကျဆင်းစေခဲ့ပြီး အိမ်ဖြူတော်အား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သော ယင်းအရှုပ်တော်ပုံကို ကျယ်ကျယ်ပြန့်ပြန့်စုံစမ်းစစ်ဆေးသွားရန်လည်း အမေရိကန်လွှတ်တော်က စီစဉ်ထားသည်။

ရက်သတ္တပတ်ကြာမြင့်ပြီးနောက် အရှုပ်တော်ပုံတွင် ပါဝင်ခဲ့သည်ဆိုသော ကိုလံဘီယာအမျိုးသမီးများ၏ ဓာတ်ပုံများနှင့် အခြားအသေးစိတ်အချက်အလက်များလည်း ထွက်ပေါ်လာခဲ့သည်။

ထောက်လှမ်းရေးအဖွဲ့မှူးကြီးကြပ်သူ နှစ်ဦးဖြစ်သော ဒေးဗစ်ချီနီနှင့် ဂရက်စတုတ် ဆိုသူနှစ်ဦးမှာလည်း ရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီး အဆိုပါအရှုပ်တော်ပုံတွင် ထောက်လှမ်းရေးအဖွဲ့မှ လူဘယ်နှဦးပါဝင်သည်ကို ဆက်လက်စုံစမ်းစစ်ဆေးနေသည်။

အနည်းဆုံးအမေရိကန်တပ်ဖွဲ့ဝင် ၁၁ ဦးမှာလည်း ယင်းအရှုပ်တော်ပုံတွင်ပါဝင်ပတ်သက်နေပြီး စစ်ဘက်ကလည်း သီးသန့်စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ မှတ်ချက်တစ်ကြိမ်သာပေးထားသောသမ္မတအိုဘားမားကလည်း ထောက်လှမ်းရေးအဖွဲ့ကို လေးစားကြောင်းနှင့် စုံစမ်းစစ်ဆေးမှုရလဒ်များကို စောင့်ဆိုင်းနေကြောင်းပြောသည်။ အိမ်ဖြူတော်ကမူ လွှတ်တော်၏ ဖိအားများ ပိုမိုရင်ဆိုင်နေရသော ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲဘက်မှ ကာကွယ်ပြောဆိုခဲ့သည်။

အမေရိကတိုက်၏ ထိပ်သီးဆွေးနွေးပွဲအား ယခင်ရက်သတ္တပတ်ကုန်က ကာရစ်ဘီယံအပန်းဖြေစခန်းကာတာဂီနာတွင် ကျင်းပခဲ့ပြီး ထောက်လှမ်းရေးအဖွဲ့များကဍင်းတို့တည်းခိုရာ ဟိုတယ်ကာရစ်ဘီယံသို့ ကိုလံဘီယာအပျော်မယ် ၂၀ ခန့်အထိ ခေါ်သွင်းခဲ့သည်ဟု ဆိုသည်။ ကန်ဒေါ်လာ ၈၀၀ နှင့် သဘောတူညီထားသောတစ်ညတာအတွက် နောက်တစ်နေ့တွင် ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ဦးက ကန်ဒေါ်လာ ၃၀ သာကမ်းလှမ်းခဲ့သည်ဟု အသက် ၂၄ နှစ်အရွယ် ကိုလံဘီယာအမျိုးသမီးတစ်ဦးက နယူးယောက်တိုင်းမ်သတင်းစာသို့ပြောကြားခဲ့သည်။

—*Ref: VOA/SMH*



Photo: AFP

# တရုတ်နိုင်ငံတွင် အိမ်၊ခြံ၊မြေဈေးနှုန်းများ ခြောက်လ ဆက်တိုက်ကျဆင်း

**ဘေဂျင်း၊ ဧပြီ - ၁၉**

ဈေးနှုန်းများကို ထိန်းချုပ်ရန်နှင့် အကျိုးအမြတ်မျှော်၍ အိမ်ရာဝယ်ယူခြင်းများကို ထိန်းချုပ်ရေး အစိုးရ၏ ကြိုးပမ်းမှုများကြောင့် တရုတ်နိုင်ငံတွင် အိမ်ဈေးနှုန်းများ ခြောက်လဆက်တိုက် ကျဆင်းလာသည်။ ဖေဖော်ဝါရီနှင့် မတ်လအတွင်း တရုတ်နိုင်ငံရှိ မြို့ကြီးပေါင်း ၇၀ အနက် ၄၆ မြို့တွင် အိမ်ရာအသစ်ဈေးနှုန်းများ ကျဆင်းလာသည်။ မြို့ကြီး ၃၈ မြို့တွင် လွန်ခဲ့သော တစ်နှစ်ကထက် အိမ်ဈေးနှုန်းများ ကျဆင်းလာသည်။

တရုတ်နိုင်ငံတွင် အိမ်ရာပူဖောင်းဈေးကွက်များ ဖြစ်ပေါ်လာမည်ကိုလည်း စိုးရိမ်မှုများ ရှိနေသည်။ ယင်းသို့ ဈေးနှုန်းများ ကျဆင်းလာသော်လည်း အိမ်ခြံမြေဈေးကွက်တွင် ချမှတ်ထားသောတင်းကျပ်သည့် ထိန်းချုပ်မှုများကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း အာဏာပိုင်များကပြောကြားသည်။

"ဒါဟာ တရုတ်နိုင်ငံရဲ့ အိမ်ခြံမြေဈေးကွက်ကို အပေါ်စီးက နေကျယ်ကျယ်ပြန့်ပြန့် ထိန်းချုပ်နေတယ်ဆိုတဲ့ အထောက်အထားပါပဲ။ အိမ်ဈေးနှုန်းတက်မယ့်အလားအလာတွေ ရှိနေဆဲပဲဖြစ်ပြီး ဈေးကွက်ကျစ်လျစ်အောင် လုပ်တာဟာ အရေးပါတဲ့ အဆင့်ရောက်နေပါတယ်"" ဟုတရုတ်အမျိုးသားစာရင်းအင်းဗျူရိုမှ မစ္စတာမာလျှောင်မင်းက ပြောကြားသည်။ သို့သော် ယင်းအခြေအနေက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးသွားစေနိုင်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

—*Ref: BBC*

# ကမ္ဘာ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု အိုင်အမ်အက်ဖ်ခန့်မှန်း

**ဝါရှင်တန်၊ ဧပြီ - ၁၈**

ကမ္ဘာ့စီးပွားရေးမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းပြောကြားသည်။ သို့သော်စီးပွားရေးရှေ့မျှော်မှန်းချက်မှာ အလွန်အကဲဆတ်သော အနေအထားတွင်ရှိနေသေးပြီး ဥရောပ၏ ကြွေးမြီအကျပ်အတည်းနှင့် ရေနံဈေးနှုန်းမြင့်တက်မှုကြောင့် ဖွံ့ဖြိုးမှုပြန်လည်ကျဆင်းနိုင်သည်ဟု တစ်ဆက်တည်း သတိပေးထားသည်။

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်ကခန့်မှန်းပြီး ရှေ့လာမည့် ၂၀၁၃ တွင် ၄ ဒသမ ၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ ဇန်နဝါရီလကအဆိုပါ ခန့်မှန်းချက်များမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်းအသီးသီးရှိခဲ့သည်။




Photo: AFP

"ကမ္ဘာ့စီးပွားရေး ရှေ့မျှော်မှန်းချက်မှာ တဖြည်းဖြည်းချင်းတိုးတက်လာနေပါတယ်။ ဒါပေမဲ့လည်း အလွန်အကဲဆတ်တဲ့ အနေအထားမှာ ရှိနေတုန်းပါပဲ" ဟု တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ၂၀၁၂ ခုနှစ်စီးပွားရေးတိုးတက်မှုမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု အိုင်အမ်အက်ဖ်က ခန့်မှန်းသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးကို အဓိကမောင်းနှင်နေဆဲဖြစ်ပြီး စီးပွားရေး ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းကာ ယင်းမှာ ယခင်က ထုတ်ပြန်ထားသော နှုန်းထက်များပြားသည်။ ဂျပန်နှင့်ထိုင်းနိုင်ငံတို့တွင် သဘာဝဘေးအန္တရာယ်များမှနေ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေရ၍ အာရှစီးပွားရေးကို ပိုမိုဖွံ့ဖြိုးလာအောင် တွန်းအားပေးနေကြောင်းသိရသည်။

—*Ref: AFP*

# ဆူဒန်နှင့် တောင်ဆူဒန်ကြား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် အိုဘားမား တိုက်တွန်း

**ဝါရှင်တန်၊ ဧပြီ - ၂၁**

ဆူဒန်နှင့် တောင်ဆူဒန်နှစ်နိုင်ငံကြားတိုက်ခိုက်မှုများကို ရပ်ဆိုင်းရန်နှင့် နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဧပြီလ ၂၀ ရက်တွင် တိုက်တွန်းပြောကြားသည်။

"ဘာဖြစ်သင့်သလဲဆိုတာ ကျွန်တော်တို့သိသင့်ပါတယ်။ ဆူဒန်အစိုးရက စစ်ရေးအရ အရေးယူတာကို ရပ်ဆိုင်းရမယ်။ လေကြောင်းက ဗုံးကြဲတိုက်ခိုက်တာတွေကိုလည်း ရပ်ရမယ်" ဟုနှစ်နိုင်ငံပြည်သူများသို့သတင်းစကားပါးထားသော ဗီဒီယိုတွင် အိုဘားမားက ပြောကြားသည်။

"အဲဒီလိုပဲ ဆူဒန်နိုင်ငံထဲမှာရှိတဲ့လက်နက်ကိုင်အုပ်စုတွေကို တောင်ဆူဒန်နိုင်ငံက အားပေးထောက်ခံနေတာကိုလည်း ရပ်ဆိုင်းရမယ်။ နယ်စပ်ကိုဖြတ်ပြီး တိုက်ခိုက်နေတာတွေကို ရပ်ဆိုင်းရမယ်" ဟုကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ထုတ်ပြန်သော မိန့်ခွန်းတွင် အိုဘားမားက ပြောကြားထားသည်။

"အဲဒီပြဿနာတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးနှင့်ဆွေးနွေးညှိနှိုင်းရေးအတွက် စားပွဲဝိုင်းထိုင်ပြီးဆွေးနွေးပွဲလုပ်ဖို့ကို ဆူဒန်နဲ့ တောင်ဆူဒန်နိုင်ငံ သမ္မတတွေက တိုက်တွန်းအားပေးရပါမယ်" ဟု အိုဘားမားက ထောက်ပြပြောဆိုခဲ့သည်။

နှစ်နိုင်ငံကြား တိုက်ခိုက်မှုများမှာ ယခင်ရက်သတ္တပတ်အတွင်း ပိုမိုပြင်းထန်လာပြီး ဆူဒန်ကတောင်ဆူဒန်အားလေကြောင်းမှတိုက်ခိုက်ခဲ့ပြီးနောက် တောင်ဆူဒန်တပ်ဖွဲ့များကလည်းနယ်စပ်ကိုဖြတ်ကျော်၍ ရေနံကြွယ်ဝသော ဟက်ဂ်လစ်မြို့အား ဧပြီ ၁၀ ရက်ကသိမ်းပိုက်ခဲ့သည်။ —*Ref: AFP*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012



Photo: AFP

## သမ္မတပူတင်လက်ထက် နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲရှိမည် မဟုတ်ဟုဆို

**မော်စကို၊ မေ – ၁၈**

ရုရှားနိုင်ငံ၏ သမ္မတတာဝန်များကို ၂၀၀၀ မှ ၂၀၀၈ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး လက်ရှိနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို ရယူထားသူ ဝန်ကြီးချုပ်ဗလာဒီမာပူတင်အနေဖြင့် နောက်တစ်ကြိမ် ရုရှားသမ္မတဖြစ်လာပါက တိုင်းပြည်၏ နိုင်ငံခြားရေးပေါ်လစီတွင် ကြီးကြီးမားမားပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း ရုရှားပါလီမန် ထိပ်တန်းအမတ်တစ်ဦးကပြောကြားသည်။

"သို့လော၊ သို့လောဖြစ်စရာမရှိပါဘူး။ မစ္စတာပူတင်ရဲ့ နိုင်ငံခြားရေးပေါ်လစီဟာ နှစ်ပေါင်းများစွာအချိန်ယူ တည်ဆောက်ထားတာပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အပြောင်းအလဲ ကြီးကြီးမားမားရှိမယ်လို့ မမျှော်မှန်းပါဘူး" ဟု ရုရှားအောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီအကြီးအကဲ အလက်ဆီပွတ်ရှ်ကော့ဗ်က ပြောကြားသည်။ အီတလီနိုင်ငံ ရောမမြို့တွင် ပြုလုပ်သော ရုရှားနိုင်ငံခြားရေးပေါ်လစီ စားပွဲဝိုင်းဆွေးနွေးပွဲအတွင်း ၎င်းကယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ဆီးရီးယားကိစ္စအပါအဝင် ၎င်းတို့အတွက် အရေးကြီးသည်ဟုယုံကြည်သော ရပ်တည်ချက်များကို ကာကွယ်သွားမည်ဖြစ်ကြောင်း မစ္စတာပွတ်ရှ်ကော့ဗ်ကပြောကြားသည်။ ဆီးရီးယားနိုင်ငံနှင့်ပတ်သက်၍ သူပုန်များကို အားပေးနေသည်ဟု ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နှစ်ရပ်ကို ရုရှားနိုင်ငံက ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည်။

ရုရှားနှင့် အနောက်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်နိုင်သော အလားအလာကောင်းများ ရှိနေကြောင်းလည်း ရုရှားအောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီဥက္ကဋ္ဌကဆက်လက်ပြောကြားသည်။ —*Ref: RIA Novosti*

## ဒုံးကျည်ကာကွယ်ရေးစနစ် တိုးတက်လာကြောင်း အီရန်ကြေညာ

**တီဟီရန်၊ မေ – ၁၈**

ရုရှားနိုင်ငံ၏ အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ် S-300 ကဲ့သို့သောဒုံးကျည်ကာကွယ်ရေး စနစ်ကို ၎င်းတို့ဘာသာ ထုတ်လုပ်ရာတွင် တိုးတက်မှုများရှိလာကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးအာမက်ဗာဟီဒီက ကြေညာခဲ့သည်ဟု ဖားစ်သတင်းအေဂျင်စီတွင်ဖော်ပြသည်။

"ဒုံးကျည်ကာကွယ်ရေးစနစ်နောက်တစ်မျိုးကို စတင်ထုတ်လုပ်နေပါပြီ"ဟု အီရန်ကာကွယ်ရေးဝန်ကြီးကပြောကြားပြီး ယင်းလုပ်ငန်းမှာ ရလဒ်ကောင်းများ ရရှိနေကြောင်းပြောကြားသည်။

ဆာဗာ-၃၇၃ ဟုခေါ်သော ဒုံးကျည်ကာကွယ်ရေးစနစ်သည် ရုရှားနိုင်ငံ၏ S-300 အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်ထက် ပင်ပိုကောင်းသည်ဟု အီရန်စစ်ဘက်အရာရှိများက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရောင်းချရန် ၂၀၀၇ ခုနှစ်တွင် အီရန်နိုင်ငံနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ယင်းကန်ထရိုက်စာချုပ်များမှာ ကန်ဒေါ်လာသန်း ၈၀၀ ခန့် တန်ကြေးရှိသည်။

သို့သော် ၂၀၁၀ စက်တင်ဘာလအတွင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်က ထိုစဉ်က အီရန်အပေါ် ချမှတ်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် (၁၉၂၉)ကို လိုက်နာသောအားဖြင့် အီရန်နှင့် ချုပ်ဆိုထားသည့်စာချုပ်အား ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

—*Ref: RIA Novosti*

## မူပိုင်ခွင့်အငြင်းပွားမှုနှင့်ပတ်သက်၍ အက်ပဲလ်နှင့် ဆမ်ဆောင်းကုမ္ပဏီ အကြီးအကဲများ တွေ့ဆုံမည်

**ကယ်လီဖိုးနီးယား၊ မေ – ၁၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တရားရုံးတစ်ရုံးတွင် မူပိုင်ခွင့်နှင့် ပတ်သက်၍ နှစ်ဖက်ရင်ဆိုင်နေရသော အမှုကို ဖြေရှင်းရန် ကြိုးပမ်းမှုတွင် အက်ပဲလ်နှင့် ဆမ်ဆောင်း ကုမ္ပဏီအကြီးအကဲနှစ်ဦး တွေ့ဆုံဆွေးနွေးရန်သဘောတူညီလိုက်ကြသည်။

တရားသူကြီးတစ်ဦး ဦးဆောင်သော အမှုဖြေရှင်းရေးကွန်ဖရင့်တွင် ပါဝင်ရန် အမေရိကန်တရားသူကြီးတစ်ဦးက အမိန့်ချမှတ်ခဲ့ပြီးနောက် ယခုသဘောတူညီချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းကုမ္ပဏီနှစ်ခုမှာ စမတ်ဖုန်းများနှင့် သင်ပုန်းကွန်ပျူတာများတွင်သုံးသော နည်းပညာများနှင့်ပတ်သက်၍ အပြန်အလှန်တရားစွဲထားကြသည်။ အခြားနိုင်ငံများတွင်လည်း မူပိုင်ခွင့်အတွက် တစ်ဖက်နှင့်တစ်ဖက် တရားစွဲထားကြသည်။

တရားရုံးတရားသူကြီးနှင့် ဖြေရှင်းရေး ကွန်ဖရင့်တွင် ပါဝင်တက်ရောက်ရန် ဆမ်ဆောင်းနှင့် အက်ပဲလ်တို့က သဘောတူညီလိုက်ပါသည်ဟု ဆမ်ဆောင်းကုမ္ပဏီက ဘီဘီစီသတင်းဌာနသို့ အီးမေးလ်ပေးပို့ခဲ့သည်။ ယင်းကွန်ဖရင့်ကို ရက်ပေါင်း ၉၀ အတွင်း ပြုလုပ်မည်ဖြစ်ပြီး ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်များနှင့်အတူ ရှေ့နေတစ်ဦးစီတက်ရောက်နိုင်ကြောင်း သိရသည်။

—*Ref: BBC*

## မစ်ရွမ်နေးကို ကန်အောက်လွှတ်တော်ဥက္ကဋ္ဌ ထောက်ခံ




Photo: AFP

**ဝါရှင်တန်၊ မေ – ၁၉**

အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ ရီပက်ဘလေကန်အမတ်ဖြစ်သူ ဂျွန်ဘိုးနားက ၎င်း၏ ကြားနေမှုကို အဆုံးသတ်လိုက်ပြီး လာမည့် ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် မစ်ရွမ်နေးကို ကူညီသွားမည်ဖြစ်ကြောင်းပြောကြားသည်။

"မစ်ရွမ်နေးဟာ ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းခံရသူဖြစ်လာတော့မယ်ဆိုတာ ထင်ရှားနေပါတယ်" ဟု ဂျွန်ဘိုးနားက သတင်းထောက်များအား ပြောကြားသည်။ "မစ်ရွမ်နေးကို ထောက်ခံပြီးသူအနိုင်ရရှိဖို့အတွက် ကျွန်တော်လုပ်နိုင်တာမှန်သမျှ လုပ်ဆောင်သွားဖို့ ကျွန်တော်ဂုဏ်ယူနေမှာပါ" ဟု၎င်းက ဆက်လက်ပြောကြားသည်။

လာမည့် နိုဝင်ဘာလတွင် သမ္မတအိုဘားမားနှင့် ယှဉ်ပြိုင်ခွင့်ရရှိရန်အတွက် ရီပက်ဘလေကန်ကိုယ်စားလှယ်လောင်းများသည် အကြိုရွေးကောက်ပွဲများ၌ လပေါင်းများစွာ အလဲလဲအကွဲကွဲတိုက်ပွဲများ ဆင်နွှဲခဲ့သည်။ ယခင်နှစ် အမျိုးသားညီလာခံတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့်အတွက် မစ္စတာဂျွန်ဘိုးနားက ရီပက်ဘလေကန်တိုက်ပွဲများ၌ ကြားနေခဲ့သည်။ ယခုအချိန်မှသာ မစ္စတာဂျွန်ဘိုးနားက ၎င်း၏ ကြားနေမှုကို အဆုံးသတ်လိုက်ပြီး မစ်ရွမ်နေးအား ထောက်ခံလာခြင်းဖြစ်သည်။

ကွန်ဂရက် လွှတ်တော်မှ အခြားထင်ရှားသောရီပက်ဘလေကန်အမတ် အများအပြားက မတ်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မစ်ရွမ်နေးကို ထောက်ခံထားကြပြီးဖြစ်သည်။

—*Ref: AFP*



# အိန္ဒိယတာဝေးပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်

**နယူးဒေလီ၊ ဧပြီ – ၁၉**

ချူကလီးယား ထိပ်ဖူးသယ်ဆောင်နိုင်ပြီး ကမ္ဘာ့တိုက်ကြီးတစ်ခုမှ တစ်ခုသို့ပစ်ခတ်နိုင်သည့် တာဝေးပစ်ဒုံးကျည်တစ်ခုအား အိန္ဒိယနိုင်ငံက စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှာပင် တီထွင်ထုတ်လုပ်ထားသော အက်ဂနီ-၅ ဒုံးကျည်အား မူလက ဧပြီ ၁၈ ရက်တွင် နိုင်ငံအရှေ့ပိုင်း ဩရိသပြည်နယ်မှ လွှတ်တင်ရန်စီစဉ်ထားခဲ့သော်လည်း ယင်းဒေသတွင် လျှပ်စီးလက်မှုများ ဖြစ်ပေါ်နေခဲ့၍ ဧပြီ ၁၉ ရက် နံနက် ပိုင်းအထိ ရွှေ့ဆိုင်းခဲ့ကြောင်း ကာကွယ်ရေးအရာရှိများက ပြောကြားသည်။

၎င်းတာဝေးပစ်ဒုံးကျည်အား မိုင်ပေါင်း ၃,၁၀၀ အထိ ပစ်လွှတ်နိုင်ပြီး ယင်းမှာ တရုတ်နိုင်ငံရှိပစ်မှတ်များကို လက်လှမ်းမီသောအနေအထားဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ဟင်ဒီဘာသာစကားအရ မီးဟုအဓိပ္ပာယ်ရှိသော အက်ဂနီ အုပ်စုဝင် ဒုံးကျည်များသည် အိန္ဒိယနိုင်ငံ၏ ဒုံးကျည်အခြေခံ ချူကလီးယားဟန့်တားမှုအတွက် အလွန်အရေးပါသော ဒုံးကျည်များဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားသည်။ ယင်းဒုံးကျည်များသည် အိန္ဒိယနိုင်ငံ၏ အဆင့်မြင့်ဆုံးလက်နက်များဖြစ်သည်။

အက်ဂနီ-၅ ဒုံးကျည်သည် အလေးချိန် ၁ ဒသမ ၅ တန်လေးသောထိပ်ဖူးကို သယ်ဆောင်နိုင်ပြီး ၂၀၁၄-၁၅ ခုနှစ်များတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ *—Ref: BBC*

Photo: AFP



7 DAY NEWS JOURNAL
# International
Vol.11, No.7 • APRIL 26 , 2012

## ရေနံမြေတိုက်ပွဲများအတွင်း တောင်ဆူဒန် နိုင်ငံသား ၄၀၀ သေဆုံးခဲ့ကြောင်း ဆူဒန်ပြောကြား

**ခါတွန်၊ ဧပြီ - ၂၃**

ဆူဒန်နိုင်ငံ၏ အရေးကြီးဆုံး ရေနံမြေဖြစ်သောဟက်ဂလစ်ဒေသအား ပြန်လည်သိမ်းပိုက်ရန် ရက်ပေါင်းများစွာကြာမြင့်သည့်တိုက်ပွဲများတွင် ဆူဒန်တပ်ဖွဲ့များကရာနှင့်ချီသော တောင်ဆူဒန်နိုင်ငံသားများအား သုတ်သင်ခဲ့ကြောင်း ဆူဒန်အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဟက်ဂလစ်တိုက်ပွဲအတွင်း တောင်ဆူဒန်လွတ်မြောက်ရေးတပ်ဖွဲ့များနှင့် ကြေးစားတပ်ဖွဲ့များသေဆုံးမှုစာရင်းမှာ ၄၀၀ ဦး အထိပင်ရှိကြောင်း ဆူဒန်သမ္မတအိုမာအယ်လ်ဘာရှား၏ ထိပ်တန်း လက်ထောက်တစ်ဦးဖြစ်သူ အလီနာဖီကဆူဒန်မီဒီယာစင်တာသို့ ပြောကြားသည်။

ဆူဒန်တပ်ဖွဲ့ဝင်မည်မျှသေဆုံးသည်ဟု သတင်းတွင် ဖော်ပြခြင်းမရှိသလို စစ်ဘက်ကလည်း အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု စာရင်းကို ထုတ်ပြန်ခြင်း မရှိပေ။ ဆူဒန်နိုင်ငံမြို့တော် ခါတွန်ရှိ စစ်ဆေးရုံတွင် ဒဏ်ရာရရှိသူ ၁၀၀ ခန့်အား ကုသပေးနေသည်ကိုမြင်တွေ့ခဲ့ရသည်ဟု အေအက်ဖ်ပီဓာတ်ပုံသတင်းထောက်အားကိုးကား၍ သတင်းတွင်ဖော်ပြသည်။

စာ(၄၅)သို့


Photo: AFP

## ပြင်သစ်သမ္မတ ရွေးကောက်ပွဲ ဆာကိုဇီ ဒုတိယသာလိုက်နေ

**ပါရီ၊ ဧပြီ - ၂၃**

ဧပြီ ၂၂ ရက်က ပြုလုပ်ခဲ့သော ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ပထမအကျော့၌ လက်ရှိသမ္မတ နီကိုလပ်စ်ဆာကိုဇီက ဒုတိယနေရာသာရရှိထားပြီး ဒုတိယ အကျော့ မဲခွဲမှုတွင်လည်း ရှုန်းကန်ရဖွယ်ရှိကြောင်း သိရသည်။

ပထမအကျော့ မဲဆန္ဒရေတွက်မှုတွင် မစ္စတာဆာကိုဇီကမဲ အရေအတွက် ၂၇ ဒသမ ၁ ရာခိုင်နှုန်းသာ ရရှိခဲ့ပြီး ၎င်း၏ဆိုရှယ်လစ်ပြိုင်ဘက် ဖရန်စစ်ဟော်လန်ဒီက ၂၈ ဒသမ ၆ ရာခိုင်နှုန်း ရရှိခဲ့ရာ ယင်းမှာ ပြင်သစ်နိုင်ငံသမိုင်းတွင် လက်ရှိသမ္မတတစ်ဦး အနေဖြင့် ပထမအကျော့ရွေးကောက်ပွဲ၌ ပထမဦးဆုံး အကြိမ်ရှုံးနိမ့်မှုဖြစ်သည်။

အမျိုးသားတပ်ဦးပါတီမှ မစ္စမာရင်းလီးပင်းက မဲဆန္ဒအရေအတွက် ၁၈ ဒသမ ၁ ရာခိုင်နှုန်းဖြင့် တတိယနေရာ ရရှိခဲ့သည်။

မစ္စတာဆာကိုဇီနှင့် မစ္စတာဟော်လန်ဒီတို့သည် မေလ ၆ ရက်တွင် ဒုတိယအကြိမ် မဲခွဲဆုံးဖြတ်မှုကို ခံယူရမည်ဖြစ်သည်။

သမ္မတရာထူးဆက်လက်ရယူနိုင်ရေးအတွက် မစ္စတာဆာကိုဇီသည် ဒုတိယအကျော့ ရွေးကောက်ပွဲတွင် အမျိုးသားတပ်ဦးကိုထောက်ခံခဲ့သူများအားစည်းရုံးရမည်ဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားသည်။ သို့သော် မစ္စတာဟော်လန်ဒီမှာ ဦးဆောင်သူအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။ ရွေးကောက်ပွဲတတိယနေရာရရှိခဲ့သူ မစ္စမာရင်းလီးပင်းကလည်း မစ္စတာဟော်လန်ဒီကို ထောက်ခံကြရန် တိုက်တွန်းထားသည်။

—Ref: BBC



Photo: AFP

## အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်သူ ၃၀၀ ဦး ဆီးရီးယားသို့ စေလွှတ်မည်

**ကုလသမဂ္ဂ၊ ဧပြီ - ၂၃**

ဆီးရီးယားနိုင်ငံတွင် ရက်သတ္တပတ်တစ်ပတ်သာရှိသေးသော အပစ်အခတ်ရပ်စဲမှု ပိုမိုခိုင်မာအားကောင်းလာစေရန် လက်နက်ကိုင်ဆောင်ခြင်းမရှိသော စစ်ဘက်လေ့လာသူ ၃၀၀ ဦးအထိချထားရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း အတည်ပြုခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာသူများသည်ဧပြီ ၂၁ ရက်တွင် ဆီးရီးယားနိုင်ငံ ဟွမ်းစ်မြို့သို့သွားရောက်လေ့လာခဲ့ပြီးနောက် ကုလသမဂ္ဂ၏ မဲခွဲဆုံးဖြတ်မှုထွက်ပေါ်လာခြင်းဖြစ်သည်။ သမ္မတ ဘာရှားအယ်လ်အာဆတ်အပေါ် ပုန်ကန်ထကြွမှု၏ ဗဟိုချက်ဖြစ် သောဟွမ်းစ်မြို့တွင် ရက်သတ္တပတ်များစွာအတွင်း ပစ်ခတ်တိုက်ခိုက် မှုများ

စာ(၄၅)သို့

## အာဖဂန်နစ္စတန်တွင် ၂၀၁၄ နောက်ပိုင်းအထိ အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိမည်


Photo: Getty Images


**ကဘူးလ်၊ ဧပြီ - ၂၃**

၂၀၁၄ ခုနှစ်တွင် အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာသွားပြီး နောက်ဆယ်နှစ်ကြာသည်အထိ အမေရိကန်တပ်ဖွဲ့များ အာဖဂန်တွင်ဆက်လက် ထားရှိရေးနှင့် ယင်းတပ်ဖွဲ့များ၏သဘောသဘာဝကိုဖွင့်ဆိုထားသည့်မဟာဗျူဟာမြောက် လက်တွဲပူးပေါင်းဆောင်ရွက်မှု ကနဦးသဘောတူညီချက်ကိုရရှိခဲ့ကြောင်း သိရသည်။

ကဘူးလ်မြို့တော်တွင် နှစ်ဖက်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်ကို ယခုအခါ အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းတို့က ပြန်လှန်သုံးသပ်ကြမည်ဖြစ်သည်။ သဘောတူညီချက်မူကြမ်းတွင် ပါဝင်သော အသေးစိတ်အချက်အလက်များကို မူထုတ်ပြန်ခြင်းမရှိပေ။

အမေရိကန်ဦးဆောင်သောနေတိုးတပ်ဖွဲ့ဝင်ပေါင်း ၁၃၀,၀၀၀ သည် တာလီဘန်ပုန်ကန်ထကြွမှုများအား ဆယ်စုနှစ်တစ်ခုကြာ ကူညီတိုက်ခိုက်ပေးပြီးနောက် ၂၀၁၄ ခုနှစ်တွင်၎င်းတို့၏ စစ်ဆင်ရေးများကိုအဆုံးသတ်တော့မည်ဖြစ်သည်။

စာ(၄၅)သို့



၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL အချပ်ပို

Vol.11, No.7 • APRIL 26 , 2012

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီချုပ်ကိုယ်စားလှယ်များ လွှတ်တော်မတက်သေး

**အိမြို့လွင်**

**ရန်ကုန်၊ ဧပြီ - ၂၃**

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရကိုယ်စားလှယ်များ ဧပြီ ၂၃ ရက်၌ ကျင်းပမည့် တတိယပုံမှန်လွှတ်တော်အစည်းအဝေးများသို့ မတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ယခုလ ၂၀ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အခြေခံဥပဒေဆိုင်ရာခုံရုံးက ဖိတ်ခေါ်၍ သွားရောက်ခဲ့သော ဦးဉာဏ်ဝင်းကလည်း မတက်ရန်ရာခိုင်နှုန်းများနေပြီဖြစ်ကြောင်း မီဒီယာများသို့ ယခုလ ၂၃ရက်တွင်ပြောကြားခဲ့သည်။ "ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြီးပြတ်အောင်၊ ပြေလည်အောင် ကြိုးစားမယ်။ ဒီနေ့ ၂၀ ရက်ဖြစ်နေတော့ စာအသွားအလာနဲ့တော့ မီနိုင်လောက်တဲ့ အနေအထားမတွေ့ဘူး"ဟု ဦးဉာဏ်ဝင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆိုရာတွင်ပါဝင်သည့် 'အခြေခံဥပဒေကို ထိန်းသိမ်းကာ ကွယ်စောင့်ရှောက်ပါမည်' ဆိုသည့်စကားရပ်အစား 'အခြေခံဥပဒေကို လေးစားလိုက်နာပါမည်'ဆိုသည့်စကားရပ်နှင့် ပြင်ဆင်ပေးရန် အဖွဲ့ချုပ်က တောင်းဆိုထားခဲ့ခြင်းဖြစ်ပြီး ယင်းကိစ္စကို နေပြည်တော်ရှိ ဖွဲ့စည်းပုံဆိုင်ရာအခြေခံဥပဒေခုံရုံးက ပြင်ဆင်ရေးသားပေးရန်မလိုအပ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူကို ခေါ်ယူရှင်းပြခဲ့သည်ဟု ဦးဉာဏ်ဝင်းကဆိုသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ခုံရုံးက ကျွန်တော်တို့ကိုကောင်းမွန်စွာဆက်ဆံတယ်။ စိတ်ရှည်လက်ရှည် ရှင်းပြတယ်။ ဒါကို လက်ခံပါတယ်။ ဒါပေမဲ့ သူတို့ ရှင်းပြတာတွေကို သဘောမတူတဲ့အချက်တွေရှိပါတယ်"ဟု ကိုယ်တိုင်သွားရောက်ခဲ့သည့် ဦးဉာဏ်ဝင်းက ပြောသည်။

ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း "လွှတ်တော် မတက်ဘူးလို့ မပြောဘူး။ လွှတ်တော်သွားနိုင်မယ့် အချိန်ကိုစောင့်နေတာပါ"ဟု ဧပြီ ၂၂ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ဧပြီ ၁ ရက်က ကျင်းပခဲ့သည့် ကြားဖြတ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လစ်လပ်နေရာ ၄၅ နေရာ အနက် ၄၃ နေရာ အနိုင်ရရှိခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ရွေးချယ်ခံခဲ့ရသော လွှတ်တော်ကိုယ်စားလှယ်များသည်ပထမဆုံးအကြိမ်လွှတ်တော်သို့ စတင်တက်ရောက်သည့်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကို လိုက်နာပါမည်ဟု ကတိသစ္စာပြုရမည်ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲမကျင်းပမီ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေတွင် ပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်ဟူသောစကားရပ်အပါအဝင် အချက်သုံးချက်ကို ပြင်ဆင်ပေးခဲ့သောကြောင့် ကြားဖြတ်ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာပြုရမည့်စာသားကို မပြင်ဆင်ရသေးသောကြောင့် လွှတ်တော်အစည်းအဝေးများသို့မတက်ရောက်သေးခြင်းဖြစ်သည်ဟု အဖွဲ့ချုပ်ပါတီကပြောကြားသည်။

အပြတ်အသတ် အနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ယခု ကျင်းပနေသည့် လွှတ်တော်အစည်းအဝေးများကို မတက်ရောက်သောကြောင့် မဲပေးခဲ့ကြသော ပြည်သူလူထု၏ ဆန္ဒနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိကြောင်း အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

"ပြည်သူလူထု စိတ်ထဲမှာ တစ်မျိုးမြင်မှာ စိုးတယ်။ ကျွန်တော်တို့က ကပ်နေတယ်လို့ပေါ့။ အဲလို ထင်မှာစိုးတယ်။ ပါတီအနေနဲ့တော့ ဒီကိစ္စကို ပြေလည်အောင်ကြိုးစားနေတာပါ"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောကြားခဲ့သည်။

ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကမူ "ကျွန်တော့်အမြင်ကတော့ ဒီလိုစကားရပ် အပြောင်းအလဲကလည်း အဓိပ္ပာယ်ရှိပါတယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံကို ထိန်းသိမ်းပါမယ်လို့ ကတိပြုရပေမယ့် ဖွဲ့စည်းပုံထဲမှာ ပြင်ဆင်နိုင်တယ်ဆိုတဲ့ဥပဒေပုဒ်မက ရှိပြီးသားပဲလေ။ ဒါကြောင့် ကတိသစ္စာပြုထားလို့ ပြင်လို့မရဘူးဆိုတာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း အခြေအနေ အချိန်အခါသင့်ရင်ပြင်မှာပါပဲ"ဟု ပြောကြားခဲ့သည်။

ယခု ပြင်ဆင်ရမည့် အငြင်းပွားနေသောစာသားသည်ဖွဲ့စည်းပုံအခြေခံဥပဒေပါ စာသားဖြစ်သည့်အတွက် ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်လိုပါက လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းက ပြင်ဆင်ရန် အဆိုတင်သွင်းရမည်ဖြစ်သည်။ အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးပြီး ကိုယ်စားလှယ်စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမှပြင်ဆင်နိုင်မည်ဖြစ်သည်။

လက်ရှိ လွှတ်တော်ထဲတွင် ပြည်ခိုင်ဖြိုးပါတီက ၈၀ ရာခိုင်နှုန်းကျော်ရှိနေသည့်အတွက် ဥပဒေပြင်ဆင်ရန်လိုအပ်သည့်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းသည် ဒီမိုကရေစီပါတီများချည်း သီးသန့်တင်၍မရနိုင်ဘဲ ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်များပါဝိုင်းကူမှဖြစ်နိုင်မည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောကြား သည်။

ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်က "ဒေါ်အောင်ဆန်းစုကြည်လွှတ်တော်ထဲမဝင်လာတာ သူမရဲ့သဘောဆန္ဒပဲဖြစ်ပါတယ်။ လွှတ်တော်ကြီးကတော့ သူ့ကိုကြိုဆိုနေပါတယ်"ဟု သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

# ကျပ်ငါးထောင်တန် မိုဘိုင်းဖုန်းကိစ္စ လွှတ်တော်တွင် ဆွေးနွေး

**သီဟ၊ သန်းထူး**

**နေပြည်တော်၊ ဧပြီ - ၂၃**

ဝင်ငွေနည်းပြည်သူလူထုအတွက် မျှော်လင့်ချက်ဖြစ်သော ကျပ်ငါးထောင်တန် မိုဘိုင်းဖုန်းနှင့်ပတ်သက်ပြီး ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ရက်မြောက်နေ့အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်။



ဧပြီ ၂၃ရက်က လွှတ်တော်အစည်းအဝေးကျင်းပစဉ်

ဓာတ်ပုံ - သီဟ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက အဆိုပြုဆွေးနွေးခြင်းဖြစ်ပြီး ကျပ်ငါးထောင်တန်ဆင်းမ်ကတ်များပြည်သူလူထုအသုံးပြုနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်နိုင်မည့်အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

လောလောဆယ် သုံးစွဲခွင့်ချထားပေးလျက်ရှိသော ကျပ်နှစ်သိန်း၊ နှစ်သိန်းခွဲတန် ဂျီအက်စ်အမ်နှင့် စီဒီအမ်အေဖုန်းများမှာ ပတ်ဝန်းကျင်နိုင်ငံများထက် ဆယ်ဆကျော် ဈေးနှုန်းမြင့်မားနေဆဲဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လက်ငင်းအရင်းကျေ ရောင်းချပေးသည့်အတွက်ဈေးနှုန်းမြင့်မားနေခြင်းဖြစ်ကြောင်း၊ ၎င်းအပြင်တည်ဆဲဥပဒေအရ အကန့်အသတ်ရှိသော်လည်း ပုဂ္ဂလိကမှအားလုံးပါဝင်ဆောင်ရွက်ခွင့်ရသင့်ကြောင်းလည်း ဒေါက်တာမြတ်ဉာဏစိုးကပြောကြားသည်။

ယင်းအကြောင်းအရာနှင့်ပတ်သက်ပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးတင့်လွင်က ပြန်လည်ရှင်းလင်းပြောကြားရာတွင် မိုဘိုင်းဖုန်းများ ပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ သုံးစွဲခွင့်ရရှိရန် အဆင့်ဆင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာကဲ့သို့ ဈေးနှုန်းများအဆင့်လိုက် လျှော့ချမည်ဖြစ်ကြောင်း၊ ထို့အပြင် ခေတ်နှင့်မလျော်ညီတော့သော ဆက်သွယ်ရေးဥပဒေကိုလည်း ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း၊ ယင်းပြင်ဆင်မှုအရ ပုဂ္ဂလိကမှ နိုင်ငံတကာအဆင့်နှင့်အညီ ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ဥပဒေကြမ်းကို လွှတ်တော်၌ လိုအပ်သကဲ့သို့ပြင်ဆင်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထိုကဲ့သို့ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေတွင်လည်း မိုဘိုင်းဖုန်းနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုကဏ္ဍများအတွက် ပြည်တွင်းလုပ်ငန်းရှင်များကိုဦးစားပေးသွားမည်ဖြစ်ကြောင်း ၎င်း၏ပြောကြားချက်အရသိရှိရသည်။

# စင်ကာပူရောက် မြန်မာများ တရားဝင်ငွေလွှဲနိုင်ပြီ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဧပြီ - ၂၃**

စင်ကာပူနိုင်ငံရှိ မြန်မာအလုပ်သမားများ ဧပြီ ၂၃ရက်မှစတင်၍ နိုင်ငံအတွင်းသို့ တရားဝင်ငွေလွှဲနိုင်ပြီဖြစ်သည်။

ငွေလွှဲရာတွင်ပြည်ပရောက်အလုပ်သမားများသာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တစ်ရက်လျှင် စင်ကာပူနိုင်ငံသုံးငွေ ၃,၀၀၀ သာ လွှဲပို့နိုင်သည်။ ငွေလွှဲဝန်ဆောင်ခမှာလည်း တစ်ကြိမ်လျှင် ပမာဏမည်မျှပင်ဖြစ်စေ အမေရိကန်ဒေါ်လာဖြင့်တွက်ပါက လေးဒေါ်လာနီးပါးပေးဆောင်ရမည်၊ပြည်တွင်းမှ ငွေလွှဲဝန်ဆောင်မှုကို ရန်ကုန်မြို့မှအပ အခြားသောမြို့များသို့ ပေးပို့ရမည်ဆိုပါက ပြည်တွင်းငွေလွှဲနှုန်းအတိုင်း ဝန်ဆောင်စရိတ်ယူမည်ဟု သမဝါယမဘဏ်(CB) ဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာဦးဖေမြင့်က ဆိုသည်။

"စီးပွားရေးလုပ်ငန်းကြီးတွေ၊ နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းကြီးတွေကတော့ ဆွစ်ဖ်(SWIFT)စနစ်ပြီးမှ လုပ်လို့ရမယ်' ဟုဦးဖေမြင့်ကရှင်းပြသည်။

စင်ကာပူနိုင်ငံမှ ငွေလွှဲလုပ်ငန်းကို (All Best Exchange Co.,Ltd) ပုဂ္ဂလိကငွေလွှဲဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်တွင်းရှိ သမဝါယမဘဏ်တို့က ချိတ်ဆက်၍ စတင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဧပြီလကုန်ပိုင်းတွင် မလေးရှားနိုင်ငံမှလည်း နိုင်ငံခြားငွေလွှဲလုပ်ငန်းကို လုပ်ကိုင်ရန် စီစဉ်ထားကြောင်း သမဝါယမဘဏ်မှစုံစမ်း သိရသည်။

"လောလောဆယ်တော့ လုပ်ဖို့ အစီအစဉ်မရှိသေးဘူး"ဟု AGD အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံခြားငွေလဲဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက် 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

နိုင်ငံတော်က ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၁ ခုကို ၂၀၁၁ နိုဝင်ဘာ ၂၅ ရက်မှစတင်၍ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ချပေးခဲ့သည်။

7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# အီးယူ၏ ပိတ်ဆို့အရေးယူမှု ဆိုင်းငံ့ခြင်းကြောင့် စီးပွားရေးအခွင့်အလမ်း ပိုမိုပွင့်လင်းလာရန်မျှော်လင့်

**ပြည်သိမ်းကိုကိုကြီး**

**ရန်ကုန်၊ မေ-၂၄**

ဥရောပသမဂ္ဂ(အီးယူ)က အရေးယူပိတ်ဆို့မှု တစ်နှစ်ဆိုင်းငံ့လိုက်ခြင်းကြောင့် မြန်မာ့ပို့ကုန်လုပ်ငန်းများအတွက် အခွင့်အလမ်းပိုမိုရရှိလာနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက မျှော်လင့်နေကြသည်။

ပိတ်ဆို့မှုဖယ်ရှားခြင်းကြောင့် ယခင်က တင်ပို့နိုင်ခြင်းမရှိသည့် ကျောက်မျက်၊ ကျွန်းသစ်အပါအဝင်ပရိဘောဂပစ္စည်းများ ပြန်လည်တင်ပို့ခွင့်ရနိုင်မည် ဖြစ်သည်။ ထို့အပြင် ယခင်က တင်ပို့ခွင့်ရထားသော ရေထွက်ကုန်၊ ချုပ်ပြီးသားအဝတ်အထည်များမှာ အခွန်သက်သာမည့် အထူးအခွင့်အရေးများရရှိရန် လုပ်ငန်းရှင်များက မျှော်လင့်ကြောင်းပြောသည်။

"ရေထွက်ကုန်မှာတော့ အီးယူဆန်ရှင်ပြုတ်ရင် ဘင်္ဂလားဒေ့ရှ်လိုပဲ အခွန်မပေးရလဲ တင်ပို့ခွင့်ရဖို့လိုတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်ကဆိုသည်။

အီးယူနိုင်ငံများကမြန်မာနိုင်ငံအား ပိတ်ဆို့ထားသော ကာလက မြန်မာ့ရေထွက်ကုန်များ ဝယ်ယူရာတွင် အခွန် ၁၃.၇ ရာခိုင်နှုန်းပေးရသည့်အတွက် လုပ်ငန်းရှင်များအတွက် အခက်ခဲများရှိသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံထဲတွင် ပါဝင်သဖြင့် အီးယူသို့ ရေထွက်ကုန်များ တင်ပို့ရာတွင် အခွန်လုံးဝကောက်ယူမှု မရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

"အီးယူဆန်ရှင်က အထည်ချုပ်လုပ်ငန်းတွေအတွက် သိပ်မထူးဘူး။ အခုလည်း ပို့နေရတာပဲ။ အခွန်ကင်းလွတ်ခွင့်ရဖို့သာ အရေးကြီးတယ်"ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးမြင့်စိုးကဆိုသည်။

ချုပ်ထည်များဥရောပဈေးကွက်သို့တင်ပို့ရာတွင် အခွန်မှ ၁၀ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းကြားပေးရသည်။ ယင်းမှာ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်မှ အလုပ်သမားများအား အတင်းအကြပ်ခိုင်းစေမှု၊ အလုပ်သမားသမဂ္ဂများမရှိခြင်းတို့ကြောင့် အခွန်စနစ်ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သည်။

"ဥရောပဈေးကွက်နဲ့ကမျက်ခြေနှစ်အတော်ကြာပြတ်နေတော့ တော်တော်ပြန်ကြိုးစားရမှာ"ဟု သစ်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

အီးယူနိုင်ငံများသို့ သစ်တင်ပို့မှုသည် ၁၉၉၇ နောက်ပိုင်းတွင် ရပ်နားခဲ့ရသည်။ ၁၉၉၇မတိုင်ခင် ရိုးရိုးခွဲသား၊ ရွက်လှေ၊ အဆင့်မြင့်သဘော်များတွင် အသုံးပြုသည့် အဆင့်မြင့်ခွဲသားနှင့် ပရိဘောဂတို့ကို တင်ပို့ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

မြန်မာနိုင်ငံသည် ဥရောပနိုင်ငံများနှင့် ကုန်သွယ်ရာတွင် ၂၀၁၀-၁၁ စာရင်းဇယားများအရ ဂျာမဏီနိုင်ငံသည် အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာသန်းပေါင်း ၄၀ ကျော်ရှိသည်။ မြန်မာနိုင်ငံနှင့်ဥရောပနိုင်ငံ ၂၄ နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ပြီး ကုန်သွယ်မှုပမာဏ ၂၀၁၀ ခုနှစ် ဇန်နဝါရီလထိ ကန်ဒေါ်လာ ၁၃၉ ဒသမ ၆၂ သန်းရှိသည်။

# မြန်မာ့စီးပွားရေးအနာဂတ် အလွန်အလာအလားကောင်းကြောင်း ဗြိတိန်ဝန်ကြီးချုပ် မှတ်ချက်ပေး



**အားမာန်**

**ရန်ကုန်၊ မေ-၁၉**

မြန်မာနိုင်ငံ၏ စီးပွားရေး အနာဂတ်မှာ အလွန်အလာအ လားကောင်းကြောင်း ဗြိတိန် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်က ပြောသည်။

"ကျွန်တော်အလွန် အပြုသဘောမြင်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိုသာ လုပ်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့စီးပွားရေး စီးပွားရေးအနာဂတ် အလွန်တောက်ပပါတယ်"ဟု ဒေးဗစ်ကင်မရွန်က 7Day News မေး မြန်းမှုကို မေ ၁၃ရက်က ပြန်လည်ဖြေကြားသည်။

မြန်မာနိုင်ငံတည်နေရာမှာ အာရှ၏ လမ်းဆုံတွင်ရှိနေခြင်း၊ အရင်းအမြစ်ပေါများခြင်းစသော အခွင့်အလမ်းများ ပိုင်ဆိုင်ထား၍ ယခုကဲ့သို့ မဆင်းရဲသင့်ပေ။ နိုင်ငံ့ တည်နေရာမှာ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် အလွန်ကြီးမားသော အခွင့်အလမ်းရှိနေသည်ဟု ၎င်းကဆက်လက်ပြောသည်။ မြန်မာနိုင်ငံနှင့် တရုတ် ဆက်ဆံရေးမှာ မြန်မာနိုင်ငံနှင့် နိုင်ငံရေးသမားများအတွက် အမြဲတမ်းအရေးကြီးဆုံးအကြောင်းအရာဖြစ်ပြီး၊ ကမ္ဘာ၏အစိတ်အပိုင်းတစ်ခုဖြစ်သော တရုတ်၏ ဖွံ့ဖြိုးကြီးထွားအောင်မြင်မှုများကို လူတိုင်း စိတ်ဝင်စားကြောင်း ၎င်းက မြန်မာ-တရုတ် ဆက်ဆံရေးနှင့်ပတ်သက်၍ ဖြေကြားသွားခဲ့သည်။

ကမ္ဘာတွင်ဩဇာလွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်တစ်ရာတွင် သမ္မတဦးသိန်းစိန်ရွေးချယ်သော ဆောင်းပါးတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများမှာ အောင်မြင်ပါက ကမ္ဘာစံပြမော်ဒယ်တစ်ခုဖြစ်လာနိုင်ကြောင်း လည်း တိုင်းမ်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

## စာ-၂၀၊ ခြီအမှတ်(၅၄)မှ သမိုင်းဝင်ခြေလှမ်းများ မှ

ဒ့ါအပြင် ဗြိတိန်နိုင်ငံက လူတိုင်းဟာလည်း ခင်ဗျားရဲ့ အားထုတ်ရုန်းကန်မှုကြောင့် စိတ်ကူးစိတ်သန်းတွေ နိုးကြားလာခဲ့ရပါတယ်"

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုလို၍ ကမ္ဘာထိပ်တန်းခေါင်းဆောင်က မြန်မာနိုင်ငံ ရုတ်တရက်ရောက်ရှိလာသည်ဆိုသော်လည်း သူ၏ခရီးစဉ်နှင့်ပတ်သက်၍ သုံးသပ်မှုမျိုးစုံရှိသည်။

"ဥရောပသမဂ္ဂနဲ့ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုနဲ့ပတ်သက်လို့ မဆုံးဖြတ်ခင် ဒေးဗစ်ကင်မရွန်ရဲ့ ခရီးစဉ်က ဗြိတိန်ဟာ မြန်မာနိုင်ငံအရေးနဲ့ပတ်သက်လို့ ဥရောပသမဂ္ဂအဖွဲ့မှာ ရှေ့မျက်နှာစာကို ထွက်လိုက်တာလို့ ထင်တယ်။ မြန်မာအရေးနဲ့ပတ်သက်လို့ ဥရောပသမဂ္ဂအဖွဲ့ရဲ့ဦးဆောင်နိုင်ငံဖြစ်တယ်ဆိုတာ ပြလိုက်တဲ့ ခရီးစဉ်လို့ မြင်တယ်"ဟုမြန်မာနိုင်ငံအကြောင်းသတင်းဆောင်းပါးများ နှစ်ကာလရှည်ရေးသားလာသော ဝါရင့်နိုင်ငံခြားသား သတင်းထောက်တစ်ဦးက သုံးသပ်သည်။

ဗြိတိန်တို့မှာ ၁၉ ရာစုက (၁၈၂၄ ခုနှစ်) ပထမအကြိမ် မြန်မာနိုင်ငံအား ကျူးကျော်၍ အောက်ပိုင်းဒေသအချို့သိမ်းပိုက်ခဲ့သောအချိန်မှ စတင်ရေတွက်လျှင် နှစ်ပေါင်း၁၀၀ကျော်ကိုလိုနီပြုခဲ့သော နိုင်ငံဖြစ်သော်လည်း ၂၁ ရာစုတွင်မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသော လူမှုရေးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အများဆုံးကူညီထောက်ပံ့သော နိုင်ငံဖြစ်နေသည်။ လာမည့် ၄ နှစ်အတွင်း ဗြိတိန်က မြန်မာနိုင်ငံအတွက်စတာလင်ပေါင်၁၈၅ သန်းကူညီပံ့ပိုးရန်သဘောတူကတိပြုထားသည်။ ၎င်းတို့က ပေးအပ်သော အကူအညီများကို မြန်မာအစိုးရသို့တိုက်ရိုက်ကူညီပေးအပ်သည်မဟုတ်ဘဲ လူမှုရေးအဖွဲ့အစည်းများမှတစ်ဆင့် ကူညီပေးအပ်ခြင်း ဖြစ်သည်။

မေ ၁၃ ရက်ညနေပိုင်းတွင် ဒေးဗစ်ကင်မရွန်က အီးယူနှင့် မြန်မာနိုင်ငံအတွက် အဓိကအရေးကိစ္စဖြစ်နေသော ပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်၍လည်း သူ၏အမြင်ကိုအတိအလင်းထုတ်ဖော်သည်။

"မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့တာတွေကို ဆိုင်းငံ့(ရပ်ဆိုင်း) ထားသင့်ပါတယ်။ ရပ်ဆိုင်းတာပါ။ ရုပ်သိမ်းတာမဟုတ်ပါဘူး။ ပြီးတော့လည်း ဒီလိုရပ်ဆိုင်းတဲ့ အထဲမှာ လက်နက်ကုန်သွယ်ရေး ပိတ်ပင်တားဆီးမှုကို မထည့်သွင်းဘူးဆိုတာ သေချာပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်မှာလည်း ဗြိတိန်ဝန်ကြီးချုပ်နှင့် အမြင်တူညီနေသည်။

"အီးယူရဲ့မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုကို ရပ်ဆိုင်းဖို့ စိတ်ကူးကို ကျွန်မလည်း သဘောတူပါတယ်။ ဒီလိုရပ်ဆိုင်းပေးမှုဟာ သမ္မတနဲ့ ပြုပြင်ပြောင်းလဲရေးသမားတွေရဲ့ စွမ်းဆောင်မှုကြောင့် ပေါ်ထွက်လာခဲ့တာပါ။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေကို မကြိုက်တဲ့သူတွေကပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဆန့်ကျင်ဖို့၊ တားဆီးဖို့ ကြိုးစားရင် ပိတ်ဆို့အရေးယူမှုကပြန်လာနိုင်တယ်ဆိုတာကိုရှင်းရှင်းလင်းလင်းသိစေမှာဖြစ်ပါတယ်။ ဒါကြောင့်ဒီနည်းလမ်းကပြုပြင်ပြောင်းလဲရေးသမားတွေအတွက် ပိုပြီးအားသာချက် ရရှိစေမှာဖြစ်ပါတယ်"ဟုဒေါ်အောင်ဆန်းစုကြည်ကလည်း ပြောသည်။

၎င်းတို့နှစ်ဦး သဘောတူသည့်အတိုင်းပင် လူဇင်ဘတ်နိုင်ငံတွင်မေ ၂၃ရက်ကဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို လက်နက်တင်သွင်းရောင်းချမှုပိတ်ပင်ခြင်းမှအပ တစ်နှစ်ဆိုင်းငံ့ကြောင်း ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံရှိအဓိက စီးပွားရေးအခွင့်အလမ်းများဖြစ်သော စွမ်းအင်၊ သတ္တုတွင်း၊ ငွေကြေးဝန်ဆောင်မှု၊ ဆက်သွယ်ရေးနှင့် ခရီးသွားကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်ခွင့် ရလိုသော စီးပွားရေးလုပ်ငန်းများတွင်ဗြိတိန်မှလုပ်ငန်းများလည်း ပါဝင်သည်။ ထို့ကြောင့် ဥရောပသမဂ္ဂရှိ စီးပွားရေးလုပ်ငန်းများက ၎င်းတို့၏ပြိုင်ဖက် အမေရိကန်လုပ်ငန်းရှင်များထက်လက်ဦး၍ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ရလိုနေကြောင်းလည်း ရိုက်တာသတင်းဌာနက ဒေးဗစ်ကင်မရွန် မြန်မာနိုင်ငံကိုလာရောက်မည့် ခရီးစဉ်အကြောင်း ရေးသားရာတွင် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်နှင့် အတူ စီးပွားရေးလုပ်ငန်းရှင်များ ပါလာ၍ မြန်မာနိုင်ငံတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ရန် စိတ်ဝင်စားခြင်းမှာ ခရီးစဉ်၏ ရည်ရွယ်ချက်တစ်ခု ဖြစ်နေသလားဟု ထင်ခဲ့ကြသူအချို့လည်းရှိသည်။ သို့သော်ခရီးစဉ်အတွင်းစီးပွားရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုမရှိခဲ့ကြောင်းလည်းသတင်းရရှိသည်။

"မြန်မာနိုင်ငံဟာ သူမတူအောင်ထူးခြားတဲ့ လူအများနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံ။ အလွန်အင်မတန်မှ လှပတဲ့နိုင်ငံဖြစ်ပါတယ်။ သည်နိုင်ငံဟာ အခုလောက်ကြီးဆင်းရဲနွမ်းပါးမနေသင့်ပါဘူး။ သည်နိုင်ငံဟာ အာဏာရှင်စနစ်အောက်မှာ သည်လောက်အကြာကြီးထိခိုက်ခံစားမနေသင့်ပါဘူး"ဟု ဒေးဗစ်ကင်မရွန်က အာရှ၏အဖွံ့ဖြိုးဆုံးနိုင်ငံ ဖြစ်ခဲ့ဖူးသော်လည်း ယနေ့ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများစာရင်းဝင် ဖြစ်နေသော မြန်မာနိုင်ငံနှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။

"သည်နိုင်ငံက ကလေးသုံးယောက်မှာ တစ်ယောက်က အာဟာရချို့တဲ့နေတာဟာ အင်မတန် စိတ်ထိခိုက်စရာကောင်းလှပါတယ်။ ဆင်းရဲနွမ်းပါးမှုကြီးကလည်းကြီးမားလှပါတယ်။ နိုင်ငံရေးတိုးတက်မှုအတွက်သာမကဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုပါ ဗြိတိန်နိုင်ငံအနေနဲ့ ဆောင်ရွက်သင့်တဲ့အကြောင်း ကျွန်တော်အခိုင်အမာ ပြောလိုပါတယ်"

ယနေ့ မြန်မာနိုင်ငံတွင် အလာအလားကောင်းသော ပြောင်းလဲမှုများဖြစ်ပေါ်နေပြီး၊ ဗြိတိန်ကဲ့သို့ကျန်ကမ္ဘာ့နိုင်ငံများကလည်း အသိအမှတ်ပြုတုန့်ပြန်ရန်လိုသည်။ တုန့်ပြန်ရာတွင်လည်း သတိရှိစွာဖြင့် တုန့်ပြန်ရမည်ဖြစ်ပြီး၊ အပြောင်းအလဲများတွင်မြန်မာနိုင်ငံ နောက်ကြောင်း ပြန်မလှည့်ရန် ယုံကြည်ချင်သောကြောင့် သံသယအမြဲရှိနေရမည်ဟုဗြိတိန်ဝန်ကြီးချုပ်ကဆိုသည်။

သို့သော် မြန်မာအစိုးရက ကျန်ရှိနေသော ယုံကြည်ချက်အကျဉ်းသားများကို လွတ်မြောက်ပေးရန်၊ တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့်ဖြစ်ပွားနေသော ပဋိပက္ခများကို စစ်မှန်သော နိုင်ငံရေးအရဖြေရှင်းရန်လည်း၎င်းကတိုက်တွန်းသည်။ ၂၀၁၅ ရွေးကောက်ပွဲကို စောင့်မျှော်ကြည့်ရှုနေကြောင်း ဆက်ပြောသည်။

မေ ၁၁ ရက်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒုတိယအကြိမ် တွေ့ဆုံခဲ့သော ဒေါ်အောင်ဆန်းစုကြည်က ဗြိတိန်ဝန်ကြီးချုပ်၏ မြန်မာခရီးစဉ်မှာ သင့်မြတ်လှသောအချိန်တွင်ရောက်ရှိလာခြင်းဖြစ်ကြောင်းပြောသည်။ ဒီမိုကရေစီအရေးအတွက်အပါအဝင် မြန်မာနိုင်ငံအတွက် ဗြိတိန်၏ ကူညီထောက်ပံ့မှုများအတွက် ကျေးဇူးတင်ကြောင်း ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သော သူမက ဆက်ပြောသည်။

ကင်မရွန်းက သူမကို လာမည့်ဇွန်လတွင် ဗြိတိန်သို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်သည်။ ဒေါ်အောင်ဆန်းစုကြည်မှာ မေ၂ရက်တွင် ပတ်စ်ပို့လျှောက်ထားနေပြီဖြစ်ပြီး ဇွန်လတွင်ဗြိတိန်နှင့်နော်ဝေသို့ နှစ်ပေါင်း၂၄နှစ်အတွင်း ပထမဆုံးအကြိမ် ပြည်ပခရီးသွားရောက်မည်ဖြစ်သည်။

ကမ္ဘာကျော်ပုဂ္ဂိုလ်နှစ်ဦးမှာ ခြံနံပါတ် ၅၄ တွင် တစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးပြီးနောက် မိနစ် ၂၀ ကျော်ကြာ သတင်းစာရှင်းလင်းပွဲကျင်းပ၍ သတင်းထောက်များ၏ မေးခွန်းများကို အတူဖြေခဲ့ကြသည်။ ထို့နောက် ကင်းမရွန်မှာ စမ်းချောင်းမြို့နယ်ရှိ စစ်သချိုင်းသို့ သွားရောက်ပန်းခွေချ အလေးပြုသည်။ ညစာကို ရန်ကုန်ရှိ ဗြိတိသျှသံအမတ်နေအိမ်တွင် ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ကျွေးသည်။ ည ၁၀ နာရီတွင် ရွှေတိဂုံစေတီတော် သွားရောက်ဖူးမြော်ပြီးနောက် အထူးလေယာဉ်ဖြင့် ပြန်သွားသည်။

"ခင်ဗျားရဲ့ အားထုတ်ရုန်းကန်ခဲ့ရမှု၊ ခင်ဗျားရဲ့ အံ့မခန်းတဲ့ရဲစွမ်းသတ္တိ၊ ကမ္ဘာတစ်ဝန်းက လွတ်လပ်မှု၊ ဒီမိုကရေစီနဲ့ပိုမိုကြီးကျယ်မြင့်မြတ်လှတဲ့ လူ့အခွင့်အရေးများကို မြင်လိုကြသူတွေအားလုံးအတွက် ခင်ဗျားပြသခဲ့တဲ့ အလင်းရောင်ကိုစောင့်ကြည့်ခဲ့ရတာဟာ အင်မတန်မှ စိတ်ကူးစိတ်သန်ကောင်းများ နိုးကြားတက်ကြွလာစေခဲ့ပါတယ်လို့ ပြောရင်းနဲ့ အဆုံးသတ်ပါစေ"ဗြိတိန်ဝန်ကြီးချုပ်က ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ နောက်ဆုံးမှတ်ချက်ပြုပြောစကားဖြစ်၏။ တစ်ချိန်က ဗြိတိန်နိုင်ငံမှခေါင်းဆောင်များက လေးစားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်ကို ဒေးဗစ်ကင်မရွန်ကြည့်သောအကြည့်တို့၌ လေးစား၊ ချစ်ခင်မှုများ အတိုင်းသား တွေ့ရ၏။

# ကချင်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ သမ္မတနှင့်တွေ့ရန် တောင်းဆို

**အေးမြကျော်**

**ရန်ကုန်၊ မေ-၂၄**

မြန်မာအစိုးရနှင့် ကေအိုင်အိုတို့ အကြား ငြိမ်းချမ်းရေးဆွေးနွေး နိုင်ရေးတွေ့ဆုံရန် အကျိုးဆောင် ညှိနှိုင်းပေးသော အဖွဲ့တစ်ဖွဲ့ဖြစ် သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့(PCG)သည် ကချင်ပြည်နယ်တွင်း လက်ရှိဖြစ် နေသောအခြေအနေများ၊ပြည်သူ များ ကြုံတွေ့ခံစားနေရသည့် အ ခက်အခဲများနှင့် ကေအိုင်အေ၏ သဘောထားများကို ပြောပြနိုင် ရန် သမ္မတဦးသိန်းစိန်နှင့် တွေ့ ဆုံရန် စာဖြင့်ပေးပို့တောင်းဆို ထားသည်ဟု အဖွဲ့ဝင်တစ်ဦးက ပြောသည်။

သမ္မတနှင့်တွေ့ဆုံခွင့်ရခဲ့ပါ က မကြာမီ မိုးတွင်းကာလရောက် ရှိတော့မည်ဖြစ်သဖြင့် စစ်ဘေး ဒုက္ခသည်များ ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ ကချင်ပြည်နယ် အတွင်း သင်္ကြန်ကာလ မတိုင်မီမှ စကာ တိုက်ပွဲများ အရှိန်မြင့်လာ သည့်အကြောင်းများနှင့် ကေအိုင် အို၏သဘောထားများကို ပြောပြ သွားမည်ဟု အဖွဲ့ဝင်တစ်ဦးက ပြောသည်။

သမ္မတနှင့် တွေ့ဆုံနိုင်ရန် စာတစ်စောင်ရေးသားကာ မေ ၉ ရက်ကပေးပို့ထားပြီး အကြောင်း ပြန်လာမည်ကို စောင့်မျှော်နေ ကြောင်း ယင်းအဖွဲ့ဝင်က ပြော သည်။

PCG အဖွဲ့သည်ကချင်တိုင်း ရင်းသား ၄ ဦးဖြင့် ဖွဲ့စည်းထား သော အဖွဲ့ဖြစ်ပြီး အစိုးရနှင့် ကေ အိုင်အိုတို့အကြားတွင် ငြိမ်းချမ်း ရေးတွေ့ဆုံဆွေးနွေးမှုများ ကြား ဝင်ညှိနှိုင်းဆောင်ရွက်နေသော အဖွဲ့ဖြစ်ပြီး ထိုအဖွဲ့တွင် ဂျိတ် လန်းကုမ္ပဏီအကြီးအကဲ ဦးယွပ် ဇော်ခေါင်၊ ဦးလမိုင်ဂွန်ဂျာ၊ ဦးခွန် အွမ်၊ဦးအန်ရှန်စန်အွမ်တို့၄ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အစိုးရ နှင့် ကေအိုင်အိုအဖွဲ့တို့ တရုတ် နိုင်ငံ ရွှေလီမြို့ ၃ ကြိမ်တိုင် တွေ့ ဆုံနိုင်ရေး အကျိုးဆောင်ပေးခဲ့ သည်။

လက်ရှိ ကချင်ပြည်နယ် တွင်းတွင် တိုက်ပွဲများမှာ အရှိန် မြင့်လာပြီး နေရပ်စွန့်ခွာထွက်ပြေး သူဦးရေမှာ ထပ်တိုးလာနေ ကြောင်း ပြည်နယ်တွင်း အကူအ ညီပေးရေးအဖွဲ့အစည်းများထံမှ သိရသည်။

# ဘင်္ဂလားပင်လယ်အော်မှ လေဖိအားနည်းရပ်ဝန်း မုန်တိုင်းအဖြစ် ကူးပြောင်းနိုင်

**အိမြတ်မွန်**

**ရန်ကုန်၊ မေ-၂၄**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်သို့ဖြစ်ပေါ်နိုင်သော်လည်း ယင်း မုန်တိုင်းသည်မြန်မာနိုင်ငံသို့ သက်ရောက်မှု မရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းမုန်တိုင်းသည် အိန္ဒိယကမ်းခြေ သို့ဝင်ရောက်နိုင်ပြီး မုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံရှိဒေသအချို့တွင် မိုးရွာသွန်းနိုင် ကြောင်း ယခုလက်ရှိတွင် မြန်မာနိုင်ငံဒေသ အချို့၌ နေရာကွက်ကြားမိုးရွာသွန်းမှု ၃ ရက် မှ ၅ ရက်အတွင်းရှိနိုင်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဦးထွန်းလွင်၏ ဝက်ဘ်ဆိုက်တွင် မေ ၂၃ ရက်တွင် ပြန့်ကျဲသော တိမ်တိုက်များစုစည်း လာပြီး လေဖိအားနည်းရပ်ဝန်းအဖြစ် အိန္ဒိယ အရှေ့ဖက်ကမ်းခြေသို့ဝင်ရောက်နေကြောင်း၊ အားကောင်းလာပါက မုန်တိုင်းအဖြစ်သို့ ကူးပြောင်းနိုင်ပြီး မြန်မာနိုင်ငံ မြစ်ဝကျွန်း ပေါ်ဒေသနှင့် ဝေးကွာသော်လည်း ရခိုင်ပြည် နယ်မြောက်ပိုင်းစွန်းကမ်းခြေများတွင် စောင့် ကြည့်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ဧပြီလ တတိယပတ် ၁၀ ရက်တွင် ခန့်မှန်း ချက်အရဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တွင် လေထိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာပါက မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ဧပြီလအတွင်း မြန်မာနိုင်ငံနေရာအ တော်များများတွင် အပူချိန်မြင့်မားလာခဲ့သည်။

လာနီညာရာသီဥတုဖြစ်စဉ်သည် ၂၀၁၂ ဧပြီပထမပတ်တွင် ကုန်ဆုံးသွားပြီး ဧပြီ ဒုတိယအပတ်မှ မေ ၂၀ ရက်အထိ ပုံမှန်ရာ သီဥတုဖြစ်စဉ်သို့ ရောက်ရှိနေကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ် နိုင်မည့်အခြေအနေ ရှိ၊ မရှိကို စောင့်ကြည့် ရမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလ ဗေဒဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# ၈၈ မျိုးဆက်ကျောင်းသားများနှင့် သမဂ္ဂကျောင်းသားများ ရဟန်းခံ

**ဥက္ကာကိုကို**

**ရန်ကုန်၊ မေ-၂၄**

၈၈ မျိုးဆက်ကျောင်းသား များ၊ သမဂ္ဂကျောင်းသားများမှ ရွှေ ညဝါဆရာတော် အရှင်ပညာ သီဟအား ပုနော့ပသမ္ပဒ သိက္ခာ ထပ်ခြင်းမင်္ဂလာ၊ဥပသမ္ပဒရဟန်း ဘောင်သို့ ချီးမြှောက်ခြင်းမင်္ဂလာ နှင့် ပဗ္ဗဇ္ဇရှင်ပြုခြင်းမင်္ဂလာတို့ကို စီရင်ကျင်းပသည့် အခမ်းအနား အား မေ ၂၄ ရက် နံနက် ၈ နာရီ ခွဲခန့်က ကြည့်မြင်တိုင်မြို့နယ်၊ သာစုကျောင်းတိုက်ရှိ သိမ်တော် ကြီးအတွင်း ကျင်းပပြုလုပ်ခဲ့ ကြောင်း သိရသည်။

ဦးဇော်ဇော်မင်းအပါအဝင် ၈၈ မျိုးဆက်ကျောင်းသား ၄ ဦးနှင့် သမဂ္ဂကျောင်းသား ၁၃ ဦးတို့ သည် မေ ၂၃ ရက်မှစတင်၍ ရွှေ ညဝါပရိယတ္တိစာသင်တိုက်တွင် ရဟန်းခံခဲ့ကြသည်။

မေ ၂၄ ရက်တွင်ပြုလုပ် သော ရွှေညဝါဆရာတော်အရှင် ပညာသီဟအား သိက္ခာထပ်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင် ဦးတို့လာရောက်ခဲ့ကြပြီး နိုင်ငံရေး အကျဉ်းသားဟောင်းများ အပါအ ဝင်လူပေါင်း၃၀၀ ခန့်တက်ရောက် ခဲ့ကာ သိမ်ဆင်းဆွမ်းလောင်း လှူခဲ့ကြသည်။

ရွှေညဝါဆရာတော်နှင့် သံဃာတော်များသည် မေ ၂၅၊ ၂၆၊ ၂၇ ရက်များတွင် ကြည့်မြင် တိုင်မြို့နယ်နှင့် ကမာရွတ်မြို့နယ် တို့သို့ ဆွမ်းအလှူခံကြွရောက် တော်မူမည်ဖြစ်ကြောင်း သိရ သည်။

# သင်္ကြန်တွင်းဝတ်စားဆင်ယင်မှုကြောင့် သင်ဇာဝင့်ကျော်ကို ရုပ်ရှင်အစည်းအရုံးက ခေါ်ယူတွေ့ဆုံမည်

**အေးသူစံ**

**ရန်ကုန်၊ မေ ၂၃**

ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ သင်ဇာဝင့်ကျော်အား ယခုနှစ် သင်္ကြန်တွင်း သူမဝတ်စားဆင် ယင်ခဲ့သော ဝတ်ဆင်မှုဖက်ရှင် နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရုပ် ရှင်အစည်းအရုံးမှခေါ်ယူပြောဆို ရန် စီစဉ်ထားကြောင်း ရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

“ကျွန်တော်ကိုယ်တိုင် သူ့ရဲ့ ဖုန်းကိုခေါ်ပြီး ဆက်သွယ်ပါ တယ်။ လောလောဆယ် သူက ပြင်ဦးလွင်မှာ ကားရိုက်နေတယ်။ နှစ်ပတ်လောက်တော့ ကြာမယ်။ ပြန်လာရင်လာတွေ့ပါမယ်လို့အ ကြောင်းပြန်ပါတယ်။ ပြောစရာ ရှိတာကတော့ အများမြင်ကွင်းမှာ အနုပညာရှင် တစ်ယောက်အနေ နဲ့ မတင့်တယ် တဲ့ဝတ်စားဆင် ယင်မှုတွေ၊မြင်ကွင်းတွေကိုနောင် မပြုလုပ်ဖို့ စည်းရုံးရေးသဘော ပြောဆိုသွားမှာပါ။ သူ့ကိုအနုပညာ လုပ်ခွင့်တော့ပိတ်လို့မရပါဘူး။ ကျွန်တော်တို့မှာ အဲဒီလို ပိတ်ပိုင် ခွင့်မရှိပါဘူး။ ကျွန်တော်တို့က မိဘနေရာကနေ ကိုယ့်သားသမီး ကိုဆိုဆုံးမတဲ့သဘောနဲ့ပဲ ခေါ် ပြောမှာပါ။ သားသမီးမကောင်း မိဘခေါင်းဆိုသလိုပေါ့။ ကျွန် တော်တို့အဖွဲ့မှာ ဒီကိစ္စနဲ့ပတ် သက်ပြီး တာဝန်ရှိတယ်လို့ယူဆ လို့ ခေါ်ပြောရတာပါ” ဟု ၎င်းက ပြောကြားသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး သင်ဇာဝင့်ကျော်ထံ ဆက်သွယ်ရာ ယခုနှစ် သင်္ကြန် ကာလအတွင်း သူမ၏ ဝတ်စား ဆင်ယင်မှု ဖက်ရှင်နှင့် ဆက်စပ် ၍ ထွက်ပေါ်လာသောသတင်း များအပေါ် ကာယကံရှင် သင်ဇာ ဝင့်ကျော်အားဆက်သွယ်မေးမြန်း ရာ သူမ၏ မိတ်ကပ်ဆရာကသာ ဖုန်းလက်ခံဖြေကြားပြီး “ ခုဟာ က ပြင်ဦးလွင်မှာ ဒါရိုက်တာဝင်း ထွန်းထွန်းနဲ့ ဇာတ်ကားလေးကား ရိုက်နေတာ။ ဒီနေ့ဆို Night sence တွေပါရိုက်ရမှာ။ ဘယ်လိုမှမအား လို့ ဖုန်းလက်ခံပြီး ပြောနိုင်မှာ မဟုတ်ဘူး” ဟု ၎င်း၏ မိတ်ကပ် ဆရာမှ ဧပြီလ ၂၃ ရက် နေ့လယ် က ပြောကြားခဲ့သည်။

အမျိုးသမီးသရုပ်ဆောင် များ၏ ဝတ်စားဆင်ယင်မှုနှင့်ပတ် သက်၍ ယခင်ကလည်း ဆိုးဝါး သော ဝတ်ဆင်မှုများရှိခဲ့သော် လည်း ယခုကဲ့သို့ မြန်မာနိုင်ငံရုပ် ရှင်အစည်းအရုံးအနေဖြင့် ဝတ် ဆင်သူများကို ခေါ်ယူတွေ့ဆုံ ပြောကြားခဲ့ခြင်းမရှိခဲ့ဖူးပေ။ သို့ရာတွင် ယခင်အစိုးရလက် ထက်က စကတ်တိုသည့် အမျိုး သမီးရုပ်ရှင်သရုပ်ဆောင်တစ်ဦး ကို ဇာတ်ကားရိုက်ကူးခွင့်ပိတ်ပင် ခဲ့သည့်သာဓကရှိခဲ့ကြောင်း ဦးဇင် ဝိုင်းကပြောသည်။

# မုံရွာတွင် အပူချိန်မြင့်မားလွန်းသဖြင့် ကုန်စည်ဒိုင်အချိန် ပြောင်းဖွင့်လှစ်

**ကိုသက်**

**မုံရွာ၊ မေ-၂၄**

ကောက်ပဲသီးနှံ အဓိက ရောင်း ဝယ်ဖောက်ကားရာ အချက်အ ချာမြို့ဖြစ်သော မုံရွာမြို့တွင် ယခုရက်ပိုင်းအတွင်း အပူချိန်များ သိသာစွာ မြင့်တက်လာသဖြင့် ပဲ မျိုးစုံရောင်းဝယ်ရာ ကုန်စည်ဒိုင် ဖွင့်လှစ်ချိန်ကို နံနက်ပိုင်းသို့ မေ ၂၃ ရက်မှစတင်ကာပြောင်းရွှေ့ လိုက်ကြောင်း ဒေသခံကုန်သည်၊ ပွဲစားများက ပြောကြားသည်။

ကုန်စည်ဒိုင် ဖွင့်လှစ်ချိန်ကို ယခင် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီခွဲအချိန်ထိ ဖွင့်လှစ်ခဲ့ရာမှ ထိုအချိန်မှာ အပူချိန်အမြင့်မား ဆုံးအချိန်ဖြစ်သဖြင့် နံနက် ၉ နာရီ မှ ၁၂ နာရီသို့ ပြောင်းရွှေ့လိုက် ကြောင်း သိရသည်။ ယခုအခါ ပဲမျိုးစုံနှင့် အခြားသီးနှံများ ပေါက် ဈေးကို ၁၂ နာရီတွင် ပြောင်းလဲ သတ်မှတ်ထားသည်။ အပူချိန်မြင့် မားလွန်းသဖြင့် ကုန်စည်ဒိုင်အ ချိန် ပြောင်းလဲရသည်မှာ ယခု နှစ်နှင့်ဆိုလျှင် ၄ နှစ် ရှိပြီဖြစ် သည်။ မုံရွာမြို့တွင် အပူချိန်မှာ ပျမ်းမျှအားဖြင့် ၄၂ မှ ၄၄ ဒီဂရီ စင်ဒီဂရိတ်ရှိကြောင်း သိရသည်။

မုံရွာမြို့တွင် အပူချိန်မြင့် မားလွန်းသဖြင့် သက်ကြီးရွယ်အို များနှင့် အရက်အလွန်အကျွံ သောက်သုံးသူများ သေဆုံးခြင်း များရှိကြောင်း မုံရွာမြို့မှ နာရေး ကူညီမှုအသင်းတစ်ခုက ပြော ကြားသည်။

# သင်္ကြန်ကာလ နိုင်ငံတဝှမ်း မီးလောင်မှု ၁၉ မှု ဖြစ်ပွား

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၂၄**

သင်္ကြန်ကာလအတွင်း ဧပြီ ၁၂ ရက်မှ ၁၇ ရက်ထိ မီးလောင်မှု ၁၉ မှု ဖြစ်ပွားခဲ့ပြီး လူ ၃၆၀ မီး ဘေးသင့်ခဲ့ကြောင်းမြန်မာနိုင်ငံမီး သတ်တပ်ဖွဲ့ဌာနချုပ်ရုံးမှသတင်း ရရှိသည်။

အဆိုပါ မီးလောင်မှုများ ကြောင့် အိမ်ထောင်စု ၇၀ ခုတို့၌ မီးဘေးဒုက္ခသည်ပေါင်း ၃၆၀ ဦး ရှိခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာဒေသ များမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ဖြစ်ပြီး၊ သင်္ကြန်ကာလ မီးလောင် မှုဖြစ်ပွားမှုဖြစ်ပွားခဲ့သော မြို့ များတွင် ရန်ကုန်၊ မုံရွာ၊ မကွေး၊ ပြည်၊ ဝမ်းတွင်း၊ သာစည် စသော မြို့များပါဝင်သည်။ မန္တလေးတိုင်း ဒေသကြီးတွင် မီးလောင်မှုအများ ဆုံးဖြစ်ပွားခဲ့သည်။

ဧပြီ ၁၂ရက်တွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေလင်ဗန်း စက်မှုဇုန်၊ YC ဖော့ဘူးစက်ရုံ၌ နေ့ လည် ၂နာရီ၅၀မိနစ်အချိန်တွင် ဖြစ်ပွားခဲ့သော မီးလောင်မှုမှာ ကျပ်သိန်း ၉၅၀ ဆုံးရှုံးပြီး ဆုံး ရှုံးမှုတန်ဖိုးအများဆုံးဖြစ်သည်။ မီးလောင်ရခြင်း အကြောင်းရင်း မှာ ဖော့ပုံးအား သံချောင်းအပူပေး ပြီး အပေါက်ဖောက်ရာမှ အနီးရှိ ကော်ပုံးများသို့ ကူးစက်၍ မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

### စာ-၇၊ သင်္ကြန်ကာလ ယာဉ်တိုက်မှုကြောင့် ၃၆ ဦး သေဆုံး မှ

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် သင်္ကြန်ကာလအ တွင်း ရန်ကုန်မြို့တွင် ယာဉ်တိုက်မှုပေါင်း ၃၂ မှု၊ သေဆုံးသူငါးဦး နှင့်ဒဏ်ရာရရှိသူ ၆၉ ဦးတို့ရှိခဲ့သည်။ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြရာတွင်မူ သင်္ကြန်ကာလအတွင်း နိုင်ငံတစ်ဝန်းယာဉ်တိုက်မှုကြောင့် သေဆုံးသူ သုံးဦးသာရှိပြီး ဒဏ်ရာရရှိသူ ၅၉ ဦးရှိကြောင်း ဖော်ပြထားသည်။

အချပ်ပို

7DAY NEWS JOURNAL
Vol.11, No.7 • APRIL 26 , 2012

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အင်န်အယ်လ်ဒီအမှတ်တံဆိပ် ဆေးမင်ကြောင်ထိုးခြင်းခေတ်စား

**အေးမြတ်သူ**

**ရန်ကုန်၊ ဧပြီ-၂၂**

လူငယ်များအကြား ၂၀၁၂ နှစ်ဆန်းမှစ၍ ဗိုလ်ချုပ်အောင်ဆန်းပုံတူနှင့် အင်န်အယ်လ်ဒီအမှတ်တံဆိပ်ဆေးမှင်ကြောင်များ ထိုးခြင်းခေတ်စားလာကြောင်း တက်တူးဆိုင်များမှ သတင်းရရှိသည်။

ဗိုလ်ချုပ်ပုံတူနှင့် အင်န်အယ်လ်ဒီလိုဂိုဒီဇိုင်းများကိုအများဆုံးထိုးကြပြီး၊ ၎င်းတို့နောက်တွင် ဒေါ်အောင်ဆန်းစုကြည်ပုံတူထိုးခြင်းများသည်။ ဆေးမှင်ကြောင်လာရောက်ထိုးသူများမှာ လက်မောင်း၊ လက်ပြင်၊ ကျောဘက်နှင့် ရင်ဘတ်တွင် ထိုးကြပြီး အများစုမှာ ရင်ဘတ်တွင်ထိုးကြသည်။ လေးစားအားကျ၍ ထိုးကြကြောင်း တက်တူးထိုးသည့်ဆိုင်များမှစုံစမ်းသိရှိရသည်။

“အရင် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်ကတော့ ဒေါ်အောင်ဆန်းစုကြည် ပုံတူ နှစ်ပုံ၊ သုံးပုံလောက်လာထိုးဖူးတယ်။ အခု ၂၀၁၂ နောက်ပိုင်းမှာကျတော့ အင်န်အယ်လ်ဒီ အလံလိုဂိုပုံတွေ ကြယ်ပုံတို့ ခွပ်ဒေါင်းပုံတို့ လာထိုးတာပိုများတယ်။ ပြီးခဲ့တဲ့ သင်္ကြန်မတိုင်မီကဘဲနိုင်ငံခြားသားတစ်ဦးဆိုရင် အင်န်အယ်လ်ဒီ လိုဂိုကိုပဲ မြန်မာပုံစံကနုတ်ပုံစံနဲ့ ခွပ်ဒေါင်းပုံ၊ ကြယ်ပုံကို ထိုးသွားသေးတယ်။ နောက်ပြီးလူတစ်ယောက်ဆိုရင် လက်မောင်းတစ်ဖက်မှာ ဗိုလ်ချုပ်ပုံနဲ့ နောက်တစ်ဖက်မှာ ဒေါ်အောင်ဆန်းစုကြည်ပုံ ထိုးသွားတယ်။ အခုထိုးတဲ့အထဲမှာ ၂၀ နဲ့ ၃၀ ကြား လူလတ်ပိုင်းတွေက ပိုများတယ်” ဟု ဗိုလ်ချုပ်စေးတွင် ဖွင့်လှစ်ထားသော Golden Land Tattoo ဆိုင်မှ ကိုရဲကျော်မြင့်က ပြောသည်။

“ဗိုလ်ချုပ်ပုံတူထိုးတာနဲ့ပတ်သက်ပြီးတော့ မန္တလေးဘက်မှာ ပြီးခဲ့တဲ့ မိုးတွင်းဘက်လောက်ကတည်းက ခေတ်စားတာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က နယ်လှည့်သွားနေတာဆိုတော့။ ရန်ကုန်မှာတော့ အခု ၂၀၁၂ နောက်ပိုင်းလောက်ကမှ အထိုးများလာကြတာ။ ဒေါ်စုပုံတူထက် ဗိုလ်ချုပ်ပုံတူက လာထိုးတာပိုများတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဗိုလ်ချုပ်ပုံထိုးထားတယ်။ လေးစားအားကျလို့”ဟု မယ်လမု ဘုရားပွဲတော်တွင် တက်တူးဆိုင်ဖွင့်လှစ်ထားသော ကိုသန့်ဇင်က ပြောသည်။

မယ်လမု ဘုရားပွဲရှိ ဘိုဘို Tattoo ဆိုင်မှ ကိုရှိန်းဘိုဘိုကလည်း “တချို့ကလည်း ဝါသနာပါလို့ထိုးတာရှိတယ်။ တချို့ကလည်း ဗိုလ်ချုပ်ကို အားကျလို့၊ ချစ်လို့ ထိုးတာလဲ ရှိတယ်။ ရန်ကုန်ဘက်က ပိုအထိုးများတယ်။ ဗိုလ်ချုပ်လောင်းကုတ်ဝတ်ထားတဲ့ ပုံကို အထိုးများတယ်။ ပြီးတော့ ဗိုလ်ချုပ်ခါးကိုင်ထားတဲ့ ပုံကိုထိုးတာများတယ်။ ကျောကုန်း၊ လက်ပြင်နဲ့ ရင်ဘတ်အထိုးများတယ်။ အခုနောက်ပိုင်း ၂၀၁၁ ထက်စာရင် ၂၀၁၂ မှာ ပိုအထိုးများလာတယ်။ အခုထိုးတဲ့အထဲမှာ လူလတ်ပိုင်းအရွယ်တွေ ပိုများတယ်”ဟု ပြောသည်။

“အစ်ကိုတို့ဆိုင်မှာတော့ ဗိုလ်ချုပ်ပုံတို့၊ ဒေါ်စုပုံတို့ သိပ်မထိုးရဘူး။ ဒါပေမဲ့ အခု ၂၀၁၂ နောက်ပိုင်းမှ ၁ ပုံ၊ ၂ ပုံတော့ ထိုးပေးတာရှိတယ်။ လာထိုးတာလည်း လူလတ်ပိုင်းအရွယ်တွေပဲ ထိုးတာများတယ်။ ထိုးရင်တော့ လက်မောင်းတို့ ရင်ဘတ်၊ ကျောတွေမှာ ထိုးတယ်။ အများစုကတော့ ရင်ဘတ်အထိုးများတယ်” ဟု ယောမင်းကြီး Myanmar Ink Tattoo Studio မှ ကိုစစ်က ပြောကြားသည်။

ဆေးမင်ကြောင်ထိုးခအဖြစ် ပုံအရွယ်အစား ၃ လက်မ မှ ၅ လက်မအထိ တန်ဖိုးငွေကျပ် နှစ်သောင်း၊ သုံးသောင်းမှ တစ်သိန်းကျော်ထိရှိသည်ဟု ဆိုသည်။

အဆိုပါပုံများကို ၂ နာရီမှ ၄ နာရီထိ ကြာမြင့်စွာထိုးပြီး ကူးစက်ရောဂါမဖြစ်ပွားရန် တစ်ခါသုံးအပ်နှင့် ဆေးကိုအသုံးပြုသည်ဟုဆိုကြသည်။

ဆေးမင်ကြောင်ထိုးပြီးပါက ကြက်သား၊ ပင်လယ်စာများနှင့် ညှော်နံ့များကို ရှောင်ရမည့်အပြင် တစ်ပတ်အတွင်း ဆပ်ပြာမထိရန် အရေးကြီးသည်ဟု ဆိုသည်။

---

## စက်မှုဇုန်များ တစ်ရက် ခြောက်နာရီဝန်းကျင် လျှပ်စစ်မီးရ

**ပြည်သိမ်း**

**ရန်ကုန်၊ ဧပြီ - ၂၃**

ရန်ကုန်မြို့ရှိ လူနေရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အားများ တိုးမြှင့်ပေးခဲ့သော်လည်း စက်မှုဇုန်များတွင် နေ့ပိုင်း၌ ခြောက်နာရီဝန်းကျင်သာ လျှပ်စစ်ဓာတ်အားရရှိကြောင်း သတင်းရရှိသည်။

လျှပ်စစ်ဓာတ်အားရရှိသည့် အချိန်အတွင်းမှာလည်း ဗို့အားမပြည့်မှုများရှိသဖြင့် မော်တာများ မလည်ဘဲ မီးစက်ကိုသုံးကြရသည်။

လျှပ်စစ်မီး တစ်ယူနစ် အတွက် စက်များနှင့်သုံးပါက ကျပ် ၃၀၀ မှ ၅၀၀ ကျပ်ကြား ကုန်ကျကြောင်းလည်း လှိုင်သာယာစက်မှုဇုန်မှ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

“စက်မှုကဏ္ဍဖွံ့ဖြိုးဖို့၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ဖို့က အခြေခံအဆောက်အအုံထက် လျှပ်စစ်မီးက အရေးကြီးတယ်။ လျှပ်စစ်အပြည့်အဝရမှ ထုတ်ကုန်လုပ်ငန်းသမားက လုပ်ငန်းလည်ပတ်နိုင်မှာ”ဟု စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက ဆိုသည်။ သို့သော် သင်္ကြန်ကာလအတွင်းတွင်မူ စက်မှုဇုန်များ၌ ၂၄ နာရီနီးပါးမီးရရှိခဲ့သည်။

လျှပ်စစ်မီးကုန်ကျစရိတ်များကြောင့် ထုတ်ကုန်လုပ်ငန်းရှင်များသည် ဈေးကွက်အတွင်း၌ ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများနှင့်ယှဉ်ပြိုင်ရာတွင် အခက်အခဲများနှင့်ကြုံတွေ့ရသည်ဟုဆိုသည်။ အထူးသဖြင့် တရုတ်နိုင်ငံမှသွင်းကုန်များနှင့် ဈေးကွက်တွင် ဈေးနှုန်းချင်း ယှဉ်ပြိုင်ရောင်းချရာတွင် မယှဉ်နိုင်သဖြင့် အရည်အသွေး လျှော့ချရမှုများလည်းရှိကြောင်း ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။



**အထည်ချုပ်စက်ရုံတစ်ရုံ** ဓာတ်ပုံ - www.myanmarnewshub.com

“စက်မှုဇုန်တွေကို နေ့ဘက် ၁၂နာရီလောက် မီးပေးနိုင်တယ်လို့ အာမခံနိုင်ရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်မျိုးဝင်လာနိုင်တယ်” ဟု ပလတ်စတစ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် ဧပြီလ ၁၆ ရက်မှစတင်၍ လူနေရပ်ကွက်များ၌ သုံးရက်တစ်ကြိမ် အလှည့်ကျ တစ်ရက်လျှင် ၂၄ နာရီဖြစ်ပြီး ကျန်နှစ်ရက်တွင် ၁၈ နာရီစီ ပေးဝေဖြန့်ဖြူးနေသည်။ ယင်းသို့ ရန်ကုန်မြို့ လျှပ်စစ်မီးပေးနိုင်ရန် မလိုအပ်သောနယ်ဒေသများတွင် မီးအားသုံးစွဲမှုလျှော့ချခြင်း၊ စက်မှုဇုန်များတွင် ညပိုင်း လျှပ်စစ်မီးပေးမှုရပ်နားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန် ၁၈ ခုရှိပြီး သီလဝါစက်မှုဇုန်ကိုလည်း အကောင်အထည်ဖော်နေသည်။

---

## မျက်နှာဖုံး-လယ်ယာမြေများအပေါ် လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းမှ စွန့်ပစ်မြေများစုပုံခြင်းကို တောင်သူများ ကန့်ကွက် မှ

ထိုသို့ကန့်ကွက်ပြီးနောက် ကြေးနီစီမံကိန်းစွန့်ပစ်မြေများလာရောက်စွန့်ပစ်ခြင်းကို ဧပြီလ ၁၉ ရက်မှစတင်၍ဧပြီ၂၃ရက်အထိရပ်ဆိုင်းသွားပြီဖြစ်ကြောင်း ဒေသခံများက ဆက်လက်ပြောသည်။

“လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းက စွန့်ပစ်မြေတွေကိုတောင်သူတွေလက်ရှိလုပ်ကိုင်စားသောက်နေတဲ့ လယ်ယာမြေပေါ်မဖို့အောင် ဝိုင်းဝန်းတားဆီးကြတာပါ။ လယ်ယာမြေ သီးနှံလျော်ကြေး သုံးနှစ်အတွက် ပေးတယ်ဆိုပေမယ့် တချို့တောင်သူတွေက အပြည့်အဝမရကြပါဘူး။ ဧပြီလ ၁၉ ရက် နံနက် ၁၀ နာရီလောက်မှာ ဆည်တည်းကျေးရွာတောင်သူတွေရဲ့လယ်ယာမြေတွေပေါ်ကို စွန့်ပစ်မြေတွေလာပုံတဲ့အတွက်တောင်သူအမျိုးသမီးတွေဦးဆောင်ပြီး ကြေးနီစီမံကိန်းက တရုတ်နိုင်ငံသားသုံးဦးနဲ့ မြန်မာနိုင်ငံသား ယာဉ်မောင်းတစ်ဦးကို ဆည်တည်းဘုန်းတော်ကြီးကျောင်းကို ခေါ်လာကြတယ်။ ကြေးစင်တောင် တာဝန်ရှိတဲ့သူတွေကို တွေ့ချင်တယ်၊ တာဝန်ရှိသူတွေမလာရင် မင်းတို့ မပြန်ရဘူးဆိုပြီး ရွာသားတွေက ဝိုင်းတားကြတယ်။ ညနေမှာ ထမင်းထုပ် လာပို့တဲ့ ကြေးနီဝန်ထမ်းတစ်ဦး ရောက်လာတဲ့အတွက် ကြေးနီစီမံကိန်းဝန်ထမ်းငါးဦးကိုဘုန်းကြီးကျောင်းမှာ ထိန်းထားတယ်။ မုံရွာခရိုင်ဒေသဆိုင်ရာတာဝန်ရှိသူတွေရောက်လာပြီး ညှိနှိုင်းတဲ့အတွက် ဘုန်းကြီးကျောင်းမှာ ခေါ်ထားတဲ့ကြေးနီစီမံကိန်းဝန်ထမ်းတွေကို ပြန်လွှတ်ပေးလိုက်တယ်”ဟု ဆားလင်းကြီးမြို့နယ် ဆည်တည်းကျေးရွာဒေသခံတစ်ဦးကပြောသည်။

လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်း နယ်မြေအတွင်း မလွတ်ကင်းသော ကျေးရွာများဖြစ်သည့် ဝက်မှေးကျေးရွာ၊ ဇီးတောကျေးရွာ၊ ဆည်တည်း ကျေးရွာ၊ ကံတောကျေးရွာတို့အား ပြီးခဲ့သည့်နှစ်အတွင်း ပြောင်းရွှေ့ရန် နှိုးဆော်ခဲ့သော်လည်း ကျေးရွာသစ်သို့ ကံတောကျေးရွာတစ်ရွာသာ ရွာလုံးကျွတ်နီးပါး ပြောင်းရွှေ့ခဲ့ပြီး ကျန်လေးရွာမှာ ပြောင်းရွှေ့နေထိုင်ခြင်း မရှိသေးကြောင်း သတင်းရရှိသည်။

အလားတူ ကြေးစင်တောင် ကြေးနီစီမံကိန်း စွန့်ပစ်မြေများ စွန့်ပစ်ခဲ့ခြင်းကြောင့် ယခုနှစ်မတ်လအတွင်း ဆားလင်းကြီးမြို့နယ်၊ ဂုဏ်တောကျေးရွာ၊ ရွာသာကျေးရွာ၊ ဒုန်းတောကျေးရွာတို့မှဒေသခံတောင်သူများ ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသည်။ ထို့ဖြစ်စဉ်နောက်ပိုင်း လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းမြေအတွင်း လယ်ယာမြေများအပေါ် ကြေးနီစွန့်ပစ်မြေများ စွန့်ပစ်ခြင်း၊ ကြေးနီစီမံကိန်းနယ်မြေ သတ်မှတ်ရန် စက်ယန္တရားများ ဝင်ရောက်ခြင်းနှင့် ပတ်သက်၍ ဝက်မှေးကျေးရွာ၊ ဖောင်ကားကျေးရွာ စသည့်ကျေးရွာများကပါ ဝိုင်းဝန်းကန့်ကွက်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ကြေးနီစီမံကိန်းများကို မြန်မာဝမ်ပေါင်ကုမ္ပဏီ၊ မြန်မာယန်စီကုမ္ပဏီများနှင့် ပြည်တွင်း ကုမ္ပဏီကြီးတစ်ခုတို့စုပေါင်းလုပ်ကိုင်နေကြခြင်းဖြစ်သည်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကုမ္ပဏီမှ အရာရှိတစ်ဦးသို့ မေးမြန်းရာ တာဝန်ရှိသူများ နေပြည်တော်သို့ သွားရောက်နေကြောင်း ပြန်လည်ဖြေကြားသည်။

---

## မျက်နှာဖုံး-အီးယူက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ တစ်နှစ်ဆိုင်းငံ့ မှ

သို့သော် ဥရောပသမဂ္ဂက မြန်မာနိုင်ငံသို့ လက်နက်တင်ပို့ရောင်းချမှုကိုမူ ဆက်လက်ကန့်သတ်ထားသည်။ လူဇင်ဘတ်နိုင်ငံတွင် ယနေ့ကျင်းပပြုလုပ်သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားဝန်ကြီးများ၏ အစည်းအဝေးတွင် အဆိုပါဆုံးဖြတ်ချက်ကို နိုင်ငံခြားရေးဝန်ကြီးများက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလျံဟေ့ဂ်ကမြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် ဖြစ်ပွားနေသော ပဋိပက္ခများနှင့်လူ့အခွင့်အရေး ချိုးဖောက်မှုများကိုပူပန်နေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ သမိုင်းဝင်ခရီးစဉ်တွင် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုပြီး၊ ကျန်ရှိသော နိုင်ငံရေးအကျဉ်းသားများကို လွတ်မြောက်ပေးရန်၊ တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် ဖြစ်ပွားနေသော ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် တိုက်တွန်းခဲ့သည်။

ပြီးခဲ့သည့်စနေနေ့ကလည်း ဂျပန်အစိုးရသည်မြန်မာအပေါ် တင်ရှိသော ၎င်းတို့၏ကြွေးမြီယန်း ၃၀၀ ဘီလီယံ(ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ) ကိုလျှော်ပစ်ပြီး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် ဖွံ့ဖြိုးရေးအကူအညီများ ပြန်လည်စတင်ပေးအပ်မည်ဖြစ်ကြောင်းကြေညာခဲ့သည်။ အီးယူ၏ နိုင်ငံခြားရေးမူဝါဒအကြီးအကဲကက်သရင်းအက်ရှ်တန်သည် ယခုအပတ်အတွင်း မြန်မာနိုင်ငံသို့လာရောက်မည်ဖြစ်ကြောင်းသိရသည်။

—Ref: AP, FD